လယ်တီဆရာတော်

# ဝိနိစ္ဆယသုစိ

# လယ်တီဆရာတော်

# ဝိနိစ္ဆယသူစိ

ဟံသာဝတီ

၄၉၀၁

လယ်တီဆရာတော်

# ဝိနိစ္ဆယသူစိ

ပဌမတွဲ

[ မဟော်ကျေးစေခဏ်း ရတုကဗျာပါရှိသည်။ ]

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၅-ခု ~~(သာသနာ ၂၅၀၇) ၁၉၆၃-ခု~~

H 491—A [ဟံသာဝတီ]

လယ်တီဆရာတော် ဝိနိစ္ဆယသူစိ
ပုံနှိပ်ခြင်း

၁၉၆၃-ခု၊ အောက်တိုဘာလ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊
ဟံသာဝတီပုံနှိပ်တိုက်အတွက် (မှတ်ပုံတင်အမှတ် ၀၀၀၄)
ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီးပုံတော်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | အဘိဓမ္မာ, သုတ္တန်နှင့်ညီညွတ်စေပုံ | ... | ၂၃ |
| | သင်္ဂြိုဟ်ဂဏ္ဌိသစ်ဆရာ၏အယူ | ... | ၂၄ |
| | ဂဏ္ဌိသစ်အယူကိုရှင်းပြချက် | ... | ၂၅ |
| | ဘုရား, ရဟန္တာတို့စုတိစိတ်အာရုံပုစ္ဆာ ၅-ရပ် | ... | ၂၆ |
| | ဘုရား,ရဟန္တာတို့၏စုတိစိတ်နိမိတ် ၃-ပါး တပါးပါးကိုအာရုံပြုပုံ | ... | ၂၇ |
| | စိတ်တို့၏အာရုံပြုပုံများ | ... | ၂၇ |
| | ပဋိသန္ဓေ, ဘဝင်, စုတိ ကာမကိုသာအာရုံပြုပုံ | ... | ၃၀ |
| | ပဋိသန္ဓေ, ဘဝင်နှင့်စုတိတို့ အာရုံကူပုံ | ... | ၃၄ |
| | သဒ္ဒါနည်းဖြင့်ရှင်းလင်းချက် | ... | ၃၅ |
| | အဖေဂ္ဂုသာရဒီပနီဝါဒသင့်ပုံ | ... | ၃၆ |
| | သုတ္တန်နည်းဖြင့်စိစစ်ပုံ | ... | ၃၇ |
| | ကျေးကန်ရှင်ကျော်ဝါဒ | ... | ၃၈ |
| | သင်္ဂြိုဟ်နိဿယသစ်ဝါဒ | ... | ၃၈ |
| | သင်္ဂြိုဟ်ဂဏ္ဌိသစ်ဝါဒ | ... | ၃၉ |
| | သမန္တစက္ခုဒီပနီဝါဒ | ... | ၄၀ |
| | ဝိမတိဝိနောဒနီပါဒ | ... | ၄၁ |
| | **ကုက္ကုစ္စအဆုံးအဖြတ်** | | |
| | ဒကာဒေအောင် လျှောက်ထားချက် | ... | ၄၂ |
| | ကုက္ကုစ္စနှစ်ပါးသာရှိပုံ | ... | ၄၂ |
| | သင်္ဂြိုဟ်ဂဏ္ဌိသစ် မှားယွင်းပုံ | ... | ၄၄ |
| | အတိတ်ကာလသဒ္ဒ စစ်ဆေးပုံနည်းပြချက် | ... | ၄၅ |
| | အနာဂတ်ကာလသဒ္ဒ စစ်ဆေးပုံနည်းပြချက် | | ၅၀ |
| | **ရုပ်အဆုံးအဖြတ်** | | |
| | ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ | ... | ၅၃ |
| | ပဋိသန္ဓေအခါ မရထိုက်သော ရုပ်များ | ... | ၅၄ |
| | ပဋိသန္ဓေလွန်မှ ဇရတာ,အနိစ္စတာဖြစ်ပုံ | ... | ၅၅ |
| | အသညသတ်ပဋိသန္ဓေအခါ မရသောရုပ်များ | ... | ၅၆ |
| | ဇီဝိတနဝက ကလာပ်ရုပ်ချင်းတူးပုံ | ... | ၅၆ |
| | **ဦးရောင်နီ ပုစ္ဆာ ၅-ချက်အဖြေ** | | |
| | ပဋိသန္ဓေအခါ, ပဝတ္တိအခါ နာမ်ရုပ်တို့ကျေးဇူးပြုပုံ | ... | ၅၈ |
| | ရူပ,အရူပဘုံမှ ကာမဘုံ၌ ပဋိသန္ဓေနေပုံ | ... | ၆၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သေခါနီးအခါ ဇောစောပုံ ... | ၆၂ |
| | သေခါနီးအခါ နိမိတ်ထင်ပုံ ... | ၆၄ |
| | ဆန္ဒနှင့် လောဘအထူး ... | ၆၄ |
| | **ဦးရောင်နီ ဒုတိယပုစ္ဆာ ၄-ချက်အဖြေ** | |
| | စိတ္တဇကလာပ် ၈–စည်းဖြစ်ပုံ ... | ၆၆ |
| | ဝိဘူတနှင့် အာပါထထင်ခြင်းအထူး ... | ၇၄ |
| | ကာမပုဂ္ဂိုလ်၏ မရဏာသန္နဇောသည် ပညတ်ကို အာရုံပြုနိုင်ပုံ ... | ၇၅ |
| | ယုံမှားခြင်း ၁၆-ပါးဖြစ်ပုံ ... | ၇၇ |
| | **သင်္ဂြိုဟ်ဆရာ,ဋီကာကျော် ဆရာတို့၏ အယူအဆုံးအဖြတ်** | |
| | သင်္ဂြိုဟ်နှင့် ဋီကာကျော် အယူမသင့်ပုံ ... | ၈၀ |
| | သုတ္တန်ပါဠိတော်နှင့် မညီပုံ ... | ၈၁ |
| | သုတ္တန် အဋ္ဌကထာနှင့် မညီပုံ ... | ၈၂ |
| | သဘောသကန် မသင့်မြတ်ပုံ ... | ၈၂ |
| | **နာမ်ဇီဝိတိန္ဒြေ ပုစ္ဆာအဖြေ** | |
| | နာမ်ဇီဝိတိန္ဒြေသည် နာမ်ကိုသာ စောင့်သလော, နာမ်ရုပ် နှစ်ပါးကိုပင် စောင့်သလော-ဟူသောအမေး ပုစ္ဆာကို ဖြေရှင်းချက် ... | ၈၇ |
| | **အနည်းငယ်မေ့လျော့ခြင်းအဆုံးအဖြတ်** | |
| | ကာမဇောအကြိမ် ... | ၉၀ |
| | ဝီထိလက်ရိုး ဆရာ၀ါဒ ... | ၉၂ |
| | **သတ္တမဇော အဆုံးအဖြတ်** | |
| | သတ္တမဇောကြောင့် ဖြစ်သောဝိညာဏ်သည် စလနကိစ္စကို ပြီးစေနိုင်ကြောင်း ... | ၉၃ |
| | ဝိရတီ မယှဉ်ရာဘုံနှင့် စိတ် ... | ၉၄ |
| | မုသာ၀ါဒသဘော ... | ၉၄ |
| | **ဇာတ,အဇာတနှစ်ပါးထင်ရှားရှိကြောင်းအဆုံးအဖြတ်** | |
| | ဇာတ,အဇာတနှစ်ပါးထင်ရှားရှိပုံ ... | ၉၅ |
| | ဇာတသာရှိ၍ အဇာတမရှိခဲ့သော်ဖြစ်ပွါးရန်နည်းလမ်းစု ... | ၉၇ |
| | အဇာတသဘောကေန်ရှိပုံ ... | ၉၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **စံကျောင်းအဆုံးအဖြတ်** | | |
| | ပရမတ်နှင့်ပညတ်အထူး | ... | ၁၀၀ |
| | ပဌမပိဋကပ်အလို | ... | ၁၀၁ |
| | ဒုတိယပိဋကပ်အလို | ... | ၁၀၂ |
| | နေတ္တိဋီကာဟောင်းစကား | ... | ၁၀၃ |
| | သင်္ဂြိုဟ်ဂဏ္ဌိသစ်ဝါဒ | ... | ၁၀၄ |
| | **ဥပေါသထသီလအဆုံးအဖြတ်** | | |
| | ရှင်ကေတုမာလာလျှောက်ချက်ပုစ္ဆာ ၃-ရပ် | ... | ၁၀၅ |
| | သိက္ခာပုဒ်ဆယ်ပါးတို့၏နဂိုသဘော | ... | ၁၀၅ |
| | လောကဝဇ္ဇကြီး ၃-ပါးပျက်မှု | ... | ၁၀၉ |
| | လောကဝဇ္ဇငယ် ၂-ခုပျက်မှု | ... | ၁၁၀ |
| | ပဏ္ဏတ္တိဝဇ္ဇ ၅-ခုပျက်မှု | ... | ၁၁၀ |
| | သမာဒါနပဋိညာပျက်မှု | ... | ၁၁၀ |
| | ကမ္မပထမြောက်မှအပါယ်ပဋိသန္ဓေပေးနိုင်ပုံ | ... | ၁၁၂ |
| | နစ္စ,ဂီတသည် ကမ္မပထမျိုးမဟုတ် | ... | ၁၁၂ |
| | အဗြဟ္မစရိယသည် စာရိတ္တ,ဝါရိတ္တ ၂-မျိုးသင့်ပုံ | ... | ၁၁၂ |
| | **စေတီစသည်အဆုံးအဖြတ်** | | |
| | ဘုရားရှင်ကိုထိပါးရာ၌ဆုံးဖြတ်ချက် | ... | ၁၁၄ |
| | စေတီ,ရုပ်ပွါး,ဗောဓိပင်ကိုထိပါးရာ၌ဆုံးဖြတ်ချက် | ... | ၁၁၆ |
| | **အသားစားပုစ္ဆာအဖြေ** | | |
| | ဆွမ်းကိုခွင့်ပြုတော်မူပုံ | ... | ၁၁၉ |
| | သင်္ကန်းကိုခွင့်ပြုတော်မူပုံ | ... | ၁၂၀ |
| | ကျောင်းကိုခွင့်ပြုတော်မူပုံ | ... | ၁၂၀ |
| | ဆေးကိုခွင့်ပြုတော်မူပုံ | ... | ၁၂၁ |
| | အပိုအလွန်လာဘ်နှင့်တကွ ခွင့်ပြုတော်မူပုံ | ... | ၁၂၁ |
| | ခွင့်ပြုတော်မူလိုရင်း ပစ္စည်း၄-ပါး | ... | ၁၂၂ |
| | ပင့်ဘိတ်၍လှူသောဆွမ်းစသည်ကိုခွင့်ပြုတော်မူခြင်း | ... | ၁၃၀ |
| | ရှင်မဟာကဿပက ဘုရားအလိုတော်ကျပြန်လျှောက်ခြင်း | ... | ၁၃၁ |
| | ငြိုးငြိခြင်းအကျိုး ၂-ပါး | ... | ၁၃၂ |
| | အသားစားမှုခွင့်ပြုခြင်းသည် အလိုတော်ကျမဟုတ် | ... | ၁၃၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝိမတိဝိနောဒနီဋီကာဘွင့်ပြချက် | ၁၃၅ |
| | ခွင့်ပြုသော်လည်း ဆင်ခြင်၍စားရပုံ | ၁၃၈ |
| | အသားစားမှုသည် ရသတဏှာ၏အသိုက်အအုံ | ၁၃၉ |
| | ရသတဏှာဆိုးဝါးပုံ | ၁၄၁ |
| | အသားစားမှုကိုရှောင်ကြဉ်သင့်ကြောင်း | ၁၄၂ |
| | အသားစားရှောင်ကြဉ်မှုသည် တိတ္ထိအကျင့်မဟုတ် | ၁၄၃ |
| | အသားစားမှုရှောင်ကြဉ်ရကျိုး | ၁၄၄ |
| | **ရှင်ဂုဏဝံသပုစ္ဆာ၁၄-ချက်အဖြေ** | |
| | ရှင်ဂုဏဝံသပုစ္ဆာ ၄-ချက် | ၁၄၈ |
| | အမည်ထုတ်ဖေါ်၍တိုင်တန်းပြောဆိုမှု | ၁၅၂ |
| | အမည်မထုတ်ဖေါ်ဘဲတိုင်တန်းပြောဆိုမှု | ၁၅၃ |
| | ပုဂ္ဂိုလ်ကိုထုတ်ဆိုတိုင်တန်းမှု | ၁၅၄ |
| | အမှုသွားကိုသာတိုင်တန်းမှု | ၁၅၅ |
| | ဖြေရှင်းချက် | ၁၅၅ |
| | ဒုတိယ,တတိယလျှောက်ချက်အဖြေ | ၁၅၈ |
| | သိမ်သက်ရဒေါသဝတ္ထုသရုပ် | ၁၆၀ |
| | မဏ္ဍပ်,တန်ဆောင်းစသောအဆောက်အဦ | ၁၆၂ |
| | သိမ်နုတ်ပုံအမျိုးမျိုး | ၁၆၅ |
| | သိမ်နှင့်စပ်သောဝါဒနှစ်ရပ် | ၁၇၁ |
| | **ရှင်အာသဘ ပုစ္ဆာ၁၄-ချက်အဖြေ** | |
| | ရှင်အာသဘလျှောက်ထားသော ပုစ္ဆာ၁၄-ချက် | ၁၇၃ |
| | ပဉ္စင်္ဂါရ မရဏာသန္နဝီထိအာရုံ | ၁၇၈ |
| | အနိစ္စလက္ခဏာပုဒ်ဝစနတ္ထ | ၁၇၉ |
| | ဈာန်အာရုံနှင့်ဉာဏ်အာရုံ | ၁၈၀ |
| | နိဗ္ဗာန်ပုဒ်၏ဝစနတ္ထ | ၁၈၁ |
| | **ရှင်အာသဘဒုတိယပုစ္ဆာ၁၄-ချက်အဲဖြေ** | |
| | ရှင်အာသဘလျှောက်ထားသောပုစ္ဆာ ၄-ချက် | ၁၈၃ |
| | ဒေသနာကြားအဆုံးအဖြတ် | ၁၈၆ |
| | ဋီသန္တကအဆုံးအဖြတ် | ၁၈၉ |
| | ပုဂ္ဂလိကကျောင်းအဆုံးအဖြတ် | ၁၉၁ |
| | ဝိဿာသဂ္ဂါဟအဆုံးအဖြတ် | ၁၉၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **မဟော်ကျေးစေခန်း ရတုကဗျာ** | | |
| | ပဏ္ဏာမနှင့်ပဋိညာဉ် | ... | ၁၉၇ |
| | ပဉ္စာလရာဇ်ခင်း၏အကြံအစည်ကိုသိလို၍ ကျေးသားကို တမန်စေလွှတ်ရန် ခေါ်ယူပြောဆိုခန်း | ... | ၁၉၇ |
| | ပဉ္စာလရာဇ်ပြည်သို့ ကျေးသားပျံသွားခန်း | ... | ၁၉၉ |
| | ကျေးသားနှင့် သာလိကာမတို့ချစ်ရေးဆိုခန်း | ... | ၂၀၁ |
| | ပဉ္စာလရာဇ်မင်း၏ အကြံအစည်ကိုသိရန် ကျေးသားနှင့် သာလိကာမတို့ ဆွေးနွေးခန်း | ... | ၂၀၈ |
| | ပဉ္စာလရာဇ်မင်း၏ အကြံအစည်ကိုသိလျှင် ကျေးသားပြန်ရန် ခွင့်တောင်းခန်း | ... | ၂၁၀ |
| | ကျေးသား မိမိလာပြည်သို့ပြန်ရောက်၍ မဟောသဓာအား နားတော်သွင်းခန်း | ... | ၂၁၂ |



# နိဒါန်း

လူသုံးပါးတို့၏၊ ပတ္တမြားစိန်ထွတ်၊ တမွတ်မောဠိ၊ ဝိသုဒ္ဓိဒေဝရာတ်၊ နာထနတ်တဆူ၊ဖြစ်တော်မူသော၊ ရှင်စောသကျ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်ကြီး၊ ပွားစီး စည်ပင်ရန်၊ ရည်သန်မယုတ်၊ အားထုတ် ဆည်းပူးတော်မူလေ့ရှိသော“အဂ္ဂမဟာပဏ္ဍိတ”ပဌမဘွဲ့တံဆိပ်တော်၊“ဝိဋကတ္တယပါရဂူ”ဒုတိယဘွဲ့တံဆိပ်တော်တို့ဖြင့်၊ လွှံ့ကျော်တိုင်းမြန်၊အင်္ဂလန်နှင့်၊ ဂျာမန်တိုင်းကြီး၊ အသီးသီး၌၊ ကျော်ဟီးပေါ်ထင်၊ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်၊ထိုထိုမြို့ရွာဒေသသို့၊မြန်းကြွတော်မူစဉ်၊လူရှင်အများ၊ယုံမှားသံသယကြောင့်၊မေးမြန်းသမျှပုစ္ဆာအချက်ချက်ကို၊ ဉာဏ်တော်စက်ဖြင့်၊ ရှင်းချက်ထုတ်ကာ၊ ဘော်ပြရာဖြစ်သော“ဝိနိစ္ဆယသူစိ”နှင့် ကဗျာ့မဏ္ဍိုင်ကြီးအစစ် ကဝိလက်သုံးဟုဆိုအပ်သော“မဟော်ကျေးစေခဏ်းရတုကဗျာ”များကိုရေးသားစီရင်တော်မူလေသည်။

**ကျမ်းပြုအမော် ဇာတာတော်**

ကျမ်းပြုအမော် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်ကား ဒီပဲရင်းမြို့နယ် စိုင်ပြင်ရွာဇာတိ အဘ ဦးထွန်းသာ, အမိ ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ညဉ့် တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗိဇနာ၊ ၅-ပြန်၊ ၈-ခရာ၊ သိဟ်လဂ်၊ တူစန်း၊ တနင်္ဂနွေ တြင်း၊ တနင်းလာ နဝင်း၊ ၉-လုံး ၂-ပါဒ်ထက် လဂ်စီးလျက် ဗိရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး မိးရှူးသန့်စင် ဖွားမြင်တော် မူလေသည်။

**နိမိတ်ပေါ်ပြ အမည်ဘော်ရ**

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ထားအပ်သော ဝါးလုံးမှ သက်တံ ပေါက်ပြီး လျှင် ငုင်းသက်တံသည် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်ကို လကျာရစ်လှည့်လျက် အိမ် ခေါင် မှ အထက်ကောင်းကင်သို့ တက် သွားသည်ကို လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ မောင်တက်ခေါင်ဟု ဗျူပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ**

ဇင်းမောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်း ဆရာတော်ကြီး ဦးဓမ္မ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများ ကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ ဘောင်သို့ တက်ရောက်တော်မူရကား-မောင်တက်ခေါင်-ဟူသော ဝေါ ဟာရမှထက်မြက်စူးရှ လျင်မြန်လှသော ဉာဏ် ရှိမှုကိုစွဲ၍ ရှင်ဥာဏ-ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

**ဓမ္မာစရိယ ဆန်ထောက်ရ**

ဇင်းနောက်သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင်[သုဒဿန ဝရ ဓမ္မသာမိမဟာ ဓမ္မရာဇဂုရု,သုဒဿနဓဇ အတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ် ကျော်ကြီးထံတော်ဝယ် ပညာရင်နို့ သောက်စို့မှိဝဲနေစဉ်မှာပင် ဇင်း ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်း ပဏ်၊ ဤနှစ်တန်၊ ဘယ်ပဏ်သာ၍ တတ်သနည်း]ဟု ပညာရှိများ နှုတ် ၌ အထပ်ထပ် ရွတ်ဆိုခံရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အခြေ တတ်မြောက်နိုင်မြဲတော်မူလေသဖြင့် ပဌမစာချ ဆန် ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေ စဉ်မှာပင် ၁၂၄၁-ခုနှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေ၏။

**ကျော်စောသတင်း တံဆိပ်နှင်း**

၁၂၄၈-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည် တော်မန္တလေးမြို့စံကျောင်းတိုက်ဝိဟာရမှ ပြောင်း ရွှေ့တော်မူခဲ့၍မုံရွာမြို့ **လယ်တီ ကျောင်းတိုက်ကြီး** ကို တည်ထောင်ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နို့သောက်စို့ ရန် ရောက်လာကြသော များစွာသောင်းသောင်း တပည့်သံဃာ အပေါင်းတို့အား စာပေပို့ချတော်မူခြင်း, တကာ-တကာမအပေါင်း တို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ- မြန်မာဘာသာ ၂-ဖြာသော ကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း,

အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရားအမြိုက် မိုးကို တဖြိုးဖြိုးသွန်းချတော်မူခြင်း, အမေးပုစ္ဆာပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်း-စသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟု အာရှ,ဥရောပအနှံ့ တအံ့တဩ ကျော်စောကိတ္တိ ဂုဏ်ရှိန်ညီး၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့က အဂ္ဂမဟာပဏ္ဍိတ-ဟူသောပါဠိဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း, ဒီလစ် -ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ဆက်ကပ်လှူဒါန်းပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

**သင်္ခါရ အနိစ္စာ**

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစေခဏ်းရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ ဒီပနီ,ဝိနိစ္ဆယ,သံဒိပ်, ဋီကာ,နိဿယ, ပုစ္ဆာ-ဝိသဇ္ဇနာ, ဝိသောဓနီစသော ကျမ်းပေါင်းမြောက်မြားစွာတို့ကို ရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်—

**ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘဝေနန လင်္ကာယ၊ မရဏာဝသမာဂတံ။ ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ်မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီးသော်မှ ရှောင်ကွင်း၍မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင်လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၈၅-ခုနှစ် ပဉ္စမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

**ပုံနှိပ်စေခြင်း နှလုံးသွင်း**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ မတိမ်ကော မပပျောက်စေရန်၎င်း, တပည့်နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွား

## နိဒါန်း

နိဗ္ဗာန်တိုင် အကျိုးများစေရန်ငှင်း ရည်သန်ရှိးရင်း နှသုံးသွင်းရှိရကား ဆရာဦးခင်စိုး[သာသနဓဇသီရိပဝရဓမ္မာစရိယ]နှင့် ဆရာဦးသိန်းဟန်(၁),ဦးတင်နွယ်,ဦးဟန်ထွန်း,ဦးပု,ဦးရွှေဖူး, ဦးသိန်းဟန်(၂)ဟံသာဝတီ ပါဠိဆရာများအဖွဲ့က အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် ကောင်းစွာသုတ်သင် ပြင်ဆင်လျက် ပုံနှိပ်လုပ်ဆောင် အပ်သည်ဖြစ်ပါကြောင်း။

---

"ဟံသာဝတီ"




## ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး
## စီရင်တော်မူအပ်သော ကျမ်းစာများ

၁။ *အနုတ္တဒီပနီ။
၂။ အနုတ္တပုဗ္ဗာဝိသဇ္ဇနာ။
၃။ *အနုတ္တ ဝိဘာဝနီ ပါဠိနိဿယ။
၄။ *အနုတ္တာနိသံသ။
၅။ *အနုတ္တဒီပနီ ကျမ်းသစ်။
၆။ အနုဒီပနီပါဠ်။
၇။ အမိန့်တော်ပြန်တမ်း။
၈။ *အလင်းကျမ်း။
၉။ အန္တရာယ်ကင်းဘုရားရှိခိုး အကျဉ်းအကျယ်။
၁၀။ *အန္တရာယ်ကင်း ပဗ္ဗာဇနိယ ကမ္မဝါ။
၁၁။ *အာဇီဝဋ္ဌမက အဆုံးအဖြတ်။
၁၂။ *အာနာပါနဒီပနီ။
၂၃။ *အာဝေနိက ဂုဏ်တော် ပါဠိနိဿယ။
၁၄။ *အာဟာရဒီပနီ။
၁၅။ ဣဏပရိဘောဂဝိနိစ္ဆယ။
၁၆။ *ဥပသမ္ပဒ ဝိနိစ္ဆယ။
၁၇။ ဥရောပအလင်းပြကျမ်း။
၁၈။ *ဥတ္တမပုရိသဒီပနီ။
၁၉။ *ကမ္မဋ္ဌာနဒီပနီ။
၂၀။ *ကမ္မဋ္ဌာန်းကျမ်းကြီး။
၂၁။ *ခရစ်ယန်ပုစ္ဆာ အဖြေကျမ်း။
၂၂။ ခန္ဓာ အာယတန ဓာတ် သစ္စာလက်ာကျမ်း။
၂၃။ ဂမ္ဘီရကဗျာကြီး။
၂၄။ ဂမ္ဘီရကဗျာ ဒီပနီပါဠ်။
၂၅။ ဂါရဝဝိနိစ္ဆယပါဠ်။
၂၆။ *ဂုဏ်တော် ၉-ပါးနှင့် ဘာဝနာ ၄၀။
၂၇။ *ဂေါဏသုရာ ဒီပနီ။
၂၈။ *စတုသစ္စဒီပနီ။
၂၉။ *စက်ပရိတ်တော်ကြီး။
၃၀။ *စေတီယင်္ဂဏဝိနိစ္ဆယ။
၃၁။ ဒဠှီကမ္မဒီပနီပါဠ် နိဿယ။
၃၂။ *ဒါနာဒိ ဒီပနီ။
၃၃။ *ဒိဃာသန ဝိနိစ္ဆယ။
၃၄။ ဒွန်ရဟန်းကမ္မဝါ။
၃၅။ *ဓမ္မဒီပနီ။
၃၆။ *ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ပါဠိတော်နိဿယ။
၃၇။ *ဓာတ်ကမ္မဋ္ဌာန်း ကျမ်းသစ်။
၃၈။ *နိယာမဒီပနီ။

* ကျွန်ုပ်တို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီးကျမ်းများကို ခရေပွင့် အမှတ်အသားဖြင့် ပြသထားပါသည်။

၃၉။ နိရုတ္တိ ဒီပနီပါဌ်။
၄၀။ နိရုတ္တိဒီပနီနိဿယ။
၄၁။ *နိဂ္ဂဟသြဝါဒကထာ။
၄၂။ *နိဗ္ဗာနဒီပနီ။
၄၃။ *နိဗ္ဗာနဝိသဇ္ဇနာ။
၄၄။ နိဗ္ဗာန မဂ္ဂဒီပနီ။
၄၅။ *နိုင်ငံတွင်း-လယ်တီ ပုစ္ဆာအဖြေ ပေါင်းချုပ်။
၄၆။ *နိုင်ငံခြား-လယ်တီ ပုစ္ဆာအဖြေ ပေါင်းချုပ်။
၄၇။ *ပဋိစ္စသမုပ္ပါဒ် ဒီပနီ။
၄၈။ *ပဋိစ္စသမုပ္ပါဒ် အကျဉ်း လင်္ကာ။
၄၉။ *ပဋိစ္စသမုပ္ပါဒ် အကောက်။
၅၀။ ပဋ္ဌာနုဒ္ဒေသ ဒီပနီပါဌ် နိဿယ။
၅၁။ ပဋ္ဌာန နိဒ္ဒေသပါဌ်။
၅၂။ *ပဓာနသုတ် ပါဠိတော် နိဿယသစ်။
၅၃။ ပရမတ္ထဒီပနီပါဌ်။
၅၄။ ပရမတ္ထဒီပနီ နိဿယ (ပ-ဒု)။
၅၅။ *ပရမတ္ထ သံခိပ်ကျမ်း။
၅၆။ ပရိဝါသ် ကမ္မဝါ။
၅၇။ *ပဉ္စသီလ ဝိနိစ္ဆယ။
၅၈။ ပဋ္ဌင် ဒီပနီပါဌ်။
၅၉။ *ပုဗ္ဗောဝါဒကမ္မဋ္ဌာန်း။
၆၀။ *ပြင်သစ်ပုစ္ဆာဝိသဇ္ဇနာကျမ်း။
၆၁။ *ပါရမီဒီပနီ။
၆၂။ *ဗုဒ္ဓဘာသာ, ဗြာဟ္မဏဘာသာ ၂-ဘာသာရှင်းလင်းချက်။
၆၃။ *ဗောဓိပက္ခိယဒီပနီ။
၆၄။ ဘယဝိနာသက ဒီပနီ။
၆၅။ *ဘာဝနာဒီပနီ။
၆၆။ *ဘာသာရေး-လယ်တီ ပုစ္ဆာအဖြေ ပေါင်းချုပ်။
၆၇။ *မဟာသရဏဂုံကြီး ပါဌ်,နိဿယ။
၆၈။ *မဟာသယနဒီပနီ။
၆၉။ *မဟောသဓာကျေးစေ ခဏ်းရတု။
၇၀။ *မင်္ဂလသုတ် ပါဠိတော် နိဿယ။
၇၁။ *မဂ္ဂင်ဒီပနီ။
၇၂။ *မူလပရိယာယ သုတ္တတ္ထဒီပနီ။
၇၃။ *မိုးပရိတ်တော်ကြီးနှင့် မိုးကမ္မဝါ။
၇၄။ *ရုပ်ပွားဆင်းတုပုစ္ဆာ အဖြေ။
၇၅။ ရုပ်ပိုင်းအကျဉ်းနှင့် သုတ် ပါဠိတော်။
၇၆။ *ရူပဒီပနီ။
၇၇။ *ရောဂန္တရ ဒီပနီ။
၇၈။ *လက္ခဏာဒီပနီ။
၇၉။ လက္ခဏာတော်ကြီးဘုရား ရှိခိုး။

၈၀။ လန်ဒန်ဒေဝီပုစ္ဆာဝိသဇ္ဇနာပါဠိနိဿယ
၈၁။ ဝဿဝါသိက ပုစ္ဆာဝိသဇ္ဇနာ။
၈၂။ *ဝိကာလ ဘောဇန အဆုံးအဖြတ်။
၈၃။ *ဝိနယ သံခိပ်ကျမ်း။
၈၄။ *ဝိနိစ္ဆယ သူစိကျမ်း။
၈၅။ *ဝိပဿနာ ဒီပနီ။
၈၆။ *ဝိရတီ သီလဝိနိစ္ဆယ။
၈၇။ ဝိဝဋ္ဋဒီပနီ။
၈၈။ *ဝိဇ္ဇာမဂ္ဂ ဒီပနီ။
၈၉။ *သရဏဂုံ ဝိနိစ္ဆယ ကျမ်းသစ်။
၉၀။ *သသင်္ခါရ အသင်္ခါရ ဝိနိစ္ဆယ။
၉၁။ *သင်ပုံးကြီးသံခိပ်။
၉၂။ *သစ္စတ္တ ဒီပနီ။
၉၃။ သတ္တဋ္ဌာနကောသလ္လ ဒီပနီ။
၉၄။ *သတ်ပုံသံခိပ်။
၉၅။ သဒ္ဒသံခိပ်ကျမ်း။
၉၆။ သာသနဒါယဇ္ဇ ဒီပနီ။
၉၇။ *သာသန ဝိသောဓနီ။
၉၈။ *သာသနသမ္ပတ္တိ။
၉၉။ *သိက္ခာဂဟန ဝိနိစ္ဆယ။
၁၀၀။ သီလ ဝိနိစ္ဆယ။
၁၀၁။ *သုကုမာရ ဒီပနီ။
၁၀၂။ *သောမနဿုပေက္ခာ ဒီပနီ။
၁၀၃။ *သံဝေဂလေးချိုးနှင့် အဓိပ္ပါယ်။



# ပဏာမ

၁။ ယော သမ္ဗုဒ္ဓော ပဝါရဏာယ၊ ပုစ္ဆန္တာနံ ပဝါရယံ။
သုဝိနိစ္ဆိ ယထာဓမ္မံ၊ ကင်္ခါသလ္လဝိကန္တိယာ။ ။

၂။ အဘိဝါဒိယ တံ ဗုဒ္ဓံ၊ စိရံ သာသနဝုဒ္ဓိယာ။
သူစေမိ နေကပဉှာနံ၊ယထာဂမဝိနိစ္ဆယံ။ ။

[ဂန္ထာရမ္ဘဂါထာ။]

၁။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ပုစ္ဆန္တာနံ၊ မေးလျှောက်လာသူ နတ်လူမြဟ္မာ သတ္တဝါအပေါင်းတို့အား။ သဗ္ဗညုပဝါရဏာယ၊ ယုံမှားသကင်္ာ အဖြာဖြာကို မေးလိုရာမေး ခွင့်ပေးသမှု ဖိတ်မန်ပြုသည့် သဗ္ဗညုပဝါရဏာဖြင့်။ ပဝါရယံ-ပဝါရယန္တော၊ ခြင်္သေ့ပမာ ရဲတင်းစွာလျှင် သံဝါကြူးရင့် လှစ်ဘွင့်ဘိတ်ကြားတော်မူလျက်။ ကင်္ခါသလ္လဝိကန္တိယာ၊ တွေးတောယုံမှား အထင်ပြားသည့် ဝိုးဝါးရှိခြင်း ငြောင့်တံသင်းကို ပယ်ရှင်းသိမ်းနုတ် တန္တယ်လုံးပြုတ်စေခြင်းအကျိုးငှါ။ ယထာဓမ္မံ၊ ပညတ်,ပရမတ် ဆတ်ဆတ်ဇကန်သဘောရင်းမှန်သည့်အတိုင်း။ ဝါ၊ ပညတ်,ပရမတ် ဆတ်ဆတ်ကေန်သဘောရင်းမှန်သည်ကို။ သုဝိနိစ္ဆိ၊ ဝရဇိန်သွား ဉာဏ်တော်ဓားဖြင့် ပိုင်းခြားကန့်သတ် ဆုံးဖြတ်တော်မူလေပြီ။

၂။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကြီးကို။ အဟံ၊ လယ်တီခတာကျောင်းဆရာ ငါသည်။ အဘိဝါဒိယ-အဘိဝန္ဒာမိ၊ ရိုသေအထူး ရှိဦးပန်ထွာကန်တော့ပါ၏။ အဘိဝါဒိယ-အဘိဝန္ဒိတွာ၊ ရိုသေအထူး ရှိခိုးဦး၍။စိရံ၊ ငါးထောင်သာသနာ ရှည်မြင့်စွာကာလပတ်လုံး။ သာသနဝုဒ္ဓိယာ၊ သာသနာရောင် ခြည်တထောင်ဖြင့် မိုက်မှောင်ကိုခွင်း မိစ္ဆာကင်းလျက် ထွန်းလင်းစည်ကား ကြီးပွားတိုးတက်စေခြင်းငှါ။ အနေကပဉှာနံ၊ရှင်လူတကာ မေးလျှောက်လာသည့် များစွာသောင်းသောင်း ပုစ္ဆာအပေါင်းတို့၏။ယထာဂမဝိနိစ္ဆယံ၊ပါဠိ,အဋ္ဌကထာ ဋီကာကျမ်းကြီး အသီးသီးနှင့် လက်တီးမကွာ ညီညွတ်စွာသည့် ယထာဂမ ဝိနိစ္ဆယကို။ သူစေမိ၊ သေချာ ဂ-န မတိမ်းရအောင် လင်းပြရေးသားပေအံ့သတည်း။

## လယ်တီဆရာတော်

# ဝိနိစ္ဆယသူစိ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

## ဗုဒ္ဓ-အရ အဆုံးအဖြတ်

**မင်းကင်းမြို့သားတို့လျှောက်လွှာကောက်နုတ်ချက်**

(၁) ရုပ်ပွားဆင်းတုတော်များကို သက်တော်ထင်ရှားဘုရားထင်မှတ်၍ ရှိခိုးပူဇော် မိလျှင် မဟာအဝီစိ ငရဲကြီး၌ ကျလိမ့်မည်ဟု ဘုတ်အုပ် စာငယ်မှာ ပါရှိသည်။

(၂) အပါယ် ပဋိသန္ဓေကို ပေးနိုင်သည်။

(၃) သဒ္ဒါမိုက်ဖြင့် ဘုရား၌ရှိသော ကေသာစသည်ကို လောကုတ္တရာ တရားကိုးပါး ထင်မှတ်၍ ရှိခိုးလျှင် ဘုရားကိုစွပ်စွဲ ဆဲရေးရာ ရောက်သည်ဟု ပါရှိသည်။

(၄) ဘုရားသည် ပရမတ်ဘုရား, ပညတ်ဘုရား နှစ်ပါးရှိသည်ဟု ဟော ပါသည်၊ဟုတ်မည်, မဟုတ်မည်။

(၅) ဉာဏ်တော်သာ ဘုရားဟုတ်သည်၊ ခန္ဓာတော် ဘုရားမဟုတ်၊ ဉာဏ်တော်သာ ပစ္စေကဗုဒ္ဓါဖြစ်သည်၊ ခန္ဓာသည် ပစ္စေကဗုဒ္ဓါ မဟုတ်၊ ဉာဏ်တော်သာ ရဟန္တာဖြစ်သည်၊ ခန္ဓာတော် ရဟန္တာ မဟုတ်ဆိုပါသည်။

(၆) မြတ်စွာဘုရား ဆွမ်းစား, မစား-စကားဖြစ်ရာ ဉာဏ်တော်ကိုရည် လျှင် မစား၊ ခန္ဓာတော်ကို ရည်လျှင် စားပါ၏ဟု ဖြေသောစကား သင့်, မသင့်။

(၇) အလှူ ပေးသည့် အတွင်း "ကိလေသေ ဟနတိ ဟိံသတီတိ သံဃော" ဟူသော စကားနှင့် လျော်စွာ မိမိကိုယ်ကို သံဃာပြု လုပ်၍ လှူနိုင်မှ အကျိုးရသည်ဟု ဆိုပါသည်၊ အဘယ်သို့သံဃာ ပြုပါရမည်။

(၈) ယခုဖြစ်ပွားသော ဝိဝါဒစကားများကို ပြောဆိုသော သူတို့အား အကျိုးရှိ, မရှိ သိလိုပါသည်။

(၉) ဘုရားကို ပန်းပူဇော်၍ အကျိုးမရှိ ဆိုပါသည်။

၎င်းကောက်နုတ်ချက် ၉-ရပ်တွင် ဘုရားသည် ပရမတ်ဘုရား,ပညတ် ဘုရား နှစ်ပါးရှိသည်ဟု ဟောပါသည်၊ ဟုတ်မည်, မဟုတ်မည်ဟူသော စတုတ္ထပုစ္ဆာကို ဖြေလိုက်လျှင် ပုစ္ဆာအများပင် ပြေပေမည်ဖြစ်၍ ၎င်း စတုတ္ထပုစ္ဆာကို ရှေးဦးစွာဖြေပေအံ့။

---

## ခန္ဓာဘုရား

ဗုဒ္ဓေါ-ဘုရားဟူရာ၌ ဗုဓ-ဓာတ်နှင့် တ-ပစ္စည်းကိုစပ်၍ ဗုဒ္ဓေါဟုဖြစ် လာသည်၊ ဗုဓ-ဓာတ်မှာ သဗ္ဗညုတ ဉာဏ်တော်ကို ကောက်ရသည်၊ တ-ပစ္စည်းမှာ ခန္ဓာတော်နှင့်တကွ သဏ္ဍာန်ပညတ်ကို ကောက်ရသည်၊ သဒ္ဒါမှာ ဗုဓနှင့် တ-ပေါင်းမိကြမှ ဗုဒ္ဓဟုဖြစ်လာသည်၊ အနက်မှာလည်း သဗ္ဗညုတ ဉာဏ်တော်နှင့် ခန္ဓာဒြဗ် နှစ်ပါးစပ်မှ ဘုရားဖြစ် လေသည်၊ ထို့ကြောင့် မဟာနိဒ္ဒေသ ပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိ တော်တို့၌—

"သဟ သဗ္ဗညုတ ညာဏဿ ပဋိလာဘာ သစ္ဆိကာ ပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ"။

ဟူ၍ဟောတော်မူသည်။

**အနက်။** ။ယဒိဒံ-ယာအယံဗုဒ္ဓေါတိ၊ အကြင်ဗုဒ္ဓဟူသော ပညတ်သည်။အတ္ထိ၊ရှိ၏။တံ-သော၊ဤဗုဒ္ဓဟူသော ပညတ်သည်။သဗ္ဗညုတညာဏာဓိဂမပစ္စယာ၊ သဗ္ဗညုတ ဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက်။ သစ္ဆိကာ၊ မှန်ကန်စွာဖြစ်သော။ ပညတ္တိ၊ ပညတ်ပေတည်း။

---

## ပညတ်ဘုရား

ပညတ်အမျိုးမျိုးတို့တွင်လည်း ဥပါဒါပညတ်, သဏ္ဌာနပညတ်, သန္တာနပညတ်ပေတည်း၊ ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌—

"သဗ္ဗဓမ္မေသု အပ္ပဋိဟတညာဏနိမိတ္တာနုတ္တရ ဝိမောက္ခပရိဘာဝိ-တခန္ဓသန္တာန မုပါဒါယ ပဏ္ဏတ္တိတော၊ သဗ္ဗညုတညာဏပဒဋ္ဌာနံဝါ သစ္စာဘိသမ္ဗောဓိ မုပါဒါယ ပဏ္ဏတ္တိတော သတ္တဝိသေသော ဗုဒ္ဓေါ"။

ဟူ၍ မိန့်တော်မူသည်၊ သီလက္ခန်ဋီကာ, သာရတ္ထဒီပနီဋီကာ, မဏိမဉ္ဇူသာဋီကာစသည်တို့၌လည်း ဤအတိုင်းပင်လာသည်။

**အနက်။** ။သဗ္ဗဓမ္မေသု၊ ခပ်သိမ်းသောတရားတို့၌။ အပ္ပဋိဟတညာဏနိမိတ္တာနုတ္တရဝိမောက္ခပရိဘာဝိတခန္ဓသန္တာနံ၊ အဆီးအတားမရှိသိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်လျှင် အကြောင်းနိမိတ်ရှိသော မြင့်မြတ်သောဝိမောက္ခတို့ဖြင့် ထုံအပ်သောခန္ဓာငါးပါးအစဉ်ကို။ ဥပါဒါယ၊ အစွဲပြု၍။ ပဏ္ဏတ္တိတော၊ ပညတ်အားဖြင့်။ သတ္တဝိသေသော၊ သတ္တပညတ်အထူးသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏။ ဝါ၊ ဘုရားမည်၏။ ဝါ၊ တနည်းကား။ သဗ္ဗညုတညာဏပဒဋ္ဌာနံ၊ သဗ္ဗညုတဉာဏ်၏ပဒဋ္ဌာန်ဖြစ်သော။ သစ္စာဘိသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ ဥပါဒါယ၊ အစွဲပြု၍။ ပဏ္ဏတ္တိတော၊ ပညတ်အားဖြင့်။ သတ္တဝိသေသော၊ သတ္တပညတ်အထူးသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏။ ဝါ၊ ဘုရားမည်၏။

---

## ဝိသုဒ္ဓခန္ဓာအစဉ်ဘုရား

ဇိနာလင်္ကာရကျမ်း၌လည်း—

"ဗုဒ္ဓေါတိ ကော၊ဗုဒ္ဓဂုဏောတိ ကော၊သောအစိန္တိယာဒိတ္တာ မုပါ-ဂတော ယော" ဟု အမေးပုစ္ဆာနှစ်ခွန်းကို ထုတ်တော်မူပြီးလျှင်—

ဝိသုဒ္ဓခန္ဓသန္တာနော၊ ဗုဒ္ဓေါတိ နိယမော ကတော။

ခန္ဓသန္တာနသုဒ္ဓိသု၊ ဂုဏောတိ နိယမော ကတော။ ။

ဟူ၍ဖြေတော်မူသည်။

**အနက်။** ။ဗုဒ္ဓေါတိ၊ဗုဒ္ဓဟူ၍။ဝုတ္တော၊ရှေးစကား၌ဆိုခဲ့သော။သော၊ ထိုဘုရားဟူသည်။ ကော၊ အဘယ်နည်း။ (ဘုရားဟူသည် ပရမတ်လော, ပညတ်လောဟု မေးသည်။) ယောဂုဏော၊ အကြင်ဂုဏ်တော်မြတ် အပေါင်းသည်။ အစိန္တိယာဒိတ္တံ၊ အစိန္တေယျစသည်အဖြစ်သို့။ ဥပါဂ တော၊ ရောက်တော်မူ၏။ သောဂုဏော၊ ထိုဂုဏ်တော်မြတ်အပေါင်းဟူ သည်။ ကော၊ အဘယ်နည်း။ (ဘုရားဂုဏ်တော်ဟူသည် ပရမတ်လော, ပညတ်လောဟု မေးသည်။)

ဝိသုဒ္ဓခန္ဓသန္တာနော၊ကိလေသာတို့မှ စင်ပြီးသောခန္ဓာငါးပါး၏အစဉ် ကို။ ဗုဒ္ဓေါတိ၊ဘုရားဟူ၍။ နိယမော၊ အမြဲမှတ်သည်ကို။ ကတော၊ ပြုအပ် ၏။(ခန္ဓာငါးပါး၏အစဉ်ဖြစ်သော သတ္တပညတ်,သန္တာနပညတ်ကို ဘုရား ဟူ၍ မှတ်ရမည်ဟု ဖြေသည်။)ခန္ဓသန္တာနသုဒ္ဓိသု၊ ခန္ဓာငါးပါးအစဉ်၏ ဖြူစင်သန့်ရှင်းခြင်းကိုမူကား။ဂုဏောတိ၊ဘုရားဂုဏ်တော်ဟူ၍။ နိယမော၊ အမြဲမှတ်သည်ကို။ ကတော၊ ပြုအပ်၏။ (ကိလေသာတို့မှ သန့်ရှင်းစင် ကြယ်သော သဗ္ဗညုတဉာဏ်အစရှိသော ပရမတ်, သဗ္ဗညုတအစရှိသော ပညတ်များကို ဘုရားဂုဏ်တော်ဟူ၍ မှတ်ရမည်ဟု ဖြေသည်။)

---

## ထူးသောဒြပ်တော်ဘုရား

ဤသို့လျှင် ပါဠိတော်ကြီးတို့၌ရင်း, အဋ္ဌကထာတို့၌ရင်း, ဋီကာတို့၌ ရင်း, ဂန္ထန္တရတို့၌ရင်း ဝါသနာနှင့်တကွသော ကိလေသာတို့မှစင်ကြယ် ပြီးသောခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးကိုမှီ၍ ခေါ်ဝေါ်အပ်သောသဏ္ဌာန ပညတ်ဒြဗ်ဝိသေသကို ဘုရားဆိုသည်ဟု ဖြေဆိုပေသည်။

> ကိလေသာတို့မှ အတုမရှိစင်ကြယ်သော ခန္ဓာငါးရပ်ပရမတ် သည်လည်း ဘုရားမည်ပါ၏၊ ထိုခန္ဓာငါးရပ်ပရမတ်တို့၏ မြစ် ရေအယဉ်ကဲ့သို့ အစဉ်တွေတွေ ဆက်ကာနေသော သန္တာန ပညတ်သည်လည်း ဘုရားမည်ပါ၏ ဟု ဆိုလိုသည်၊မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်အစရှိသော အစိတ်အစိတ်သောဉာဏ် တော်, တန်ခိုးတော်စသည်ကိုမူကား ဘုရား၏ဂုဏ်တော်ဟူ၍ သာ ဆိုရမည်၊ ဘုရားဟူ၍မဆိုရ ဟူလိုသည်။

ဤ ပါဠိ, အဋ္ဌကထာ,ဋီကာ,ဂန္ထန္တရစကားရပ်တို့ဖြင့်ပင်—
(၁) ဉာဏ်တော်သာ ဘုရားဟုတ်သည်, ပစ္စေကဗုဒ္ဓါဟုတ်သည်, ရဟန္တာဟုတ်သည်၊ ခန္ဓာသည် ဘုရားမဟုတ်, ပစ္စေကဗုဒ္ဓါ မဟုတ်, ရဟန္တာမဟုတ် ဟူသောဘုတ်အုပ်စာငယ်စကား,
(၂) ဘုရားဆွမ်းမစားဟူသောစကား,
(၃) သဒ္ဓါမိုက်ဖြင့် ဘုရား၌ရှိသော ကေသာစသည်ကို လောကုတ္တရာတရားကိုးပါးထင်မှတ်၍ ရှိခိုးလျှင် ဘုရားကိုစွပ်စွဲဆဲရေးရာရောက်သည်ဟူသော စကားများကိုလည်း နှင်းနယ်ချေပွတ်လိုက်သည်။

[ဤစကားရပ်စုတွင် ဘုရားဆွမ်းစားကြောင်း,ကေသာစသည်ကို လောကုတ္တရာ တရားကိုးပါး ထင်မှတ်၍ ရှိခိုးထိုက်ကြောင်း, သဒ္ဓါမိုက်ဟူ၍လည်း ကျမ်းဂန်၌ရှိကြောင်း,၎င်းကေသာစသည်ကို လောကုတ္တရာ တရား ကိုးပါး ထင်မှတ်၍ ရှိခိုး ကြည်ညိုခြင်းသည် သဒ္ဓါမိုက်မဟုတ်၊ အလွန်လိမ္မာသော သဒ္ဓါဖြူဖြစ်ကြောင်းများကို နောက်မှဆိုမည်။]

---

## ခန္ဓာဒြပ်သာ မုချဘုရား

''ဉာဏ်တော်သာ ဘုရား,ခန္ဓာတော်ဘုရားမဟုတ်''ဟူသော စကားကို နှင်းနယ် ချေပွတ်ပြီး ဖြစ်ပါသော်လည်း အကျကောက်၍ နောက်ဆွယ် ရှိပြန်သေးသည်ကို ဆိုလိုက်ဦးအံ့။

ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏- ဟူရာ၌ ''သိတော်မူတတ်သည်''ဟူသော အလုံးကို အဘိဓမ္မာ ခုနစ်ကျမ်းတွင်ရှာသော် ပညတ္တိစေတသိက် တခုသာရှိသည်၊ ပညတ္တိစေတသိက်မှကြွင်းသော ဖဿ,ဝေဒနာ အစရှိသော နာမက္ခန္ဓာ လေးပါး၊ ပထဝီ,အာပေါ အစရှိသော ရူပက္ခန္ဓာတပါး၊ ဤခန္ဓာငါးပါး ထည်းမှာ သိခြင်းလက္ခဏာရှိသော တရားဟူ၍ တခုမျှမပါ။

ပညတ်တရား ဟူသည်မှာ တရားကိုယ် အားဖြင့် ရှိသောတရားပင် မဟုတ်၊ သိတတ်မည်ဝေးစွ၊ သိတတ်သောတရား မဟုတ်ကလည်း မသိတတ်သော တရားပင်ဖြစ်၏၊ ထို့ကြောင့် သိတတ်မှ ဘုရားဆိုရလျှင် မသိတတ်သော ဖဿကို,ဝေဒနာကို,သညာကို,သင်္ခါရစုကို,ဝိညာဏ်ကို,ပထဝီ

ကို, အာပေါကို, တေဇောကို, ဝါယောကို ဘုရားဟူ၍ ဆိုခွင့်မရှိ၊ မရှိပါဘဲနှင့် ဘုရားဆိုလျှင် အပိုအမှားသာ ဖြစ်လေ၏ဟု သုတ္တန်, အဘိဓမ္မာ, သဒ္ဒါဝေါဟာရသုံးပါးကို သူ့နေရာနှင့်သူ အစေ့အစပ် မသိတတ်သော ပရမတ်ယောင်ဝါး လှုပ်တိုင်းမှားတို့က ဆိုဘွယ်ရှိပြန်၏၊ ကေန်ဆိုမည်ပင် ဖြစ်၏၊ ဤသို့သောဆိုဘွယ်ကိုလည်း နှင်းနယ်ချေပွတ်ရမည်။

အဘယ်သို့ နှင်းနယ်ချေပွတ်ရမည်နည်းဟူမူကား—"ဗုဒ္ဓေါ၊ သိတော်မူ+တတ်သော ဘုရား" ဟူရာ၌—

(၁) သိတော်မူကား-ဗုဓဓာတ်၏အနက်၊ တတ်သောဘုရားကား—တ ပစ္စည်း၏အနက်။

(၂) သိတော်မူကား- သဗ္ဗညုတဉာဏ်၊ ဝါ- အရဟတ္တမဂ်ဉာဏ်၊ တတ်သောဘုရားကား- ခန္ဓာတော်။

(၃) သိတော်မူကား-ဝိသေသန၊ တတ်သောဘုရားကား- ဝိသေသျ။

(၄) သိတော်မူကား- ဂုဏ်တော်မြတ်၊ တတ်သော ဘုရားကား—ဂုဏီဒြဗ်။

(၅) သိတော်မူကား- ကြိယာ၊ တတ်သော ဘုရားကား- ကာရက။

ဤသို့ဗုဒ္ဓဟူသောစကားတခွန်း၌ ဗုဒ္ဓ တခြား၊ တပစ္စည်းတခြား၊ နှစ်ပါး စပ်မှ"ဗုဒ္ဓ-သိတော်မူတတ်သော ဘုရား"ဖြစ်သည်။

သိတော်မူအရ ဉာဏ်တော်သည်- ဗုဓ၊ တတ်သော ဘုရားအရ ဒြဗ်တော်သည်-တ၊ နှစ်ပါးစပ်မှ"ဗုဒ္ဓ-သိတော်မူတတ်သောဘုရား"ဖြစ်သည်။

ဗုဓအရဖြစ်သော ဉာဏ်တော်သည် ဘုရား၏ဂုဏ်တော်သာဖြစ်သည်၊ ဘုရားမဟုတ်၊ တပစ္စည်းအရ ခန္ဓာဒြဗ်တော်သည် ဘုရားသာဖြစ်သည်၊ ဉာဏ်တော်မဟုတ်၊ ဉာဏ်နှင့်ဒြဗ် နှစ်ပါးစပ်မှ သိတော်မူ တတ်သော ဘုရားတဆူသာ ဖြစ်သည်။

---

## ဉာဏ်တော်ကားအကြောင်းနိမိတ်

ဗုဒ္ဓ-သဒ္ဒါကား ဉာဏ်တော်ကိုအစွဲပြု၍ ခန္ဓာငါးပါး ဘုရားဒြဗ်ကိုသာ မှုချအားဖြင့်ဟောသည်၊ ဉာဏ်တော်ကိုမှုချအားဖြင့်မဟော၊ ဉာဏ်တော်ကို မူကား အကြောင်းအနေမျှသာ ဟောသည်။

နိမိတ္တောတု ပဓာနေန၊ တဗ္ဗိသေသျော ပဓာနတော။

[သဒ္ဒတ္ထဘေဒစိန္တာ။]

**အနက်။** ။နိမိတ္တော၊ အကြောင်းဖြစ်သော အနက်ကို မူကား။ သဒ္ဒေန၊ ဗုဒ္ဓ အစရှိသောသဒ္ဒါသည်။ အပဓာနေန၊ အပဓာနအားဖြင့်လျှင်။ ဝုတ္တော၊ ဟောအပ်၏။ တဗ္ဗိသေသျော၊ ထိုအကြောင်းတရားသည် အထူး ပြုအပ်သော ဒြဗ်အနက်ကိုသာလျှင်။ ပဓာနေန၊ မုချအားဖြင့်။ ဝုတ္တော၊ ဟောအပ်၏။

ထို့ကြောင့်ပင်လျှင် အထက်က ထုတ်ပြခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့၌လည်း ဗုဒ္ဓအရကိုသန္တာနပညတ်နှင့်တကွ ခန္ဓာဒြဗ်တော်ကိုသာ လိုရင်းကောက်ပြကြကုန်သည်။

ဤကား သဒ္ဒါကျမ်းဂန်များနှင့် စစ်ဆေးလျှင်လည်း ခန္ဓာတော်သာ မုချဗုဒ္ဓ၊ မုချဘုရားမည်ကြောင်း, ဉာဏ်တော်သည်ကား ဘုရားမဟုတ်၊ ဘုရား့ဂုဏ်တော်သာဖြစ်ကြောင်းကိုထင်လင်းစွာပြလိုက်သော စကားရပ်စုပေတည်း။

[ဤစကားရပ်တို့ဖြင့် သဒ္ဒါလည်းမတတ်၊ ကျမ်းဂန်လည်းမနှံ့စပ်ရှာကြကုန်သော ပရမတ်ကောင် လူယောင်ယောင်တို့သည် "ဗုဒ္ဓေါ၊ သိတော်မူတတ်သည်"ဟူသော အသံအရိပ်ကို ဘမ်း၍ ဉာဏ်တော်သည်သာ ဘုရားဟုတ်သည်၊ ခန္ဓာတော်ဘုရားမဟုတ်ဟု ပြောင်းပြန် ပြောဆိုသောစကားများကို နင်းနယ် ချေပွတ်လိုက်သည်။]

---

## အရဟံ ပုဒ်ဟောဘုရား

ဉာဏ်တော်, ခန္ဓာတော်ဟု ခွဲခြမ်းရာ၌လည်း ဉာဏ်တော်ဟူသည်မှာ ပညိန္ဒြေ စေတသိက်တခုကိုသာ ရသည်၊ ခန္ဓာတော် ဟူသည်မှာ ၎င်းပညိန္ဒြေစေတသိက်နှင့်တကွ ခန္ဓာငါးပါး, ဘုရားဒြဗ်တော်ကိုရသည် တရပ်။ ။"ဗုဒ္ဓေါ၊ သိတော်မူတတ်သောဘုရား"ဟူရာ၌ သိတော်မူ ဟူသော- ရှေ့ပိုင်းကိုပင် မုချထားပါဦးတော့၊ ထိုသို့သိတော်မူ ဟူသော အသံရှေးရှုရာ ဗုဒ္ဓသဒ္ဒါစသည်တို့၌သာလျှင် ဉာဏ်တော်ကို ဘုရားဆိုနိုင်မည်၊ သိတော်မူဟူသော အနက်မထွက်နိုင် ပေမူ၍ တခြားတပါးသော အနက်သာထွက်နိုင်သော "အရဟံ၊ ပူဇော်ကို ခံတော်မူထိုက်သော ဘုရား"ဟူရာ၌ သိတော်မူဟူသောအသံကိုဘမ်းချန်မရှိ၊ ပူဇော်ကိုခံတော်

မှုထိုက်သောအသံကို ဘမ်းရလိမ့်မည်။ ပူဇော်ကို ခံတော်မူထိုက်သော ဂုဏ်တော်သည်သာလျှင် အရဟံမည်၏၊ ဘုရားမည်၏၊ ခန္ဓာတော်သည် ဘုရားမဟုတ် ဟုဆိုရလိမ့်မည်။ ပူဇော်ကိုခံတော်မူထိုက်သော ဂုဏ်တော် ဟူသည်လည်း အတုမရှိ မြင့်မြတ်သော သီလတော်, သမာဓိတော်, ပညာတော်, ဝိမုတ္တိတော်, ဝိမုတ္တိဉာဏဒဿန ဉာဏ်တို့ပင်ဖြစ်ချေသည်။ အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာသုံးပါးဖြစ်ချေသည်၊ ထို့ကြောင့် အရဟံပုဒ်ကထွက်သော ဘုရားမှာ သီလဂုဏ်တော်သည်လည်း ဘုရားပင် ဖြစ်သည်၊ ရူပဈာန်တရား, အရူပဈာန်တရား, လောကုတ္တရာ ဈာန်တရား များသည်လည်း ဘုရားပင် ဖြစ်သည်၊ ဤကား အရဟံပုဒ်က ထွက်သော ဘုရားတည်း။

---

## ဝိဇ္ဇာစရဏသမ္ပန္န ပုဒ်ဟော ဘုရား

"ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသောဘုရား"ဟူရာ၌လည်း ဂုဏ်တော်ကိုသာ ဘုရားဟူ၍ယူပါမူ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးသည်လည်း ဘုရားပင်၊ ဝိဇ္ဇာဟူသည် ဉာဏ်တော်ပင်ဖြစ်ပေသည်။

(၁) သီလသံဝရ,
(၂) ဣန္ဒြိယသံဝရ,
(၃) ဘောဇနေမတ္တညုတာ,
(၄) ဇာဂရိယာနုယောဂ,
(၅-၁၁) သူတော်ကောင်းဥစ္စာခုနစ်ပါး,
(၁၂-၁၅-) ဈာန်လေးပါး—

ဟူသော စရဏဂုဏ်တော် တဆဲ့ငါးတွင် ဉာဏ်တော် အနည်းငယ် မျှသာပါသည်၊ ဉာဏ်တော်မဟုတ်သော ဂုဏ်တော်သာများပေသည်။

---

## သမာစာရ ပုဒ်ဟော ဘုရား

"ပရိသုဒ္ဓကာယသမာစာရော၊ ကိလေသာတို့မှ စင်ကြယ်သော ကိုယ်တော်အကျင့်ရှိတော်မူသောဘုရား"ဟူရာ၌ ကိလေသာတို့မှစင်ကြယ် သော ကိုယ်အကျင့်ရှိတော်မူသည်ကား ကိုယ်အင်္ဂါတို့ကို လှုပ်ရှားသော အခါ၌ ပညာရှိတပါးတို့ ကဲ့ရဲ့ဘွယ်မရှိသော ကိုယ်တော် အမူအရာ

ကည်းဟူသော ကာယဝိညတ်နှင့် တကွသော စိတ္တဇရုပ်ကလာပ်, ထိုစိတ္တဇရုပ်ကလာပ်နှင့် အတူတကွလှုပ်ရှားကြသော ကမ္မဇရုပ်ကလာပ်, ဥတုဇရုပ်ကလာပ်, အာဟာရဇရုပ်ကလာပ် စုသည်၎င်း၊ စိတ္တဇရုပ်ကလာပ်ကိုဖြစ်စေတတ်သောမဟာကြိယာဇော နာမက္ခန္ဓာလေးပါးသည်၎င်း၊ ဤခန္ဓာငါးပါးသည် ပရိသုဒ္ဓကာယသမာစာရ ဂုဏ်တော်မည်၏၊ ဂုဏ်တော်ကိုသာ ဘုရားဆိုလိုသောသူတို့သည် ဤပရိသုဒ္ဓကာယသမာစာရဂုဏ်တော်သို့ကျလျှင် ကာယဝိညတ်နှင့် တကွသော ခန္ဓာငါးပါးကိုပင် ဘုရားဆိုရမည် ကေန်ဖြစ်ကုန်၏၊ ပရိသုဒ္ဓဝစီသမာစာရ ဂုဏ်တော်သို့ကျလျှင်လည်း ဝစီဝိညတ်နှင့် တကွသော ခန္ဓာငါးပါးကိုပင် ဘုရားဆိုရမည်ကေန်တည်း။

---

## ဗျာမပ္ပဘာ ပုဒ်ဟော ဘုရား

"ဗျာမပ္ပဘော၊ တလံမျှလောက်အထူးတောက်သောရောင်ခြည်တော်ခြောက်ပါးရှိတော်မူသော ဘုရား" ဟူရာ၌ ဂုဏ်တော်ကိုဘုရားဆိုလျှင် ရောင်ခြည်တော် ခြောက်ပါးကိုပင် ဘုရားဆိုရမည် ကေန်တည်း။

---

## ဗြဟ္မုဇုဂတကာယ ပုဒ်ဟောဘုရား

"ဗြဟ္မုဇုဂတကာယော၊ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတော်မူသောဘုရား"ဟူရာ၌ အလွန်ဖြောင့်မတ်သော ရူပကာယတော်ကိုပင် ဘုရားမဆိုသော် အဘယ်ကိုဆိုရမည်နည်း။

---

## ဥဏှိသသီသ ပုဒ်ဟော ဘုရား

"ဥဏှိသသီသော၊ ရွှေသင်းကျစ်ဖျား ရစ်၍ထားသို့ လုံးသောဦးခေါင်း ရှိတော်မူ၏"၊ဤပုဒ်မှ ထွက်သောဘုရားကို ဦးခေါင်းတော်ကို မဆိုလျှင် အဘယ်ကိုဆိုမည်နည်း။ ဤအတူ သုတ်ပါထေယျ ပါဠိတော် လက္ခဏသုတ်၌ ဟောတော်မူအပ်သော ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးကို ပြတတ်သော ဂုဏ်တော်ပုဒ်တို့ကို ထုတ်၍ချဲ့လေ။

---

## များလှစွာသောဂုဏ်ပုဒ်

ဤသို့လျှင် ဘုရားဂုဏ်တော်ပုဒ်သည် ဉာဏ်တော်နှင့်စပ်သော ဗုဒ္ဓေါ တပုဒ်သာရှိသည်မဟုတ်၊စင်စစ်မူကား ဘုရား၏ နာမက္ခန္ဓာတို့နှင့်စပ်

သော ဂုဏ်တော်ပုဒ်တို့လည်း အသင်္ချေမက များလှပါကုန်၏၊ ရူပက္ခန္ဓာ ရူပကာယနှင့် စပ်သော ဂုဏ်တော်ပုဒ်တို့လည်း အလွန်များပါ ကုန်၏၊ အလုံးစုံသော ဂုဏ်တော်ပုဒ်တို့၌ပင် ပုဒ်ကထွက်လာသော အနက်သံနှင့် လျော်စွာ ဂုဏ်တော်ကိုးကာက်ရသည်။

အချို့ပုဒ်က သီလဂုဏ်တော် ထွက်သည်၊ အချို့ပုဒ်က ဈာန်သမာဓိ ဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်က ဝီရိယဂုဏ်တော်ထွက်သည်၊ အချို့ ပုဒ်က အဆင်းအရောင် ဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်က အသံဂုဏ် တော်ထွက်သည်၊ ဤသို့စသည်ဖြင့် ဉာဏ်တော်မှတပါး မရေတွက်နိုင် သော ဂုဏ်တော်တို့လည်း ထင်ရှားရှိပေကုန်သည်။

## ခန္ဓာဘုရားဆိုလျှင် ဂုဏ်တော်အားလုံး ပါခြင်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အဖွင့်၌လည်း ဉာဏ် တော်ကိုသာ အာရုံပြု၍ စီးဖြန်းမှ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း မြောက်သည် ဟု မလာပေ၊သီလဂုဏ်တော်, သမာဓိဂုဏ်တော် စသည်တို့တွင် ထင် နိုင်ရာမြင်နိုင်ရာကိုအာရုံပြု၍စီးဖြန်းရမည်ပင်ဖြစ်သည်၊ သီလဂုဏ်တော်ကို စီးဖြန်းလျှင်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမြောက်တော့သည်၊သမာဓိဂုဏ် တော်စသည် စီးဖြန်းလျှင်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မြောက်တော့ သည်။

ဉာဏ်တော်ကိုသာ ဘုရားဆိုခဲ့လျှင် ဉာဏ်တော် မဟုတ်သော သီလဂုဏ်, သမာဓိဂုဏ်တော် စသောဂုဏ်တော် အနန္တတို့ကို ဖျက်ပယ်ရာကျသည်၊ ခန္ဓာတော်ကို ဘုရားဆိုလျှင် ထိုဂုဏ်တော် အနန္တ, ဉာဏ်တော် အနန္တတို့သည် ခန္ဓာတော်မှာအကုန်ပါပေ ကုန်သည်၊ ဘယ်ဟာကျန်သည်ဟု ဆိုဘွယ်မရှိပေ။

## ရွှေတုံးပမာ ဘုရားခန္ဓာ

ထိုသို့ဖြစ်ပါလျက် ဉာဏ်တော်ကို အထူးမှတ်၍ဆိုရာ၌ ဥပမာဆိုသည် ရှိသော်''အလွန်ကောင်းသော ဝိဇ္ဇာမယဆေးဖြင့် ပြဒါးကိုစီရင်၍ သေလေ ရာ ပြဒါးခဲကို ခဲအခွက် တဆယ်-အရေလင်မှာပစ်၍ ဇမ္ဗူရာစ် ရွှေတုံးဖြစ် သည်''ဟူရာ၌ကဲ့သို့မှတ်ရမည်၊ပြဒါးပြာခဲသည်ရွှေတုံးကြီးဖြစ်၍သွားသည်

မဟုတ်၊ခဲဘာသာလည်းရွှေတုံးကြီး ဖြစ်နိုင်သည်မဟုတ်၊ ပြဒါးပြာတပဲနှင့် ပေါင်းမိသည်နှင့် တပြိုင်နက် ခဲဇာတိကိုအကုန်စွန့်၍ ရွှေစင်အစစ်-ရွှေတုံးကြီးဖြစ်ရ လေသတည်း၊ ရွှေစင်ရွှေတုံးကြီး ဖြစ်ပြီးနောက် ခဲဟူ၍မလေး မစားမပြုထိုက်။

(၁) ခန္ဓာငါးပါး အပေါင်းနှင့် ရွှေတုံးကြီးတူသည်။
(၂) ပြဒါးပြာနှင့် သဗ္ဗညုတဉာဏ်၊ဝါ–အရဟတ္တမဂ်ဉာဏ် တူသည်။
(၃) အလွန်ကောင်းသောဆေးကိုစုဆောင်းရှာမှီးရသည်နှင့် ပါရမီကို ဖြည့်ရခြင်းတူသည်။
(၄) နဂိုခဲတုံးကြီးနှင့် ပုထုဇန်ခန္ဓာတူသည်။
(၅) ခဲတုံး၌ရှိသောအညစ်အကြေးနှင့် ကိလေသာတူသည်။
(၆) အရည်လင်အောင်ပြုသည်နှင့် တရားကို အားထုတ်တော်မူခြင်း တူသည်။
(၇) မီးနှင့် ဝီရိယတူသည်။
(၈) အရည်လင်ရာတွင် ပြာကိုပစ်၍ ရွှေစင်ဓမ္မစစ်ဖြစ်သည်နှင့် ဈာန်သမာပတ်ကိုရတော်မူရာတွင် ဘုရားဖြစ်ခြင်းငှါ ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်တော်မူသည်။ မိုးသောက်ယံ၌ အရဟတ္တမဂ်ဉာဏ်ဖြစ်သည်နှင့်တပြိုင်နက် ကိလေသာအာသဝေါကုန်၍ ခန္ဓာငါးပါး ဘုရားဖြစ်ခြင်းတူသည်။

ပစ္စည်းဥစ္စာ ချမ်းသာလိုသော သူတို့သည် ထိုရွှေတုံးကြီးကိုအလွန်ရှိသေရသကဲ့သို့ လောကီ,လောကုတ္တရာ ချမ်းသာကိုလိုသော သူတို့သည် ထိုခန္ဓာငါးပါးကို အလွန်ရှိသေထိုက်လှပေသတည်း။

ဤမျှသောစကားရပ်တို့ဖြင့် ခန္ဓာကိုဘုရားမဟုတ်၊ ခန္ဓာကို ပစ္စေကဗုဒ္ဓါမဟုတ်၊ ခန္ဓာကိုရဟန္တာမဟုတ်ဟုဆိုသော ထိုဘုတ်အုပ်စာငယ်ကို နင်းနယ်ချေပွတ်လိုက်သည်။

ထိုသို့ဖြစ်သော်-

''ဗုဒ္ဓေါ သဗ္ဗညုတညာဏံ၊ ဓမ္မော လောကုတ္တရော မတော''။

ဟူသောပါဌ်များကို အဘယ်သို့ဆိုမည်နည်းဟူမူ– မဏိသာရမဉ္ဇူသာစသောကျမ်းဆရာတို့ ထိုပါဌ်ကိုဆိုပေပြီဖြစ်၍ ယခုမှဆိုနေဘွယ်မရှိ။

**အနက်**။ ။သဗ္ဗညုတညာဏံ၊ ကို။ အဓိဂတော၊ ရတော်မူသော ခန္ဓာတော်သည်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်၏။ ဝါ၊ ဘုရားမည်၏။ မဏ်ိသာရမဥ္ဇူ။ သာဆရာတော်ဆိုပုံပြီး၏။

---

## ကုသိုလ်ရွှေအိုး မြှုပ်နှံရာဌာန

၁။ စေတိယမှိ စ သံဃေ ဝါ၊ ပုဂ္ဂလေ ဝါ အတိထီသု၊
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။ ။

၂။ သော နိဓိ သုနိဟိတော၊အဇေယျော အနုဂါမိယော။
ပဟာယဂမနီယေသု၊တော် အာဒါယ ဂစ္ဆတိ။ ။

[ခုဒ္ဒကပါဌ်ပါဠိတော် နိဓိကဏ္ဍသုတ်]

"တတ္ထ စေတယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊စိတတ္တာ ဝါ စေတိယံ၊တံ ပနေတံ တိဝိဓံ ဟောတိ-ပရိဘောဂစေတိယံ ဥဒ္ဒိဿကစေတိယံ သဓာတုကစေတိယန္တိ၊ တတ္ထ ဗောဓိရုက္ခော ပရိဘောဂစေတိယံ၊ ဗုဒ္ဓပဋိမာ ဥဒ္ဒိဿကစေတိယံ၊ ဓာတုဂဗ္ဘထူပါ သဓာတုကာ သဓာတုကစေတိယံ"။

[ၚင်းအဘွင့် ခုဒ္ဒကပါဌ်အဋ္ဌကထာ။]

## အနက်

၁။ စေတိယမှိဝါ၊ စေတီသုံးပါး၌ၚင်း။ သံဃေဝါ၊ ၚင်း။ ပုဂ္ဂလေဝါ၊ ၚင်း။ အတိထီသုဝါ၊ လူဧည့်သည်,ရှင်ဧည့်သည်တို့၌ၚင်း၊ မာတရိစာပိ၊ ၚင်း။ ပိတရိစာပိ၊ ၚင်း။ အထော၊ ထိုမှတပါး။ ဇေဋ္ဌမှိဘာတရိ၊ အစ်ကိုကြီး,အစ်မကြီး၌ၚင်း။

၂။ သုနိဟိတော၊ ကောင်းစွာမြှုပ်ထားအပ်သော။ သောနိဓိ၊ ဤကုသိုလ်ဟူသောရွှေအိုးသည်။ အဇေယျော၊ရန်သူငါးပါးတို့သည် အောင်မြင်ခြင်းငှါမတတ်ကောင်း။ အနုဂါမိယော၊ သွားလေရာရာ သံသရာ၌အစဉ်လိုက်၏။ ပဟာယဂမနီယေသု၊ သေလျှင်စွန့်ပစ်၍သွားမည့်အရာစုတို့၌။ တော်၊ ဤကုသိုလ်ရွှေအိုးကိုသာ။ အာဒါယ၊ယူ၍။ ဂစ္ဆတိ၊သွားနိုင်၏။

[ရှေ့ဂါထာဖြင့် ကုသိုလ်ရွှေအိုး မြှုပ်နှံထိုက်ရာဌာနကို ဟောပြပေသည်။]

တတ္ထ၊ထိုဂါထာဒေသနာ၌။ စေတယိတဗ္ဗံ၊ ပူဇော်အပ်၏။ဣတိ၊ ထို့ကြောင့်။စေတိယံ၊စေတီမည်၏။ ပူဇေတဗ္ဗံ၊ ပူဇော်အပ်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ဆိုလိုသည်။ ဟောတိ၊၏။ဝါ၊တနည်းကား။ စိတတ္တာ၊ပွါးစေအပ်, ဆည်းပူးအပ်သည်၏အဖြစ်ကြောင့်။ စေတိယံ၊စေတီမည်၏။ တံပနေတံ၊ ထိုစေတီသည်။ ပရိဘောဂစေတိယံ၊ဍင်း၊ဥဒ္ဒိဿကစေတိယံ၊ဍင်း၊သဓာတုကစေတိယံ၊ဍင်း။ ဣတိ၊ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်၊ ဗောဓိရုက္ခော၊ ဗောဓိပင်သည်။ ပရိဘောဂစေတိယံ၊ မည်၏။ ဗုဒ္ဓပဋိမာ၊ဘုရားရုပ်ပွါး, ဘုရား ဆင်းတုတော် များသည်။ ဥဒ္ဒိဿကစေတိယံ၊မည်၏။ သဓာတုကာ၊ဓာတ်တော်နှင့်တကွသော။ဓာတုဂဗ္ဘထူပါ၊ ဓာတ်တော်ကြုတ်, ဓာတ်တော်တိုက်, ဓာတ်တော်တည်ရာ စေတီပုထိုးများသည်။သဓာတုကစေတိယံ၊ မည်၏။

[ရှေးအထက်ပေးလိုက်သောစာ၌လည်းစေတီသုံးပါး, လေးပါး အခွဲပါလေပြီ။]

---

## စေတီတော်ပူဇော်ရကျိုး

**မေး။** စေတီသုံးပါး,လေးပါးကို လှူဒါန်း ပူဇော်ပါလျှင် အကျိုး ကြီးပါမည်လော—မေးရန်ရှိ၏။

**ဖြေ။** တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။ ။
[ဝိမာနဝတ္ထုပါဠိတော်။]

ရာဇဂြိုဟ်ပြည်တွင်စေတီတော်ကို သပွတ်ခဲပွင့်လှူဒါန်း၍ သေသည့် နောက် တာဝတိံသာ၌ ထင်ရှားစွာဖြစ်လေသော သူငယ်မဝတ္ထုတွင် လာသည်။

**အနက်။** ။တိဋ္ဌန္တေစ၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား ၌ဍင်း။ နိဗ္ဗုတေစ၊ နိဗ္ဗာန်စံပြေး ကိုယ်တော်စားဖြစ်သော စေတီသုံးပါး ၌ဍင်း။ စိတ္တေ၊ ကြည်ညိုသောစိတ်သည်။ သမေ၊ တူမျှကြပေမူကား။ သမံဖလံ၊ အကျိုးတူမျှ၏။ ဟိ-သစ္စံ၊ မှန်၏။ စေတောပဏိဓိဟေတု၊ စိတ်ထားကောင်းသောကြောင့်သာလျှင်။သတ္တာ၊သတ္တဝါတို့သည်။သုဂတိံ၊ သုဂတိသို့။ ဂစ္ဆန္တိ၊ လားကြကုန်၏။

"စေတော ပဏိဓိဟေတုတိ အတ္တနော စိတ္တဿ သမ္မဒေဝ ထပနနိမိတ္တံ၊ အတ္တနော သမ္မာ ပဏိဓာနေနာတိ အတ္ထော"။

ဟူ၍ ဝိမာနဝတ္ထု အဋ္ဌကထာ ဘွင့်သည်နှင့်အညီ ပေးလိုက်သော အနက်။

ဤပါဠိတော်၌ "တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ" ဟူသော ရှေ့ပိုင်းကို ကြားနာသောအခါ "သက်တော်ထင်ရှားရှိသောဘုရားနှင့်ဗောဓိရုပ်ပွါးဓာတ်တော်များသည်အကျိုးပေးတူနိုင်ပါမည်လော" ဟု အကြံဖြစ်ဘွယ်ရှိ၍ "စေတော ပဏိဓိဟေတုဟိ၊ သတ္တာဂစ္ဆန္တိ သုဂတိံ" ဟုနောက်ပိုင်းကိုထပ်ရသည်။

ဗောဓိ,ရုပ်ပွါး,ဓာတ်တော်များကိုပင် ဘုရားကိုယ်တော်မြတ်နှင့်မထူး မခြားနှလုံးထားနိုင်ပေမူ အကျိုးပေးတူပါ၏၊ အဘယ့်ကြောင့်နည်း ဆိုသော် ဘုရားစေတီတို့က အကျိုးပေးရင်းမဟုတ်၊ အာရုံမျှသာဖြစ်ပေသည်၊ စိတ်ကသာအကျိုးပေးရင်းဖြစ်ပေသည်၊ ထို့ကြောင့် စိတ်ထားတူပေလျှင် အကျိုးပေးချင်း တူနိုင်ပါ၏ဆိုလိုသည်။ ထို့ကြောင့်ပင်လျှင် ကျမ်းဂန်တို့၌ "ဗောဓိပင်,ရုပ်ပွါးတော်,ဓာတ်တော်,မွေတော်,စေတီတော် များကို ရှိခိုးပူဇော်သောအခါ သက်တော်ထင်ရှားရှိသော ဘုရားကို ရိုသေလေးမြတ်သကဲ့သို့ ရိုသေလေးမြတ်စွာ စိတ်နှလုံး ထားရမည်" ဟု များစွာလာပေသည်။

---

## မေးမြန်းဘွယ်

**မေး။** ဗောဓိညောင်တော်, ရုပ်ပွါးဆင်းတုတော်, ဓာတ်တော်, မွေတော်, စေတီတော်များသည် အဝိညာဏက ဝတ္ထုရုပ် အဗျာကတ တခုသာဖြစ်ပါလျက် အဘယ်သို့ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်ထပ်တူထပ်မျှဖြစ်အောင် စိတ်နှလုံးထား သာပါမည်နည်း-မေးရန်။

**ဖြေ။** မြတ်စွာဘုရားကို ရှိခိုးပူဇော်ခြင်းကို ပြုကြရသည်လည်း ဂုဏ်တော်ကို ကြည်ညိုလေးမြတ်၍ ပြုကြရသည်၊ ဗောဓိညောင်တော်,ရုပ်ပွါး ဆင်းတုတော်,ဓာတ်တော်,မွေတော်,စေတီတော်များကို ရှိခိုးပူဇော်ရခြင်း သည်လည်း ဂုဏ်တော်တွေကို ကြည်ညိုလေးမြတ်၍ ဗောဓိရုပ်ပွါးဓာတ်

များကိုပင် လောကုတ္တရာတရားကိုးပါးစသော ဂုဏ်တော်အကုံးအခဲတွေ, ဂုဏ်တော်တို့၏ တည်နေရာတွေကွဲ့သို့ ရှိသေလေးမြတ် နိုင်ခြင်းသည် ပညာဉာဏ်ကြီးသောပုဂ္ဂိုလ်တို့မှာ သာ၍ဖြစ်နိုင်ပေသည်၊ရုပ်ပွားဆင်းတု တော်ကို မဆိုထားဘိဦး၊ သီဟိုဠ်ကျွန်း၌ ရဟန်းတော်ကြီးတပါးသည် မာရ်နတ်ဖန်ဆင်း၍ပြသော ဘုရားအသွင်တော်ကိုဖူးမြော်၍ ထိုနေရာတွင် ရဟန္တာဖြစ်လေသည်။

မာရ်နတ်သည် အလွန်ယုတ်မာသော သူတယောက်ဖြစ်ပေသည်၊ ထိုမာရ်နတ်သည် မိမိကိုယ်ကိုလက္ခဏာကြီးငယ်, ရောင်ခြည် ၆-သွယ်နှင့် တကွ ဘုရားအသွင်ဖန်ဆင်း၍ပြရာ၌ပင်လျှင် ဘုရားလျှင် အာရုံရှိသော ပီတိကိုရ၍ ထိုပီတိကိုခွါပြီးလျှင် ဝိပဿနာရှု၍ ရဟန္တာဖြစ်လေသည်။

[ပရိဝါအဋ္ဌကထာ၊ တံမြက်လှည်းခြင်း၏ အကျိုးတွင် ပါလာသောဝတ္ထု။]

ဤမျှသောစကားရပ်တို့ဖြင့်“ဘုရားကိုပန်းပူဇော်၍အကျိုးမရှိ”ဟူသော စကားနှင့်တကွ “ရုပ်ပွားတော်ကို သက်တော်ထင်ရှားဘုရားထင်မှတ်၍ ကိုးကွယ်ပူဇော်လျှင် မဟာအဝီစိငရဲကြီး၌ကျလိမ့်မည်၊အပါယ်ပဋိသန္ဓေကို ပေးသည်”ဟုဆိုသော ထိုဘုတ်အုပ်စာငယ်ကိုနှင်းနယ်ချေပွတ်လိုက်သည်- တရပ်။

---

## သဒ္ဓါမိုက်နှင့် သဒ္ဓါကောင်း

“မန္ဒပညော၊ ပညာနည်းသောသူသည်။ အဝတ္ထုသ္မိံ၊ မကြည်ညိုထိုက် သောအရာ၌။ ပသီဒတိ၊ ကြည်ညိုမိတတ်၏”ဟူ၍ ကျမ်းဂန်လာသော ကြောင့် သဒ္ဓါမိုက်လည်းရှိပါ၏၊ ထိုသဒ္ဓါမိုက်ကို ကျမ်းဂန်တို့၌ မုဒ္ဓသဒ္ဓါ ခေါ်ပေသည်၊ မုဒ္ဓသဒ္ဓါလည်း အမိုက်အမဲကိုခေါ်သည်၊ ထိုသဒ္ဓါမိုက်ကို တရားကိုယ်ကောက်သော်ကား မောဟပင်တည်း၊ ဝါ-အားကြီးသော မောဟနှင့်ယှဉ်သော မိစ္ဆာဓိမောက္ခပေတည်း။

ထိုသဒ္ဓါမိုက်ဟု ဆိုအပ်သော မောဟ,မိစ္ဆာဓိမောက္ခ နှစ်ပါးသည် အဘယ်နေရာများမှာ ဖြစ်တတ်လေသနည်းဟူမူ- “အသဒ္ဓေယျဝတ္ထု ပသန္နော”ဟူ၍၎င်း၊ “အဝတ္ထုသ္မိံပသီဒတိ”ဟူ၍၎င်း အဋ္ဌကထာတို့၌ လာသောကြောင့် ရှေးအခါ ပုရာဏကဿပ, မက္ခလိဂေါသာလအစ

ရှိသော မိစ္ဆာဒိဋ္ဌိကြီးတို့ကို ဘုရားဟူ၍ ကြည်ညိုလေးမြတ်ကိုးကွယ်သောသူ, ထိုမိစ္ဆာဒိဋ္ဌိကြီးတို့ ဟောသောတရားကို သူတော်ကောင်းတရားအစစ်ဟု ယုံကြသောသူ, ထိုမိစ္ဆာဒိဋ္ဌိကြီးတို့တပည့်ဂိုဏ်းအပေါင်းတို့ကို သုပ္ပဋိပန္န သံဃာဟူ၍ ကြည်ညိုကြ,ကိုးကွယ်ကြ, လှူဒါန်းပူဇော်ကြသောသူတို့အား ကြည်ညိုနိုင်သောအမှုသည် သဒ္ဓါမိုက်ကေန် စင်စစ်ဖြစ်လေသတည်း။

ယခုအခါ၌ကား ထာဝရဘုရား, ယေရှုခရစ်ဘုရားစသည်တို့ကိုငင်း၊ ထိုသူတို့၏တရား ဆိုသောစာပေတို့ကိုငင်း၊ ထိုသူတို့၏တပည့်ဖြစ်သော ကုလားဘုန်းကြီးတို့ကိုငင်း ကြည်ညိုနိုင်သောအဖြစ်သည် သဒ္ဓါမိုက်စင်စစ်ဖြစ်ပေသတည်း၊ ထို့ကြောင့် အနီးအနားထင်ရှားရာကိုဆွဲငင်၍ ပြောပေလျှင် "ရုပ်ပွားတော်ကို သက်တော်ထင်ရှား ဘုရားထင်မှတ်၍ ရှိခိုးလျှင် အဝီစိငရဲကြီး၌ ကျလိမ့်မည်"ဆိုသော ထိုဘုတ်အုပ်စာအမိုက်ကိုပင် လိုက်လိုက်လဲလဲ စွဲမြဲယုံကာ သဘောပါကြကုန်သော ဗာလအန္ဓတို့၏ အမှုသည် ယခုလက်ငင်း ထင်လင်းဆဲပြရန် သဒ္ဓါမိုက်ကြီးတခုပင် ဖြစ်လေသတည်း။

ဘုရား၏ဆံတော်-သွားတော်စသော သမ္ဗန္ဓဓာတ်, အသမ္ဗန္ဓဓာတ် တော်များကို လောကုတ္တရာတရားကိုးပါးပင်ထင်မှတ်၍ ကိုးကွယ်ခြင်းမှာ မူကား ပညာရှိသူတော်ကောင်းတို့ အလေ့ပင်ဖြစ်ပေ၍ သဒ္ဓါမိုက်နှင့် မဆိုင်ပေ၊ ထိုစကားမှန်၏၊ ဆံတော်သည် အဇ္ဈာကတဝတ္ထု၊ ဥတုဇ ရုပ်ကလာပ်မျှသာဖြစ်သည်ဟု သိကြသည်ပင်ဖြစ်၏၊ သို့သော်လည်း ဆံတော်ကို ရှိခိုးသောအခါ သဒ္ဓါပွားများ၍ အကျိုးကြီးစေခြင်းငှါ၊ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိဖြစ်လာစေခြင်းငှါ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,သဗ္ဗညုတ ဉာဏ်စသော ဂုဏ်တော်ဘို့ကို ထိုဆံတော်မှာ ဉာဏ်ဖြင့်သည်ပိုး၍ ရှိခိုးပူဇော်ခြင်းသည် အလွန်ကောင်းမြတ်သောအမှုပေတည်း—တရပ်။

---

## မြတ်စွာဘုရား ဆွမ်းစား,မစား

"မြတ်စွာဘုရား ဆွမ်းစား, မစား"စကားဖြစ်ရာမှာ ဘုရားဖြစ်ပြီး ၍ သတ္တသတ္တာဟ ၄၉-ရက်အစေ့တွင် တဖုဿ,ဘလ္လိကတို့လှူသောမုံ့ ကိုဘုဉ်းပေးတော်မူသည်၊ မိဂဒါဝုန်တော၌ ဝါကပ်စဉ်အခါ ဗာရာဏ သီမှာ ဆွမ်းမှီခဲ့သည်၊ ဥရုဝေလတောသို့ ရောက်သောအခါ ဥရုဝေလ

ကဿပက ကျွေးသောဆွမ်းကိုဘုဉ်းပေးတော်မူသည်၊ ရံခါလည်းမြောက်ကျွန်းသို့ကြွ၍ ဆွမ်းခံတော်မူသည်၊ ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ ရာဇဂြိုဟ်ပြည်၌ဆွမ်းခံ၍ဘုဉ်းပေးတော်မူသည်၊ ၎င်းရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ကြွရာ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ကဆုန်လပြည့်နေ့တိုင် ၂-လပတ်လုံး ကာလုဒါယီထေရ် ယူဆောင်၍ ပေးသော ခမည်းတော်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသည်ဟုလာသည်။

၎င်းသို့စသည်ဖြင့် အဆုံးစွန်ပရိနိဗ္ဗာန်စံယူတော်မူသောနေ့၌ ပါဝါမြို့နေ ရွှေပန်းထိမ်သည် သူဌေး စုန္ဒလှူသော်ဆွမ်းကို ဘုဉ်းပေးတော်မူရ၍ ထိုနေ့အထူးအားပြည့်ကြောင်း၊ မကျန်းမမာတော်မူလျက်နှင့်ပင် အလွန်ဩဇာကြီးလှသော ဆွမ်း၏အာနုဘော်ကြောင့် သုံးဂါဝုတ်ကွာသော ကုသိနာရုံမြို့တိုင်အောင် ခြေကျင် ကြွတော်မူနိုင်ကြောင်းများကို ကျမ်းဂန်အရပ်ရပ်တို့၌ ထင်ရှားစွာလာသည်။

သို့ဖြစ်၍ ဆွမ်းစား,မစားကိုမေးလျှင် သဗ္ဗညုတဉာဏ်တော်ကိုရည်လျှင် မစားဟု ဉာတာ၍ ဖြေထိုက်သော အမှုပင်မဟုတ်၊ နင်းနယ်ချေပွတ်ရမည့်အရာသာဖြစ်သတည်း—တရပ်။

---

## သမဏ,ဗြာဟ္မဏ,ဘိက္ခုမည်ထိုက်သူ

"သန္တတိအမတ်ကြီးသည် ဘုရားရှေ့တော်တွင် ကောင်းကင် အရပ်၌ မင်းမြောက်တန်းဆာဆင်ယင်လျက်ပင် ကောင်းကင်၌ ပရိနိဗ္ဗာန်စံရာတွင် ထိုအမတ်ကြီးကို လူဆိုရမည်လော၊ သမဏ,ဗြာဟ္မဏ,ဘိက္ခု ဆိုရမည်လော"ဟု ဘုရားကို လျှောက်ကြရာ—

အလင်္ကတော စေပိ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓါယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။ ။

ဟူ၍ ဓမ္မပဒ၌ဟောတော်မူပေသည်၊ ကိလေသာငြိမ်း၍ သန္တဒန္တနိယတဗြဟ္မစာရီဂုဏ်နှင့်ပြည့်စုံသောသူဖြစ်ပေမူကား လူဝတ်လူစားဝတ်ဆင်လျက်ပင်ဖြစ်သော်လည်း သမဏပင်ဆိုရပေမည်၊ ဗြာဟ္မဏပင် ဆိုရပေမည်၊ ဘိက္ခုပင်ဆိုရပေမည်ဟူလိုသည်၊ [အနက်မှာ ဓမ္မပဒနိဿယများ

မှာကြည့်လေ။] သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာစသည်တို့၌လည်း ပဋိပတ္တိ ဓမ္မကိုကျင့်ပေလျှင် လူပင်ဖြစ်သော်လည်း ဘိက္ခု ဆိုထိုက်ကြောင်းကို လာပေသည်။

သို့ဖြစ်၍ လူပင်ဖြစ်သော်လည်း တဒင်္ဂပဟာန်အားဖြင့်ပင် ကိလေသာကိုငြိမ်းစေနိုင်ပေမူ—

ကိလေသေ သမေတီတိ သမဏော၊
ကိလေသေ ဗာဟတီတိ ဗြာဟ္မဏော။
ကိလေသေ ဘိန္ဒတီတိ ဘိက္ခု၊
ကိလေသေ ပဗ္ဗာဇယတီတိ ပဗ္ဗဇိတော။ ။

ဟုဆိုသင့်သောပရိယာယ် ကျမ်းဂန်၌ လာပေသည်။

## သံဃာ၌ လူမပါဝင်

"ကိလေသေ သံသုဒ္ဓိ ဟနတီတိ သံဃော" ဟူသော ဝိဂြိုဟ်ရိပ်ပင် ရငြားသော်လည်း သံဃသဒ္ဒါသည် အယူသီလ တူမျှသော အပေါင်းကို အကြောင်းပြုရင်းဖြစ်၍ ကိလေသာကို တဒင်္ဂပဟာန်ဖြင့်ခွါနိုင်သော်လည်း သံဃာဆိုထိုက်သောအခွင့်မရှိသည်နှင့် ပါဠိတော်တို့၌ဒင်း, အဋ္ဌကထာတို့၌ဒင်း လူကိုသံဃာဆိုနည်းမလာပေ၊ မိမိကိုယ်ကို သံဃာပြုလုပ်၍ လူမှ အကျိုးရသည်ဟုဆိုသောသူသည်ကား သံဃသဒ္ဒါ၏ အမြစ်အခြေကို နေရာကျမသိ၍ ဟုတ်လိနိုးနိုး ဆင်ကန်းတောတိုး ဆိုမိလေသည်၊ မိမိကိုယ်ကို သမဏာပြု၍, ဗြာဟ္မဏာပြု၍,ဘိက္ခုပြု၍, ပဗ္ဗဇိတပြု၍လူနိုင်မှ အကျိုးသာ၍ကြီးသည်ဟူ၍သာဆိုလိုလျှင် ဆိုရမည်၊ ဝစနတ်ဝိဂြိုဟ် အတို အနှောင်းကလေးများနှင့် နှုတ်ကောင်းလျှာပါး စကားသစ် မသစ်ချင်ကြနှင့်ဟု မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

ပုဒ္ဓ-အရ အဆုံးအဖြတ်ပြီး၏။

# စုတိစိတ်အာရုံအဆုံးအဖြတ်

## ဘုရားစုတိစိတ်အာရုံဖြေရှင်းချက်

### သုတ္တန်နည်း

နာဟု အဿာသ ပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။ ။

ဟူ၍လာသော မဟာပရိနိဗ္ဗာနသုတ္တန် အသံနိမိတ်ကို ရိပ်ဘမ်း သိဘမ်း မှန်းရမ်းဆဝါးလျက် ဘုရားစုတိစိတ်သည် နိဗ္ဗာန်ကို အာရုံ ပြုသည်ဟု ဖြေဆိုရေးသားကြကုန်သည်။

**အနက်။** ။အနေဇော၊ တဏှာကင်းတော် မူပြီးသော။ မုနိ၊ သည်။ ယံ-ယသ္မာ၊ ကြောင့်။ သန္တိံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ ရည်ရွယ်၍။ ကာလံ၊ သေခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ တသ္မာ၊ကြောင့်။ ဌိတစိတ္တဿ၊ တည်တံ့သောစိတ် ရှိတော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့်ပြည့်စုံ တော်မူသော မြတ်ဘုရားအား။ အဿာသ ပဿာသော၊ ထွက်သက် ဝင်သက်တို့သည်။ နာဟု၊ မဖြစ်ကုန်သတည်း။

[ဤဂါထာဖြင့် အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် ယခုမှ မြတ်စွာဘုရား ပရိဗ္ဗာန်စံကြောင်းကို ပရိသတ်အများတို့အား ထင်ရှားဘွင့်တော်မူသည်။]

---

### အဘိဓမ္မာနှင့်ဆန့်ကျင်ပုံ

ဤဂါထာ၌"သန္တိမာရဗ္ဘ" ဟူသောစကားကို–

(၁) ဘုရားစုတိစိတ်၏ အာရုံပြုကိုပင်ဆိုသည်ဟု ထင်မှတ်ရန် တချက်။

(၂) ဘုရားမရဏာသန္နဇောစိတ်တို့၏ အာရုံပြုကိုဆိုသည်ဟု ထင် မှတ်ရန် တချက်။

ထိုနှစ်ချက်တို့တွင် စုတိစိတ်၏ အာရုံပြုကိုပင် ဆိုပါသည်ဟု ယူခဲ့သော် အဘိဓမ္မာပါဠိတော်, ၎င်းအဘွင့်အဋ္ဌကထာကြီးများနှင့် ကန့်လန့်နေ၏။

နေပုံကား- ပရိနိဗ္ဗာနစိတ်ဟူသည် သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကမဟာဝိပါက် စိတ်ပေတည်း။ ထေရာဝါဒအလို

အားဖြင့် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာဝိပါက်
စိတ်ပေတည်း၊ ထိုကာမဝိပါက်စိတ်၏အာရုံပြုကို ဓမ္မသင်္ဂဏီပါဠိတော်၌-

"ကတမေ ဓမ္မာ ပရိတ္တာရမ္မဏာ၊ သဗ္ဗေ ကာမာဝစရဝိပါကော ကိရိယာ မနောဓာတု ကိရိယာဟေတု မနောဝိညာဏဓာတု သောမနဿ သဟဂတာ၊ ဣမေ ဓမ္မာ ပရိတ္တာရမ္မဏာ"။

ဟူ၍ကာမအာရုံကေန်စု၌သာ ဟောတော်မူသည်။ လောကုတ္တရာ ကေန်စု၌ငင်း, အနေကန်စု၌ငင်း ကာမဝိပါက် သက်သက်မပါလေ၊ ။ "ဘုရားဒကာ လှည်းမှာ ဝါပိုသည်" ဆိုသကဲ့သို့ ဤဓမ္မသင်္ဂဏီ ပါဠိတော် ကြီးသည် စိတ်မချသာ ကြံမိကြံရာအကြွင်းအကျန် ရှိရပါသေးသည် ဆိုပြားအံ့။ ။ဓမ္မသင်္ဂဏီအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ, ပဋ္ဌာန်းအဋ္ဌ ကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာဟူသော အဋ္ဌကထာကြီးအရပ်ရပ်၊ အဘိ ဓမ္မာဝတာရအဋ္ဌကထာ, အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ စသော အဋ္ဌ ကထာငယ်အရပ်ရပ်တို့၌ ကာမဝိပါက်မှန်က ကာမအာရုံသာ ကေန္တ ဖြစ်ကြောင်းကို တင်းတင်းကြပ်ကြပ် မိန့်ဆိုတော်မူကြသည်ဖြစ်၍ ထိုဓမ္မ သင်္ဂဏီပါဠိတော်မြတ်ကို ကပ်ဖွဲ့လှုပ်ရှားခြင်းငှာ မထိုက်ပေ။

၁။ အဋ္ဌ ပန သဟေတုကဝိပါကစိတ္တုပ္ပါဒါ ဧတ္ထေ ဝုတ္တနယေနေဝ တဒါ ရမ္မဏဝသေန ပဋိသန္ဓိဘဝင်စုတိဝသေန စ ပရိတ္တဓမ္မေ သွေဝ အာရဗ္ဘ ပဝတ္တန္တိ။ ။အဋ္ဌသာလိနီ။

၂။ ဓဝံ ဣမေ ပဉ္စဝီသတိ စိတ္တုပ္ပါဒါ ကေန္တေနေဝ ပရိတ္တာရမ္မဏာတိ ဝေဒိတဗ္ဗာ။ ။ငင်း။

၃။ တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နသန္တိ၊ ကေန္တပရိတ္တာရမ္မဏာနိ ဟိ ကာမာဝစရဝိပါကာနိ။ ။ငင်း။

၄။ ဝိသုဒ္ဓိမဂ်လည်း သည်အတိုင်းပင်။

၅။ တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နပ္ပဇ္ဇန္တိ၊ ကာမာဝစရဝိပါကာနံ ကေန္တပရိတ္တာရမ္မဏတ္တာ။ ။အဘိဓမ္မာဝတာရအဋ္ဌကထာ။

ဤသို့စသည်ဖြင့် ကာမဝိပါက်တို့၏ ကာမအာရုံသာ ကေန္တဖြစ် ကြောင်းကို မိန့်ဆိုကြသော အဋ္ဌကထာအမျိုးမျိုး, ဋီကာအမျိုးမျိုး တို့သည် ကောင်းကင်ပြင်ဝယ် နက္ခတ်ကြယ်တို့ကဲ့သို့ထင်လည်းထင်ရှား လှပါ၏ကုန်၏၊ ပေါလည်း ပေါများလှပါကုန်၏၊ ကာမအာရုံမှတပါး

တခြားသောပညတ်အာရုံ, မဟဂ္ဂုတ်အာရုံ, မဂ်ဖိုလ်အာရုံ, နိဗ္ဗာန်အာရုံများကို ကြံဆထည့်သွင်းရန် အဘိဓမ္မာကျမ်းဂန်တွင် အသံနိမိတ်အရိပ်အမြွက်မျှမရှိပေ။

ထို့ကြောင့် ဘုရားစုတိစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသည်ဟု ဆိုကြသော ပုဂ္ဂိုလ်ကျော်တို့၏စကားသည် ဗုဒ္ဓုပ္ပါဒနဝမ၌ မှားရခဲနိုင်လှသော အတိဒုလ္လဘအမှားအံ့ဘွယ်ကြီးဖြစ်ပေသတည်း၊ ဤကား "သန္တိမာရဗ္ဘ"ဟူသော သုတ္တန်၌ နိဗ္ဗာန်ကိုအာရုံပြု၍ စုတိစိတ်တော်မြတ်ဖြစ်သည်ဟု ယူခဲ့လျှင် ဓမ္မသင်္ဂဏီပါဠိ, အဘိဓမ္မာကျမ်းအရပ်ရပ်တို့နှင့် ကပ်ဖဲ့နေပုံတည်း—တရပ်။

---

## သုတ္တန်နှင့်ဆန့်ကျင်ပုံ

"သန္တိမာရဗ္ဘ"ဟူသောစကားကို ဘုရားကိုယ်တော်၏ မရဏာသန္နမဟာကြိယာဇောစိတ်တို့၏ အာရုံပြုကိုဆိုပါသည်- ယူခဲ့ပြန်လျှင် သုတ္တန်နှင့်ကန့်လန့်နေပြန်၏။

နေပြန်ပုံကား—မြတ်စွာဘုရားသည် စတုတ္ထဈာန်မှထ၍ ပစ္စဝေက္ခဏာဝီထိအဆုံး၌ စုတိကျကြောင်းကို သုတ္တန်အဋ္ဌကထာ၌ဆိုပေသည်၊ ပစ္စဝေက္ခဏာဇောစုသည်ပင် မရဏာသန္နဇော ဖြစ်ရသတည်း၊ ပစ္စဝေက္ခဏာဇောဟူကလည်း ဈာန်အင်္ဂါတို့ကိုသာ အာရုံပြုမြဲတည်း၊ နိဗ္ဗာန်နှင့်မဆိုင်ပေ၊ သုတ္တန်နှင့်ကန့်လန့်နေပုံ။

---

## အဘိဓမ္မာ,သုတ္တန်နှင့်ညီညွတ်စေပုံ

တနည်း-စတုတ္ထဈာန်ဟူသောစကား၌ အရဟတ္တဖိုလ်စတုတ္ထဈာန်ကို ယူ၍ ထိုစတုတ္ထဈာန်မှထ၍ဆင်ခြင်သော ပစ္စဝေက္ခဏာဇောမှာမူကား—

(၁) ဖိုလ်ကိုဆင်ခြင်သည် တဝီထိ။

(၂) နိဗ္ဗာန်ကိုဆင်ခြင်သည် တဝီထိ။

နှစ်ဝီထိကျသင့်ပေသောကြောင့် နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိနှင့်စုတိတော်မူသည်ဟု ယူလိုက်လျှင် သုတ္တန်ဋီကာကြီးနှင့်လည်း ညီညွတ်၏၊ ဘုရားမရဏာသန္နဇောစုသည် နိဗ္ဗာန်ကိုအာရုံပြု၏၊သည်ကိုရည်၍"သန္တိ

မာရဗ္ဘ''ယူပါသည်ဆိုသော် သုတ္တန်နှင့်မကန့်၊ သုတ္တန်အဋ္ဌကထာကြီး၌ ကား–''သန္တိမာရဗ္ဘာတိ သန္တိံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ''ဟူ ၍ဘွင့်သည်၊ ''အာရဗ္ဘအာရမ္မဏံကတွာ''ဟူ၍မဘွင့်ပေ၊ ဘုရားကိုယ် တော်၏ မရဏာသန္နပစ္စဝေက္ခဏာဇောစုသည် နိဗ္ဗာန်ကိုပင် ဆင်ခြင် သမှုအာရုံပြုသည်မှန်ခဲ့အံ့၊''အာရဗ္ဘကို'' အာရမ္မဏံကတွာ-ဟု ဘွင့်ပေ ရာသည်၊ ထိုသို့ကားမဘွင့်ပါခဲ့၊''ပဋိစ္စသန္ဓာယ''ဟု အာရုံပြုကိုရှောင်ခွါ၍ ဖယ်သာလယ်သာ ကျယ်ရာပြင်ပကို ညွှန်းပြ၍ဘွင့်ပြန်သောကြောင့် ဘုရား မရဏာသန္နဇောစုသည်လည်း နိဗ္ဗာန်ကိုအာရုံပင်မပြုဟု လုသာယက်သာ ဆွဲတိုင်းပါပြန်သတည်း။

ထို့ကြောင့် အဘိဓမ္မာမဟုတ် သုတ္တန်အမှု ပရိယာယ်ထုလှသော ''နာဟုအဿာသပဿာသော။ပ။ ယံကာလမကရိမုနိ'' ဟူသော-အရှင် အနုရုဒ္ဓါ၏ဂါထာစကားမျှနှင့် ဘုရားမုခပါဠ်၌ ပရမတ်အစစ် ပုဒ်လေးပစ် မှန်လှသောအဘိဓမ္မာကျမ်းဂန်တွေကို တွန်းလှန်၍ပစ်ရမည့်အရေးသည် အလွန်ခက်လှ၏၊ ''ပဋိစ္စသန္ဓာယ''ဟူသည်မှာ အာရုံပင်မပြုသော်လည်း အမှုသွားသန္တာန်က နိဗ္ဗာန်သို့စိုက်စိုက် ဦးတဲ့ရွယ်၍တိုက်သဖြင့် ဆိုက် တော့မည်အမှန်ကြောင့်''သန္တိံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲလမ်း၍။သန္ဓာယ၊ရည်ရွယ်၍''ယူပါသတည်း–တရပ်။

---

## သဂ္ဂိုဟ်ဂဏ္ဌိသစ်ဆရာ၏အယူ

''ကတ္တစိ ပန အနုပ္ပဗ္ဗမာနဿ ဒီဏာသဝဿ ယတောပဋ္ဌိတံ
နာမရူပါဒိကမေဝ စုတိပရိယောသာနာနိ ဝေါစရဘာဝံ ဂစ္ဆန္တိ''။

ဟူသောဋီကာကျော်စကားမှာ မဏိမဉ္ဇူဆရာတော်, အဖေဂ္ဂုသာရ ဒီပနီဆရာတော် ပုဂ္ဂိုလ်ကျော်သူမြတ်တို့ ဖြောင့်မတ်စွာဘွင့်ကြသော သဘာဝအနက်ကို နှစ်သက်အားရ စိတ်ချကာနေကြလျှင် ကိစ္စပင်မရှိရာ၊ သို့လျက်ပါကို သဂ္ဂိုဟ်ဂဏ္ဌိဆရာ, သဂ္ဂိုဟ်နိဿယသစ်ဆရာ, ဝိထိချရိုး တစု ပြုလုပ်စီရင်သောဆရာတို့သည် ဖွေရှာလောက်လက် ဉာဏ်ဆော့ သည့်အတွက်ကြောင့် သက်သက်သားအမှုပိုဖြစ်ပြန်သည်ကား ''ဘုရား ရဟန္တာတို့၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သောကံ, ကမ္မ နိမိတ်,ဂတိ နိမိတ်ကို အာရုံမပြု၊ ထင်တိုင်းသော တေဘူမ္မကတရား နိဗ္ဗာန်

ပညတ်များကိုသာ အာရုံပြုရမည်'' ဟု ယူလိုရာ ပါရာသော ဋီကာကျော် စကားကိုပင် ဘုရားဟော ပါဠိတော်ကဲ့သို့ အမော်ကြီးထင်မှတ်၍ ရောက်တတ်ရာ ပြောကြပြန်သတည်း။

ဘယ်ပါဠိ, ဘယ်အဋ္ဌကထာ, ဘယ်ဋီကာတစိတ်မှာမှ အရိပ်အမြွက် အသံမျှမထွက်ပါဘဲနှင့် ရေခွက်မှာမိကျောင်း ပေါ်သကဲ့သို့ ဋီကာကျော် နှယ်မျှနှင့် အဆပင်မတန်ပါသော အာရုံပြုအချက်ကြီးပါကို ရီးတီးရားတား ယုတ္တိတုစကားတွေနှင့် နောက်သားတို့ စိတ်ရှုပ်အောင် လုပ်ကြသည့်အခင်းကို ထင်လင်းအောင် ဖျက်လိုက်အံ့။

## ဂဏ္ဌိသစ်အယူကို ရှင်းပြချက်

ဂှင်းဂဏ္ဌိသစ်,နိဿယသစ်တို့၌''အာဂန္တုကဘဝင်ကိုစံပြု၍ ရဟန္တာတို့ စုတိသည် မိမိတို့ပဋိသန္ဓေနှင့် အာရုံမတူဖြစ်သင့်၏''ဟူရာ၌ ဥပေက္ခာ သန္တီရဏ အာဂန္တုက ဘဝင်စိတ်သည် ပဋိသန္ဓေနှင့်အာရုံမတူရှိရသည်မှာ မိမိပဋိသန္ဓေ နေခဲ့ရင်းစိတ်မဟုတ်သောကြောင့် ထိုအာဂန္တုကဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏ နိမိတ်အာရုံ တက်တက်မှုန်ကို ကြက်ကန်းနှင့် ဆန်အိုးကဲ့သို့ တိုးမိစွပ်မိရန် အခွင့်အဘယ်မှာ ရှိပေချေအံ့နည်း။

သည်နေ့, ရှေ့နေ့ အနီးတွင်တွေ့ခဲ့၍ အလေ့အကျက် များလှသဖြင့် အလကားပင် ထင်ရှားပေါ်လွယ်၍ လယ်ပြင်မှာဆင်ပြေးသကဲ့သို့ မတွေးရ-မဆရ ပါကဋတရ ပရိစိတပုဗ္ဗဖြစ်သော အတစ်အတုံး အလုံးအခဲကိုသာ ထိုဘဝင်စိတ် ယူနိုင်လေသတည်း၊ဒေါသဇောနှင့် သောမနဿ မူလဘဝင် အဆင်မသင့် အခွင့်မတော်လှ၍ တခဏမျှ အငှါးကျရသော အာဂန္တုက ဘဝင်စုတ်ကလေးကို အရေးတခု စံကြီးပြု၍ မှုမှုရရ တုပပြိုင်ယှဉ်ခြင်းငှာ မထိုက်ပေ။

**မေး။** ဘုရား,ရဟန္တာတို့ စုတိစိတ်မှာ မိမိပဋိသန္ဓေစိတ်နှင့် နိမိတ်အာရုံ မတူကြရာ၌ အဘယ်အကြောင်း ချို့တဲ့သနည်း၊မတူဘဲနှင့် ထိုအာရုံကိုမယူဘဲ တခြားအာရုံကို ယူရာ၌ အဘယ် အကြောင်းထူးရှိသနည်း။

**ဖြေ။** ဘုံဘဝတပါးသို့ သွားတော့မည့် ပုဂ္ဂိုလ်မဟုတ်သည်နှင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဆိုရသည့်အာရုံကို အာရုံပြုခွင့် မသင့်လေသော

ကြောင့် တခြားအာရုံကိုသာ ယူပါသည်ဟု ပြောဆိုကြသော အကြောင်းမှာလည်း ကောင်းကောင်း မမြင်၍ အထင်နှင့် ရမ်းကာမျှသာဖြစ်သည်။

ဘုံဘဝတပါးသို့ သွားရသော ပုဂ္ဂိုလ်မှာပင် စုတိစိတ်မှာရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်နှင့် သွားသည်မဟုတ်၊ စုတိစိတ်အာရုံ ဖြစ်ကာမျှသာအသုံးကျသည်၊သည့်ထက်အသုံးမရှိ၊စုတိ၏ရှေး မရဏာသန္နဇောမှာရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်မှသာ ဘုံဘဝတပါးသို့ သွားရာ၌ အသုံးကျသည်။

ဘုရား,ရဟန္တာတို့၏ စုတိစိတ်၌ရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်မှာမူကား ဆိုဘွယ်ပင်မရှိ၊အသုံးမကျ သက်သက်သာ တည်းဟူ၍ မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

---

## ဘုရားရဟန္တာတို့ စုတိစိတ်အာရုံကိုဖြေရှင်းချက်
## ပုစ္ဆာ ၅-ရပ်

(၁) ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကိုအာရုံ ပြုသလော၊ ထိုသို့မဟုတ်-တပါးသော သတ္တဝါတို့၏ စုတိစိတ်ကဲ့သို့ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ကိုပင် အာရုံပြုသလော။

(၂) ဘုရား,ရဟန္တာတို့၏ စုတိစိတ်သည် မနောဒွါရ ဝီထိနောင်သာ ကျကောင်းသလော၊ ပဉ္စဒွါရဝီထိ, မနောဒွါရဝီထိ နှစ်ပါးနောင်မှာပင် ကျကောင်းသလော။

(၃) မြတ်စွာဘုရားသည် သောမနဿ သဟဂုတ်စိတ်, ဥပေက္ခာသဟဂုတ်စိတ် နှစ်ပါးတို့တွင် အဘယ်စိတ်၌ ပဋိသန္ဓေနေသနည်း။

(၄) မြတ်စွာဘုရား၏ ပဋိသန္ဓေ စိတ်သည် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်နှစ်ပါးတွင် အဘယ်စိတ်ပါနည်း။

(၅) မြတ်စွာဘုရား၏ ပဋိသန္ဓေစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

---

## ဘုရားရဟန္တာတို့၏စုတိစိတ် နိမိတ် ၃-ပါး တပါးပါးအာရုံပြုပုံ

"ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသလော၊ ထိုသို့မဟုတ်– တပါးသောသတ္တဝါတို့၏ စုတိစိတ်ကဲ့သို့ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်သုံးပါးတို့တွင်တပါးပါးကိုပင်အာရုံပြုသလော" ဟူသော ပဥ္စမပုစ္ဆာ၌–

**အဖြေကား–** ဘုရားရဟန္တာတို့၏ စုတိစိတ်သည်၊ နိဗ္ဗာန်ကိုအလျှင်းအာရုံမပြု၊ တပါးသောသတ္တဝါတို့၏ စုတိစိတ်ကဲ့တို့ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကိုပင် အာရုံပြုသည်ဟု မုချဆတ်ဆတ်ကေန်မှတ်အပ်သည်၊ ဤအရာ၌ယုံကြည်လောက်အောင် ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကို ထုတ်ပြ၍ဆုံးဖြတ်လိုက်အံ့။

---

### စိတ်တို့၏ အာရုံပြုပုံများ

(၁) "ကတမေ ဓမ္မာ ပရိတ္တာရမ္မဏာ၊သဗ္ဗော ကာမာဝစရ ဝိပါကော ကိရိယာမနောဓာတု ကိရိယာဟေတုမနောဝိညာဏဓာတု သောမနဿသဟဂတာ၊ ဣမေ ဓမ္မာ ပရိတ္တာရမ္မဏာ။

(၂) ကတမေဓမ္မာ မဟဂ္ဂတာရမ္မဏာ၊ ဝိညာဏဉ္စာယတနံ၊နေဝသညာနာသညာယတနံ၊ ဣမေဓမ္မာမဟဂ္ဂတာရမ္မဏာ။

(၃) ကတမေဓမ္မာအပ္ပမာဏာရမ္မဏာ၊ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ သာမညဖလာနိ၊ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ။

(၄) ကာမာဝစရကုသလတော စတ္တာရော ဉာဏဝိပ္ပယုတ္တစိတ္တုပ္ပါဒါ၊ ကိရိယတော စတ္တာရော ဉာဏဝိပ္ပယုတ္တစိတ္တုပ္ပါဒါ၊သဗ္ဗံ အကုသလံ၊ ဣမေ ဓမ္မာ သိယာ ပရိတ္တာရမ္မဏာ၊ သိယာ မဟဂ္ဂတာရမ္မဏာ၊ သိယာ နဝတ္တဗ္ဗာ ပရိတ္တာရမ္မဏာတိပိ မဟဂ္ဂတာရမ္မဏာတိပိ။

(၅) ကာမာဝစရကုသလတော စတ္တာရော ဉာဏသမ္ပယုတ္တစိတ္တုပ္ပါဒါ၊ ကိရိယတော စတ္တာရော ဉာဏသမ္ပယုတ္တစိတ္တုပ္ပါဒါ၊ရူပါဝစရစတုတ္ထဈာနံ ကုသလတော စ ကိရိယတော စ ကိရိယာဟေတုမနောဝိညာဏဓာတု ဥပေက္ခာသဟဂတာ၊ ဣမေဓမ္မာ သိယာ ပရိတ္တာရမ္မဏာ၊ သိယာမဟဂ္ဂတာရမ္မဏာ၊ သိယာ အပ္ပမာဏာရမ္မဏာ၊ သိယာ နဝတ္တဗ္ဗာ ပရိတ္တာရမ္မဏာတိပိ မဟဂ္ဂတာ ရမ္မဏာတိပိ အပ္ပမာဏာရမ္မဏာတိပိ။

(၆) ရူပါဝစရ တိက္ကစတုက္ကဈာနံ ကုသလတော စ ကိရိယတော စ စတုက္ကဈာနသဉ္စ ဝိပါကေဘာ၊ အာကာသာနဉ္စာယတနံ၊ အာကိဉ္စညာယတနံ၊ ဣမေ ဓမ္မာ နဝတ္တဲ့ဗ္ဗာ ပရိတ္တာရမ္မဏာတိပိ မဟဂ္ဂတာရမ္မဏာတိပိ အပ္ပမာဏာရမ္မဏာတိပိ၊ ရူပဉ္စနိဗ္ဗာနဉ္စ အနရမ္မဏာ''။ [အဋ္ဌကထာကဏ္ဍလာ ဓမ္မသင်္ဂဏီပါဠိတော်။]

အနက်

(၁) ပရိတ္တာရမ္မဏာ၊ ကာမအာရုံကို အာရုံပြုကုန်သော တရားတို့သည်။ ကတမေဓမ္မာ၊ အဘယ်တရားတို့နည်း။ သဗ္ဗော၊ အလုံးစုံသော၊ ကာမာဝစရဝိပါကော၊ ကာမာဝစရဝိပါက်စေတီသဒင်း။ ကိရိယာမနောဓာတု၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဒင်း။ ကိရိယာ ဟေတုမနောဝိညာဏ ဓာတု သောမနဿ သဟဂတာ၊ ဟသိတုပ္ပါဒ်စိတ်ဒင်း။ ဣတိ၊ ဤသို့။ ဣမေ ဓမ္မာ၊ ဤ ၂၅-ပါးသောတရားတို့သည်။ပရိတ္တာရမ္မဏာ၊ကာမအာရုံကိုသာ အာရုံပြုသောတရားတို့မည်ကုန်၏။

[ဤပါဠိအစဉ်ဖြင့် ကာမဇေန် ၂၅-ပါးကို ပြတော်မူသည်။]

(၂) မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်အာရုံကို အာရုံပြုကုန်သော တရားတို့သည်တို့သည်။ ကတမေဓမ္မာ၊ နည်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနစိတ်ဒင်း။ နေဝသညာနာသညာယတနံ၊စိတ်ဒင်း။ဣတိ၊ သို့။ ဣမေဓမ္မာ၊ ဤခြောက်ပါးသောတရားတို့သည်၊ မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်အာရုံကိုသာ အာရုံပြုသောတရားတို့မည်ကုန်၏။

[ဤပါဠိအစဉ်ဖြင့် မဟဂ္ဂုတ်ဇေန် ၆-ပါးကို ပြတော်မူသည်။]

(၃) အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏဟုဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုကုန်သောတရားတို့သည်။ ကတမေဓမ္မာ၊ နည်း။ အပရိယာပန္နာ၊ သံသရာဝဋ်၌ အကျုံးမဝင်ကုန်သော။ စတ္တာရောမဂ္ဂါ၊ မဂ်စိတ်လေးခုတို့ဒင်း။အပရိယာပန္နာနိ၊ကုန်သော။စတ္တာရိသာမညဖလာနိ၊ဖိုလ်စိတ်လေးခုတို့ဒင်း။ ဣတိ၊သို့။ ဣမေဓမ္မာ၊ဤလောကုတ္တရာစိတ်ရှစ်ပါးတရားတို့သည်။ အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏဟုဆိုအပ်သောနိဗ္ဗာန်ကိုသာ အာရုံပြုသောတရားတို့မည်ကုန်၏။

[ဤပါဠိအစဉ်ဖြင့် လောကုတ္တရာဇေန် ၈-ပါးကို ပြတော်မူသည်။]

(၄) ကာမာဝစရကုသလတော၊ ကာမဝစရကုသိုလ်စိတ် ရှစ်ခုမှ။ စတ္တာရောဉာဏဝိပ္ပယုတ္တစိတ္တုပ္ပါဒါ၊ ဉာဏဝိပ္ပယုတ်စိတ်လေးခုတို့ငှ။ ကိရိယတော၊မဟာကိရိယာစိတ်ရှစ်ခုမှ။စတ္တာရောဉာဏဝိပ္ပယုတ္တစိတ္တုပ္ပါဒါ၊ တို့ငှ။ သဗ္ဗအကုသလံ၊ အလုံးစုံသောအကုသိုလ်စိတ် ၁၂-ခုငှ။ ဇာတိ၊သို့။ ဇာမေဝမ္ဗ၊ ဤ ၂၀-သောတရားတို့သည်။ သိယာ၊တရံတခါ။ ပရိတ္တာရမ္မဏာ၊ ကာမအာရုံကိုအာရုံပြုကုန်၏။ သိယာ၊ ခါ။ မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်အာရုံကိုအာရုံပြုကုန်၏။ သိယာ၊ခါ။ဝါ၊ ပညတ်ကို အာရုံပြုသောကာလ၌။ ပရိတ္တာရမ္မဏာတိပိ၊ ကုန်၏ဟူ၍ငှ။ မဟဂ္ဂတာ ရမ္မဏာတိပိ၊ ကုန်၏ဟူ၍ငှ။ နဝတ္တဗ္ဗာ၊ မဆိုသင့်မဆိုထိုက်ကုန်။

[ဤပါဠိအစဉ်ဖြင့် ကာမအာရုံ,မဟဂ္ဂုတ်အာရုံ,ပညတ်အာရုံကို အာရုံပြုသောအကုသိုလ် ၁၂,ဉာဏဝိပ္ပယုတ်ဇော-၈၊ပေါင်း အနေကန် ၂၀-ကိုပြတော်မူသည်။]

(၅) ကာမာဝစရကုသလတော၊ မှ။ စတ္တာရောဉာဏသမ္ပယုတ္တစိတ္တုပ္ပါဒါ၊တို့ငှ။ကိရိယတော၊မှ။စတ္တာရောဉာဏသမ္ပယုတ္တစိတ္တုပ္ပါဒါ၊ တို့ငှ။ ကုသလတော၊ မှငှ။ကိရိယတော၊မှငှ။ ရူပါဝစရစတုတ္ထဈာနံ၊ အဘိညာဏ်ဒွေးငှ။ ကိရိယာဟေတု မနောဝိညာဏဓာတု ဥပေက္ခာသဟဂတာ၊ မနောဒွါရာဝဇ္ဇန်းငှ။ ဇာတိ၊ သို့။ဇာမေ ဝမ္ဗ။ဤ တဆယ့်တပါးသောတရားတို့သည်။ သိယာ၊ခါ။ ပရိတ္တာရမ္မဏာ၊ ကုန်၏။ သိယာ၊ခါ။ မဟဂ္ဂတာရမ္မဏာ၊ကုန်၏။ သိယာ၊ခါ။ အပ္ပမာဏာရမ္မဏာ၊ ကုန်၏။သိယာ၊ခါ၊ဝါ၊ ပညတ်ကိုအာရုံပြုသောကာလ၌။ ပရိတ္တာရမ္မဏာ တိပိ၊ဟူ၍ငှ။မဟဂ္ဂတာရမ္မဏာတိပိ၊ဟူ၍ငှ။အပ္ပမာဏာရမ္မဏာတိပိ၊ ဟူ၍ငှ။ နဝတ္တဗ္ဗာ၊ကုန်။

[ဤပါဠိအစဉ်ဖြင့် ကာမ,မဟဂ္ဂုတ်,လောကုတ္တရာ,ပညတ် အာရုံကို အာရုံပြုသောဉာဏသမ္ပယုတ်ဇော-၈, အဘိညာဏ် ဒွေး, မနောဒွါရာဝဇ္ဇန်း၊ ပေါင်းအနေကန် ၁၁-ပါးကို ပြတော် မူသည်။]

(၆) ကုသလတော၊မှငှ။ ကိရိယတော၊မှငှ။ရူပါဝစရတိကစတုက္ကဈာနံ၊ ရူပါဝစရတိကဈာန်, ရူပါဝစရစတုက္ကဈာန်ငှ။ ။ (စတုက္ကနည်းပဉ္စကနည်းဖြင့် ဟောတော်မူသည်ဟုမှတ်၊ ရူပါဝစရတိက

ဈာနံ၊ဟုရှိမှု ယုတ္တတရ)။ စတုက္ကဈာနသဿဝိပါကော၊ ရူပဝိပါက် ၄-ပါး, ၅-ပါးငင်း။ အာကာသာနဉ္စာယတနံ၊ငင်း။ **အာကိဉ္စညာယနံ၊ငင်း။** ဣတိ၊သို့။ဣမေဓမ္မာ၊ ဤ၁၆-ပါးသောတရားတို့ကို။ ဝါ၊ ၁၈-ပါးသော တရားတို့ကို။ပရိတ္တာရမ္မဏာတိပိ၊ငင်း။မဟဂ္ဂတာရမ္မဏာတိပိ၊ ငင်း။အပ္ပ-မာဏာရမ္မဏာတိပိ၊ငင်း။ နဝတ္တဗ္ဗာ၊ကုန်။ ရူပဉ္စ၊ရုပ်အဌဝီသသည်ငင်း။ နိဗ္ဗာနဉ္စ၊**သည်**ငင်း။အနာရမ္မဏာ၊ အာရုံကိုမယူတတ်အာရုံမပြုတတ်ကုန်။

[ပါဠိအစဉ်ဖြင့် ပညတ်ကြောင်း ၁၆-ပါးကို ပြတော်မူသည်။ ဤပါဠိတော်အလုံးစုံဖြင့် ကာမဝိပါက်မှန်က **ကာမအာရုံကိုသာ** အာရုံပြုနိုင်ကြောင်း, နိဗ္ဗာန်စသည်ကို အာရုံမပြုနိုင်ကြောင်း **အ** လွှန်သေချာသည်။]

---

## ပဋ္ဌာန်း,ဘင်,စုတိ ကာမတိုသာအာရုံပြုပုံ

''အဋ္ဌ ပန သဟေတုကဝိပါကစိတ္တုပ္ပါဒါ ဧတ္တေ ဝုတ္တနယေနေဝ တဒါရမ္မဏဝသေန ပဋိသန္ဓိဘဝင်္ဂစုတိဝသေနစ ပရိတ္တဓမ္မေယေဝ အာရဗ္ဘ ပဝတ္တန္တိ''။

[ငင်းအဘွင့်အဋ္ဌသာလိနီ။]

**အနက်။** ။ပန၊ဥပေက္ခာသဟဂုတ်စိတ် ၂-ခု၏ ကာမအာရုံကို အာရုံပြုပုံမှတပါးမဟာဝိပါက်စိတ် ၈-ခု၏ ကာမအာရုံကိုအာရုံပြုပုံကိုဆိုဦးအံ့။ အဋ္ဌသဟေတုကဝိပါကစိတ္တုပ္ပါဒါ၊ မဟာဝိပါက်စိတ် ၈-ခုတို့သည်။ ဧတ္တ၊ ဤဥပေက္ခာသဟဂုတ်စိတ် ၂-ခု၌။ ဝုတ္တနယေနေဝ၊ သာလျှင်။တဒါရမ္မဏဝသေနစ၊ငင်း။ ပဋိသန္ဓိဘဝင်္ဂစုတိဝသေနစ၊ ငင်း။ ပရိတ္တဓမ္မေယေဝ၊ ကာမတရား,ကာမအာရုံတို့ကိုသာလျှင်။ **အာရဗ္ဘ**၊ ၍။ ပဝတ္တန္တိ၊ ကုန်၏။

[ဤအဋ္ဌကထာ၌ ဧဝ-သဒ္ဒါဖြင့် မဟာဝိပါက်မှန်က အဘယ် အခါကာလမှ မဟဂ္ဂုတ်အာရုံ, နိဗ္ဗာန်စသောလောကုတ္တရာအာရုံ, ပညတ်အာရုံများကို အာရုံပြု၍မဖြစ်နိုင်-ဟူသော အနက်ကို ပြ တော်မူ**သည်**။]

''ဝေမိမေ ပဉ္စဝီသတိ စိတ္တုပ္ပါဒါ ကေဝလံနေဝ ပရိတ္တာရမ္မဏာတိ ဝေဒိတဗ္ဗာ''။

[ငင်းအဘွင့်အဋ္ဌသာလိနီပင်။]

**အနက်။** ။ဇဝံ၊ ဤသို့။ ဤမေပဋ္ဌစိသတိစိတ္တုပ္ပါဒါ၊ ဤစိတ် ၂၅-ပါး တို့ကို။ ကေန္တေနေဝ၊ သာလျှင်။ ပရိတ္တာရမ္မဏာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။

[ဤစကားရပ်ဖြင့်ပဋ္ဌဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်နှင့်တကွ မဟာ ဝိပါက်မှန်က ကာမအာရုံကိုသာအာရုံပြုနိုင်သည်၊ အဘယ်အခါ ကာလမှ မဟဂ္ဂုတ်အာရုံ, နိဗ္ဗာန်စသော လောကုတ္တရာအာရုံ, ပညတ်အာရုံများကို အာရုံမပြုနိုင်-ဟူသောအနက်ကို ပြတော် မူသည်။]

''တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု န သန္တိ၊ ကေန္တပရိတ္တာ ရမ္မဏာနိ ဟိ ကာမာဝစရဝိပါကာနိ''။

[စိတ္တုပ္ပါဒကဏ္ဍအဘွင့် အဋ္ဌသာလိနီ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂-ကျမ်းလာ။]

**အနက်။** ။တာ၊ ထိုကရုဏာ, မုဒိတာနှစ်ပါးတို့သည်။ သတ္တာရမ္မဏတ္တာ၊ သတ္တဝါပညတ်ကိုအာရုံပြု၍ဖြစ်သည်၏အဖြစ်ကြောင့်။ဝိပါကေသု၊ ဝိပါက်စိတ်တို့၌။ နသန္တိ၊ မဖြစ်ကုန်။ ဟိ၊ အကြင့်ကြောင့်။ ကာမာဝစရ ဝိပါကာနိ၊ ကာမဝိပါက်တေဝီသတို့သည်။ ကေန္တပရိတ္တာရမ္မဏာနိ၊ စင်စစ်ကာမအာရုံကိုသာအာရုံပြုနိုင်ကုန်၏။

[ဤအဋ္ဌကထာ၌ ကေန္တသဒ္ဒါဖြင့် ကာမဝိပါက်မှန်က အဘယ် အခါကာလမှ မဟဂ္ဂုတ်အာရုံ,နိဗ္ဗာန်စသောလောကုတ္တရာအာရုံ, ပညတ်အာရုံများကို အာရုံမပြုနိုင်-ဟူသော အနက်ကို ပြတော် မူသည်။]

''သတ္တာရမ္မဏတ္တာတိသတ္တပညတ္တိအာရမ္မဏတ္တာ၊နနု ပညတ္တိအာရမ္မ ဏာပိ ဝိပါကာ ဟောန္တီတိ စောဒနံ သန္ဓာယာဟ ကေန္တ။ပ။ဝိပါ ကာတိ''။

[ဝိသုဒ္ဓိမဂ်မဟာဋီကာ။]

**အနက်။** ။သတ္တာရမ္မဏတ္တာတိ၊ ကား။ သတ္တပညတ္တိအာရမ္မဏတ္တာ၊ သတ္တဝါပညတ်ကို အာရုံပြုသည်၏အဖြစ်ကြောင့်။ ပညတ္တိအာရမ္မဏာပိ၊ ပညတ်ကိုလည်းအာရုံပြုကုန်သော။ ဝိပါကာ၊ တို့သည်။ ဟောန္တိနနု၊ ဖြစ်ကုန်သည်မဟုတ်လော၊ ဣတိစောဒနံ၊ ဤသို့အပြစ်တင်ခြင်းကို။ သန္ဓာယ၊ ၍။ ကေန္တ။ ပ။ ဝိပါကာတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူပြီ။

"တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နုပ္ပဇ္ဇန္တိ၊ ကာမာဝစရဝိပါကာနံ ကေန္တပရိတ္တာရမ္မဏတ္တာ"။

[အဘိဓမ္မာဝတာရအဋ္ဌကထာ၊အနက်လွယ်ပြီ၊ ကာမဝိပါက်မှန်က ကာမ႕ကေန်ဟူလို။]

"ပရိတ္တာရမ္မဏတ္တာ ဟိ တေသ မေကန္တတော ပန ကရုဏာမုဒိတာ တေသု နဇာယန္တိ ကဒါစိပိ"။

[ငင်းအဋ္ဌကထာ။]

**အနက်။** ။တေသံ၊ ထိုမဟာဝိပါက်စိတ်ရှစ်ခုတို့၏။ ဧကန္တတော၊ စင်စစ်ဧကန် အမှန်မုချအားဖြင့်။ ပရိတ္တာရမ္မဏတ္တာဟိ၊ ကာမအာရုံကိုသာအာရုံပြုနိုင်သည်၏ အဖြစ်ကြောင့်သာလျှင်။ တေသု၊ ထိုမဟာဝိပါက်စိတ်ရှစ်ခုတို့၌။ ကရုဏာ မုဒိတာ၊ တို့သည်။ ကဒါစိပိ၊ တရံတခါမျှလည်း။ နဇာယန္တိ၊ နိုင်ကုန်။

သဗ္ဗော ကာမာဝစရဝိပါကော စ၊ ကိရိယာ ဟေတုဒွယံပိ စ။
ပဉ္စဝိသတိ ကေန္တ၊ ပရိတ္တာရမ္မဏာ သိယုံ။ ။

[ငင်းအဋ္ဌကထာ။]

**အနက်။** ။သဗ္ဗော ကာမာဝစရဝိပါကော စ၊ အလုံးစုံသော ကာမဝိပါက်တေ၀ီသငင်း။ ကိရိယာဟေတုဒွယံပိ စ၊ ပဉ္စဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်စိတ်နှစ်ပါးငင်း။ ဣတိ၊ သို့။ (ထည့်)။ပဉ္စဝိသတိ၊ တို့သည်။ ကေန္တ ပရိတ္တာရမ္မဏာ၊ စင်စစ်ကာမအာရုံကိုသာ အာရုံပြုနိုင်ကုန်သည်။ သိယုံ၊ ကုန်၏။

"ဣဒံ ဟိ ပဋိသန္ဓိဘဝင်္ဂစုတိ တဒါရမ္မဏဝသေန ပရိတ္တဓမ္မပရိယာပန္နေသုယေဝ ဆသု အာရမ္မဏေသု ပဝတ္တတိ"။

[ငင်းအဋ္ဌကထာ။]

**အနက်။** ။ဟိ၊ ချဲ့ဦးအံ့။ ဣဒံ၊ ဤမဟာဝိပါက်ရှစ်ခုသည်။ ပဋိသန္ဓိဘဝင်္ဂစုတိတဒါရမ္မဏဝသေန၊ ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ, တဒါရုံကိစ္စတို့၏အစွမ်းသတ္တိဖြင့်။ ပရိတ္တဓမ္မပရိယာပန္နေသုယေဝ၊ ကာမအာရုံ၌သာ အကျုံးဝင်သည်သာလျှင်ဖြစ်ကုန်သော။ဆသုအာရမ္မဏေသု၊ တို့၌။ ပဝတ္တတိ၊ ၏။

“ဝိပါကဿ သက်ပ္ပေါ်ဘွာ အာရမ္မဏာဂဟဏဘာဝတော ကမ္မာနုရူပမေဝ ပဝတ္တတီတိ ပရိတ္တကမ္မဝိပါကော ပရိတ္တာရမ္မဏောယေဝ ပဝတ္တိတု မရဟာတိ၊ နမဟဂ္ဂတအပ္ပမာဏာရမ္မဏောတိ ဝုတ္တံ ပရိတ္တဓမ္မပရိယာပန္နေသူ”တိ။

[စတုတ္ထစကားရပ်အဘွင့် အဘိဓမ္မာဝတာရဋီကာ။]

**အနက်**။ ။ဝိပါကဿ၊ ဝိပါက်တရား၏၊ သက်ပ္ပေဘွာ၊ ကြံကြံစည်စည် တွေးတွေးဆဆပြု၍။ အာရမ္မဏာဂဟဏဘာဝတော၊ အာရုံကိုမယူနိုင်သည်၏အဖြစ်ကြောင့်။ ကမ္မာနုရူပမေဝ၊ ကံအားလျော်စွာသာလျှင်။ ပဂတ္တတိ၊ ဖြစ်ရရှာ၏။ ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ ပရိတ္တကမ္မဝိပါကော၊ ကာမကုသိုလ်ကံ,အကုသိုလ်ကံ၏ ဝိပါက်သည်။ ဝါ၊ ကာမဝိပါက် တေဝီသသည်။ ပရိတ္တာရမ္မဏောယေဝ၊ ကာမအာရုံ၌သာလျှင်။ ပဝတ္တိတုံ၊ ငှါ။အရဟာတိ၊ ၏။ မဟဂ္ဂတအပ္ပမာဏာရမ္မဏော၊ မဟာဂ္ဂုတ်အာရုံ,နိဗ္ဗာန်စသော လောကုတ္တရာအာရုံ၌။ ပဝတ္တိတုံ၊ ငှါ။ န အရဟာတိ၊ မထိုက်။ ဣတိတသ္မာ၊ ထိုအကြောင်းကြောင့်။ ပရိတ္တဓမ္မ ပရိယာပန္နေသူတိ၊ ဟူ၍။ဝုတ္တံ၊ ပြီ။

“ယသ္မာစေတေပရိတ္တာရမ္မဏာ၊ ကရုဏာမုဒိတာစပညတ္တာရမ္မဏာ သတ္တပညတ္တိယံ ပဝတ္တနတော၊ တသ္မာ ဒွိန္နံ မာလမ္ဗဏာနံ ကေ စိတ္တဿ ဝိသယဘာဝါနုပဂမနတော၊ န တေသု ကရုဏာမုဒိတာ ကဒါစိပိ ဇာယန္တီတိ အယမေတ္ထ ပဋ္ဌမဂါထာယ အဓိပ္ပါယော”။

[ဒုတိယစကားရပ်အဘွင့် ၎င်းဋီကာ၊အနက်လွယ်ပြီ။]

“သပ္ပာရမ္မဏတ္တာတိ သတ္တပညတ္တာရမ္မဏတ္တာ၊ နနု“ပညတ္တာရမ္မဏာပိ ဝိပါကာ ဟောန္တီတိ စောဒနံ သန္ဓာယာဟ ကာမ။ ပ။ ဏတ္တာတိ”။

[ပဉ္စမ စကားရပ် အဘွင့် ၎င်းဋီကာ၊ အနက်လွယ်ပြီ၊ ဟတိယစကားရပ် အဘွင့် မထုးလှပြီ။]

ဤသို့ဆိုအပ်ခဲ့ပြီးသော အဘိဓမ္မာပါဠိတော်, ၎င်းအဘွင့်အဋ္ဌသာလိနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,၎င်းအဘွင့် မဟာဋီကာ, အဘိဓမ္မာဝတာရအဋ္ဌကထာ, ၎င်းအဘွင့် အဘိဓမ္မတ္ထဝိကာသိနီဋီကာ၊ ဤစကားအရပ်ရပ်တို့ဖြင့်ကာမဝိပါက်မှန်က ကာမအာရုံကိုသာ အာရုံပြုနိုင်သည်၊ မဟဂ္ဂုတ်အာရုံ,နိဗ္ဗာန်စသော လောကုတ္တရာအာရုံ, ပညတ်အာရုံများကို အာရုံမပြုနိုင်ဟု အလွန်သေချာသည်။

ဤပါဠိ,အဋ္ဌကထာ,ဋီကာတို့၌သာ သေချာသည်မဟုတ်။ ။"ပဉ္စဝီသ ပရိတ္တမ္ဟိ"။ ။ပဉ္စဝီသ၊ကာမဝိပါက်တေဝီသ၊ပဉ္စဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ် အားဖြင့် ၂၅-ပါး သောစိတ်တို့သည်။ပရိတ္တမ္ဟိဝေ၊ ၌သာလျှင်။ဟောန္တိ၊ ကုန်၏။

''တေဝီသတိကာမာဝစရဝိပါကပဉ္စဒွါရာဝဇ္ဇနဟသနဝသေနပဉ္စဝီ သတိစိတ္တာနိ ပရိတ္တမ္ဟိကာမာဝစရာလမ္ဗဏေယေဝ ဘဝန္တိ။ ပ။သဗ္ဗတ္ထ သာဝဓာရဏယောဇနာ ဒဋ္ဌဗ္ဗာ''။

**အနက်**။ ။တေဝီသ။ပ။ဝသေန၊ ကာမဝိပါက် တေဝီသ,ပဉ္စဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်စိတ်တို့၏ အစွမ်းဖြင့်။ ပဉ္စဝီသတိစိတ္တာနိ၊ တို့သည်။ ပရိတ္တမ္ဟိကာမာဝစရာလမ္ဗဏေယေဝ၊ ကာမအာရုံ၌သာလျှင်။ ဘဝန္တိ၊ ကုန်၏။ ပ။သဗ္ဗတ္ထ၊အလုံးစုံသောဝါကျတို့၌။ သာဝဓာရဏယောဇနာ၊ ဧဝ-သဒ္ဒါထည့်၍ အနက်ပေးခြင်းကို။ ဒဋ္ဌဗ္ဗာ၊ ၏။

''ဆစိတ္တာနိ။ပ။ ဒဋ္ဌဗ္ဗာ၊သဗ္ဗဝါကျာန မဝဓာရဏန္တောဂဓတ္တာတိ အဓိပ္ပါယော''။

[မဏိမဉ္ဇူသာ၊ အနက်လွယ်ပြီ။ဤသင်္ဂြိုဟ်,ဋီကာကျော်,မဏိမဉ္ဇူသာ သုံးကျမ်းတို့၌လည်း အလွန်သေချာသည်ပင်။]

---

## ပဋိသန္ဓေ,ဘဝင်နှင့်စုတိတို့ အာရုံတူပုံ

ပဋိသန္ဓိဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေကာ၊ ဝိသယဉ္စေကဇာတိယံ။ ။

[သင်္ဂြိုဟ်။]

ပဋိသန္ဓေစိတ်,ဘဝင်စိတ်, စုတိစိတ်တို့သည် ဇာတိ,ဘူမိ,သမ္ပယုတ္တဓမ္မ, သင်္ခါရအာရုံအားဖြင့် တူမြဲထုံးစံဟူလို။

''ကတ္ထစိ ပန အနုပ္ပဇ္ဇမာနဿ ခီဏာသဝဿ ယတောပဋ္ဌိတံ နာမရူပါဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဂစ္ဆတိ၊ န ကမ္မကမ္မနိမိတ္တာဒယော''။

[ဋီကာကျော်။]

**အနက်**။ ။ပန၊ အကြွင်းကြောင့်။ ကတ္ထစိ၊ တစုံတခုသော ဘဝ၌။ အနုပ္ပဇ္ဇမာနဿ၊ မဖြစ်လတ္တံ့. ပဋိသန္ဓေမနေရလတ္တံ့.သော။ ခီဏာသ

ဝသ။ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်၏။ ယထောပဋ္ဌိတံ၊အကြင် အကြင် ထင်လာတိုင်းသော။ နာမရူပါဒိကမေဝ၊ နာမ်ရုပ်တရား အစ ရှိသောအာရုံသည်သာလျှင်။စုတိပရိယောသာနာနံ၊ စုတိအဆုံးရှိကုန်သော ဝိထိစိတ်တို့၏။ ဂေါစရဘာဝံ၊အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ၏။ ကမ္မ ကမ္မနိ မိတ္တာဒယော၊ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့သည်။ ဂေါစရဘာဝံ၊ သို့။ နဂစ္ဆန္တိ၊ ကုန်။

---

## သဒ္ဒါနည်းဖြင့် ရှင်းလင်းချက်

''ဗုဒ္ဓေါ ပမုခေါ ယဿာတိ ဗုဒ္ဓပမုခေါ၊ ဗုဒ္ဓပမုခဿ ဒါနံဒေတိ။
လမ္ဗော ကဏ္ဏော ယဿာတိလမ္ဗကဏ္ဏော၊လမ္ဗကဏ္ဏော အာဂစ္ဆတိ''။

**အနက်။** ။ယဿ၊ အကြင် ရဟန်းသံဃာအား။ ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားဟု ဆိုအပ်သော။ ပမုခေါ၊ အကြီးအမှူး အဦးသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓပမုခေါ၊ မည်၏။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော သံဃာတော်အား။ ဒါနံ၊ လှူဖွယ်ဝတ္ထုကို။ ဒေတိ၊ လှူဒါန်း၏။ ယဿ၊ အကြင်သူအား။ လမ္ဗော၊ ရှည်သော။ ကဏ္ဏော၊ နားသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ လမ္ဗကဏ္ဏော၊ မည်၏။ လမ္ဗကဏ္ဏော၊ ရှည်သောနား ရှိသောသူသည်။ အာဂစ္ဆတိ၊ လာ၏။

ဤကား တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗိဟိပြယုဂ်၊ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗိဟိသမာသ် သဘောကား သမာသ်ပုဒ်အနက်ကိုငင်း, သမာသ်ပုဒ် အနက်မှ တပါးအညပုဒ်အနက်ကိုငင်း နှစ်ပါးသောအနက်ကိုယူရသည်၊ ဗုဒ္ဓပမုခဿဟူသောပြယုဂ်၌ ဗုဒ္ဓပမုခအရဖြစ်သော ဘုရားကိုငင်း, ယဿ ဟူသော အညပုဒ်အရဖြစ်သော ရဟန်းသံဃာကိုငင်း လှူဒါန်း၏ဟူရာ၌ နှစ်ပါးသော အနက်ကို ယူရသည်၊ လမ္ဗကဏ္ဏော-ဟူသော ပြယုဂ်၌ လမ္ဗကဏ္ဏအရဖြစ်သော ရှည်သောနားရွက်ကိုငင်း,ယဿဟူသော အည ပုဒ်အရဖြစ်သော လူကိုငင်း လာ၏ဟူရာ၌ နှစ်ပါးသောအနက်ကိုယူရ သည်။

''ဗဟူနိ ဉာဏာနိ ယေဿာတိ ဗဟုဉာဏော၊ ဗဟုဉာဏော အာဂစ္ဆတိ။
နိဂ္ဂတာ ဇနာ ယသ္မာတိ နိဂ္ဂတဇနော၊ နိဂ္ဂတဇနံ ဒဟာပေတိ''။

**အနက်။** ။ယေဿ၊ ထိုသူအား၊ ဗဟူနိ၊ များစွာကုန်သော။ ဉာဏာနိ၊ တို့သည်။သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ ဗဟုဉာဏော၊မည်၏။ ဗဟုဉာဏော၊ များသော ဉာဏ်ရှိသောသူသည်။ အာဂစ္ဆတိ၊ ၏။ ယသ္မာ၊

ထိုရွာမှ။ ဇနော၊ တို့သည်။ နိဂ္ဂတာ၊ ထွက်ပြေးကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ နိဂ္ဂတဇနော၊ မည်၏။ နိဂ္ဂတဇနံ၊ ထွက်၍ပြေးသော လူရှိသောရွာကို။ ဒဟာပေတိ၊ မီးတိုက်၏။

ဤကား၊ အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိပြယုဂ်၊ ၎င်း၏ သဘောကား သမာသ်ပုဒ် အနက်ကိုမယူ၊ သမာသ်ပုဒ်အနက်မှတပါးအညပုဒ်အနက်ကို သာ ယူရသည်၊ ဗဟုဓနော-ဟူသောပြယုဂ်၌ ဗဟုဓန-ဟူသောသမာသ် ပုဒ်အရ ဖြစ်သော များသောစပါးကိုမယူရ၊ တေသ-ဟူသောအညပုဒ် အရဖြစ်သော လူကိုသာယူရသည်။ နိဂ္ဂတဇနော-ဟူသောပြယုဂ်၌ နိဂ္ဂတ ဇန-ဟူသော သမာသ်ပုဒ်အရ ဖြစ်သော ထွက်၍ ပြေးသောလူကို မယူရ၊ တေသံ-ဟူသော အညပုဒ်အရဖြစ်သော ရွာကိုသာ ယူရသည်၊ အကျဉ်း အားဖြင့် သမာသ်ပုဒ်အနက်နှင့်တကွ အညပုဒ်အနက်ကိုယူရလျှင် တဂ္ဂုဏ သံဝိညာဏ၊ သမာသ်ပုဒ်အနက်ကို စွန့်ပစ်၍လွှတ်၍ အညပုဒ်အနက် သက်သက်ကိုသာယူရလျှင် အတဂ္ဂုဏသံဝိညာဏ၊ ဤသို့လျှင် အထူးကို နာနာကြီး မှတ်ခဲ့ပါ။

---

## အဖေဂ္ဂုသာရဒီပနီဝါဒသင့်ပုံ

ယခင်ဋီကာကျော်ပါဌ်၌"စုတိပရိယောသာနာနံ"ဟူသောပုဒ်ကို-

"စဝနသင်္ခါတံ စုတိစိတ္တံ ပရိယောသာနံ ဩသာနံ အဝ္တော ယေသန္တိ စုတိပရိယောသာနာနိ"။

ဗဟုဗ္ဗီဟိသမာသ်ပြု၊ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ, အတဂ္ဂုဏ သံဝိညာဏဗဟုဗ္ဗီဟိနှစ်ပါးတို့တွင် စုတိပရိယောသာန-ဟူသော သမာသ် ပုဒ်အရဖြစ်သော အဆုံးဆုံးဖြစ်သော စုတိစိတ်ကို စွန့်ပစ်သင့် စွန့်ပစ် ထိုက်, လွှတ်သင့် လွှတ်ထိုက်ရကား အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်ဟု ဆတ်ဆတ်မုချ ကေန္တမှတ်ယူပါ၊ ထို့ကြောင့် မဟုတ်လော ဤဋီကာကျော်အဘွင့် အဖေဂ္ဂုသာရဒီပနီကျမ်း၌–

"ပရိယောသာနသဒ္ဒေါ အနဘိဝိဓေျတ္တော အတဂ္ဂုဏဝ္တော ဒဠှဗ္ဗော၊ ဣတရထာ စုတိပဋိသန္ဓိနံ သမာနာရမ္မဏတာ န သိယာ"။

ဟု မိန့်အပ်ပြီ။

**အနက်** ။ပရိယောသာနသဒ္ဒေါ၊ ကို။ အနဘိဝိရဇ္ဈတ္တော၀၊ အနဘိဝိမိ အနက်ရှိ၏ဟူ၍သာလျှင်။ အတဂ္ဂဏှာတ္တော၀၊ အတဂ္ဂဏှာ အနက်ရှိ၏ ဟူ၍သာလျှင်။ ၀ါ၊ အတဂ္ဂဏှာသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟူ၍ သာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ ဠုတရထာ၊ ဤငါဆိုအပ်ခဲ့ပြီးသော အနက်မှ တပါး အဘိဝိမိအနက် တဂ္ဂဏှာသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ် ဟူ၍။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ စုတိပဋိသန္ဓိနံ၊ စုတိစိတ်,ပဋိသန္ဓေစိတ် တို့၏။ သမာနာရမ္မဏတာ၊ အာရုံတူမြဲထုံးစံသည်။ နသိယာ၊ မဖြစ်နိုင်ရာ။

[ဤ အဖေဂ္ဂုသာရ ဒိပနီဆရာ စကားသည် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်သောကြောင့် သင့်မြတ်ပေစွ။]

---

## သုတ္တန် နည်းဖြင့် စိစစ်ပုံ

နာဟု အဿာသ ပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။ ။
[သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်။]

**အနက်**။ ။အနေဇော၊ အာရုံတွေ့က ဆွဲဆွဲဖျတ်ဖျတ် တုန်လှုပ်တတ်သော ဇောတရားမှ ကင်းစင်တော်မူပြီးထသော။ ယံမုနိ၊ အကြင်ဘုရားသခင်သည်။ သန္တိံ၊ ဆင်းရဲတကာ ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ အာရဗ္ဘ၊ စွဲ၍, ရည်စူး၍,မျှော်ခေါ်၍,အကြောင်းပြု၍။ ကာလံ၊ပရိနိဗ္ဗာန် စံတော်မူခြင်းကို၊ အကရိ၊ ပြုတော်မူပြီ။ ဌိတစိတ္တဿ၊မရွေ့မပြန့် တည်တံ့သော စိတ်နှလုံးရှိတော် မူထသော။ တာဒိနော၊ လာဘ, လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဘောက်ပြန် တုန်လှုပ်ခြင်း ကင်းစင်တော်မူပြီးထသော။ တဿ၊ ထိုမြတ်စွာဘုရားအား။ အဿာသ ပဿာသော၊ ထွက်သက်,ဝင်သက် လေ ၂-ချက်တို့သည်။ နာဟု၊ မရှိမဖြစ် ကင်းတုံလစ်ကုန်ပြီ။ (ဤသို့သမ္ဗန်။)

ထိုကြောင့် ၎င်းအဘွင့် အဋ္ဌထကထာ၌ "အာရဗ္ဘပဋိစ္စသန္ဓာယ" ဟု ဘွင့်တော်မူသည်၊ အာရုံပြု၍- ဟူသော အနက်ကိုအလိုရှိအပ်သည် ဖြစ်အံ့၊ "ယေ အတီတေ ဓမ္မေ အာရဗ္ဘ" ဟူသော ဓမ္မသင်္ဂဏီပါဠိ တော်၌ အာရဗ္ဘ-ဟူသောပုဒ်ကို "အာရဗ္ဘာတိ အာရမ္မဏံ ကတွာ" ဟု အဋ္ဌသာလိနီ ဘွင့်သကဲ့သို့ "အာရဗ္ဘ အာရမ္မဏံ ကတွာ" ဟု အဋ္ဌ

ကထာ ဆရာဘွင့်ခဲ့ရာ၏၊ ထိုသို့လည်းမဘွင့်ခဲ့၊ ထို့ကြောင့် အာရုံပြု၍ဟူ သောအနက်ကို အလိုမရှိအပ်၊ ထို့ကြောင့် ပရိနိဗ္ဗာန် စံတော်မူခါနီး စတုတ္ထဈာန်ကို မဝင်စားမီ ပရိနိဗ္ဗာန် စံတော်အံ့ဟုဖြစ်သော ဇော ဝီထိ ဖြစ်သည်ကိုသာ ရည်၍''သန္တိမာရုဗ္ဘ''ဟူ၍ဟောတော် မူသည်ဟု မှတ်ပါ။

---

## ကျေးကန်ရှင်ကျော်ဝါဒ

မြတ်စွာဘုရား၏ စုတိစိတ်အာရုံကို မုံရွေးဆရာတော်က မေး၍ ကျေး ကန်ရှင်ကျော်က ''နိဗ္ဗာန်ဘုံထဲ၊ အာရုံမြဲ၏''ဟု ဖြေလိုက် သည်မှာ အမှားအလွဲဟု ကေန်အမှန် မုချမှတ်၊ အဘယ့်ကြောင့် နည်းဟူမူ သုတ္တန်, အဘိဓမ္မာ- ပါဠိတော်, အဋ္ဌကထာ, ဋီကာ, သင်္ဂြိုဟ်, ဋီကာ ကျော်, မဏိမဉ္ဇူသာ, အဖေဂ္ဂုသာရ ဒီပနီ အစရှိသော အလုံးစုံသော ကျမ်းဂန် တို့နှင့် ဆန့်ကျင်သော ကြောင့်၎င်း၊ နိဗ္ဗာန်ကို အာရုံပြု၏ဟု ဆိုရာ၌ အကြောင်းအမြွက်မျှ မရလေသောကြောင့်၎င်း တည်း။

---

## သင်္ဂြိုဟ်နိဿယသစ်ဝါဒ

ဋီကာကျော်ပါဠ်၌''စုတိပရိယောသာနာနံ'' ပုဒ်ကို တဂ္ဂုဏသံဝိညာ ဏသမာသ်ယူ၍ ရဟန္တာတို့၏ စုတိသည်လည်း ထင်တိုင်းသာ ဖြစ်သော နာမ်ရုပ်တရားကို အာရုံပြုဟန်နှင့် ဝီထိပုံချရိုးပြုကြသည်လည်း အမှား ကေန်ပင်။

သင်္ဂြိုဟ်နိဿယသစ်၌ကား''ထိုသို့ဝီထိချရိုးပြုကြသည်ကိုအဖေဂ္ဂုသာ ရ၊ ဒီပနီနှင့် မညီသောကြောင့် မသင့်ဟုမဆိုသာ၊ အဖေဂ္ဂုသာရ ဒီပနီနှင့် ညီခြင်း,မညီခြင်းသည် အကြောင်းမဟုတ်၊မှန်,မမှန်သာ အကြောင်းဖြစ် သည်၊ မှန်သည်,မမှန်သည်ကိုလည်း ပဋိသန္ဓိဒါပတ္တပုဂ္ဂိုလ် မြတ်များ ကို ထား၍ တပါးသော သူတို့သည်သိနိုင်ခဲ၏၊ ဤကား-ခဲရပ်''ဟုမှာထား ခဲ့သည်၊ ထိုသို့မှာထားခြင်း သည်လည်း ဉာဏ်မနိုင်သောကြောင့်သာ မှာ ထားရှာသည်၊ အမှုမှာ အလျှင်း မဟုတ်ချေ၊ အဘယ့်ကြောင့် နည်း ဟူမူ အဖေဂ္ဂုသာရ ဒီပနီနှင့်သာ မညီရုံမဟုတ်၊ ကာမဝိပါက် မှန်က ကာမအာရုံကိုသာ အာရုံပြုနိုင်၏ဟူ၍၎င်း၊ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အာရုံတူမြဲဟူ၍၎င်း ဟောတော်မူ ဆိုတော်မူကြသော

အလုံးစုံသောပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့်လည်း မညီသောကြောင့်ၡင်း၊ တပါးသောသတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့၏ အာရုံ ဖြစ်သော အဘိဓမ္မာအရာများကို ပဋိသမ္ဘိဒါပတ္တမဟုတ်သော်လည်း ပါဠိ အဋ္ဌကထာ,ဋီကာတို့ဖြင့် သိရသကဲ့သို့ ထို့အတူ ရဟန္တာတို့၏ စုတိစိတ်၏ အာရုံကိုလည်း ပဋိသမ္ဘိဒါပတ္တမဟုတ်သော်လည်း ဆိုခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ,ဋီကာတို့ဖြင့် သိသင့်သိထိုက်သောကြောင့်ၡင်း တည်း။

---

## သင်္ဂြိုဟ်ဂဏ္ဌိသစ်ဝါဒ

သင်္ဂြိုဟ်ဂဏ္ဌိသစ်၌လည်း ၡင်းဋီကာပါဠ်၌ "စုတိပရိယောသာနာနံ" ပုဒ်ကို တဂ္ဂုဏသံဝိညာဏသမာသ်ယူ၍ ရဟန္တာတို့စုတိစိတ်ကိုလည်း ထင်တိုင်းသောနာမ်ရုပ်တရားကိုအာရုံပြု၍ ဝီထိချကြသည်။

> "ပရိယောသာနသဒ္ဒေါ အနုဘဝိဓမ္မေသွာ အတဂ္ဂုဏေသွာဝ ဒဋ္ဌဗ္ဗော၊ဇုတရထာ စုတိပဋိသန္ဓိနံ သမာနာရမ္မဏတာနုသိယာ"။

ဟူသော အဘေဂ္ဂုသာရဒီပနီနှင့်မညီ၊ ယင်းသို့မညီသော်လည်း မှန်ရာသာအကြောင်းဖြစ်တော့သည်၊ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်ကိုထား၍ တပါးသောသူတို့ သိခြင်းငှါခဲ၏၊ "ပဋိသန္ဓေ,ဘဝင်,စုတိတို့အာရုံတူ၏" ဟူသောစကားကို ယေဘုယျဟုဆိုပြီးလျှင်—

> "န ဟိ ဇာဒမေကံ ဌာနံ ဝဇ္ဇေတွာ ပဋိသန္ဓိဘဝင်္ဂါနံ ဝိသဒိသတာ အတ္ထိ"။

ဟု ဋီကာဆိုသကဲ့သို့ ဤ၌လည်း—

> န ဟိ ဇာဒမေကံ ဌာနံ ဝဇ္ဇေတွာ ပဋိသန္ဓိစုတီနံ ဝိသဒိသတာ အတ္ထိ"။

ဟု ဆိုမူသင့်ငြားအံ့လည်းမသိ၊ အဓိပ္ပါယ်ကား—အာဂန္တုကဘဝင် ကိစ္စဖြစ်သောအရာဌာနတခုကို ကြဉ်၍ပဋိသန္ဓေ,ဘဝင်တို့၏ အာရုံမတူ သောမည်သည်မရှိသကဲ့သို့ ရဟန္တာတို့၏စုတိကိစ္စဖြစ်သောအရာဌာနကို ကြဉ်၍ ပဋိသန္ဓေ,စုတိတို့၏အာရုံမတူသောမည်သည်မရှိဟူလို။ ။ခဲရပ်။

> "စုတိဝေပရိယောသာနံ ဧတေသန္တိ စုတိပရိယောသနာ"။

ဆရာတို့လည်း တဂ္ဂုဏ,အဘေဂ္ဂုသာရဆရာလည်း"အတဂ္ဂုဏဟု ဆိုသော စကားနှစ်ရပ်သည် မစပ်မိကြ၊ ဆန့်ကျင်လှ၏"ဟု မှာထား ခဲ့သည်။

ထိုဂဏ္ဌိသစ်မှာထားသောစကားစုတွင်“သိခြင်းငှါခဲ၏ဟု”တိုင်အောင် သောစကားကို နိဿယသစ်ဝါဒကို ပယ်သော ရှေးအကြောင်းနှင့်ပုံ ပယ်လေ။

နောက်“ခဲရပ်”တိုင်အောင်သော စကားစုသည်လည်းမသင့်၊အဘယ့် ကြောင့်နည်းဟူမူ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် တပါးသော ပဋိသန္ဓေကိစ္စနှင့် မဖြစ်နိုင်ခြင်းစသောအကြောင်းရှိသကဲ့သို့ငှင်း၊ ကာမ အာရုံကိုသာ အာရုံပြု၏ဟူသောပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့်မဆန့်ကျင် သကဲ့သို့ငှင်း၊ ထို့အတူ ဤအရာ၌ရဟန္တာတို့၏စုတိစိတ်သည် ကံ,ကမ္မ နိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို မပြုနိုင်ခြင်းဟူသော အကြောင်းမရှိသောကြောင့်ငှင်း၊ ကာမအာရုံကိုသာ အာရုံပြု၏ဟူသော ပါဠိ,အဋ္ဌကထာ, ဋီကာတို့နှင့်ဆန့်ကျင်သောကြောင့်ငှင်း တည်း။

“ဆန့်ကျင်လျှ၏”တိုင်အောင်သော စကားကိုလည်း ဤသို့မဆိုထိုက်၊ အဘယ့်ကြောင့်နည်းဟူမူ တဂ္ဂုဏသံဝိညာဏ-ဟု ဆိုကြသောဆရာတို့ ဝါဒသည် အဖေဂ္ဂုသာရဒီပနီနှင့်မညီသောကြောင့်ငှင်း၊ ကာမအာရုံ ကိုသာ အာရုံပြု၏ဟူသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် ဆန့်ကျင် သောကြောင့်ငှင်း၊ မသင့်အနေတည်း ဟူ၍သာ ဆိုထိုက်သောကြောင့် ငှင်း တည်း။

---

## သမန္တစက္ခုဒီပနီဝါဒ

သမန္တစက္ခုဒီပနီ၌လည်း“ဘုရားရဟန္တာတို့၏စုတိစိတ်သည်နိဗ္ဗာန်ကို အာရုံပြု၏”ဟု အထောက်အထားမပြဘဲ ဖြေဆိုလိုက်သော စကားသည် လည်းအမှားပင်၊ ဇိနတ္ထပကာသနီကျမ်း၌လည်း“ထိုစတုတ္ထဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည် အကြိမ်များစွာဖြစ်ကုန်၏၊ ထိုသို့ဖြစ်သင့်ရွေ့ဝီထိတွက်ရေ ကုဋေနှစ်သန်း လေးသိန်းသောသမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အဆုံး၌ အလုံးစုံသောသင်္ခါရတရား တို့၏ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက်ပဌမ အသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့်နိဗ္ဗာန်စံတော်မူ၏”ဟုအထောက် အထား မပြဘဲဆိုလိုက်သော စကားသည်လည်း အမှားပင်၊ စွယ်စုံ

ကျော်ထင်- ဝိသဇ္ဇနီကျမ်း၌လည်း "ရဟန္တာ၏စုတိသည် မည်သည့် အာရုံကို အာရုံပြုလိမ့်မည်နည်း" ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာ ကား- နိဗ္ဗာန်ကိုအာရုံပြု၍စုတိ၏ဟူပေ-ဟု အထောက်အထားမပါဘဲ ဖြေလိုက်သော စကားသည်လည်းအမှားပင်။

---

## ဝိမတိဝိနောဒနီဝါဒ

ဤအရာ၌ ကျမ်းပြုဂန္ထကတို့မှ သော်လည်း အချော်ကြီးချော် အယောင်ကြီးယောင် အမှားကြီးမှားချေ သေး၏ရှင့်၊ ယခုကာလ နောက်ပေါ်လူသာမန်တို့ "နိဗ္ဗာန်ကိုအာရုံပြု၍ စုတိ၏" ဟု ရောင်ရမ်းမြည် တမ်း ပရမ်းပတာပြောဆိုကြသည်မှာ ဆိုရာဆိုခွင့်ပင်မရှိချေ၊ "ပညတ်ကို အာရုံပြုသေး၏" ဟုဆိုသော ဝိမတိဝိနောဒနီဝါဒကိုလည်း အလုံးစုံသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် ငါတို့သခင် ကျေးဇူးရှင်ပုင် ပယ်လေပြီဟု မုံရွာမြို့လယ်တီဆရာတော်ဖြေဆို ဆုံးဖြတ် လိုက်သည်။

စုတိစိတ်အာရုံ အဆုံးအဖြတ်ပြီး၏။



H 491—6 [ဟံသာဝတီ]

# ကုဋ္ဌကုစ္စအဆုံးအဖြတ်

ဒကာ- ငအောင် လျှောက်ထားချက်

၁။ ကုက္ကုစ္စစေတသိက်၌ အချို့သောဆရာတို့က- ကုက္ကုစ္စသည် အတိတ်ဖြစ်သော ဒုစရိုက်, သုစရိုက်တို့ကို အာရုံပြု၍နှစ်ပါး၊ အနာဂတ်ဖြစ်သော ဒုစရိုက်, သုစရိုက်တို့ကို အာရုံပြု၍နှစ်ပါး၊ ဤသို့လေးပါးရှိကြောင်းကို ဟောကြပါသည်–တရပ်။

၂။ အချို့သောဆရာတို့ကလည်း ကုက္ကုစ္စသည် ပြုခဲ့မိသော ဒုစရိုက်ကို အာရုံပြု၍ဖြစ်သည်တပါး၊ မပြုခဲ့မိသော ဒုစရိုက်ကို အာရုံပြု၍ ဖြစ်သည်တပါး၊ ပြုခဲ့မိသောသုစရိုက်ကို အာရုံပြု၍ဖြစ်သည် တပါး၊ မပြုခဲ့မိသောသုစရိုက်ကို အာရုံပြု၍ဖြစ်သည် တပါး၊ ဤသို့လျှင်အတိတ်ကို အာရုံပြု၍ပင် လေးပါးဖြစ်သင့်ကြောင်းကို ဟောကြပါသည်- တရပ်။

၃။ အချို့သော ဆရာတို့ကလည်း ပြုခဲ့မိသောဒုစရိုက်ကို အာရုံပြု၍ ဖြစ်သည်တပါး၊ မပြုခဲ့မိသောသုစရိုက်ကို အာရုံပြု၍ဖြစ်သည် တပါး၊ ဤသို့လျှင် ကုက္ကုစ္စသည်အတိတ်ကိုအာရုံပြု၍ ၂-ပါးသာ အမှန်ဖြစ်သည်ဟု ဟောကြပါသည်- တရပ်။

ဤ ၃-ရပ်တွင် အဘယ်စကားသည် တရားကျမ်းဂန်တို့နှင့် ညီညွတ်ပါသနည်းဟု ကျိုက်နိုးရွာသို့ ၁၂၅၃-ခု တန်ခူးလဆန်းတွင် လာရောက်စဉ်တကြိမ်,ရှင်းလပြည့်ကျော်တွင် လာရောက်စဉ်တကြိမ်၊ ဒကာ-ငအောင်သည် ကြောင်ထမင်းတောင်းသကဲ့သို့ မနေကောင်း မထိုင်သာ အပူရှာသောကြောင့် နောက်တခါရောက်ရမူ ကုက္ကုစ္စစကားနှင့် နားပူခွင့်မရှိရအောင် ပါဠိ, အဋ္ဌကထာတို့ကို သေချာစွာ ယုတ်ပြရှင်းလင်း၍ ၁ပ်တင်းတင်း ဆုံးဖြတ်လိုက်အံ့။

---

## ကုက္ကုစ္စနှစ်ပါးသာရှိပုံ

ကုက္ကုစ္စတရားမလေးပါးဖြစ်အောင် ကြံဘန်၍ပြောကြသော ပဌမဆရာ, ဒုတိယဆရာတို့သည် ဝိနည်း, သုတ္တန်, အဘိဓမ္မာ- ပါဠိတော်ရင်း, အဋ္ဌကထာရင်းများကို အစဉ်းအစားမရှိဘဲ ထင်မိထင်ရာ ယုတ္တိရှာ၍ တော်ကာလျော်ကာ ပြောဟောကြသော သူများပေတည်း၊ ကုက္ကုစ္စ

တရားကို ၄-ပါးပြု၍ပြောဟောရန် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် အဆို တတိုတစမျှမရှိ၊ အတိတ်ဖြစ်သော ဒုစရိုက်, သုစရိုက်နှစ်ပါးကို အကြောင်းပြု၍ ကုက္ကုစ္စတရားနှစ်ပါးသာ အမှန်ရှိကြောင်းကိုကား ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် အလွန်ပေါ်များပါ၏၊ ထင်ရှားရာကိုသာ ရွေးကောက်ထုတ်ဘော်၍ ပြလိုက်ပေအံ့။

ကထံ ဟိ ဒွီဟိ ကာရဏေဟိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ ကတတ္တာ စ အကတတ္တာစ။

၁။ ကတံ မေ ကာယဒုစ္စရိတံ အကတံ မေ ကာယသုစရိတန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၂။ ကတံ မေ ဝစီဒုစ္စရိတံ အကတံ မေ ဝစီသုစရိတန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၃။ ကတံ မေ မနောဒုစ္စရိတံ အကတံ မေ မနောသုစရိတန္တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၄။ ကတော မေ ပါဏာတိပါတော၊ အကတာ မေ ပါဏာတိပါတာ ဝေရမဏီတိဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၅။ ကတံ မေ အဒိန္နာဒါနံ၊ အကတာ မေ အဒိန္နာဒါနာ ဝေရမဏီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၆။ ကတော မေ ကာမေသုမိစ္ဆာစာရော၊ အကတာ မေ ကာမေသုမိစ္ဆာ စာရာ ဝေရမဏီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၇။ ကတော မေ မုသာဝါဒေါ၊ အကတာ မေ မုသာဝါဒါ ဝေရမဏီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၈။ ကတာ မေ ပိသုဏာဝါစာ၊ အကတာ မေ ပိသုဏာယ ဝါစာယ ဝေရမဏီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၉။ ကတာ မေ ဖရုသာဝါစာ၊ အကတာ မေ ဖရုသာယ ဝါစာယ ဝေရ မဏီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၁၀။ ကတော မေ သမ္ဖပ္ပလာပေါ၊ အကတာ မေ သမ္ဖပ္ပလာပါ ဝေရမဏီ တိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၁၁။ ကတာ မေ အဘိဇ္ဈာ၊ အကတာ မေ အနဘိဇ္ဈာတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၁၂။ ကတော မေ ဗျာပါဒေါ၊ အကတော မေ အဗျာပါဒေါတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

၁၃။ ကတာ မေ မိစ္ဆာဒိဋ္ဌိ၊ အကတာ မေ သမ္မာဒိဋ္ဌီတိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

ဧဝံ ကတတ္တာ စ အကတတ္တာ စ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ။

[မဟာနိဒ္ဒေသပါရာယနဝဂ်၊ ဥဒယမာဏဝပုစ္ဆာအဘွင့်ပါဠိတော်။]

[ကုက္ကုစ္စပုဒ်၏နောက်၌ "စေတသော ဝိပ္ပဋိသာရော,မနော ဝိလေခေါ"ဟူသောကုက္ကုစ္စပရိယာယ် ၂-ပုဒ်ကို ရှုပ်အံ့ထင်၍ မထည့်လိုက်ပေသည်။]

**အနက်။** ။ကတတ္တာစ၊ပြုအပ်ပြီးသော မကောင်းမှုအတွက်ကြောင့် ၎င်း။ အကတတ္တာစ၊မပြုခဲ့မိသောကောင်းမှုအတွက်ကြောင့်၎င်း။ ဣတိ၊သို့။ ဒွိဟိကာရဏေဟိ၊ အကြောင်းနှစ်ပါးတို့ကြောင့်။ ကုက္ကုစ္စံ၊ ကုက္ကုစ္စ သည်။ ကထံဥပ္ပဇ္ဇတိ၊ အဘယ်သို့ဖြစ်သနည်း။

၁။ မေ၊ ငါသည်။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်အမှုကို။ ကတံ၊ ပြုခဲ့မိ၏။ မေ၊ငါသည်။ ကာယသုစရိတံ၊ ကာယသုစရိုက်အမှုကို။အကတံ၊ မပြုခဲ့မိ။ ဣတိ၊သို့။ ကုက္ကုစ္စံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ တစုံ။

၄။ မေ၊ငါသည်။ ပါဏာတိပါတော၊ အသက်သတ်မှုကို။ ကတော၊ ပြုခဲ့မိ၏။ မေ၊ငါသည်။ ပါဏာတိပါတာ၊ အသက်သတ်မှုမှ။ ဝေရမဏီ၊ ရှောင်ကြဉ်မှုကို။ အကတာ၊ မပြုခဲ့မိ။ဣတိ၊သို့။ ကုက္ကုစ္စံ၊သည်။ ဥပ္ပဇ္ဇတိ၊ ၏။တစုံ။

အကြွင်းသိသာပြီ။ **အစုံပေါင်း ၁၃၊** ဤအစုံပေါင်း၁၃-တို့၌ ကတ နှင့်ဒုစရိုက်ဆယ်ပါး၊ အကတနှင့် သုစရိုက်ဆယ်ပါးကို ဘက်စပ်၍ဟော တော်မူသော ဤပါဠိတော်ကြီးကို မှုရင်းလက်ကိုင်ပြု၍ အရပ်ရပ်သော အဋ္ဌကထာ,ဋီကာကျမ်းဂန်တို့၌ ကတနှင့် ဒုစရိုက်ဆယ်ပါး၊ အကတနှင့် သုစရိုက်ဆယ်ပါးကိုဘက်စပ်၍ တထပ်တသံတည်းဘွင့်ရိုးပြုကြကုန်သည်။

---

## သဂြိုဟ်ဂဏ္ဌိသစ်မှားယွင်းပုံ

သဂြိုဟ်ဂဏ္ဌိသစ်မှာမူကား ကျမ်းဂန်မန္တမစပ်မိ ငယ်စဉ်ကရေးသော ကျမ်းဂန်ဖြစ်ပေ၍ အတိမ်းအပါး များစွာရှိသည်တွင် ကုက္ကုစ္စတရားကို ၄-ပါးပြုခြင်းသည်လည်း တိမ်းပါးခြင်းတချက်ပင်ဟု ပညာရှိကြီးတို့ ပြော စမှတ်ရှိသည်၊ မာတိကာအကောက်ကို အထောက်အထားပြု၍ အနာ ဂတ်လျှင်အာရုံရှိသော ကုက္ကုစ္စနှစ်ပါးကို ပြောဆိုခြင်းများသည်လည်း သုတ္တန်,အဘိဓမ္မာပါဠိတော်ရင်း, အဋ္ဌကထာရင်းများကို နိုင်နင်းသော ဉာဏ်စွမ်းသတ္တိမရှိသည်နှင့် မာတိကာအကောက်နယ်များကို တကယ် ကိုးစားလောက်သည်ထင်ရသောသူတို့စကားသာတည်း။ ၎င်းမာတိကာ

အကောက်၌ ပြိုးပြောက်ကြီးအတိမ်းအပါးပါသည်ကို ထိုသူတို့မသိကြ၊ ကုက္ကုစ္စတရား၏အနာဂတ်အာရုံနှင့်မဆိုင်သည်ကို ဆိုလိုက်ပေအံ့။

---

### အတိတ်ကာလ၌စစ်ဆေးပုံနည်းပြချက်

ကုစ္စိတံ၊ကဲ့ရဲ့အပ်သော။ ကတံ၊လွန်ပြီးသောအမှုတည်း။ ကုကတံ၊ ကဲ့ရဲ့အပ်သောအမှုလွန်။ အတိတ်၌စီရင်သော တ ပစ္စည်း၏အနက်သွား ကိုထင်ရှားစေခြင်းငှါ လွန်ပြီးသောဟု အနက်ဘော်လိုက်ပေသည်။

(၁) ကျူးလွန်ပြီးသော ဒုစရိုက်မှုသည်လည်း ကဲ့ရဲ့ဘွယ် သောအမှုလွန်တခု။

(၂) ပမာဒတရားကိုလိုက်စား၍ အခါလွန်ခြင်းအမှုသည် လည်း ကဲ့ရဲ့ဘွယ်သောအမှုလွန်တခု။

ဤနှစ်ခုကို ကုကတဆိုသည်၊ ရှေးအခါ၌ ဤကုကတ ၂-ခုကိုပြုကျင့် လိုက်စားပြီး၍ ဤဘဝတွင် နောက်အခါ၌သော်၎င်း,အပါယ်သို့ရောက်၍ ဒုက္ခတွေ့သောနောက်ဘဝ၌သော်၎င်း ငါမိုက်ခဲ့မိလေခြင်း,ငါမှားခဲ့မိလေ ခြင်း, ငါမေ့ခဲ့မိလေခြင်းဟု တညည်းညည်းတညူညူ နှလုံးပူခြင်းသည် ကုက္ကုစ္စမည်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

''ကတေ ဝိတိက္ကမေ နိဋ္ဌိတေ ဝဏ္ဏုဗ္ဗာစာရေ ပုန သဥ္ဓာတသတိနော ဒုဋ္ဌု မယာ ကတန္တိ ဧဝံ အနုတပ္ပမာနဿ ပစ္ဆာနုတာပဝသေနေတံ ဥပ္ပဇ္ဇတိ။

ဟူ၍ ဆိုပေသည်။

**အနက်။** ။ဝိတိက္ကမေ၊ လွန်ကျူးခြင်းကို။ကတေ၊ပြုပြီးသည်ရှိသော်။ ဝဏ္ဏုဗ္ဗာစာရေ၊ အမှုကိုလွန်ကျူးခြင်းကိစ္စသည်။ နိဋ္ဌိတေ၊ ပြီးပြီးသည် ရှိသော်။ ပုနသဥ္ဓာတသတိနော၊ တဘန်နောက်မှ သတိရသည်ဖြစ်၍၊ မယာကတံ၊ ငါပြုခဲ့သောအမှုသည်။ ဒုဋ္ဌု၊ မကောင်းရှာလေ။ ဣတိ၊သို့။ အနုတပ္ပမာနဿ၊ တညည်းညူညူ- နှလုံးပူသောသူအား။ ပစ္ဆာနုတာပ ဝသေန၊ ပမာဒတရားကိုလိုက်စား၍သာ အခါလွန်ပြီးသည်မှ နောက် ကာလ၌ နောင်တတဘန် ပူပန်ယူတခြင်း၏အစွမ်းဖြင့်။ ဧတံ၊ ဤကုက္ကုစ္စ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

၌အဋ္ဌကထာ၌"နိဒ္ဒိတေ-ဝတ္ထုဇ္ဈာစာရေ"နှင့် ပစ္ဆာနုတာပဝသေန၌ "ပစ္ဆာ" သဒ္ဒါများကို သတိထားကြပါလျှင် ကုကတမည်သော ပမာဒ တရား ၂-ပါးကို လိုက်စားမှုပြီးပြီးသောနောက်မှ ကုက္ကုစ္စတရားဖြစ်ပွါး ပေသည်ဟု ထင်ရှားပေလတ္တံ့၊ ကျမ်းဂန်တကာ၌ပင် ကုက္ကုစ္စလက္ခဏာ ကိုဆိုကြရာ ပစ္ဆာသဒ္ဒါနှင့်တကွ "ပစ္ဆာနုတာပလက္ခဏံ ကုက္ကုစ္စံ"ဟု ဆိုရိုးပြုကြပေသည်။ ကုက္ကုစ္စ၏အာရုံဖြစ်သော ကုကတမှုက အတိတ်နေရ မည်၊ အာရမ္မဏိကဖြစ်သော ကုက္ကုစ္စက ထိုအမှုမှနောက်ကျရမည် ဟူသောအနက်မှန်ကို ထိုပစ္ဆာသဒ္ဒါနှင့်ပင် သိသာလှပါ၏၊ ၌စကား ရပ်ဖြင့် အနာဂတ်ဖြစ်သောဒုစရိုက်မှု,သုစရိုက်မှုများကိုလည်း အာရုံပြု၍ ကုက္ကုစ္စတရားဖြစ်ပွါးပါသေး၏ ဟု ပြောကြသောစကားကို တရားကျမ်း ဂန်နှင့် အသေသတ်လိုက်သည်။

ယခုအခါ "ဒွိဟိကာရဏောဟိကုက္ကုစ္စံ"ဟူသော ပါဠိတော်မြတ်နှင့် အညီ ကုကတတရား ၂-ပါးသာရှိကြောင်း၊ ကုကတမှုကိုအာရုံပြု၍ ဖြစ်ရ ခြင်းကြောင့် ကုက္ကုစ္စခေါ်ရသောတရားလည်း နှစ်ပါးသာရှိကြောင်း၊ စိတ်နှလုံးပူပန်တိုင်းပူပန်တိုင်းတို့ကို ကုက္ကုစ္စချည်း မဆိုသင့်ကြောင်းများ ကို ထင်ရှားအောင် စစ်တမ်းထုတ်၍ပြလိုက်ပေအံ့။

ကုစ္ဆိတံ၊ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ကဲ့ရဲ့ အပ်သော။ ကတံ၊ အမှုအရာတည်း။ ကုကတံ၊ ဘုရားအစရှိသောအရိယာ သူတော်ကောင်းတို့သည် ကဲ့ရဲ့အပ်သော အမှုအရာ။

ဟူသည်နှင့်အညီ–

(၁) လောက၌ ဘုရားအစရှိသော သူတော်ကောင်း တို့သည် စက်ဆုပ်အပ်, ကဲ့ရဲ့အပ်သည်ဖြစ်၍ ကုကတခေါ်ရသော ပမာဒတရားသည် ကုသိုလ်မှု၌ မေ့လျော့ခြင်းတပါး၊

(၂) အကုသိုလ်မကောင်းမှုကို ပြုခြင်းတပါး–

ဟူ၍ နှစ်ပါးသာရှိသည်။ ။၌လောက၌သတ္တဝါတို့ သဘောသည် အကြင်မျှလောက်သော ကာလပတ်လုံးပမာဒတရား၌ အပြစ်ကိုကောင်း ကောင်းမမြင်နိုင်သေး၊အပ္ပမာဒတရား၌အကျိုးအာနိသင်ကိုလည်း မမြင် မသိနိုင်သေး၊ ထိုမျှလောက်သောကာလပတ်လုံး ကုသိုလ်ကောင်းမှုအရာ

၌ မေ့လျော့ခြင်းဟူသော ကုကတပမာဒတရားတပါး၊ အကုသိုလ်မကောင်းမှုအရာ၌ လိုက်စားပြုလုပ်ခြင်းဟူသော ကုကတပမာဒ တရားတပါး၊ ဤကုကတပမာဒတရားနှစ်ပါးနှင့်သာ နေ့,ရက်,လ,နှစ် ကုန်မြတည်း။

ထိုသူတို့အား နောက်ကာလသို့ရောက်၍ အကြင်အခါ၌ ပမာဒတရား၏အပြစ်, အပ္ပမာဒတရား၏အကျိုးကို ကြားနာသိမှတ် လေးမြတ်စွာ ယုံကြည်ခြင်းဖြစ်လာ၏၊ ထိုအခါသို့ရောက်မှ—

၁။ မိမိပြုခဲ့ဘူးသော မကောင်းမှု ကုကတတစုကိုလည်းပြန်၍နုတ်ခြင်းငှါ,ပြန်၍ဖြစ်ခြင်းငှါ မတတ်ကောင်းသည်ကိုရင်း၊

၂။ ကုသိုလ်ကောင်းမှုနှင့်ကင်း၍ အချည်းနှီးသက်သက် ကုန်ခဲ့လွန်ခဲ့ မေ့လျော့ပေါ့စားခဲ့သော နှစ်,လ,နေ့,ရက်, အသက် အရွယ်တွေကိုလည်း ပြန်၍ ကောင်းမှု ကုသိုလ်ဖြစ်သော နေ့ကောင်း, ရက်ကောင်း,အသက်အရွယ်ကောင်းဖြစ်၍ ကုန်အောင် ပြင်ဆင်ခြင်းငှါ မတတ်ကောင်းသည်ကိုရင်း၊

၃။ သေသည်မှ နောက်ကာလ၌ ကုသိုလ်ရိက္ခာ မပါခြင်းကြောင့် ဆင်းရဲပင်ပန်းရတော့မည်၊ ပြုခဲ့မိသော မကောင်းမှုစုကြောင့် အပါယ်၌အခါခါနစ်ရတော့မည့်အလားကိုရင်း—

အမှတ်ရတိုင်း, အမှတ်ရတိုင်း လွန်ခဲ့ပြီးသော ကုကတပမာဒတရား နှစ်ဘက်ကို အာရုံပြု၍ ကုက္ကုစ္စတရားဖြစ်ပွါးလေသတည်း။

ထိုကုက္ကုစ္စသည်ရှေ့သို့ကောင်းမှုပြုခွင့်ရသေးသော အရွယ်၌တည်သော သူအား အားကြီးစွာမဖြစ်လာသေး၊ဖျောက်ဖျက် နိုင်သေး၏၊ သောတာပန်များဖြစ်အောင် တတ်နိုင်ပေမူကား အကြွင်းမဲ့ပျောက်လေတော့သည်၊ စည်းစိမ်ချမ်းသာ ခံစားစံစားပျော်ပါးမှု ဖုံးလွှမ်း၍ နေပြန်လျှင်လည်း အဖြစ်နည်း၏။

သေခါနီး၌မူကား တောင်ကြီးဘိသကဲ့သို့ ဘိ၍လာတတ်၏၊ ရှေးဘဝက ကုသိုလ်ကောင်းမှု၌ မေ့လျော့ခဲ့ပုံ,မကောင်းမှုကိုပြုခဲ့ပုံများကို မြင်နိုင်သောငရဲဘဝ, ပြိတ္တာဘဝ, အသုရကာယ်ဘဝသို့ ရောက်သောအခါ၌မူကား ရှုပကာယတကောင်လုံးမှာ ငရဲမီး, ပြိတ္တာမီး, အသုရကာယ်မီးသည် တဟုန်းဟုန်းစွဲ၍ အမြဲတောက်လောင်၏၊ စိတ်, စေတသိက်တည်း

ဟူသော နာမကာယတကောင်လုံးမှာ ရှေးဘဝ၌ကောင်းမှုတရားကို မမွေ့ခဲ့မိလေခြင်း, မကောင်းမှုတရားကို ပြုခဲ့မိလေခြင်းဟူ၍ဖြစ်သောကုက္ကုစ္စသည် တဟုန်းဟုန်းစွဲ၍ အမြဲတောက်လောင်၏။

ဤသို့လျှင် ကုကတဟုဆိုအပ်သော ပမာဒတရားသည်လည်း နှစ်ပါးသာရှိသည်၊ ထိုကိုအာရုံပြု၍ပူပန်ခြင်းကြောင့် ကုက္ကုစ္စခေါ်ရသောတရားသည်လည်း နှစ်ပါးသာရှိပေသတည်းဟု နေရာတကျမှတ်ရမည်။

ဂဏ္ဍိသစ်ဆရာတော်အယူ၌ ငွေတရာ,တထောင်ရှိသောသူသည် အချိန်မရှိအကုန်လှူမိ၍ နောက်၌လည်း ရှာကြံမရ ဒုက္ခကြီးစွာပင်ပန်း၍နေသောအခါ "ငါသည်အလှူပေးမိလေခြင်း,အကုန်လှူမိလေခြင်း"ဟုပူပန်၏၊ ထိုသို့ပူပန်ခြင်းသည် ကုက္ကုစ္စပင်ဟူလို၏၊အကုန်လှူခဲ့သောဒါနမှုသည် ဘုရားအစရှိသောအရိယာသူမြတ်တို့ စက်ဆုပ်ကဲ့ရဲ့အပ်သော ကုကတပမာဒမှုမဟုတ်ပေရကား ထိုအမှုကို ကုက္ကုစ္စမဆိုရ၊ ကုက္ကုစ္စမဟုတ်-တရပ်။

လမ်းသွားရာမြွေကိုမြင်၍မသတ်ကောင်းဟု ရှောင်ကွင်း၍သွားလေရာ နောက်မှလိုက်လာသော ချစ်လှစွာသောသားကို ထိုမြွေကိုက်၍သေလေ၏၊ထိုအခါ ငါရှောင်ခဲ့မိသည်မှားလေစွဟု ပူပန်ခြင်းသည်လည်း ကုက္ကုစ္စပင်ဟူလို၏၊ ရှောင်ခဲ့သောအမှုသည် ဘုရားအစရှိသောအရိယာသူတော်ကောင်းတို့ကဲ့ရဲ့အပ်သော ကုကတပမာဒမှုပင်မဟုတ်ရကား ထိုပူပန်ခြင်းကိုလည်း ကုက္ကုစ္စမဆိုရ၊ ကုက္ကုစ္စပင်မဟုတ်—တရပ်

ရဟန်းမဟုတ်သောဒုဿီလပုဂ္ဂိုလ်ကြီးကို သီလဝန္တကြီးထင်မှတ်၍ တရာတန်, တထောင်တန်လှူ၏၊လှူပြီးလျှင်ပင် ရဟန်းမဟုတ် ဒုဿီလအလဇ္ဇီဟုထင်ရှားလာ၏၊ထိုအခါ ငါလှူမိလေခြင်းဟုပူပန်ခြင်းဖြစ်တတ်၏၊ ထိုအမှုသည် သက်သက်သောသဒ္ဓါစိတ်နှင့်လှူသည်ဖြစ်၍ ဘုရားအစရှိသောအရိယာသူတော်ကောင်းတို့ ကဲ့ရဲ့အပ် စက်ဆုပ်အပ်သောအမှုပင်မဟုတ်ရကား ကုက္ကုစ္စမဟုတ်။

---

## မေးမြန်းဘွယ်

မေး။ ။ဤစကား၌"ဒုဿီလအလဇ္ဇီအားလှူမိသောအမှုကို ဘုရားမကဲ့ရဲ့"ဟူရာ၌ အဘယ့်ကြောင့် ဘုရားမကဲ့ရဲ့ဘဲရှိပါ

သနည်း၊ "ဝိဓေယျ ဒါနံ ဒါတဗ္ဗံ"စသည်ဖြင့် "သီလဝန္တ ပုဂ္ဂိုလ်ကို ရွေးချယ်၍လှူရာသည်၊ သီလဝန္တပုဂ္ဂိုလ်ကိုလှူမှသာ အကျိုးကြီးမြတ်သည်၊ ဒက္ခိဏာဝိသုဒ္ဓိဂုဏ်မရှိသော ဒုဿီလပုဂ္ဂိုလ်ကိုလှူ၍ အကျိုးမရှိ"ဟုဟောတော်မူသဖြင့် ဒုဿီလပုဂ္ဂိုလ်ကို လှူသောအလှူများကို ဘုရားကဲ့ရဲ့တော်မူသည်ပင်မဟုတ်ပါလော- စောဒနာရန်ရှိ၏။

ဖြေ။ ။လောက၌ စွန့်ကြဲပေးလှူသည်ကို ခံယူသုံးစွဲခွင့်ရှိသော သုသီလ,ဒုဿီလမရွေး တကျိပ်လေးယောက်သော ပုဂ္ဂလိကအလှူခံတို့ကို အကျိုး အသီးအသီးနှင့်တကွ ဟောတော်မူသဖြင့်ပင် ဒုဿီလပုဂ္ဂိုလ်ကုသိုလ်ဖြစ်ပေးလှူခြင်းများသည်ဘုရားကဲ့ရဲ့သည်မဟုတ်၊ခွင့်ပြုတော်မူသေးသည်ဖြစ်၏၊ သို့ရာတွင် အလှူခံပုဂ္ဂိုလ် အယုတ်,အမြတ်နှစ်ပါးရှိရာ၌ အမြတ်အားလှူဒါန်းသည်ကို အထူးချီးမွမ်းတော်မူလို၍"ဝိဓေယျ ဒါနံ-ဒါတဗ္ဗံ၊ယတ္ထ ဒိန္နံ မဟပ္ဖလံ"ဟု ဟောတော်မူပြန်သည်၊ ထို့ကြောင့် ဒုဿီလပုဂ္ဂိုလ်ကို လှူသောအလှူများကို ဘုရားကဲ့ရဲ့ပစ်ပယ်တော်မူသည်မဟုတ်ပေရကား ထိုအလှူသည် ကုက္ကုစ္စဖြစ်ထိုက်သော ကုကတအမှုမဟုတ်ပေ ဖြေရန်-တရပ်။

တရာငွေ, တထောင်ငွေကို ရေစက်ချ၍ တယောက်သောသူအားလှူရန်ကိစ္စနှင့်အပ်ပေ၏၊ နောက် ထိုသူ၏မသင့်မတင့် အခွင့်ကိုသိရမြင်ရ၍ အလှူကိစ္စမထမြောက်ဘဲရှိမည်ကို ပူပန်ရခြင်း, မထမြောက်ပြီဟု စိတ်ချရ၍ ထိုသူအားပေးမိလေခြင်းဟု ပူပန်ရာများ၌လည်း ရေစက်ချ၍ လှူခဲ့ရင်းအမှုသည် ဘုရားကဲ့ရဲ့အပ်သော ပမာဒဓမ္မမှု မဟုတ်ပေသောကြောင့် ထိုပူပန်ခြင်းများကို ကုက္ကုစ္စမဆိုရ။

ဤသို့စသည်ဖြင့် အမှုရင်းကိုကမူ ပမာဒမှုမဟုတ်၊ အပ္ပမာဒအမှုအစစ်ဖြစ်ပါလျက်နှင့် နှလုံးမသာဘွယ်သောအခွင့်တွေ ခြံရံ ဝန်းဝိုင်း၍ နေသောကြောင့် စိတ်ပူပန်ခြင်းဖြစ်ကြသောအခါ အမှုရင်းပါရော၍မြည်တမ်းကြမြဲဖြစ်သည်၊ ပူပန်မြည်တမ်းတိုင်း ကုက္ကုစ္စချည်းမမှတ်လင့်၊ အမှုရင်းကိုသာ နာနာစစ်ဆေး၍ ဘုရားအစရှိသော အရိယာသူမြတ်တို့ ကဲ့ရဲ့အပ်စက်ဆုပ်အပ်သော ပမာဒဓမ္မမှုမှန်၏လော, မမှန်လောဟုကြည့်၊ မှန်ပေလျှင် ထိုအမှုသည် ကုကတမှန်ပေပြီ၊ ထိုအမှုကိုအာရုံပြု၍ နောင်

တပူပန်ခြင်းသည်လည်း ကုက္ကုစ္စမှန်ပေပြီ၊ အမှုရင်းကမူ ကုကတမှု, ပမာဒမှုမဟုတ်ပါဘဲနှင့် စိတ်တိုင်းကျမဖြစ်ရ၍ စိတ်မကျေနိုင်သည်များကို ကုက္ကုစ္စမဆိုပေနှင့်။

ဤင်္ဂါတို့ဘုရားသာသနာမှ ခရစ်ယန်သာသနာသို့ ဝင်ကြသောသူတို့အား ကြေးငွေပိုက်ဆံများ အကုန်ခံ၍ပြုခဲ့သော ကုသိုလ်မှုများကို အာရုံပြု၍''ကျောင်းဆောက်ခဲ့သည် မှားလေစွ၊ဘုရားတည်ခဲ့မိသည်မှားလေစွ'' ဟု ညည်းညူခြင်းများသည် မိစ္ဆာသညာဖြင့် ကုန်ခဲ့သောပစ္စည်းဥစ္စာများကို နှမြောလှ၍ မြည်တမ်းခြင်းသာဖြစ်သည်၊ ငါသည် ကျောင်းဆောက်ခဲ့, ဘုရားတည်ခဲ့မိသောအမှုကြောင့် သေသည်၏နောက်ကာလ၌ ကြီးစွာသောဆင်းရဲအမျိုးမျိုး မကောင်းကျိုးတို့ကို ခံရတော့မည်ဟု ပူပန်၍မြည်တမ်းခြင်းပင်မဟုတ်။

အတိတ်ကာလ၌ စစ်ဆေးပုံနည်းပြချက်ပြီး၏။

---

## အနာဂတ်ကာလ၌ စစ်ဆေးပုံနည်းပြချက်

နောက်အနာဂတ်၌ ပြုလတ္တံ့သောသုစရိုက်များကိုမြော်၍ ပူပန်ခြင်းအမှုသည် ကုက္ကုစ္စမဟုတ်၊ အနာဂတ်၌ ဒုစရိုက်မှုသည် ပြုပြီးသော ဒုစရိုက်မှုကဲ့သို့ ပြုပြင်၍မရကောင်းသောအမှုလွန်မဟုတ်သေး၊ အလွန်ဆုံးအားဖြင့် အသက်ကိုစွန့်၍ရှောင်လျှင် ရှောင်ခွင့်ရှိသေးသည်သာဖြစ်၏။

ဥပမာကား-အလုံမြို့ဝန်အရာခံယူ၍ မင်းလုပ်စဉ် ''သူခိုးဓားပြကို မိအောင်ဘမ်းရမည်၊ မိတိုင်း,မိတိုင်းလည်း ကိုယ်တိုင်ကိုယ်ကြပ် သတ်ရမည်၊ မဘမ်း,မသတ်လျှင် အရာကိုနုတ်မည်၊ စည်းစိမ်ကိုသိမ်းမည်၊ အသက်အဆုံးစီရင်မည်''ဟု အမိန့်တော်ထုတ်၏။

အရာကို,စည်းစိမ်ကို,အသက်ကိုစွန့်၍ရှောင်လျှင် ရှောင်ခွင့် ရှိသေးသည်သာဖြစ်၏၊ လွန်ပြီးသောအမှုကဲ့သို့မဟုတ်သေး၊ မိမိက အသိဉာဏ်ဖျင်းလှ၍ အရာ,စည်းစိမ်, အသက်များကိုမစွန့်ဝံ့၊ သူခိုးဓားပြ သတ်ရလတ္တံ့သောအမှုကိုလည်း သံသရာရေးနှင့်မြော်၍ကြောက်ခြင်းဖြစ်သဖြင့် ''ငါသည် သတ်ရချေတော့မည်၊ခံ၍မဆုံးနိုင်သော ဒုစရိုက်မှုကြီးသည် ငါ၌ပါတော့မည်''ဟု ပူပန်ခြင်းသည် ကုက္ကုစ္စမဟုတ်၊ ဒေါမနဿ သာတည်း၊ ထိုအမှုသည် အမှုလွန်မဟုတ်သေး၊ ပြုပြင်ခွင့်ရှိသေးသော အမှု

သာဖြစ်သည်၊ ပြုပြင်ခွင့်မရှိဘဲ လွန်ပြီးသောအမှုသေးကိုသာ ကုကတဆို ရသည်။

"ယသ္မာ ပနေသော ကတံဝါ ပါပံ အကတံ နကရောတိ၊ အကတံဝါ ကလျာဏံ ကတံ ကရောတိ၊ တသ္မာ ဝိရူပေါ ကုစ္ဆိတော ဝါ ပဋိသာရောတိ ဝိပ္ပဋိသာရော"။

ဟူသောအဋ္ဌကထာကိုရှု။

**အနက်။** ။ယသ္မာပန၊ ကြောင့်။ သော၊ ဤတရားသည်၊ ကတံ၊ ပြုမိပြီးသော။ ပါပံဝါ၊ မကောင်းမှုကိုလည်း။ အကတံ၊ မပြုသည် ဖြစ်ရအောင်။ နကရောတိ၊ ပြုပြင်ခွင့်မရှိ။ အကတံ၊ မပြုမိသော။ ကလျာဏံဝါ၊ ကောင်းမှုကိုလည်း။ ကတံ၊ ပြုပြီးဖြစ်ရအောင်။ နကရောတိ၊ ပြုပြင်ခွင့်မရှိ။ တသ္မာ၊ ကြောင့်။ ဝိရူပေါ၊ မလှသော။ ဝါ၊ တနည်းကား။ ကုစ္ဆိတော၊ စက်ဆုပ်အပ်သော။ ပဋိသာရော၊ အဘန်ဘန်ကြံခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝိပ္ပဋိသာရော၊ ဝိပ္ပဋိသာရမည်၏။

ကုက္ကုစ္စ,ဝိပ္ပဋိသာရ ပရိယာယ်တူ၊ကတဖြစ်ပြီးသော ဒုစရိုက်မှုသည် အကတဖြစ်ရအောင် ပြုပြင်ခွင့်မရှိ၊ အကတဖြစ်ပြီးသော သုစရိုက်မှုသည်လည်း ကတဖြစ်ပြန်ရအောင် ပြုပြင်ခွင့်မရှိ၊ ဤသို့ပြုပြင်ရန် အခွင့်အလမ်းကုန်ပြီးသောပမာဒမှုကိုသာကုကတဆိုရသည်၊အနာဂတ်ဖြစ်သော ပမာဒမှုများမှာမူကား လွန်ပြီးမဟုတ်သေး၍ ဒုစရိုက်မှုမှာ အကတဖြစ်ရအောင်, သုစရိုက်မှုမှာ ကတဖြစ်ရအောင်ကြံခွင့်ထင်ရှားရှိပေသည်၊ ထို့ကြောင့် အနာဂတ်ဖြစ်သော ပမာဒမှုများကို ကုကတမဆိုရသေး၊ အတိတ်ဖြစ်သော ပမာဒမှုကိုသာ ကုကတဆိုရသည်ဟု သန္နိဋ္ဌာန်ကျမှတ်ရမည်။

---

## မေးမြန်းဘွယ်

**မေး။** အနာဂတ်ဖြစ်သော ပမာဒမှု၌ သဒ္ဓါ, ပညာကြီးလှ၍ အသက်ကို စွန့်၍ပင် ရှောင်ကြဉ် နိုင်မည့်သူမှာ ဟုတ်လှပါပြီ၊ သဒ္ဓါ, ပညာ နည်းစွာ၍ အရာ ကိုလည်း မစွန့်ရက်၊ အသက်ကိုလည်း မစွန့်နိုင်၊ ကေန္တပြုရလတ္တံ့ဟု ပူပန်သောသူမှာ အသို့နည်း၊ကုက္ကုစ္စပင် မဟုတ်လော-မေးရန်။

**ဖြေ**။ ကုက္ကုစ္စဖြစ်ကြောင်း သုံးပါး,လေးပါးရှိသည်ဟု ပါဠိ၌မလာ သောကြောင့် မဟုတ်ပေ- ဖြေရန်။


ပါဠိတော်၌ ဒွိဟိ ကာရဏေဟိ ဥပ္ပဇ္ဇတိ ကုက္ကုစ္စံ" ဟူ၍သာဟော သည်၊ "တီဟိကာရဏေဟိ စတူဟိကာရဏေဟိ" ဟုမဟော၊ အနာ ဂတ်ဖြစ်သော သုစရိုက်မှု တခုခုကိုပြုချင် အားကြီးဖြစ်လာ၍ ပြုမှပြုဖြစ်ပါ မည်လော,မပြုရဘဲရှိမည်လောဟု ပူပန်ခြင်းများသည်လည်း ဖျက်ဆီးရန် ရှိ၍နေသော ပဋိပက္ခ အကြောင်းကို ချင့်၍ ပူပန်ခြင်း မျှသာတည်း၊ ကုက္ကုစ္စမဟုတ်။

အနာဂတ်ကာလ၌ စစ်ဆေးပုံ နည်းပြချက်ပြီး၏။

ဤသို့လျှင် ပြခဲ့ပြီးသော ကျမ်းဂန်အရှိ ယုတ္တိသက်သေများကိုအသေ အချာ သဘောပါအောင် နာနာစွဲစွဲ မှတ်သား၍ ကုက္ကုစ္စတရားကို လေးပါးဖြစ်အောင် ကြံဆောင်၍ပြောကြသော ပါဒအယူ သပ္ပုတ်အူများ ကို ကြည်ဖြူလေးမြတ် မမှတ်အပ်ဟု အတပ်သိသာ လိမ့်မည်- ဒကာ မောင်အောင်။

၁၂၅၄-ခု ကဆုန်လဆန်း ၁၀–ရက်နေ့တွင် မုံရွာမြို့ လယ်တီ ဆရာတော်ဘုရား ဆုံးဖြတ် လိုက်သည်။

ကုက္ကုစ္စအဆုံးအဖြတ်ပြီး၏။



# ရုပ်အဆုံးအဖြတ်

## မြို့သာမြို့အုပ်-မောင်လူကလေး လျှောက်ထားလိုက်သည့် ပုစ္ဆာ ၈-ချက်ကို အစဉ်အတိုင်း ဖြေဆိုချက်

### ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ

သဒ္ဒေါဝိကာရော ဇရတာ၊ မရဏဉ္စောပ ပတ္တိယံ။
န လဗ္ဘတိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။ ။

**အနက်။** ။သဒ္ဒေါ၊ကိုင်း။ဝိကာရော၊ငါးခုကိုင်း။ဇရတာ၊ကိုင်း။ မရဏဉ္စ၊ အနိစ္စတာရုပ်ကိုင်း။ ဥပပတ္တိယံ၊ ပဋိသန္ဓေခဏ၌။ နလဗ္ဘတိ၊ အပ်။ ပဝတ္တေတု၊ ပဝတ္တိကာလ၌မူကား။ ကိဉ္စိပိ၊ တစုံတခုသောရုပ်ကိုမျှ လည်း။ နနလဗ္ဘတိ၊ မရအပ်သည်မရှိ။

ခပ်သိမ်းသော အဇ္ဈတ္တရုပ်နာမ်တို့၏ ဖြစ်ရာကာလသည် ပဋိသန္ဓေ ကာလ, ပဝတ္တိကာလဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ပဋိသန္ဓေ ကာလ ဆိုသည်ကား "ဘဝန္တရာဒိ ပဋိသန္ဓာနဝသေန ပဋိသန္ဓိဟုတွာ" ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ နောက်အခြားမဲ့ဖြစ်သော ဘဝတပါး ၏ အစအစွန်ကို ဆက်စပ်သည်၏ အစွမ်းဖြင့်ဖြစ်သော ရုပ်နာမ်တရား အစုသည် ပဋိသန္ဓေရုပ်နာမ်မည်၏၊ ထိုရုပ်နာမ်တို့၏ ဥပါဒ်ခဏသည် ပဋိသန္ဓေခဏ ပဋိသန္ဓေကာလမည်၏၊ထိုရုပ်နာမ်တို့၏ ဌီခဏမှစ၍ထိုထို သတ္တဝါ အသက်ရှည်၍ တည်နေသမျှ တဘဝလုံးသည် ပဝတ္တိကာလ မည်၏။

အဘယ့်ကြောင့် နည်းဟူမူ ပဋိသန္ဓေကိစ္စဆိုသည်ကား စုတိမှနောက် ၌ ဘဝသစ်တခု ဆက်လက်မှုတည်း၊ ဘဝသစ်တခု ဆက်လက်မှုခဏသည် ပဋိသန္ဓေခဏမည်၏။ ဘဝသစ်တခု ဆက်လက်မှု ဟူသည်လည်း စုတိ ခဏ၏အခြားမဲ့၌ စုတိခဏနှင့် တဆက်တည်း ဆက်စပ်၍ နေသော အစဆုံး အဦးဆုံးဖြစ်သော ခဏငယ်ပေတည်း။

ဒုတိယခဏငယ်သို့ရောက်လျှင် ဘဝဟောင်းနှင့် ဆက်မှုစပ်မှု မဟုတ် ပြီ၊အစဆုံး အဦးဆုံးခဏ ငယ်ကဆက်မိပြီး စပ်မိပြီးဖြစ်သော ဘဝသစ် ကို စီစဉ်၍သွားမှုသာတည်း၊ ထို့ကြောင့် ဘဝဟောင်းကိုပစ်၍ ဘဝသစ် သို့ ကူးကြကုန်သော ခပ်သိမ်းသော သတ္တဝါတို့အား ဘဝသစ်၌အစဆုံး

အဦးဆုံးဖြစ်သော ခဏငယ်ကလေးတခုသည်သာ အဘိဓမ္မာနည်းအားဖြင့် ပဋိသန္ဓေခဏ ပဋိသန္ဓေကာလမည်၏၊ဒုတိယခဏငယ်မှစ၍ ပဝတ္တိကာလမည်၏၊ဤကားအဘိဓမ္မာ အရိုးအစဉ်တည်း၊ ဤအဘိဓမ္မာအရိုးအစဉ်ကို ပြဆိုလိုက်သဖြင့်-

၁။ လူတို့၏ ပဋိသန္ဓေအခါကို မေးလျှောက်သော ပဌမပုစ္ဆာ၊

၂။ သံသေဒဇ,ဥပပါတ်တို့၏ ပဋိသန္ဓေအခါကို မေးလျှောက်သော ဒုတိယပုစ္ဆာ၊

၆။ အသညသတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခါကို မေးလျှောက်သော ဆဋ္ဌပုစ္ဆာ။

ဤပုစ္ဆာ ၃-ရပ်သည် ပြေပြတ်ရှင်းလင်းလေ၏။

---

**ပဋိသန္ဓေအခါမရထိုက်သောရုပ်များ**

၃။ ကာမဘုံ၌ ပဋိသန္ဓေအခါ သဒ္ဒရုပ် ၁၊ ဝိကာရရုပ် ၅၊ ပေါင်း ခြောက်ခုကို အဘယ့်ကြောင့် မရထိုက်ပါသနည်း။

၄။ ကာမဘုံ၌ ပဋိသန္ဓေသခါဇရတာရုပ် ၁၊ အနိစ္စတာရုပ် ၁၊ဤရုပ် ၂-ခုကိုလည်း အဘယ့်ကြောင့်မရထိုက်ပါသနည်း။

ဤတတိယ,စတုတ္ထပုစ္ဆာ ၂-ရပ်၌ ဝိကာရရုပ် ၅-ခု ဆိုသည်ကား ဝိညတ်ဒွေး ၂၊ လဟုတာဒိတ္တယ ၃၊ ပေါင်း ဝိကာရရုပ် ၅။

''သဒ္ဒေါ စိတ္တောတုဇော၊ ဝိညတ္တိဒွယံ စိတ္တဇမေဝ။
လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ''။
[သင်္ဂြိုဟ်ပါဠိ။]

သဒ္ဒရုပ်သည် စိတ်,ဥတု ၂-ပါးကြောင့်သာဖြစ်၏၊ ဝိညတ်ဒွေးသည် စိတ်ကြောင့်သာဖြစ်၏၊ လဟုတာဒိတ္တယသည် ဥတု,စိတ် အာဟာရ ၃-ပါးကြောင့်သာဖြစ်၏။ (အနက်တည်း။)

ခပ်သိမ်းသော ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်၊ ထို့ကြောင့် စိတ္တဇကေန်ဖြစ်သော ဝိညတ်ဒွေးကို ပဋိသန္ဓေခဏ၌မရသည်၊ဥတုသည် ဌီသို့ရောက်မှ ရုပ်ကိုဖြစ်စေနိုင်သည်၊ ပဋိသန္ဓေအခါ၌ ဥတုသည် ဌီသို့ မရောက်သေး၊ ထို့ကြောင့် စိတ္တောတုဇဖြစ်သော သဒ္ဒရုပ်ကို ပဋိသန္ဓေ အခါ၌မရသည်၊ အာဟာရသည်လည်း ဌီသို့ရောက်၍ ဗဟိဒ္ဓါဟာရနှင့် ပူး

ပေါင်းမိမှ ရုပ်ကိုဖြစ်စေနိုင်သည်၊ ပဋိသန္ဓေအခါ၌ကား အာဟာရသည် ဥပါဒ်ဆဲသာဖြစ်၍၊ ဗဟိဒ္ဓါဟာရနှင့်လည်း ပူးပေါင်းနိုင်သောအခါ မဟုတ်သေး၊ ထို့ကြောင့် ဥတုစိတ္တာဟာရ ၃-ပါးတို့ကြောင့်ဖြစ်သော လဟုတာဒိတ္တယသည် ပဋိသန္ဓေအခါ၌မရလေသည်။

ဇရတာဆိုသည်ကား ရုပ်ကလာပ်တို့၏ ဌီခဏ၌သာ ရအပ်သည်၊ အနိစ္စတာသည်ကား ရုပ်ကလာပ်တို့၏ဘင်ခဏ၌သာ ရအပ်သည်၊ ပဋိသန္ဓေအခါသည် ရုပ်၏ဥပါဒ်ဆဲခဏ၌သာဖြစ်၍၊ ဌီခဏ, ဘင်ခဏ မဟုတ်၊ ထို့ကြောင့် ဇရတာ,အနိစ္စတာ ၂-ခုကိုလည်း ပဋိသန္ဓေခဏ၌ မရအပ်လေသည်၊ လိုရင်းတိုတိုမှုကား အစဆုံး,အဦးဆုံးဖြစ်သော ပဋိသန္ဓေခဏငယ်၌ ကမ္မဇရုပ်တမျိုးကိုသာရနိုင်သည်၊ သဒ္ဒရုပ် ၁၊ ဝိညတ်ရုပ် ၂၊ လဟုတာဒိ ၃၊ ဤ ၆-ခုတို့ကား ကမ္မဇရုပ်မျိုးမဟုတ်ပေ၊ ဇရတာရုပ်ကား ဌီခဏမှာသာရသည်၊ အနိစ္စတာရုပ်ကား ဘင်ခဏမှာသာ ရသည်၊ ပဋိသန္ဓေခဏမှုကား ဌီခဏ,ဘင်ခဏ မဟုတ်၊ ဥပါဒ်ခဏသာ ဖြစ်ပေသည်။

တတိယ,စတုတ္ထပုစ္ဆာ ၂-ရပ် ဖြေပြတ်ရှင်းလင်းပြီ။

---

### ပဋိသန္ဓေလွန်မှ ဇရတာ,အနိစ္စတာ ဖြစ်ပုံ

၅။ "ပဋိသန္ဓေတည်နေသောကာလမှ လွန်မြောက်သောအခါ ဇရတာရုပ်,အနိစ္စတာရုပ်တို့သည် မည်သည့်အကြောင်းကြောင့်ဖြစ်ပေါ်လာပါသနည်း"ဟူသောပဉ္စမပုစ္ဆာ၌-

ပဋိသန္ဓေခဏတွင် တပြိုင်နက်ဖြစ်ပေါ်ကြကုန်သော ရုပ်ကလာပ်တို့သည် ဒုတိယခဏငယ်မှစ၍ အစဉ်အတိုင်းရင့်မာခြင်းဟူသော ဇရတာသဘောသို့ ရောက်ကြလေကုန်၏၊ ၅၁-ခု မြောက်သော ခဏငယ်သို့ အရောက်တွင် ချုပ်ပျက်ကွယ်ပျောက်ခြင်း ဟူသော အနိစ္စနိုင်ငံသို့ရောက်ကြလေကုန်၏၊ထို့ကြောင့် ထိုအခါ၌ ဇရတာရုပ်,အနိစ္စတာရုပ်တို့သည် ဖြစ်ပေါ် လာကြလေကုန်၏၊ ရုပ်တို့၏ရင့်မှုကို ဇရတာရုပ်ခေါ်သည်၊ ချုပ်ပျက်ကွယ်ဆုံးမှုကို အနိစ္စတာရုပ် ခေါ်သည်။

ပဉ္စမပုစ္ဆာအဖြေပြီး၏။

## အသညသတ်ပဋိသန္ဓေအခါ မရသောရုပ်များ

၇။ "အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ လဟုတာဒိ ၃၊ ဇရတာ ၁၊ အနိစ္စတာ ၁၊ ဤရုပ် ၅-ခုကို အဘယ့်ကြောင့် မရပါသနည်း"ဟူသော သတ္တမပုစ္ဆာကိုမူကား အသီးဖြေဆိုဘွယ်မရှိပြီ။ တတိယ,စတုတ္ထအဖြေမှာ ပါဝင်လေပြီ။

---

## ဇီဝိတနဝကကလာပ်ရုပ်ချင်းထူးပုံ

၈။ "အပါယ်ဘုံ,မနုဿဘုံ, နတ်ဘုံ,ရူပဗြဟ္မာ့ဘုံတို့၌ ကံကြောင့်ဖြစ်သော ဇီဝိတနဝက ကလာပ်ရုပ်ချင်းအဘယ်သို့ ထူးကြပါသနည်း"ဟူသော အဋ္ဌမပုစ္ဆာ၌—

လောကတွင် ပတ္တမြားကျောက်မျိုးဟူ၍ရှိကြ၏၊ အရည်အရောင်သို့လိုက်၍ အဘိုးအထူးထူးအထွေထွေရှိ၏၊ အချို့ပတ္တမြားကျောက်ကား တကျပ်မျှသာတန်၏၊ အချို့ကား ၅-ကျပ်,၆-ကျပ်တန်၏၊ အချို့ကား ၁ဝိ၊ အချို့ကား ၂ဝိ,၃ဝိ,၄ဝိ,၅ဝိတန်၏၊ အချို့ကား ၁၀ဝိတန်၏၊ အချို့ကား ၂၀ဝိ,၃၀ဝိ,၄၀ဝိ, ၅၀ဝိတန်၏၊ အချို့ကား ၁၀၀ဝိတန်၏၊ အချို့ကား ၂၀၀ဝိ,၃၀၀ဝိ စသည်တန်၏၊အချို့ကား-တသောင်းစသည်တန်၏၊ အချို့ကား ဟသိန်းစသည်တန်၏၊ အချို့ကား-အဘိုးအပိုင်းအခြားမရှိ အနဂ္ဃမျိုးရှိ၏၊ ဤဥပမာကဲ့သို့ ဇီဝိတနဝကကလာပ်တို့မှာလည်း ဖြစ်စေတတ်သောကုသိုလ်ကံ,အကုသိုလ်ကံတို့၏အစွမ်းသတ္တိအထူးထူးအထွေထွေ, အာနုဘော်အထူးထူးအထွေထွေသို့လိုက်၍အရည်အစွမ်း အခိုင်အမြဲ အထူးထူးအထွေထွေရှိကြပေသတည်း။

စက္ခု, သောတစသည်တို့မှာလည်း ထိုနည်းတူသိလေ၊ သိပုံကား-ရူပဗြဟ္မာဘုံအဆင့်ဆင့်, နတ်ပြည်ခြောက်ထပ် နတ်ဘုံအဆင့်ဆင့် ရှိကြသည်တွင် အထက်အထက်ဘုံသား နတ်ဗြဟ္မာတို့၏ ပသာဒစက္ခုသည် အောက်အောက်ဘုံသား နတ်ဗြဟ္မာတို့၏ ပကတိ အဆင်းသဏ္ဌာန်ကို အကုန်မြင်နိုင်ကြ၏၊ အောက်အောက်ဘုံသား နတ်ဗြဟ္မာတို့၏ပသာဒစက္ခုသည် အထက်အထက်ဘုံသား နတ်ဗြဟ္မာတို့၏ ပကတိအဆင်းသဏ္ဌာန်ကိုမမြင်နိုင်ကြကုန်။ မြင်နိုင်လောက်အောင် ရှုန့်ရှင်းစွာ ဘန်ဆင်းသောအာဂန္တုကအဆင်းကိုသာ မြင်နိုင်ကြ၏၊ ပဌမဈာန်ဘုံသား

ဖြစ်သော ဗကအမည်ရှိသောဗြဟ္မာမင်းကြီးသည် မိမိတို့၏အထက်မှာ ဒုတိယဈာန် ၃-ဘုံရှိသေးသည်ကိုပင်ရှိမှန်းမသိ၊ တတိယဈာန် ၃-ဘုံ, စတုတ္ထဈာန် ၇-ဘုံ, အရူပ ၄-ဘုံရှိသည်ကိုပင် ရှိမှန်းမသိဟု ဗြဟ္မနိမန္တနသုတ် ပါဠိတော်မှာလာ၏ ဟု လယ်တီဆရာတော်ဖြေဆိုလိုက်သည်။

အဋ္ဌမပုစ္ဆာအဖြေ ပြီး၏။

ရုပ်အဆုံးအဖြတ်ပြီး၏။



# ဦးရောင်နီပုစ္ဆာ ၅-ချက်အဖြေ

## ပဋိသန္ဓေအခါ,ပဝတ္တိအခါ နာမ်ရုပ်တို့ကျေးဇူးပြုပုံ

ဆရာအမိန့်ရှိလိုက်သည်-ဒကာ၊ရောင်နီ၊ ဒကာလျှောက်ထားလိုက်သောပုစ္ဆာ ၅-ချက်တို့တွင်--

၁။ ပဌမပုစ္ဆာ၌ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးတို့သည် မိမိနှင့်အတူ ဥပါဒ်သောကမ္မဇရုပ်တို့အား ထိုက်သည်အားလျော်စွာ ဟေတု,သဟဇာတ,အညမည,နိဿယ,ကမ္မ,ဝိပါက,အာဟာရ,ဣန္ဒြိယ, ဈာန,မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၃ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်သည်။

ပဋိသန္ဓေဟဒယဝတ္ထုသည် မိမိနှင့်အတူ ဥပါဒ်သော ပဋိသန္ဓေနာမက္ခန္ဓာတို့အား သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ၊ ဤ ၆-ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်သည်၊ ပဝတ္တိအခါ၌ကား ပဌမဘဝင်စသော ကုသိုလ်,အကုသိုလ်,ဝိပါက်, ကြိယာနာမက္ခန္ဓာတို့သည် မိမိတို့နှင့် အတူအတူ ဥပါဒ်ကြသောကမ္မဇရုပ်တို့အား တခုတခုသောပစ္စည်းဖြင့် ကျေးဇူးပြုခြင်းမရှိကုန်၊ မိမိနှင့်အတူအတူ ဥပါဒ်ကြသော စိတ္တဇရုပ်တို့အားသာလျှင် ဆိုခဲ့ပြီးသော ၁၃-ပစ္စည်းတို့တွင် အညမညကိုပယ်, အဓိပတိကိုထည့်၍ ၁၃-ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်သည်၊ ဤသို့ နာမက္ခန္ဓာတို့သည် ပဋိသန္ဓေအခါ၌သာ ဥပါဒ်တူ ကမ္မဇရုပ်တို့နှင့် ပစ္စည်း,ပစ္စယုပ္ပန်ဆက်ဆံကုန်၏။

"ပဝတ္တိသို့ရောက်သောအခါ ဥပါဒ်တူ ကမ္မဇရုပ်တို့နှင့် ပစ္စည်း, ပစ္စယုပ္ပန်မဆက်ဆံရခြင်း၌ သဘောအထူးကိုမထင်မမြင်နိုင်ပါ" ဟူသောစကား၌-ပဋိသန္ဓေအခါ, ပဝတ္တိအခါ ၂-ပါးတွင် ပဝတ္တိအခါ၌ ပဋိသန္ဓေစိတ်၏ဌီမှစ၍ ခဏတိုင်း,ခဏတိုင်းဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် ပစ္စယုပ္ပန်နာမက္ခန္ဓာတို့ကို အလျှင်းပင်ငဲ့ခြင်းမရှိကုန်မူ၍ ဖြစ်ချင်တတ်တိုင်း ဖြစ်နိုင်ကြကုန်သောအရာသည် ထင်ရှားပါ၏၊ ထင်ရှားပုံကား--

ပစ္စယုပ္ပန်နာမက္ခန္ဓာတို့ကိုငဲ့၍ နာမက္ခန္ဓာတို့၏ကျေးဇူးကိုခံရမှ ဖြစ်နိုင်ကြကုန်သောစိတ္တဇရုပ်တို့သည် ထိုနာမက္ခန္ဓာတို့၏ ဥပါဒ်ခဏ၌သာဖြစ်နိုင်

ကုန်သည်၊ ဌီခဏ, ဘင်ခဏ၌မဖြစ်နိုင်ကုန်၊ နာမက္ခန္ဓာကင်းသော နိရောဓသမာပတ်ကို ဝင်စားသောအခိုက်များ၌လည်း မဖြစ်နိုင်ကုန်။

နာမက္ခန္ဓာအားပြော့လျှင် စိတ္တဇရုပ်တို့လည်း အားပြော့ကုန်သည်၊ နာမက္ခန္ဓာအားသန်လျှင် စိတ္တဇရုပ်တို့လည်း အားသန်ကုန်သည်၊ နာမက္ခန္ဓာကိုမငဲ့ကုန်သောကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့မှာမူကား နာမက္ခန္ဓာတို့၏ဥပါဒ်ခဏ၌လည်း ဖြစ်ကုန်သည်၊ ဌီခဏ၌လည်း ဖြစ်ကုန်သည်၊ ဘင်ခဏ၌လည်းဖြစ်ကုန်သည်၊ နာမက္ခန္ဓာကင်းသော နိရောဓသမာပတ်ကို ဝင်စားသောခဏ၌လည်း ဖြစ်ကုန်သည်၊ နာမက္ခန္ဓာတို့အားပြော့ကုန်သော်လည်း အားပြော့သည်သာမဟုတ်ကုန်၊ ပြော့သည်လည်းရှိ၏၊ မပြော့သည်လည်းရှိ၏၊ နာမက္ခန္ဓာတို့ အားသန်ကုန်သော်လည်း အားသန်သည်လည်းရှိ၏၊ အားမသန်သည်လည်းရှိ၏၊ ထို့ကြောင့် ပဝတ္တိအခါ၌ ကမ္မဇရုပ်တရားတို့သည် နာမက္ခန္ဓာတို့နှင့် ပစ္စည်း, ပစ္စယုပ္ပန်မဆက်ဆံကြကုန်ဟု အလွန်ထင်ရှားပါ၏။

> "ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏဟုဆိုအပ်သော ပဋိသန္ဓေအခါ၌ ဥပါဒ်ကုန်သော ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်ကဲ့သို့နာမက္ခန္ဓာတို့ကိုငဲ့၍ နာမက္ခန္ဓာတို့၏ကျေးဇူးကိုခံရမှ ဖြစ်နိုင်သောအရာသည် မထင်ရှား၊ မထင်ရှားသော်လည်း နာမက္ခန္ဓာတို့နှင့် စပ်ဆက်၍ နာမက္ခန္ဓာတို့အားလျော်စွာဖြစ်ရသော ပဝတ္တိစိတ္တဇရုပ်တို့ကို အတတ်သိမြင်သဖြင့် ပစ္စည်းတပ်ပုံချင်း အလားတူကြသောကြောင့်ပဋိသန္ဓေကမ္မဇရုပ်တို့သည်လည်း စိတ္တဇရုပ်တို့ကဲ့သို့ပင် နာမက္ခန္ဓာတို့နှင့်ဘက်စပ်၍ နာမက္ခန္ဓာတို့အား လျော်စွာသာလျှင် ဖြစ်ကြကြောင်းကို ဉာဏ်ဖြင့်ဆ၍သိရမည်"—

ဟု ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ,ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ဆိုပေသည်၊ ဉာဏ်ဖြင့်ဆ၍သိရပုံကား—

ပဋိသန္ဓေနာမက္ခန္ဓာသည် အတိတ်ဖြစ်၍ အားနည်းသည်ဖြစ်အံ့၊ ထိုနှင့်အတူဥပါဒ်သောကမ္မဇရုပ်တို့သည်လည်း အားနည်းသည်သာဖြစ်ကုန်၏၊ ပဋိသန္ဓေနာမက္ခန္ဓာသည် ဒွိဟိတ်ဖြစ်၍ အားရှိသည်ဖြစ်အံ့၊ ပဋိသန္ဓေကမ္မဇရုပ်တို့လည်း အားရှိကုန်၏၊ ဒွိဟိတ်သည်လည်း မနုဿ

ဒွိဟိတ်ထက် ကုမ္ဘဖိုင်းဒွိဟိတ်အားရှိသည်၊ ထို့ထက် အထက်စတုမဟာရာဇ်ဒွိဟိတ်အားရှိသည်၊ ထို့ထက် တာဝတိံသာဒွိဟိတ်။ပ။ဝသဝတ္တိဒွိဟိတ်-ပဋိသန္ဓေနာမက္ခန္ဓာတို့သည် အလွန်အားရှိကုန်သည်ဖြစ်၍ ထိုနှင့်အတူ ဥပါဒ်သောကမ္မဇရုပ်တို့သည်လည်း အလွန်အားရှိကုန်၏။

[တိဟိတ်ပဋိသန္ဓေနာမက္ခန္ဓာတို့မှာမူကား မနုဿတိဟိတ်မှစ၍ အကနိဋ္ဌတိဟိတ်တိုင်အောင် အဆင့်ဆင့်အားရှိ,အားမဲ့ကို ဝေဘန်လေ။]

ပဋိသန္ဓေကမ္မဇရုပ်တို့မည်သည် ကံ၏အာနုဘော်, ပဋိသန္ဓေနာမက္ခန္ဓာတို့၏အာနုဘော်၊ ဤအာနုဘော် ၂-ပါးကိုအစွဲပြု၍ဖြစ်ရကုန်၏၊ ပဝတ္တိကမ္မဇရုပ်တို့သည် ကံ၏အာနုဘော်သက်သက်ကိုသာအစွဲပြု၍ဖြစ်ရကုန်၏၊ ပစ္ဆုပ္ပန်နာမက္ခန္ဓာတို့၏အာနုဘော်နှင့် မစပ်မယှက်ကုန်၊ စိတ္တဇရုပ်တို့သည် ပစ္စုပ္ပန်နာမက္ခန္ဓာတို့၏အာနုဘော်ကိုသာအစွဲပြု၍ဖြစ်ကုန်၏၊ ကံ၏အာနုဘော်နှင့် မစပ်မယှက်ကုန်၊ ဤကားအထူး။

ဤသို့ထူးကြောင်းကိုလည်း ပဋ္ဌာန်းပါဠိတော်၌ ပစ္စည်း, ပစ္စယုပ္ပန်အနေအထားကိုမြင်၍ သိအပ်သည်၊ ပဋိသန္ဓေအခါ၌လည်း အလွန်သိမ်မွေ့လှသောအခါဖြစ်သည်နှင့် အလွန်ထင်ရှားအောင် ပြသာသောအခါပင်မဟုတ်ချေ၊ မြတ်စွာဘုရားဉာဏ်တော်၌ကား လက်ဝယ်တင်ထားပတ္တမြားကဲ့သို့ အလွန်ထင်ရှားပေလိမ့်မည်ဟု ဉာဏ်တော်ကိုကြည်ညိုအံ့သြ၍နေရမည့်အရာသာ ဖြစ်ချေသည်။

ပဌမပုစ္ဆာအဖြေပြီး၏။

---

## ရူပ,အရူပဘုံမှ ကာမဘုံ၌ ပဋိသန္ဓေနေပုံ

၂။ ဒုတိယပုစ္ဆာ၌ အရူပဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သောပုဂ္ဂိုလ်၏ ပဋိသန္ဓေသည် အရူပကုသိုလ်ဇောချာန်၏ ရှေး၌ကျသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူသော ဥပစာရဈာန်၏အကျိုး ပစ္စယုပ္ပန်ဖြစ်သော ကာမတိဟိတ် ဝိပါက်သည်သာလျှင် ဖြစ်သင့်ကြောင်းကို ကျမ်းဂန်တိုက်ရိုက်လာ၏။ ရူပဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်သောပုဂ္ဂိုလ်၏ ပဋိသန္ဓေမှာမူကား ဥပစာရဈာန်၏ အာနုဘော်ကြောင့် ဒွိဟိတ်အောက်

ယုတ်၍ မဖြစ်နိုင်ကြောင်းကိုသာ လာပေသည်၊ ဥပစာရျချာန်၏အကျိုး ပစ္စယုပ္ပန်ဖြစ်သော ဝိပါက်သာဖြစ်သင့်သည်ဟု ကျမ်းဂန်၌မလာပေ။

"ဥပစာရချာနဿ ပန ဗလဝဘာဝတော၊တဿ ဝိပါကဘူတာ ကာမေ တိဟေတုကပဋိသန္ဓိယော ဟောန္တိ၊ ရူပါဝစရစုတိယာ ပရံ အဟေတုက ရဟိတာ ဥပစာရချာနာနုဘာဝေန ဒွိဟေတုက-တိဟေတုကပဋိသန္ဓိယော သိယျုံ"။

[ဋီကာကျော်။]

ဤစကား၌ အရူပပက္ခ၌ "ဥပစာရချာနဿ ပန ဗလဝဘာဝတော" ဟု ဆိုသည့်ပြင်"တဿ ဝိပါကဘူတာ"ဟုဆိုပြန်သည်၊ ရူပပက္ခ၌ကား "ဥပစာရချာနာနုဘာဝေန"ဟူ၍သာ ဆိုသည်။"တဿဝိပါကဘူတာ"ဟု မဆို၊ ထို့ကြောင့် ရူပစုတိနောင်ဒွိဟိတ်ပဋိသန္ဓေနောင်းသည်မှာ ဥပစာရ ချာန်စေတနာ ကမ္မပစ္စည်းတပ်သည်မဟုတ်၊ ရှေးရှေးသော အခါက ပြုခဲ့သော အမှတ်မရှိသောတိဟိတ်ဩမကစေတနာ, ဒွိဟိတ်ဥက္ကဋ္ဌစေတနာ သည်သာ ကမ္မပစ္စည်းတပ်သည်ဟု မှတ်ယူရမည်၊ ထိုသို့ဘပ်ရာ၌လည်း ဥပစာရ ချာန်၏ အရှိန်အဝါကြောင့် ဒွိဟိတ်ဥက္ကဋ္ဌကံအောက် ယုတ်ညံ့သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ထိုအခါအခွင့်မရကုန်ဟု မှတ်ယူရမည်။ (ကျမ်းဂန်အလို။)

တနည်းကား-ရူပချာန်သည် ဟီနချာန်, မဇ္ဈိမချာန်, ပဏီတချာန် ဟူ၍ ၃-ပါးရှိသကဲ့သို့ ဥပစာရချာန်သည်လည်း ဟီန, မဇ္ဈိမ, ပဏီတ ဟူ၍ သုံးပါးရှိပြန်သည်၊ ထိုသုံးပါးတို့တွင် အလွန်ယုတ်ညံ့လှသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသနှင့် ယှဉ်သော ဥပစာရချာန်သည် ဟီနမည်၏၊ ထိုဟီနဖြစ်သော ဥပစာရချာန်ကုသိုလ်သည် တိဟိတ်ဩမကပင်ဖြစ်၏၊ ထို့ကြောင့် အလွန်အညံ့ဆုံးဖြစ်သော တိဟိတ်ဩမက ဥပစာရချာန် စေတနာသည် ကာမဘုံ၌ ဒွိဟိတ်ပဋိသန္ဓေကိုဖြစ်စေသည်။

အရူပချာန် အရာ၌ ဟီန, မဇ္ဈိမ, ပဏီတသုံးပါး ရှိငြားသော်လည်း အလွန်အထက်ကျ၍ ပဋိပက္ခကိလေသာတို့နှင့် ဝေးသည်ထက် ဝေးသဖြင့် အလွန်အားကောင်းသော ဘာဝနာစုဖြစ်လေရကား ဟီန ပင်ဖြစ်သော်လည်း ဒွိဟိတ်ပဋိသန္ဓေကို ပေးရလောက်အောင် အလွန် ယုတ်ညံ့ခြင်းမဖြစ်ပေ၊ ဤသို့ယူသော်လည်း သင့်ရာတော့သည်။

ဒုတိယပုစ္ဆာအဖြေပြီး၏။

## သေခါနီးအခါ ဇောစောပုံ

၃။ တတိယပုစ္ဆာ၌ မရဏကာလသည် သာမည မရဏကာလ, ပစ္စာသန္န မရဏကာလ ဟူ၍ ၂-ပါးပင်ရှိသည်၊ ထို ၂-ပါးတို့တွင် "တထာ စ မရဏာသန္နံ မရဏကာလေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ" ဟူသောပါဌ်၌ မရဏကာလဟူသည်မှာ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ထင်လာသောခဏမှစ၍ တနာရီ, နှစ်နာရီ၊ တပဟိုရ်,နှစ်ပဟိုရ်၊တရက်,နှစ်ရက် ပတ်လုံး ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ်လျှင် အာရုံရှိသော ဝီထိဝါရတို့ မပြတ်မလပ်ဖြစ်၍နေသမျှ ကာလကို ယူရသည်၊ ထိုကာလကို သာမည မရဏကာလဆိုသည်၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ ဟူရာ၌လည်း ထိုသာမည မရဏကာလအတွင်း၌ဖြစ်ဖြစ်သမျှသောဒုက္ခ စုကို မရဏဒုက္ခဟု အဋ္ဌကထာတို့၌လာသည်။

"မန္ဒပဝတ္တိယံ ပန မရဏကာလာဒီသု" ၌ အာဒိအရကိုကား မုစ္ဆာကာလ, ဝိသညီဘာဝကာလတို့ကိုယူရမည်။

(၁) မုစ္ဆာကာလဟူသည်ကား သေငယ်ဇောနှင့်မြော၍ နေသည် ဟု လောက၌ခေါ်ကြသော သစ်ပင်, ချောက်ကမ်းစသည်တို့မှ ကျ၍ လူမှန်းမသိတုံးဖြစ်၍နေသောကာလ,သုဝဏ္ဏသာမတို့ကဲ့သို့ မြှားဆိပ်မွန်း၍ နေသောကာလ, မဏ္ဍဗျပုတ္တတို့ကဲ့သို့ မြွေဆိပ်မွန်း၍နေသော ကာလ, မာတင်္ဂလုလင်တို့ကဲ့သို့ သူ့ဘပါးတို့ အပြင်းအထန် ရိုက်နှက်ထောင်း ထု၍ မြောနေသော ကာလ, ကုလား ဆေးသမားတို့က မေ့ဆေး တိုက်၍မေ့မောခါနေသောကာလ, ရေမွန်း၍နေသောကာလ, ရောဂါဝေဒနာအပြင်းအထန်ဘမ်း၍ လူမှန်းမသိနေသောကာလ, ဘီလူးသဘက် ဘမ်း၍ လူမှန်းမသိနေသောကာလ,ပဋာစာရီတို့ကဲ့သို့ ဉာတိဗျသနဒုက္ခ, သောကပြင်းထန်စွာ နှိပ်စက်သောကာလ စသည်ကို မုစ္ဆာကာလခေါ် သည်။

(၂) ဝိသညီဘာဝကာလဟူသည်ကား အနာထပိဏ်သူဌေး,မဟာ ကပ္ပိနမင်းကြီး, သေလပုဏ္ဏားတို့သည် ဘုရားပွင့်တော်မူသည်ဟူသော စကားကိုကြား၍ ပီတိ၏အစွမ်းကြောင့် လူမှန်းမသိဖြစ်သောကာလ၊ ဣသိသိင်္ဂရသေ့သည် အလမ္ဗုသာနတ်သမီး၏ ဖဿကိုတွေ့ရ၍ လောဘ

မူပိတိ၏အစွမ်းဖြင့်လူမှန်းမသိ ၃-နှစ်ပတ်လုံး တုံးဖြစ်၍နေသောကာလ၊ မန္တလေးရွှေမြို့တော်တွင် သောင်းထီပေါက်၍ လူမှန်းမသိဘဲအတန်ငယ် တုံးဖြစ်၍နေသောကာလ၊ဝင်္ကပဗ္ဗတတောင်တွင် မဒ္ဒီမိဖုရားသားတော်,သမီးတော်တို့နှင့်အတွေ့ တုံးဖြစ်၍နေသောကာလ၊အလွန်အမင်း အိပ်ခြင်းနှိပ်စက်၍နေသောကာလစသည်များသည် ဝိသညီဘာဝကာလမည်၏။

ထိုမုစ္ဆာကာလ,ဝိသညီဘာဝကာလတို့၌လည်း နှလုံးအိမ်တွင်း၌တည်နေသော မဟာဘုတ်တို့သည် ဝိကာရအထူးသို့ရောက်သဖြင့် ဟဒယဝတ္ထုရုပ်သည် ဒုဗ္ဗလသဘော,မန္ဒပဝတ္တိသဘောသို့ရောက်လေ၏၊ ထို့ကြောင့် ထိုအခါဇောတို့သည် အပြည့်အစုံမကျနိုင်ကုန်၊ ၆-ကြိမ်,၅-ကြိမ်မျှသာကျနိုင်ကုန်သည်၊ ထိုတွင် အလွန်မပြင်းထန်လွန်းသောမုစ္ဆာကာလ,ဝိသညီဘာဝကာလတို့၌ ၆-ကြိမ်၊အလွန်ပြင်းထန်လွန်းသောကာလတို့၌ ၅-ကြိမ်။

ထို့ပြင် ၆-ကြိမ်ကျသောမုစ္ဆာ,ဝိသညီတို့ကို ပကတိကာလနှင့်အတူထား၍ဝီထိသင်္ဂဟဇဝနနိယမ၌ "ပရိတ္တဝီထိယံ ပန ပရိတ္တဇဝနနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝ ဝါ ဇဝန္တိ"ဟုဆိုလေသည်၊ ၅-ကြိမ်ကျသောမုစ္ဆာကာလ, ဝိသညီဘာဝကာလတို့ကို မရဏာသန္နနှင့်အတူထား၍ "မန္ဒပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ"ဟု အာဒိသဒ္ဒါကိုဆိုပေသည်၊ ဓမ္မသင်္ဂဏီအနုဋီကာကျမ်း၌ ၄-ကြိမ်ကျပင်လာသေး၏။

သေခါနီးကာလ၌လည်း ရောဂါဥပဒ်အလွန်အမင်း အပြင်းအထန်ဘိစီး၍ မုစ္ဆာအဖြစ်နှင့်သေရသောသူ, ကြည်ကြည်လင်လင်နှင့် သေရသောသူ ၂-မျိုးပင်ရှိ၏။ ပြင်းထန်စွာ မုစ္ဆာကြီးဖြစ်၍သေရသောသူမှာမူကား စုတိနှင့်တကွသောမရဏာသန္နဝီထိမတိုင်မီ ရှေးရှေးသောဝီထိတို့ကပင်ဇောတို့သည် ၆-ကြိမ်,၆-ကြိမ်၊၅-ကြိမ်, ၅-ကြိမ်ကျကုန်၏၊ပစ္စာသန္နမရဏာကာလပင် မဟုတ်သော်လည်း ဟဒယဝတ္ထုအားနည်းသောအကြောင်းတရားများစွာပင်ရှိသည်။ စုတိနှင့်တကွသော မရဏာသန္နဝီထိ၌သာ ဟဒယဝတ္ထုအားနည်းကောင်းသည်မဟုတ်။

တတိယပုစ္ဆာအဖြေပြီး၏။

## သေခါနီးအခါနိမိတ်ထင်ပုံ

၄။ စတုတ္ထပုစ္ဆာ၌ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တို့သည်သာ ပစ္စာသန္ဓ မရဏာဝီထိသို့မရောက်မီ တနာရီ, ၂-နာရီ၊တပဟိုရ်, ၂-ပဟိုရ်၊ တရက်, ၂-ရက်ကပင်ထင်နိုင်ကုန်၏၊ ဘုရားလက်ထက်တော်၌ နန္ဒမည်သော န္တားသတ်ယောက်ျားတို့မှာ မသေမီ ခုနစ်ရက်ကပင် ထင်သည်၊ အဇာ တသတ်မင်းမှာ မသေခင် ၂၄-ရက်ကပင်ထင်သည်၊ ထိုအဇာတသတ် မင်းအလောင်း ဗာရာဏသီမင်းမှာ ထို့ထက်အနှစ်များစွာကပင် ထင် သည်၊ အဇာတသတ်မင်းမှာ ဘုရားကိုဆည်းကပ်သောအခါ ပျောက်ငြိမ်း ၍နေသေး၏၊ ဗာရာဏသီမင်းမှာ ဘုရားအလောင်းတော် သံကိစ္စရသေ့ ကိုဆည်းကပ်သောအခါ ပျောက်ငြိမ်း၍နေသေး၏။ သေခါနီးအခါမှ ထင်မြဲထင်လာ၍ ငရဲ၌ဖြစ်ကြကုန်၏။

ထိုကံ,ကမ္မနိမိတ်,ဂတိနိမိတ်အာရုံတို့သည် ပြောင်းသင့်ရွေ့သင့်သော ကြောင်းရှိလျှင် ပြောင်းကြောင်းရွေ့ကြောင်းကို ဝတ္ထုသက်သေနှင့်တကွ သမ္မောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်းအဘွင့်တွင် အသေအချာ ဆုံးဖြတ်တော်မူသည်၊ ယုံမှားရန်မရှိ။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

---

## ဆန္ဒနှင့်လောဘအထူး

၅။ ပဉ္စမပုစ္ဆာ၌ "ကတ္တုကမျတာလက္ခဏော ဆန္ဒော"ဟူသော ပါဠိနှင့်အညီ "ဆန္ဒသည် ပြုလိုကာမတ္တသာ လက္ခဏာရှိ၏"ဟူသော စကား၌"မတ္တသာ"ဟူသောအသံကို လောဘ၏သဘောနှင့် မရောမယှက် ခြင်းငှါသာဆိုသည်၊ ဆန္ဒ၏အားနည်းကြောင်းကို သိစေလို၍ ဆိုသည် မဟုတ်၊ ဆန္ဒသည် အလွန်အားခွန်ဗလကြီးမားလှသော တရားတခုဖြစ်၍ ဆန္ဒာဓိပတိ, ဆန္ဒိဒ္ဓိပါဒ်ဖြစ်နိုင်သည်၊ မြတ်စွာဘုရားအလောင်းတော် နိယတဗျာဒိတ်ရရာသောအင်္ဂါ ၈-ပါး, ပစ္စေကဗုဒ္ဓါတို့ နိယတဗျာဒိတ်ရ ရာသော အင်္ဂါ ၅-ပါး,သာဝကတို့နိယတဗျာဒိတ်ရရာသော အင်္ဂါ၃-ပါး တို့တွင် ဆန္ဒသည် အင်္ဂါတပါးဖြစ်၍ပါပေသည်၊ ထိုဆန္ဒကို ပေါ့ပေါ့ စားစားမထင်နှင့်၊ လောဘသည် အာရုံကိုလိုချင်သည်၊ဆန္ဒလည်း အာရုံကို လိုချင်သည်၊ ထိုတွင်—

(၁) ဆန္ဒမှာ အိုးကင်းပူ၍ထည့်လိုက်သော ကျောက်ခဲကဲ့သို့ အာရုံ၌ ကပ်ငြိခြင်းမရှိ။


(၂) လောဘမှာ အိုးကင်းပူ၍ထည့်လိုက်သော သားတစ်ကဲ့သို့ အာရုံ၌ ကပ်ငြိ၏။

သားတစ်သည် အားပျော့၍အိုးကင်း၌အကျမနာနိုင်၊ ကျောက်ခဲမှာ အားကောင်းလှ၍ အိုးကင်း၌အကျနာသည်။

တနည်းလည်း-ငါတို့အရပ်မှာလယ်ကိုဆင်ဖျက်သောအခါအချို့သော သူတို့သည် ပွဲလျက်လုံးကို သေနတ်တွင်ထည့်၍ပစ်သည်၊ မှန်ရာအရပ်တွင် မီးလောင်၍ ပွဲလျက်ကုန်သည်တိုင်အောင် လောင်လေ၏၊ အချို့ကား ခဲလုံးကိုထည့်၍ပစ်သည်၊ ပွဲလျက်လုံးနှင့်လောဘ, ခဲလုံးနှင့်ဆန္ဒတူသည် ဟူ၍ မုံရွာမြို့ လယ်တီဆရာတော်ဘုရား ဖြေဆိုလိုက်သည်။

ပဉ္စမပုစ္ဆာအဖြေပြီး၏။

ဦးရောင်နီပုစ္ဆာ ၅-ချက်အဖြေပြီး၏။



# ဦးရောင်နီဒုတိယပုစ္ဆာ ၄-ချက်အဖြေ

## စိတ္တဇကလာပ် ၈-စည်းဖြစ်ပုံ

ဆရာတုံးရွာနေ ဒကာ-မောင်ရောင်နီ ဒုတိယ လျှောက်ချက်ပုစ္ဆာ ၄ ရပ်တွင်—

၁။ "စိတ္တဇကလာပ် ၆-စည်းတို့သည် တပြိုင်နက်အားဖြင့် အရေအတွက်မရှိဖြစ်ကုန်မည်၊ သို့တည်းမဟုတ် သုံးစည်း, လေးစည်းတို့သည်သာ တပြိုင်နက်အားဖြင့်အရေအတွက်မရှိဖြစ်ကုန်မည်၊ သို့တည်းမဟုတ် တစည်းတစည်းသာ အရေအတွက်မရှိဖြစ်ကုန်မည်"ဟူသော ပဌမပုစ္ဆာ၌—

စိတ္တဇကလာပ်တို့သည် သင်္ဂြိုဟ်၌ဆိုတိုင်း ၆-စည်းသာရှိသည် မဟုတ်ကုန်၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ပဋိစ္စသမုပ္ပါဒနိဒ္ဒေသတို့၌ စိတ္တဇသဒ္ဒနဝက ကလာပ်ဟူ၍ လာသည်၊ ထိုကလာပ်လာသဖြင့်လည်း လဟုတာဒိတ္တယနှင့်တကွ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်ကိုလည်းသိအပ်တော့သည်၊ ထို့ကြောင့် စိတ္တဇကလာပ်တို့သည် ၈-စည်းရှိကုန်သည်ဟု မှတ်ရမည်။

(၁) ဤကလာပ် ၂-စည်းတို့ကိုကား အကွဲရာလည်းမပြီ၊ အနက်လည်းမရ၊ အလိုဆန္ဒအဓိပ္ပါယ်နှင့်လည်းမယှဉ်သော ငိုခြင်း, ရိုက်ခြင်း, ရယ်ခြင်း, သမ်းခြင်း, ချေခြင်း, ချောင်းဆိုးခြင်း, ကြုံးလိုးခြင်း, အော့အန်ခြင်း, တုန်ချားဖျားရှဲညည်းခြင်းစသော စိတ္တဇအသံနှင့်ယှဉ်သောအရာတို့၌ ရအပ်ကုန်၏။

(၂) ဝစီဝိညတ်ပါသော စိတ္တဇကလာပ် ၂-စည်းတို့ကိုကား အကွဲရာပီသ၍ အနက်အဓိပ္ပါယ်နှင့်ယှဉ်သော စကားသံတို့၌ ရအပ်ကုန်၏ဟု မှတ်ရမည်။

ကာယဝိညတ်နှင့် ဝစီဝိညတ်တို့သည် တခုသောဇောဝီထိဖြင့် တပြိုင်နက်မဖြစ်မကြောင်းကိုဝိနည်းဋီကာတို့၌လာသည်၊လဟုတာဒိတ္တယတို့သည် ဓာတ် ၄-ပါးညီညွတ်သောကိုယ်အင်္ဂါတို့၌သာဖြစ်ကုန်သည်၊ ဓာတ်၄-ပါးမညီမညွတ်သော ကိုယ်အင်္ဂါတို့၌မဖြစ်ကုန်၊ သို့ဖြစ်၍ဝိညတ်ဒွေး-သဒ္ဒရုပ်မပါသောကလာပ် ၂-စည်း, ကာယဝိညတ်ပါသော ကာယဒွါရကလာပ်

၂-စည်း, ဝစီဝိညတ်ပါသော ဝစီဒွါရကလာပ် ၂-စည်း, ဝစီဝိညတ်မပါသော အဗျတ္တသဒ္ဒကလာပ် ၂-စည်းဟူ၍ စိတ္တဇကလာပ် ၈-စည်းရှိသည်တွင် ကိုယ်အင်္ဂါ,နှုတ်အင်္ဂါလှုပ်ရှားခြင်း ကင်းသောအခါ ပဌမကလာပ် ၂-စည်းတို့သည်သာလျှင် အရေအတွက်မရှိ ဖြစ်ကုန်သည်၊ နောက်ကလာပ် ၆-စည်းတို့သည် မဖြစ်ကုန်။

ထိုပဌမကလာပ် ၂-စည်းတို့တွင်လည်း တကိုယ်လုံး၌ ဓာတ် ၄-ပါး မညီမညွတ်သောအခါ သုဒ္ဓဋ္ဌကကလာပ်တစည်းသည်သာလျှင် အရေအတွက်မရှိဖြစ်ကုန်သည်၊ တကိုယ်လုံး၌ဓာတ် ၄-ပါး ညီညွတ်သောအခါ လဟုတာဒေကာဒသက ကလာပ်ထစည်းသည်သာ အရေအတွက်မရှိဖြစ်သည်၊ အချို့သောကိုယ်အင်္ဂါ၌ ဓာတ် ၄-ပါးမညီမညွတ်မူ၍ အချို့သော ကိုယ်အင်္ဂါ၌ ဓာတ်လေးပါးညီညွတ်သောအခါ မညီမညွတ်သောကိုယ်အစိတ်၌ သုဒ္ဓဋ္ဌကကလာပ်, ညီညွတ်သော ကိုယ်အစိတ်၌ လဟုတာဒေကာဒသက ကလာပ်ဟူ၍ ပဌမကလာပ် ၂-စည်းတို့သည် တခုသောအစိတ်ဖြင့် အရေအတွက် မရှိဖြစ်ကုန်သည်။

> [ဤကား ကိုယ်အင်္ဂါ, နှုတ်အင်္ဂါလှုပ်ရှားခြင်း ကင်းသော အခါ၌ရထိုက်သော စိတ္တဇကာလာပ် ၂-စည်းတို့ဖြစ်ပုံ အထူးအပြားတည်း-တရပ်။]

ကိုယ်အင်္ဂါလှုပ်ရှားသောအခါ သည်လည်း တကိုယ်လုံး လှုပ်ရှားသောအခါ, တစိတ်တပိုင်းတွင် လှုပ်ရှားသောအခါဟူ၍ ၂-ပါးရှိသည်၊ ထိုတွင် တကိုယ်လုံးချီ၍ လှုပ်ရှားသောအခါ တကိုယ်လုံး၌ ကာယဝိညတ်နှင့်တကွသော ကာယဒွါရကလာပ် ၂-စည်းတို့သည် သာလျှင် အရေအတွက်မရှိ ဖြစ်ကုန်သည်၊ ထိုနှစ်စည်းတို့တွင်လည်း ကိုယ်မခံ့ကျန်းဘဲ လှုပ်ရှားရသောအခါ ကာယဝိညတ္တိနဝကကလာပ်, ခံ့ခံ့ကျန်းကျန်းလှုပ်ရှားရသောအခါ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်။

ဤတကိုယ်လုံးချီ၍ လှုပ်ရှားရာ၌လည်း အလယ်ကိုယ်ထယ်ကိုချီသော ဝိထိတွေလည်းတခြား၊ ဦးခေါင်းအင်္ဂါကိုချီသော ဝိထိတွေလည်းတခြား၊ လကျာမောင်းကို, လကျာလက်ကို၊ လက်ဝဲမောင်းကို, လက်ဝဲလက်ကို၊ လကျာပေါင်ကို, လကျာခြေကို၊ လက်ဝဲပေါင်ကို, လက်ဝဲခြေကို

ရှိသောဝီထိတွေလည်းတခြား၊ တစိတ်တပိုင်းတွင် လှုပ်ရှားသောအခါ မလှုပ်ရှားသော အပိုင်းအစိတ်၌ ပဉ္စမကလာပ်နှစ်စည်း၊ လှုပ်ရှားသော အပိုင်းအစိတ်၌ ကာယဒွါရကလာပ် ၂-စည်း။

မလှုပ်ရှားသော အပိုင်းအစိတ်မှာလည်း ခေတ်ညီညွတ်သောအစိတ်, ခေတ်မညီညွတ်သောအစိတ်၊ လှုပ်ရှားသော အပိုင်းမှာလည်း ခေတ်ညီညွတ်သောအစိတ်, ခေတ်မညီညွတ်သောအစိတ်ဟူ၍ ခွဲလေ။

[ဤကား စိတ္တဇကလာပ် ၂-စည်းသော်၎င်း, ၃-စည်းသော်၎င်း,၄-စည်းသော်၎င်း ပြိုင်ပုံ—တရပ်။]

နှုတ်အင်္ဂါ လှုပ်ရှားသောအခါသည်လည်း စကားဖြစ်အောင် အားထုတ်၍ အက္ခရာပီသအောင်လှုပ်ရှားသောအခါ, မပီမသသောအခါဟူ၍ ၂-ပါး၊ ထိုတွင် ပီသသောအခါ၌ အက္ခရာဖြစ်ရာ ရင်, လည်ချောင်း, အာစောက်,အာခေါင်,သွား,နှုတ်ခမ်း,နှာခေါင်းဟူသောဌာန် ၇-ပါးတို့၌ အက္ခရာ အားလျော်စွာဖြစ်သော ဝစီဒွါရကလာပ် ၂-စည်းနှင့် တကွ တကိုယ်လုံး၌ဖြစ်သော ပဉ္စမကလာပ် ၂-စည်း၊ နှစ်ဌာန၌ပင် ခံ့ကျန်းသည်,မခံ့ကျန်းသည် ခွဲလေဦး။

[ဤသည်လည်း စိတ္တဇကလာပ် ၂-စည်းသော်၎င်း, ၃-စည်းသော်၎င်း, ၄-စည်းသော်၎င်း ပြိုင်ပုံ-တရပ်။ ။အက္ခရာမပီသသောဝိုခြင်းစသည်တို့၌လည်း ၂-စည်း,၃-စည်း,၄-စည်းပြိုင်ပုံကို သိနိုင်လောက်ပြီ—တရပ်။]

"အက္ခရာပီပြင်အောင်ဖြစ်ရာ၌ အ,ဣ,ဥ-ဟူသော ရဿသရ ၃-လုံးကို လက်ဖျစ်တတွက်, လျှပ်တပြက်,မျက်တောင်တခတ်စီ ရွတ်ရသည်၊ က,ကိ,ကု-စသောဗျည်းနှင့်တကွသော ရဿတို့ကို လက်ဖျစ်ဟတွက်ခွဲ ရွတ်ရသည်၊ အာ, ဤ, ဦ, ဧ, အဲ, ဩ,ဪ, အို-ဟူသော မြန်မာဒီဃသရရှစ်လုံးကို လက်ဖျစ် ၂-တွက်,လျှပ် ၂-ပြက်,မျက်တောင် ၂-ခတ်ရွတ်ရသည်၊ ကာ, ကီ, ကူ, ကေ, ကဲ, ကော့,ကော်, ကို-အစရှိသော ဗျည်းနှင့်တကွသော ဒီဃသရ တို့ကိုလက်ဖျစ် ၂-တွက်ခွဲရွတ်ရသည်"—

ဟူသောသဒ္ဒါကျမ်းစကားများသည် အဋ္ဌကထာ, ဋီကာတို့နှင့်လည်း ညီညွတ်သည်၊ မျက်မြင်လက်တွေ့နှင့်လည်း ကိုက်သည်၊ မျက်တောင်

တခတ်, လျှပ်တပြက်, လက်ဖျစ်တတွက်ခန့်ကာလ၌ စိတ္တက္ခဏာပေါင်း ကုဋေတသိန်းမက, ခဏငယ်ပေါင်းကုဋေသုံးသိန်းမကဖြစ်နိုင်ကြောင်းကို လည်း အဠကထာ,ဋီကာအရပ်ရပ်တို့၌လာသည်။

ကုဋေတသိန်းကိုပင် အမှန်ပြု၍ထားဦး၊ ၎င်းစိတ္တက္ခဏာပေါင်း ကုဋေ တသိန်းကိုတည်၍ သဒ္ဒရုပ်သက် ၁၇-ချက်နှင့် စားသည်ရှိသော် ကုဋေ ငါးထောင် ရှစ်ရာ ရှစ်ဆယ် နှစ်ကုဋေ, ကိုးသန်း, လေးသိန်း, တသောင်း, တထောင်, ခုနစ်ရာ့, ခြောက်ဆယ့်လေး သာသာ ရသည်၊ ထို့ကြောင့် လက်ဖျစ်တတွက်ခန့် ကာလဖြင့် အ-ဟူသော အက္ခရာတလုံး ပီပြင်အောင်ဖြစ်ရာ၌သဒ္ဒကလာပ်အဆက်ပေါင်း-ကုဋေငါးထောင်ရှစ်ရာ ရှစ်ဆယ် နှစ်ကုဋေ, ကိုးသန်း, လေးသိန်း, တသောင်း, တထောင်, ခုနစ်ရာ့, ခြောက်ဆဲ့လေးခန့်ဖြစ်မှ အ-အက္ခရာတလုံး ပီပြင်သည်ဟု မှတ်အပ်၏၊ဗျည်းနှင့် တကွသော က-ဟူသောရဿကို ရွတ်ရာ၌ ထို က-ကိုရွတ်သည်ထက် တဆခွဲတိုးလေ၊ အာ-ဟူသော ဒီဃကိုရွတ်ရာ၌ ထို့ထက် ၂-ဆ၊ ဗျည်းနှင့်တကွသော ကာ-ဟူသောဒီဃကို ရွတ်ရာ၌ ထို့ထက် ၂-ဆခွဲတိုးလေ။

ထိုမျှလောက်သော ကာလအတွင်း၌ သဒ္ဒကလာပ်ချင်း ဆက်မိ အောင်ဆက်၍ တလုံးသော အက္ခရာကိုရွတ်ရာ၌ မနောဒွါရဇောဝီထိ ပေါင်းဘယ့်လောက်များသည်၊ တခုတခုသောမနောဒွါရ်အကြားအကြား ခဏ၌ ဘဝင်ဘယ့်လောက် များမည်၊ ပဉ္စဒွါရဝီထိများလည်း ဘယ်ရွေ့ ဘယ်မျှကြားချပ်မည်၊ ထိုဘဝင်တွေ့,ပဉ္စဒွါရဝီထိတွေ ကျ၍နေစဉ်အခါ ၌ သဒ္ဒကလာပ် အစဉ်ပြတ်ခြင်းရှိဦးမည်, မရှိမည်များကို ကြံပါလေ၊ကြံပုံ ကား—

အ-အက္ခရာကို ရွတ်ခြင်းအမှု၌ ရှေးရှုအားထုတ်ခြင်း ဗျာပါရနှင့် တကွဖြစ်ကြကုန်သော မနောဒွါရဝီထိတို့၏ အကြားအကြား ဘဝင်တွေ့, ပဉ္စဒွါရဝီထိတွေ ကျ၍နေစဉ်အခါ မှာလည်း သဒ္ဒကလာပ် မပြတ်ပြီ၊ ရှေးရှေး မနောဒွါရဇောကြောင့် ဖြစ်သော ဝစီဝိညတ်နှင့်တကွသော စိတ္တဇကလာပ်တို့မှ ဆက်လက်၍ စိတ္တပစ္စယဥတုဇသဒ္ဒ ကလာပ်တို့သည် အမျှင်မပြတ်မူ၍ အဆက်ပေါင်း အရာအထောင် မကပင် ဖြစ်သင့်ကုန် သည်၊ ထိုစိတ္တပစ္စယ ဥတုဇ သဒ္ဒကလာပ်တို့မည်သည် မူလဖြစ်သော

စိတ္တဇသဒ္ဒ ကလာပ်ရင်းတို့နှင့်အသံသုတိ အဆင်းတူသာ ဖြစ်ကုန်မြဲ၊ အဆင်းကွဲမဖြစ်နိုင်ကုန်၊ ထို့ကြောင့် ဘဝင်တွေကျစဉ်, ပဋ္ဌဒွါရဝီထိ တွေကျစဉ်အခါ၌ ထိုဥတုဇသဒ္ဒကလာပ်တို့သည် အမျှင်မပြတ် မူ၍ပင် ဖြစ်ကုန်၏ဟုမှတ်။

ဝစီဝိညတ်ကို ဘွင့်ကြသော အဋ္ဌကထာ, ဋီကာ, အက္ခရာ ဖြစ်ပုံကို ပြကြသော သဒ္ဒါကျမ်းဂန်တို့၌ကား တဝီထိတည်းနှင့်ပင် အက္ခရာတလုံး ပြည့်စုံစွာ ဖြစ်သကဲ့သို့ ဆိုကြကုန်၏၊ ကြံလေ၊ ဤကားအက္ခရာ တလုံးကို ရွတ်ဆိုရာ၌ ဝစီဒွါရ ကလာပ်တွေ အကုဋေမက ဆက်နွယ် ဖြစ်ပွားပုံ တည်း၊ အမေ, အဘေ-စသောအက္ခရာ ၂-လုံးရှိသောပုဒ်ကို ရွတ်ဆိုရာ စသည်တို့၌လည်း ဝီထိများပုံကိုသိလေ၊ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်သည် အက္ခရာတလုံးကို လက်ဖျစ်တတွက်ကာလ အကုဋေမကသော မနော ဒွါရဇောတို့ဖြင့် ရွတ်ဆိုမှ ပြည့်စုံပြီးစီးသည်ကိုထောက်၍ ကြားနာသော သုဏန္တပုဂ္ဂိုလ်မှာလည်း အက္ခရာတလုံးကို ပီပီ သသ ကြားရသိရသော အခါ ဝီထိပေါင်း ဘယ်လောက်များ လိမ့်မည်ဟု နှိုင်းယှဉ်၍ကြံလေ။

ပစ္စည်းပိုင်း အဆုံးတွင်လာသော သင်္ဂြိုဟ်, ဋီကာကျော် စသည်တို့ ၌ကား လက်ဖျစ် ၂-တွက်ခွဲကာလ ရွတ်အပ်သော ဂေါသဒ္ဒါကိုကြား၍ နွားဟူသော အနက်ကို သိရာ၌ ရှေးဦးစွာ ပစ္စုပ္ပန်ဖြစ်သော ပရမတ် သဒ္ဒါကို အာရုံပြု၍ သောတဒွါရ တဝီထိ၊ ထို့နောက် ချုပ်ပြီးသော အတိတ်ပရမတ် သဒ္ဒါကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရ တဝီထိ၊ ထို့ နောက် နာမပညတ်ခေါ်သော ပညတ်သဒ္ဒါကို အာရုံပြု၍ မနောဒွါရတ ဝီထိ၊ ထို့နောက် နွားဒြဗ်ဟူသော အနက်ကိုအာရုံပြု၍ မနောဒွါရတ ဝီထိ၊ ဤသို့လျှင် ၄-ဝီထိနှင့် အနက်ကို သိနိုင်သကဲ့သို့ဆို၏၊ ယင်းကိုပင် ပြောရိုးဆိုရိုးပြုကြကုန်၏၊ လက်ဖျစ် ၂-တွက်ခွဲကာလ ရွတ်ရသောဂေါ သဒ္ဒါကို ၄-ဝီထိနှင့်ကြားခြင်း,အနက်ကိုသိခြင်းဖြစ်၏ ဟူသည်ကိုကြံလေ- တရပ်။

ဝစီဒွါရ ကလာပ် အရာ၌ လက်ဖျစ် တတွက်ခန့် ကာလ၌ပင် အကုဋေ မကအောင် ရုပ်ကလာပ် အဆက်အလက် များပုံကို ထောက်၍ ကာယဒွါရ ကလာပ်အရာ၌လည်း လက်ဖျစ်တတွက်,လျှပ်တပြက်, မျက် တောင် တခတ်ခန့် ကာလအတွင်း၌ ရုပ်ကလာပ် အဆက်များပုံကိုလည်း သိနိုင်ရာပြီ၊ အကျဉ်းမျှဆိုအံ့၊ လက်ဖျစ်တတွက်ခန့်ကာလ၌ စိတ်ပေါင်း

ကုဋေတသိန်း၊ ရုပ်အဆက်ပေါင်း ကုဋေငါးထောင့် ရှစ်ရာ့ ရှစ်ဆယ့်နှစ်ကုဋေ, ကိုးသန်း, လေးသိန်း,တသောင်း, တထောင့်,ခုနစ်ရာ,ခြောက်ဆယ့်လေးဆက် ဆက်နိုင်သည်ကို သိလင့်ဦး။

ကမ္မဇကလာပ်, စိတ္တဇကလာပ်, အာဟာရဇကလာပ်တို့ မည်သည် အဇ္ဈတ္တရုပ်သန္တာန်မှ တဆံဖျားခန့်မျှအပ၌ဖြစ်ခြင်း မရှိသည်ကိုသိလင့်ဦး။

ဝိသုဒ္ဓိမဂ်မဟာဋီကာဓာတုဝဝတ္ထာနကမ္မဋ္ဌာန်းအဖွင့်၌ "ရုပ်ကလာပ်တခု၏ပမာဏသည် ပရမာဏုမြူ တလုံးခန့်ရှိ၏" ဟူသည်ကိုလည်း သိလင့်ဦး။

ပရမာဏုမြူ ၃၆-လုံးသည် အဏုမြူတလုံး၊ အဏုမြူ ၃၆-လုံး သည် တဇ္ဇာရီမြူတလုံး၊ တဇ္ဇာရီမြူ ၃၆-လုံးသည် ရထရေဏုမြူတလုံး၊ ရထရေဏုမြူ ၃၆-လုံးသည် ကညစ်ချေးတခု၊ ကညစ်ချေး ခုနစ်ခုသည် သန်းတခု၊ သန်းခုနစ်ခုသည် မုယောစပါးတခု၊ မုယောစပါး ခုနစ်ခုသည် တလက်သစ်၊ ၁၂-သစ်သည်တထွာ၊ ၂-ထွာသည်တတောင်၊ ခုနစ်တောင်သည် တတာ၊ တာ ၂၀-သည် တဥသဘ၊ ဥသဘ ၈၀-သည် တဂါဝုတ်၊ ၄-ဂါဝုတ်လျှင် တယူဇနာဟူသော ခရီးအတွက် ပမာဏကိုလည်း သိလင့်ဦး။

လှုပ်ရှားသွားလာရာ၌ သတ္တမဇောနောင်ဖြစ်သော ကလာပ်စုသည် သာလျှင် နေရာရွေ့သည်ဟု မှတ်လင့်ဦး။

ကိုယ်အင်္ဂါကို ချိကွေးလှုပ်ရှား သွားလာပြောင်းရွေ့သောအခါ၌ မနောဒွါရ တဝီထိကြောင့်ဖြစ်သော ကာယဒွါရ ကလာပ်တို့သည် နေမြဲတိုင်း နေရာမှပရမာဏုမြူတလုံးစာဖြစ်သောကလာပ်တခုပမာဏသာရွေ့သည်၊ ထို့ထက်လွန်၍မရွေ့နိုင်၊ အကယ်၍လွန်၍ရွေ့သည်ဖြစ်အံ့၊ ရှေးဦးတည်ဖြစ်သော စိတ္တဇကလာပ်စုသည် အဇ္ဈတ္တသန္တာန်မှ လွတ်၍ဖြစ်ရာ၏၊ ထိုထိုသို့လည်း မဖြစ်ကောင်း၊ စိတ္တဇကလာပ် ရွေ့၍ဖြစ်သည်ရှိသော် ကိုယ်အင်္ဂါအလုံး၌ အလုံးစုံသော ကမ္မဇကလာပ်,ဥတုဇကလာပ်,အာဟာရဇကလာပ်တို့သည်လည်း ထိုစိတ္တဇကလာပ်ရွေ့ရာသို့ ရွေ့၍ဖြစ်ကြကုန်၏၊ စတုဇကလာပ်ဟောင်းတို့မှာမူကား ရှေးရှေးနေရာ၌သာ ချုပ်ကြကုန်၏။

ကိုယ်အင်္ဂါချိကွေးလှုပ်ရှား သွားလာပြောင်းရွေ့ခြင်း ဗျာပါရနှင့်တကွဖြစ်သော မနောဒွါရတို့၏ အကြားအကြား၌ တခြားကို အာရုံပြုသော မနောဒွါရတွေ,ဘဝင်တွေ, ပဉ္စဒွါရဝီထိတွေ ကျ၍နေစဉ် အခါ၌လည်း ထိုဗျာပါရနှင့်တကွဖြစ်သော မနောဒွါရဇောတို့ကြောင့် ဖြစ်သော ကာယ

ဝိညတ်နှင့် တကွဖြစ်သော စိတ္တဇကလာပ်တို့မှ ဆက်လက်၍ စိတ္တပစ္စယ ဥတုဇက လာပ်တို့သည် သွားခြင်း ရွေ့ ပြားခြင်း အလျှင်းမပြတ်မူ၍ အရာ အထောင် မကပင် ဖြစ်ကြကုန်သောကြောင့် တကလာပ်စာ တကလာပ် စာစီ တိုး၍တိုး၍ အဆင့်ဆင့် ရွေ့ကြကုန်၏၊ ထိုသို့ ရွေ့ပါများသဖြင့် ကလာပ် ဆက်ပေါင်း ကုဋေ ငါးဆဲ့ခုနစ်ကုဋေ, ခြောက်သန်း, တသိန်း, ရှစ်ထောင့်, နှစ်ရာ, ၂ှစ်ဆယ့်ရှစ်ဆက်ရှိသောအခါ လက်တသစ် ရွေ့၏။

ထိုလက်တသစ် ကလာပ်ပေါင်းကို ရှစ်ခုနှင့်မြှောက်၍ ကလာပ်ဆက် ပေါင်း ကုဋေလေးရာခြောက်ဆယ်, ရှစ်သန်း, ရှစ်သိန်း, ခြောက်သောင်း, ခြောက်ထောင့်, သုံးရာ့လေးဆက်ရှိသောအခါ တမိုက်ရွေ့၏၊ လက်သစ် ကလာပ်ပေါင်းကို ၁၂-ခုမြှောက်၍ ကလာပ်ဆက်ပေါင်း ကုဋေခြောက်ရာ ကိုးဆယ့်တကုဋေ,သုံးသန်း,နှစ်သိန်း,ကိုးသောင်း, ကိုးထောင့်,လေးရာ့, ငါးဆဲ့ခြောက်ဆက်ရှိသောအခါ တထွာရွေ့၏၊ "ကလာပ်ဆက်ပေါင်း" ဟု ဆိုခဲ့သောစကားရပ်တို့၌ ရှေးရှေးကလာပ်ချုပ်မှ ဖြစ်သော နောက် နောက်သော ကလာပ်စုကိုသာ ဟဆက်ယူပါ။

---

## မေးမြန်းဘွယ်

**မေး။** ဝစီဒွါရကလာပ်၌ ဆိုအပ်ပြီးသော နည်းအားဖြင့် မျက်တောင် တခတ်ခန့်ကာလ၌ ဖြစ်ထိုက်သော ကလာပ်ပေါင်း ကုဋေငါးထောင်ကျော်ကို အခွန့်ခရီးအားဖြင့် ဖြန့်လိုက်သည် ရှိသော် သုံးတောင့်ယွာခန့်ရောက်၏၊ ထိုသို့ ဖြစ်သည်ရှိသော် မျက်တောင်တခတ်ခန့်ကာလဖြင့်သုံးတောင့်ထွာခန့်ခရီးရောက် အောင် သွားနိုင်ရွေ့ နိုင်မည်လော-ဟူမူ—

**ဖြေ။** မစောဒနာသင့်၊ ဆိုခဲ့ပြီးသောအပိုင်းအခြားတို့ကို ကလာပ် ဖြစ်စဉ်အားဖြင့် ရသင့်ရောက်သင့်သောအရာကိုရည်၍သာဆိုပေသည်။

(၁) ဥဿာဟမပြုသောသူ၊

(၂) ဥဿာဟကိုပင်ပြုသော်လည်း ကိုယ်အင်္ဂါ၌ပထဝီညံ့၍ ဝါ ယောပြော့သောသူ၊

(၃) မကျန်းမမာ၍ခတ်လေးပါးမညီမညွတ်သောသူ၊

(၄) ဝန်လေးသောသူ၊

(၅) ခြေလက်စသည် ရှည်ရှည်လျားလျားမပြည့်စုံသောသူ၊

(၆) အလွန်ငယ်သော သတ္တဝါ-

စသည်တို့၌ကား သွားခြင်းအမှုကိုရှေးရှုအားထုတ်သောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောသည် အဟုန်ပြော့သည်ဖြစ်၍ မိမိမှဖြစ်သော ဥတုဇကလာပ်တို့ကို အဆက်များစွာအဟုန်နှင့်တကွ ပြေးအောင်မတတ်နိုင်၊ ထိုဥတုဇကလာပ်တို့သည် အတန်ငယ်သာ ဆက်လက်၍ကျကုန်၏၊ ပြော့လှစွာသောလေးကိုင်း၌ တပ်သောလေးညှို့၏အဟုန်သည် ပြော့လှသည်ဖြစ်၍ မြားသည်ပြော့ပြော့သွား၍ အဝေးကိုမသွား၊ အပါးအနီး၌ ကျလေသကဲ့သို့မှတ်၊ ဤသို့ ဝါယောအလွန်ပြော့ရာ၌ ရွှေ့သို့မတိုးမရွေ့သောကလာပ်တို့သာလျှင် အလွန်များကုန်၏၊ တိုးသောရွေ့သောကလာပ်နည်း၏၊ ဇာတ်အဋ္ဌကထာ၌ "တနေ့လုံးသွားမှ လက်တသစ်,လက်နှစ်သစ်သာရွေ့သည်" ဟူသောသတ္တဝါကဲ့သို့ဖြစ်၏။

လွန်စွာလည်းအားထုတ်သည်၊ တပါးဝန်လည်းမရှိ၊ အင်္ဂါလည်းပြည့်စုံသည်၊ မာလည်းမာကျန်းသည်၊ စိတ်စွမ်းလည်းထက်သည်၊ ပထဝီလည်းအားကောင်း၍ ဝါယောလည်း အလွန်သန်သည်၊ ဤကဲ့သို့သောသူဖြစ်ပေမူကား စိတ္တဇဝါယောသည် အလွန်အဟုန်အားသန်၏၊ ထိုမှဆက်၍သွားသော ဥတုဇဝါယောတို့သည်လည်း အဟုန်ပြင်းထန်ကုန်၏၊ အဆက်အလက်မဆုံးနိုင်အောင်သွားကုန်၏၊ အလောင်းတော် သိဒ္ဓတ်မင်းသား၏လေး၌ လေးကိုင်းသည်အလွန်သန်၏၊ ညှို့ဟုန်သည် အလွန်ပြင်းထန်၏၊ မြားသည် တယူဇနာတိုင်အောင်သွား၏၊ ဤအတူမှတ်။

ဤသို့ အတုမရှိသော အဟုန်နှင့် ယှဉ်ရာ၌ကား မတိုးမရွေ့သောကလာပ်ပင်မရှိ၊ အသစ်အသစ်သော ကလာပ်တို့ တိုးရုံရွေ့ရုံတွင်မျှမကအဟောင်းဖြစ်သော ရှေးရှေးသော ကလာပ်တို့လည်း ဥပါဒ်ရာအရပ်၌မချုပ်ကုန်မူ၍ ရှေးရှုရာ တရပ်တပါးသို့ ပြောင်းရွှေ့ပြီးမှချုပ်နိုင်ကုန်၏။

"ရုပ်တို့သည် ဖြစ်ရာအရပ်မှ တဆံဖျားခန့် ပြောင်းရွှေ့၍ ချုပ်ခြင်းမရှိကုန်" ဟူသောကျမ်းဂန် စကားများကို ပကတိအခါကို ရည်၍ဆိုသည်၊ အဘိညာဏ်ဖြင့်အလျင်အမြန် သွားရာ၌ အရပ်တပါးသို့ရောက်မှချုပ်ကြောင်းကို အဆိုရှိသည်ပင်၊ နေမင်းကိုလိုက်သော ဇဝနဟင်္သာမင်းတို့၏သွားခြင်း၊ စကြာမင်းတို့၏ လေးကျွန်းကို လှည့်လည်၍ နံနက်စာစားမှီပြန်နိုင်သော ဆင်ရတနာ, သိန္ဓော်မြင်း ရတနာတို့၏ သွားခြင်းကဲ့သို့မှတ်။

တန်းခိုး အဘိညာဏ်ရသော ရသေ့, ရဟန်း, နတ်ဗြဟ္မာတို့၏လျင်မြန်စွာ သွားခြင်းများ၌ကား ဥပါဒ်သောရုပ်တို့သည် သတ္တရသာယုက မစေ့ကုန်မီ တယူဇနာလည်း ရောက်နိုင်၏၊ ၂-ယူဇနာ, ဆယ်ယူဇနာ, ယူဇနာတရာ, တထောင်, တသောင်း, တသိန်းလည်း ရောက်နိုင်၏၊ ထို့ထက်အလွန်လည်း ရောက်နိုင်၏၊ ဤသို့ရောက်ရာ၌ စိတ္တဇဝါဓာတ်ယော လွန်သော ရုပ်ကလာပ်တို့သည် ရုပ်ဟောင်းတို့ကိုပါအောင် ဆောင်ကြဉ်း၍သွားကုန်၏၊ ရောက်ရာမှ သတ္တရသာယုက စေ့၍ ချုပ်ရကုန်၏၊ ဤကားအလွန်တည်း၊ ဤအလွန်နှင့် ယခင်ဆိုခဲ့သော''တနေ့လုံးမှ လက်တသစ်သာသွားသည်''ဟူသော အယုတ်အညံ့ဆုံးကို အစွန်း ၂-ခုထား၍ အလယ်၌အနေး အဆင့်ဆင့်, အမြန်အဆင့်ဆင့်တို့ကို ဝေဘန်၍ ကြည့်လေ–တရပ်။

---

### မေးမြန်းဘွယ်

**မေး။** ''ဝိညတ်ဒွေးသည်ပြိုင်၍မဖြစ်ကောင်း''ဟူရာ၌ အဘယ့်ကြောင့် မဖြစ်ကောင်းဘဲ ရှိပါအံ့နည်း၊ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း စကားပြောဆို ကြသည်မဟုတ်လော၊ စကားပြောစဉ်လည်း မေးလှုပ်ရသည်, လျှာနှုတ်ခမ်း လှုပ်ရသည် မဟုတ်လော ဟူမူ–

**ဖြေ။** ဟုတ်ပါ၏၊ ဟုတ်သော်လည်း ဇောဝီထိမှာမူကား တခြားစီသာ ယူရမည်၊ ''စိတ်သည် မျက်တောင်တခတ်၌ ကုဋေ တသိန်းကျော် ဖြစ်နိုင်သည်''ဟူသော သဘောနှင့် ချင့်ချိန်၍ကြည့်၊ တနည်းမှာ- ဖြစ်သင့်သောအချက်၌ ဝိညတ်ဒွေးတို့သည် တခုသောစိတ်ကြောင့်ပင် ပြိုင်၍ဖြစ်ပါကုန်သေး၏ဟူသော် အဘယ်အပြစ်ရှိမည်နည်း၊ ဖြစ်သင့်သောအချက်ဟူသည်ကား တခုတည်းသော အလိုဆန္ဒကိစ္စအမှုကို ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ ၂-ပါးနှင့်တပြိုင်နက် ပြုလိုပြလိုသောအခါတည်း၊ အမှုကို တွေ့အောင်ရှာလေ။ **အလို,** အမှုကွဲရာ မပြိုင်နိုင်– တရပ်။

ပဉ္စမပုစ္ဆာအဖြေပြီး၏။

---

### ဝိဘူတနှင့် အာပါထ ထင်ခြင်းအထူး

၂။ ဒုတိယပုစ္ဆာ၌ ဝိဘူတံကိုလည်း ထင်သောဟုအနက်ပေးသည်၊ အာပါထံကိုလည်းထင်ခြင်းသို့ဟု အနက်ပေးသည်၊ အထူးကား–

ဝိဘူတသဒ္ဒါ၏အနက်ဖြစ်သော "ထင်" ဆိုသည်မှာ အညစ်အကြေးစင်သော ကောင်းကင်၌ တက်ထွန်းသော နေဝန်း, လဝန်းများကဲ့သို့ ပြက်ပြက်ကွက်ကွက်ထင်ရှားသော အာရုံကိုဆိုလိုသည်၊ ထိုသို့မထင်ရှားဘဲမှိန်လှမှုန်လှသောအာရုံကို အဝိဘူတဆိုသည်။

အာပါထသဒ္ဒါ၏အနက်ဖြစ်သော "ထင်ခြင်း"ဆိုသည်မှာ အာရုံဖြစ်သောဓါတ်၏ ဒွါရဖြစ်သောဓါတ်၌ ခိုက်တိုက်ထိပါးခြင်းကို ဆိုသည်၊ ပသာဒငါးပါး, ဘဝင်ဟူသောအကြည်ဓါတ် ခြောက်ပါး၌ ရူပါရုံစသောအာရုံခြောက်ပါး ရှိတွ်ရိပ် ဟပ်သည်ကို အာပါထထင်ခြင်းဆိုသည်၊ ထင်ရှားသည်ကိုဆိုသည်မဟုတ်၊ ထို့ကြောင့် ဝိဘူတဟူသော ထင်ရှားသောအာရုံပင်ဖြစ်စေ၊အဝိဘူတဟူသောမထင်မရှား မှုန်လှသော အာရုံပင်ဖြစ်စေ၊အကြည်ဓါတ်ခြောက်ပါး၌ အာပါထခေါ်သော ဟပ်ခြင်းသို့ ရောက်မှ ဝီထိကျနိုင်သည်၊ သိလောက်ပြီ။

ဒုတိယပုစ္ဆာအဖြေပြီး၏။

---

## ကာမပုဂ္ဂိုလ်၏ မရဏာသန္နဇောသည် ပညတ်ကိုအာရုံပြုနိုင်ပုံ

၃။ တတိယပုစ္ဆာ၌ "ကာမဘုံ၌ပဋိသန္ဓေ နေလတ္တံ့သော ကာမပုဂ္ဂိုလ်၏မရဏာသန္နဇောသည် ပညတ်ကိုအာရုံပြုနိုင်မည်,မပြုနိုင်မည်" ဟူရာ၌- မရဏာသန္နဇောဟူသော အာရုံကို နောက်အနန္တရဘဝ၌ ပဋိသန္ဓေစိတ်သည် ပရမတ္ထအစစ်ဖြစ်သော ကာမအာရုံကိုသာ အာရုံပြုနိုင်သော ကာမဝိပါက်စိတ်ဖြစ်ပေရကား ထိုပဋိသန္ဓေ ကာမဝိပါက်စိတ်နှင့် သင့်မြတ်လေအောင် မရဏာသန္နဇောသည်လည်း ပညတ်ကိုအာရုံမပြုသာ၊ကာမပရမတ်ကိုသာ အာရုံပြုရမည်ဟု ပြောရိုးဆိုရိုးရှိသည်၊ ကြံဘွယ်အထူးကား—

ဧတ္ထံ အနိစ္စတော ဒုက္ခတော၊ အနတ္တတော ဝိပဿတိ။
ကုသလေ နိရုဒ္ဓေ ဝိပါကော၊ တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ။

ဟူသောပဋ္ဌာန်းပါဠိတော်၌ ဝိပဿနာဇောနောင် တဒါရုံကျသည်ကို ဟောတော်မူသည်၊ ဝိပဿနာဇောဟူသည် အနိစ္စတော, ဒုက္ခတော, အနတ္တတောဟူသော လက္ခဏာပညတ်ကို အာရုံပြုသည်၊ ထိုသို့လက္ခဏာပညတ်ကိုအာရုံ ပြုငြားသော်လည်း ထိုလက္ခဏာပညတ်သည် ပရမတ်

ဖြစ်သောခန္ဓာကိုပင်လွှတ်၍ အသီးအခြား ယူအပ်သော ပညတ်မဟုတ်၊ ပရမတ်ဖြစ်သော ခန္ဓာတို့၌သာ ထိုခန္ဓာတို့နှင့် မကွဲမပြားပြု၍ ယူအပ်သည်။

ထို့ကြောင့် လက္ခဏာပညတ်ကို အာရုံပြုသော ဝိပဿနာဇောသည် ခန္ဓာကိုလည်း အာရုံပြုရလျက်ပင်ဖြစ်သည်၊ ထိုဇောနောင်ကျသောတဒါရုံ ကာမဝိပါက်မှာမူကား ထိုဇောပြုသော ခန္ဓာ,လက္ခဏာပညတ် ၂-ပါးတွင် လက္ခဏာပညတ်ကိုလွှတ်၍ ခန္ဓာသက်သက်ကိုသာ အာရုံပြုသည်၊ ကာမဝိပါက်ဖြစ်၍ လက္ခဏာပညတ်ကိုပင်သော်လည်း အာရုံမပြုနိုင်၊ ထိုသို့ဖြစ်သော်လည်း ဇောနှင့်တဒါရုံသည် အာရုံကွဲကြသည်ဟု မဆိုသာ၊ ဇောပြုသမျှကိုအကုန် မပြုနိုင်ရုံမျှသာရှိသည်၊ အခြားတပါးသောအာရုံကို ယူတော့သည်မဟုတ်။

ဤကဲ့သို့ပင် ကာမာဝစရဇောသည် ပရမတ္ထဓမ္မနှင့်မကွဲမပြားသကဲ့သို့ဖြစ်သော မိန်းမ, ယောက်ျား, ကွဲ့, နွား, ဆင်, မြင်း-ဟူသောပညတ်၊ အဝတ်ပုဆိုး,ရွှေအိုး, ကျောက်သံစသောပညတ်၊ ခြေလက်, ဦးခေါင်း, မျက်စိ, မျက်နှာ, နား, နားခေါင်းစသောပညတ်၊ သား,သမီး, မယား, လင် စသောပညတ်များကို အာရုံပြုရာ၌ ရူပါရုံစသော ပရမတ္ထဓမ္မတို့နှင့်တကွ ဘက်စပ်၍သာအာရုံပြုရသည်၊ ပရမတ္ထဓမ္မကိုလွှတ်၍ ပညတ်သက်သက်ကို အာရုံပြုသည်မဟုတ်။

ထိုဇောတို့ နောင်ကျသောတဒါရုံမှာမူကား ထိုဇောပြုသော ဥပါဒါပညတ်ပရမတ္ထအာရုံတို့တွင် ဥပါဒါပညတ်ကိုလွှတ်၍ အဆင်းအရောင်စသော ပရမတ္ထသက်သက်ကိုသာ အာရုံပြုသည်၊မိမိတို့သည် ကာမဝိပါက်ဖြစ်၍ ဥပါဒါပညတ်ကို အာရုံမပြုနိုင်၊ ထိုသို့ဖြစ်သော်လည်း ဇောနှင့်တဒါရုံအာရုံကွဲကြသည်မဆိုသာ၊ ဇောပြုသမျှကို အကုန်မပြုနိုင်ရုံသာရှိသည်၊ တခြားတပါးကို ပြုတော့သည်မဟုတ်၊ ထို့ကြောင့် မရဏာသန္နအခါ—

> ''နိမိတ္တဿာဒဂဂိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ အနုဗျဉ္ဇနဿာဒဂဂိတံ ဝါ၊တသ္မိံ စေ သမယေ ဘိက္ခဝေ သတ္တော ကာလင်္ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဥပပဇ္ဇေယျ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ''။

ဟူသောဒေသနာတော်မြတ်ဖြင့်''သားမယားစသည်တို့၏ တင့်တယ်သည်ဟု သာယာကြသော ကိုယ်အင်္ဂါကြီးငယ်ဟူသော နိမိတ္တပညတ်၊

ဖွဲ့ဖွဲ့နွဲ့နွဲ့ ကန္တကရပြောဆို ပြီးရယ်ခြင်းစသော အနုပျဉ္စနပညတ်များကို အာရုံပြု၍ စုတိကျခဲ့သည်ရှိသော် သေသည်၏အခြားမဲ့ဘဝ၌ တိရစ္ဆာန်သော်လည်း ဖြစ်ရမည်၊ ငရဲ၌သော်လည်းဖြစ်ရမည်"ဟု ဟောတော်မူသောကြောင့် မရဏာသန္နဇောသည် ထိုကဲ့သို့ပညတ်များကိုလည်း အာရုံပြုပါသေး၏၊ ပြုသော်လည်း အဆင်းအရောင်, အသံပလံစသော ပရမတ္ထဓမ္မကိုလွှတ်၍ ပြုသည်မဟုတ်၊ ပရမတ္ထဓမ္မနှင့် မကွဲမပြားသော အာရုံပြုသည်။

ထိုမရဏာသန္နဇောနောင်ကျသော တဒါရုံ,နောက်ဘဝ၌ ဖြစ်သော ကာမပဋိသန္ဓေတို့မှာမူကား ပညတ်ကိုလွှတ်၍ ပရမတ်အာရုံကိုသာယူကြကုန်သည်၊ ထိုသို့ယူသော်လည်း ထိုတဒါရုံ, ထိုပဋိသန္ဓေဝိပါက်တို့သည် မရဏာသန္နဇောနှင့် အာရုံကွဲသည်မဆိုသာ။ (ငါတို့သဘောကျအယူ။)

ပကတိအခါ မိန်းမ,ယောက်ျား,ကျွဲ,နွား,ဆင်,မြင်း,လက်ခြေသဏ္ဌာန်စသော သဝိညာဏက- အဝိညာဏကသမူဟပညတ်, သဏ္ဌာနပညတ်, သန္တာနပညတ်,ဒြဗ်ဝတ္ထုတို့ကိုအာရုံပြု၍ သာယာခြင်း,ပြစ်မှားခြင်းစသည်ဖြစ်၍ နေကြရာ၌လည်း ဤနည်းအတိုင်းပင်မှတ်လေ။

ဤကဲ့သို့သောအရာတို့၌ ပရမတ္ထဓမ္မကို အာရုံပြုသည်ဟုပြောသော်လည်း မိမိအာရုံပြုသော ပရမတ္ထဓမ္မ၏နက်နဲသိမ်မွေ့သော သဘောလက္ခဏာရင်းကိုထိအောင် ပြုနိုင်သည်မဟုတ်၊ အလွန်တိမ်လှစွာသော ဣဋ္ဌ, အနိဋ္ဌ, သုဘ, အသုဘအခြင်းအရာမျှကိုသာယူ၍ ပြုလေသည်၊ ထို့ကြောင့်မှ ပရမတ္ထဓမ္မကို အာရုံပြုသော်လည်း ပရမတ္ထဓမ္မကို သိသည် မဟုတ်။

တတိယပုစ္ဆာအဖြေပြီး၏။

---

## ယုံမှားခြင်း ၁၆-ပါးဖြစ်ပုံ

၄။ စတုတ္ထပုစ္ဆာ၌ ယုံမှားခြင်း ၁၆-ပါးဟူသည်ကား—

၁။ "အဟောသိ နုခေါ အဟံ အတီတမဒ္ဓါနံ"၊
ငါသည် အတိတ်အခွန့်၌ ဖြစ်ဘူးလေပြီလော။

၂။ "န နုခေါ အဟောသိ အဟံ အတီတမဒ္ဓါနံ"၊
ငါသည် အတိတ်အခွန့်၌ မဖြစ်ဘူးလေသလော။

၃။ "ကိံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ"၊
ငါသည် အတိတ်အဓွန့်၌ အဘယ်သို့ဖြစ်ဘူးလေသနည်း။

၄။ "ကထံ နုခေါ အဟောသိံ အဟံ အတီတမဒ္ဓါနံ"၊
ငါသည် အတိတ်အဓွန့်၌ အဘယ်သို့သောအခြင်းအားဖြင့် ဖြစ်ဘူးလေသနည်း။

၅။ "ကိံဟုတွာ ကိံအဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ"၊
ငါသည် အတိတ်အဓွန့်၌ အဘယ်သို့ဖြစ်ပြီးမှ အဘယ်သို့ဖြစ်ရသနည်း။

[အတိတ်အဓွန့်၌ ၅-ပါး။]

အနာဂတ်အဓွန့်ကို အာရုံပြု၍ဖြစ်သောငါးပါး၌ကား "အဟောသိံ" နေရာ၌ "ဘဝိဿာမိ" လဲ၍ ငါသည်အနာဂတ်အဓွန့်၌ ဖြစ်ရလတ္တံ့လော စသည်ဖြင့် ဆိုလေ။

[အနာဂတ်အဓွန့်၌ ၅-ပါး။]

၁။ အဟံ နုခေါသ္မိ၊ ငါဟုတ်၏လော။

၂။ နော နုခေါသ္မိ၊ ငါမဟုတ်လေသလော။

၃။ ကိံ နုခေါသ္မိ၊ ငါအသို့ဖြစ်၍နေသနည်း။

၄။ ကထံ နုခေါသ္မိ၊ ငါအဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်၍နေသနည်း။

၅။ အယံ နုခေါ သတ္တော၊ ငါသတ္တဝါကောင်ဟုတ်မည်လော။

၆။ ကုတော အာဂတော ကုဟိံ ဂါမီ ဘဝိဿတိ၊ အဘယ်ဘဝက လာ၍ အဘယ်ဘဝသို့ ဤသတ္တဝါကောင် သွားရလတ္တံ့နည်း။

[ပစ္စုပ္ပန်အဓွန့်၌ ၆-ပါး။]

ပေါင်း ယုံမှားခြင်း ၁၆-ပါးဖြစ်၏။

[ဤယုံမှားခြင်း ၁၆-ပါး၏ အသီးအသီးသော အဓိပ္ပါယ် အကျယ်ကို သုတ္တန်အဋ္ဌကထာ,သာရတ္ထဒီပနီဋီကာတို့၌ဖွင့်သည်၊ အကျိုးလည်းမရှိလွန်း၊ များလည်းများလှ၍ အကျယ်ကို မရေးလိုက်ပြီ။]

ပဋိစ္စသမုပ္ပါဒ်ကိုကောင်းကောင်းမြင်၍ အဓွန့်သုံးပါးနှင့်ပင် အတ္တ, ဇီဝ, ပုဂ္ဂလ, သတ္တ-ဟူ၍ အကြုမြူမျှမရှိ၊ ပရမတ္ထဓမ္မတို့သည်သာလျှင်

အကြောင်းကိစ္စ,အကျိုးကိစ္စနှင့် ဖြစ်ပွားဆက်နွယ်၍ အစဦမပြတ်,အမျှင်မပြတ်ရှိနေကုန်သည်ဟု ယုံကြည်စွာဆုံးဖြတ်နိုင်သောသူတို့အားယုံမှားခြင်း ၁၆-ပါးသည် မဝင်လာနိုင်။

မိမိကိုယ်ကိုသက်သက်သော နိဿတ္တ, နိဇ္ဇီဝ, ပရမတ္ထဓမ္မသန္တာန် အစည်းအစုသာဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်သော ယထာဘူတသမ္မာဒိဋ္ဌိ ဉာဏ်နှင့်လည်းအလွန်ဝေး၊ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ စသော ဒိဋ္ဌိကြီးတို့နှင့်ယှဉ်၍ ထင်မိထင်ရာ, မြင်မိမြင်ရာ-အမှားကိုပင် ပြတ်ပြတ်တောက်တောက်ဆုံးဖြတ်သော မိစ္ဆာဓိမောက္ခသို့လည်းမရောက်၊ စပ်ကြိုစပ်ကြားတွင် အတ္တာနုဒိဋ္ဌိ, အတ္တဝါဒုပါဒါန် အလွန်အားကြီးလှ၍ မောဟဝိတက်တို့ဖြင့် ကြံမိကြံရာကြံသော အန္ဓဗာလတို့အားဖြစ်လာတတ်သော ဝိစိကိစ္ဆာ ၁၆-ပါးတည်းဟု မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

ဦးရောင်နိဒုတိယပုစ္ဆာ ၄-ချက်အဖြေပြီး၏။



# သဂြိုဟ်ဆရာ,ဋီကာကျော်ဆရာတို့၏ အယူအဆိုးအဖြစ်

### သင်္ဂြိုဟ်နှင့် ဋီကာကျော်အယူမသင့်ပုံ

သဂြိုဟ်ဝီထိပိုင်း တဒါရမ္မဏနိယမ၌—

''တတ္ထာပိ သောမနဿ သဟဂတကြိယဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ၊ ဥပေက္ခာသဟဂတကြိယဇဝနာဝသာနေ စ ဥပေက္ခာသဟဂတာနေဝ ဟောန္တိ''။

ဟူသောသဂြိုဟ်စကား။

''ဒိဏ္ဏာသဝါနံ စိတ္တဝိပလ္လာသာဘာဝေန ကြိယဇဝနာနိပိ ယထာရမ္မဏမေဝ ပဝတ္တန္တီတိ ဝုတ္တံ သောမနဿသဟဂတကြိယဇဝနာဝသာနေတိအာဒိ''။

ဟူသောဋီကာကျော်စကားများ၌ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့မှာ အနိဋ္ဌကိုပင် ဣဋ္ဌ,ဣဋ္ဌကိုပင် အနိဋ္ဌဟုဘောက်လဲဘောက်ပြန်ကြံဘန်ယူစွဲတတ်သော စိတ္တဝိပလ္လာသတရားမှ ကင်းရှင်းစင်ကြယ်တော်မူကြကုန်ပြီးဖြစ်ပေ၍ ကာမကြိယာဇောကိုးခုတို့သည် ကာမဝိပါက်ကဲ့သို့ပင် အာရုံသဘောကိုသာ လိုက်လျောညီထွေဖြစ်သင့်လေရကား—

(၁) အတိဣဋ္ဌာရုံဖြစ်အံ့၊ သောမနဿကြိယာဇောငါးခုသာဖြစ်မြဲ။

(၂) ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံဖြစ်အံ့၊ ဥပေက္ခာကြိယာဇောလေးခုသာ ဖြစ်မြဲဖြစ်၏။

(၃) သောမနဿကြိယာဇောငါးခုနောင်လည်း သောမနဿတဒါရုံငါးခုသာဖြစ်မြဲ။

(၄) ဥပေက္ခာကြိယာဇော လေးခုနောင်လည်း ဥပေက္ခာတဒါရုံခြောက်ခုသာ ဖြစ်မြဲဖြစ်၏။

ဟူသော ကေန္တနိယမကို သဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့ပြကြကုန်၏၊ ထိုဆရာတို့စကားသည် သုတ္တန်အဋ္ဌကထာများနှင့်မညီ၊ သဘောသကန်အားဖြင့်လည်း မသင့်မြတ်လေ။

## သုတ္တန်ပါဠိတော်နှင့် မညီပုံ

အဘယ်သုတ္တန်ပါဠိတော်များနှင့် မညီသနည်းဟူမူ—

သော သစေ အာကင်္ခတိ ပဋိကူလေ အပဋိကူလသညီ ဝိဟရေယျန္တိ အပဋိကူလသညီ. တတ္ထ ဝိဟရတိ၊ သစေ အာကင်္ခတိ အပဋိ-ကူလေ ပဋိကူလသညီ ဝိဟရေယျန္တိ ပဋိကူလသညီ တတ္ထ ဝိဟရတိ၊ သစေ အာကင်္ခတိ ပဋိကူလေစ အပဋိကူလေစ အပဋိကူလသညီ ဝိဟ ရေယျန္တိ အပဋိကူလသညီ တတ္ထ ဝိဟရတိ၊သစေအာကင်္ခတိ ပဋိကူလေ စ အပဋိကူလေ စ တဒုဘယံ အဘိနိဝဇ္ဇေတွာ ဥပေက္ခကော ဝိဟရေ ယျံ သတော သမ္ပဇာနောတိ ဥပေက္ခကော တတ္ထ ဝိဟရတိ သတော သမ္ပဇာနော”။

ဟူ၍လာသော ပါဠိတော်များနှင့်မညီ။

**အနက်**။ ။သော၊ ထိုရဟန်းသည်။ ပဋိကူလေ၊ စက်ဆုပ်ဘွယ်ရှိသော အနိဋ္ဌာရုံ၌။ အပဋိကူလသညီ၊ စက်ဆုပ်ဘွယ်မရှိသော ဣဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေတော့အံ့။ ဣတိ၊ သို့။ **သစေအာ ကင်္ခတိ၊ အကယ်၍ အလိုရှိသည်ဖြစ်အံ့**။ **တတ္ထ**၊ ထိုအနိဋ္ဌာရုံ၌။ အပဋိ ကူလသညီ၊ ဣဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေနိုင်၏။ အပဋိကူလေ၊ စက်ဆုပ်ဘွယ်မရှိသောဣဋ္ဌာရုံ၌။ ပဋိကူလသညီ၊ စက်ဆုပ် ဘွယ် ရှိသော အနိဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေ တော့အံ့။ ဣတိ၊ သို့။ သစေအာကင်္ခတိ၊ အံ့။ တတ္ထ၊ ထိုဣဋ္ဌာရုံ၌။ ပဋိ ကူလသညီ၊ အနိဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေနိုင်၏။ (ပေးလေ။)

အဆုံးဝါကျ၌ကား— ပဋိကူလေစ၊ အနိဋ္ဌာရုံ၌၎င်း။ အပဋိကူလေစ၊ ဣဋ္ဌာရုံ၌၎င်း။ တဒုဘယံ၊ ထိုဣဋ္ဌသဘော, အနိဋ္ဌသဘော နှစ်ပါးစုံကို။ အဘိနိဝဇ္ဇေတွာ၊ လွတ်လွတ်ကြဉ်ရှောင်၍။ ဥပေက္ခကော၊ လျစ်လျူရှု၍။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာနှင့်ပြည့်စုံသည် ဖြစ်၍။ ဝိဟာရေယျံ၊ အံ့။ ဣတိ၊ သို့။ သစေ အာကင်္ခတိ၊ အံ့။ တတ္ထ၊ ထို ဣဋ္ဌာရုံ,အနိဋ္ဌာရုံ နှစ်ပါးစုံ၌။ ဥပေက္ခကော၊ ၍။ သတော၊ ၍။ သမ္ပဇာ နော၊ ၍။ ဝိဟရတိ၊ ၏။ (အဓိပ္ပါယ်ပေါ်၏။)

ဤတရားငါးပါးသည် သံပသာဒနီယသုတ်၌ အရိယိဒ္ဓိတရားငါးပါးဟု လာ၏၊ ဣန္ဒြိယဘာဝနာသုတ်၌ကား အာရုံခြောက်ပါး,ဒွါရခြောက်ပါးနှင့် အသီးအသီးခွဲ၍ ဣန္ဒြိယဘာဝနာတရား သုံးဆယ်လာ၏။

## သုတ္တန်အဋ္ဌကထာနှင့်မညီပုံ

ပဋိကူလေကို အနိဋ္ဌ, အပဋိကူလေကို ဣဋ္ဌဟု အဋ္ဌကထာဘွင့်သည်၊ ကျယ်အံ့စိုး၍ အဋ္ဌကထာကို မထုတ်လိုက်ပြီ၊ ဤသုတ္တန် ပါဠိတော်,အဋ္ဌကထာများနှင့် မညီသောကြောင့် ထိုသဂြိုဟ်စကား, ဋီကာကျော်စကားများကို အမှန်အားဖြင့်မယူသာ။

## သဘောသကန်မသင့်မြတ်ပုံ

အဘယ်သို့ သဘောသကန်အားဖြင့် မသင့်မြတ် လေသနည်း ဟူမူ– သဘောသကန် မသင့်မြတ်ပုံမှာလည်း ယခင်ပါဠိတော်အရနှင့်ပင် သိသာ ပါ၏၊ သို့သော်လည်း ထင်ရှားအောင်ဆိုလိုက်ဦးအံ့။

ဣဋ္ဌ,အနိဋ္ဌဟူသော ဝေါဟာရ၌ ကမ္ဘာ့စဉ်ဆက် သုံးဆောင်ကြသော လောကီ လူများတို့၏ နှလုံးနှင့်သင့်မြတ်သော အာရုံ ၆-ပါးသည် ဣဋ္ဌ၊ မသင့်မြတ်သောအာရုံ ၆-ပါးသည် အနိဋ္ဌဟူ၍ လောကီလူတို့ နှလုံးနှင့် သင့်မြတ်သည်, မသင့်မြတ်သည်ကို အစွဲပြု၍ဖြစ်ရင်းတည်း။

ထို့ကြောင့် အာရုံခြောက်ပါးတို့၏ ဣဋ္ဌသဘော, အနိဋ္ဌသဘောသည် အလွန်တိမ်၏၊ ပဋိသိညာဏ်စသော ကာမဝိတက်တို့ပင် ယူနိုင်ကုန်၏၊ အကန်းသက်သက်ဖြစ်သော အကုသိုလ်စိတ်, အကုသိုလ်စေတသိက်တို့ပင် ယူနိုင်ကုန်၏၊ သူငယ်တို့ပင် သိနိုင်ကုန်၏၊ ဒေသနာ ဓမ္မကို မကြားဘူး မသိဘူးကုန်သော အန္ဓပုထုဇန်တို့သည်လည်း ထိုအာရုံ ခြောက်ပါးတို့၌ နက်နဲဖုံးကွယ်၍နေသော သဘောအထူးအထွေတွေကို သက်သက် မသိ ကုန်မူ၍ တိမ်လှစွာသော ဣဋ္ဌသဘော,အနိဋ္ဌသဘောမျှကိုသာ သိသာနိုင် ကုန်၏။

ထိုသူတို့ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်, အကုသိုလ်စိတ် တို့သည် စိတ္တဝိပလ္လာသကြောင့်ရင်း, ဓာတ်ချောက်ချားခြင်းကြောင့်ရင်း, ရူးသွပ် ခြင်းကြောင့်ရင်း, ကမ္မဒေါသ- ယောနိဒေါသကြောင့်ရင်း, ဣန္ဒြေတို့၏

ဘောက်ပြန်ခြင်းသို့ ရောက်ခြင်းကြောင့်ဒင်း, ပုဗ္ဗါဘိသင်္ခါရကြောင့်ဒင်း, အကျိုးအာနိသင်ကို မြင်ခြင်းကြောင့်ဒင်း, အပြစ်ဒေါသကို မြင်းခြင်း ကြောင့်ဒင်း၊ ဤသို့ စသောအကြောင်းတို့ကြောင့် ဣဋ္ဌကိုအနိဋ္ဌ,အနိဋ္ဌကို ဣဋ္ဌပြု၍ ယူကုန်သည်။

ဝိဇ္ဇကတ် ကျမ်းဂန် တတ်ကျွမ်း လိမ်မာလှသော ပုဂ္ဂိုလ်, သင်္ခါရာ အနိစ္စာ ဒုက္ခာ-စသော ဒေသနာဓမ္မကို ကြားနာ ရဘူးသော ဉာဏ်ထက်လှသော ပုဂ္ဂိုလ်တို့၏ ဉာဏ်၌မူကား အာရုံခြောက်ပါးတို့၏ တိမ်လှစွာသော ဣဋ္ဌသဘော, အနိဋ္ဌ သဘောများသည် မပြောစ လောက် ကွယ်ပျောက်ရလေ၏။

ဝသဝတ္တီ နတ်မင်းကြီး,နတ်သ္မီး,ဘုံဗိမာန်, ပဒေသာပင်တို့၌ ရှိသော ဣဋ္ဌသဘောများသော်မှလည်း ဣဋ္ဌအနေနှင့် ခုခံ၍မနေနိုင်၊ အသုဘ သဘော, ဇေဂုစ္ဆ သဘော, ပဋိကူလ သဘော,အနိစ္စ သဘော, ဒုက္ခသဘော,ယောဂသဘော, ဂဏ္ဍသဘော, သလ္လသဘော -အစရှိသော နက်နဲဖုံးကွယ်၍ နေသော ကြောက်ဘွယ် လန့်ဘွယ် ငြီငွေ့ဘွယ်သော သဘော အထူးအထွေတို့ သည်သာလျှင် ထင်လှစွာ ပေါ်ကုန်ရကား ထို ဝသဝတ္တီနတ်မင်းကြီး,နတ်သ္မီး,ဘုံဗိမာန်, ပဒေသာပင်တို့သည် မစင် စုတွေ, ဘင်စုတွေ, ပြာပုံစုတွေ, မီးကျီးစုတွေ အနေသာ ထင်ရကုန်၏၊ ဝသဝတ္တီ နတ်မင်းကြီး စည်းစိမ်၌ သောမနဿဇော ဖြစ်ရန် အခွင့် အဘယ်မှာ ရှိနိုင်တော့အံ့နည်း၊ ကြွင်းသော နတ်စည်းစိမ်, လူ့စည်းစိမ် တို့၌ကား ဆိုဘွယ်မရှိ။

ခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေကို မြင်သောအခါ မြင်သည် နှင့် တပြိုင်နက် ထိုခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေ ဖြစ်၍နေ သော ဓာတ်စုတွေနှင့် သဝိညာဏက ဖြစ်သောလူကောင်, နတ်ကောင်, ဗြဟ္မာကောင်တွေဖြစ်၍ နေသောဓာတ်တွေကို ထပ်တူထပ်မျှ နိဿတ္တ, နိဇ္ဇီဝဟု အတပ်မြင်၍ သွားကြောင်း အလွန် ဝမ်းမြောက်ခြင်း ဖြစ် ၍သွားသောအခါ ထိုခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေ အနိဋ္ဌ သဘောများသည် အနိဋ္ဌအနေနှင့် ခုခံ၍မနေနိုင်၊ သောမနဿ ဇောတွေ သာဖြစ်လေ၏။

(၁) မေတ္တာဈာန်၌ ဝသီဘာဝ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် မိမိကို ချောက်လှန့်၍ နေသော ဘီလူးတွေ, သဘက်တွေ၌ ကြောက်ဘွယ် လန့်ဘွယ် ရှာ၍မရ၊ သောမနဿ ဈာန်ဝင်စားရန်ဘို့သာ ဖြစ်၍ကုန်သည်။

(၂) ကရုဏာဈာန်၌ ဝသီဘာဝ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ရွဲရွဲစိုကျိုက်ကျိုက် ဆူသော လူနူကြီးတွေ၌ စက်ဆုပ်ဘွယ် ရှာ၍မရ၊ သောမနဿဈာန် ဝင်စားရန်ဘို့သာ ဖြစ်၍ကုန်သည်။

(၃) အသုဘဈာန်၌ ဝသီဘာဝ ဖြစ်ပြီးသောပုဂ္ဂိုလ်သည် ဥဒ္ဓုမာတက စသော လူကောင်ပုပ်တွေ၌ လှပ်ရှားရန်ရှာ၍မရ၊ သောမနဿ ပဌမဈာန်ဝင်စားရန် ဘို့သာ ဖြစ်၍ ကုန်သည်။

(၄) စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်း၌ ဝသီဘာဝဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဝဿဝတ္တီနတ်မင်း, နတ်သွီး, ခွေးကောင်ပုပ်, လူကောင်ပုပ်, ဘီလူး, သဘက်, လူနူ, လူရွဲစသည်တို့၌ နှစ်သက်စရာ ဇာဋ္ဌ သဘောလည်း ရှာ၍မရ၊ ကြောက်စရာ လန့်စရာ စက်ဆုပ်စရာ အနိဋ္ဌသဘောလည်းရှာ၍မရ၊နိဿတ္တ,နိဇ္ဇီဝ,ဓာတုပုဉ္ဇဓာတ်မှုန့် ဓာတ်နု, ဓာတ်ခဲ, ဓာတ်ကောင် တွေသာ ဖြစ်၍ ကုန်သည်။

(၅) ပဋိကူလ ကမ္မဋ္ဌာန်း၌ ဝသီဘာဝ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည်၊ နတ်သုဓာဘုတ်နှင့် တူသောဘောဇဉ် ခဲဘွယ်တို့၌ နှစ်သက်သာယာဘွယ်ရှာ၍မရ၊ မျို၍မကျနိုင်အောင် စက်ဆုပ်ဘွယ်တွေသာ ဖြစ်၍ကုန်သည်။

ဘုံသုံးပါးကို မီးတပြောင်ပြောင် ဟုန်းဟုန်းလောင်သော နှောင်အိမ်ကြီးသုံးခုထင်၍ နေသော ဝိပဿနာယောဂီပုဂ္ဂိုလ်၌ကား ဆိုဘွယ်မရှိ၊ သို့သော်-ထိုယောဂီ ဝိပဿနာပုဂ္ဂိုလ်မှာ သောမနဿဇောပင် ဖြစ်နိုင်ရန် မရှိပြီတကား ဟူ၍ပြောအံ့၊ အလွန်ပင် ဖြစ်နိုင်ပါ၏။

ထိုစကားမှန်၏၊ အလွန် သည်းထန်စွာ ပင်ပန်းလှသော ဒုက္ခိတ သတ္တဝါ၌ ကရုဏာ ကမ္မဋ္ဌာန်းကို စီးဖြန်းသောယောဂီ, အလွန်သည်းထန်စွာ ဆိုးရွားလှသော ဥဒ္ဓုမာတက အကောင်ပုပ်၌ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းသောယောဂီ, ဘုံ ၃-ပါးကို မီးကျီးစု အနေထင်လာသော

ယောဂီ ပုဂ္ဂိုလ်တို့အား အာရုံ၏အစွမ်းဖြင့် သောမနဿ ဇောဖြစ်ခွင့် မရှိသော်လည်း မိမိသန္တာန်၌ ဘာဝနာဉာဏ် အထင်အမြင် အထူး အထူး တိုးတက်၍ တိုးတက်၍လာသော အရိပ်နိမိတ်တွေကို အစွဲ ပြု၍ အတိုင်းထက်အလွန် မွန်မြတ် ထက်သန်လှစွာသော သောမနဿ ဇောတွေသည် မိုးကြီးရွာသကဲ့သို့ ဖြစ်လေသတည်း။

သစ္စာလေးပါးကို အတပ်မြင်ပြီးသော အရိယာပုဂ္ဂိုလ်ပင်မဟုတ် ပါသေးဘဲနှင့် ပါရမီဉာဏ်စွမ်း, ဗဟုသုတဉာဏ်စွမ်း, ဘာဝနာအားအ စွမ်း, ဝိပဿနာဉာဏ်စွမ်းများနှင့်ပြည့်စုံသော ပုထုဇန်ပုဂ္ဂိုလ်တို့ပင် သော်လည်း ဉာဏ်ပညာဘာဝနာတို့၏ အစွမ်းကြောင့် ဣဋ္ဌာရုံ, အတိ ဣဋ္ဌာရုံကြီးတွေကိုပင် အနိဋ္ဌတွေဖြစ်၍ကုန်အောင် တတ်နိုင်သည်၊ အနိ ဋ္ဌာရုံ, အတိအနိဋ္ဌာရုံကြီးတွေကိုပင် ဣဋ္ဌာရုံဖြစ်၍ ကုန်အောင် တတ်နိုင် သည်။

သစ္စာလေးရပ်ကို အတပ်မြင်ပြီးသော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့မှုကား ထိုပုဂ္ဂိုလ်တို့ထက်အဆအရာအဆအထောင် မက စွမ်းနိုင်တော့သည်သာတည်း၊သို့ဖြစ်လျက် သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်း, ဝိသာခါဒါယိကာမ,သိကြားမင်းစသော အရိယာတို့သည် ဣဋ္ဌာရုံနောက်သို့လိုက်ပါ၍ ကာမဂုဏ်အရသာကို ခံစားစံစားခါ နေကြ သေးသည်မှာ—

(၁) ငါသည် အပါယ်လေးပါးမှလည်း လွတ်လေပြီ၊


(၂) လူ့ဘဝ,နတ်ဘဝတို့၌လည်း လူဆင်းရဲ,နတ်ဆင်းရဲမဖြစ်နိုင်ပြီ- ဟု ဤမျှနှင့်အားမရ၍ ရပြီးထင်ပြီးသော ဝိပဿနာဉာဏ်များကို တဘန်အားထုတ်၍ အသုံးမချခြင်းကြောင့် ဣဋ္ဌာရုံနောက်သို့ လိုက်ပါ၍ ကာမဂုဏ်အရသာများကို ခံစားစံစားခါ နေနိုင်ကြသည်။

သစ္စာလေးရပ် ကမ်းဆုံးခတ်သဖြင့် အရိယိဒ္ဓိတရားအကျဉ်းငါးပါး, အပြားသုံးဆယ်နှင့်ပြည့်စုံပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာမူကား ဣဋ္ဌနှယ်, အနိဋ္ဌနှယ်များကို အဘယ်မှုတော့အံ့နည်း၊ ဣဋ္ဌကို အနိဋ္ဌ, အနိဋ္ဌကို ဣဋ္ဌ လုပ်ချင်တိုင်း ဖြစ်တော့သည်၊ ပစ္စေကဗုဒ္ဓါ, သဗ္ဗညုဘုရားတို့၌ ပြောဘွယ်မရှိ။ ဤသို့လုပ်ချင်တိုင်းဖြစ်နိုင်သည်ကိုပင် အရိယိဒ္ဓိဂုဏ်တော်

ခေါသည်၊ ဘုရားမြတ်စွာတို့၏ ဘုန်းတော် ၆-ပါးတွင်လည်း ဣဿရိယ ဘုန်းတော်အပါအဝင်ဖြစ်သည်။ သို့ဖြစ်ပါလျက် ကြိယာဇောတို့သည် ဣဋ္ဌာရုံ,အနိဋ္ဌာရုံ အားလျော်စွာ သောမနဿ,ဥပေက္ခာဖြစ်ရမည် ဆိုကြသော သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့စကားသည် ဘုရား,ရဟန္တာတို့၏ အရိယိဒ္ဓိတန်းခိုးကြီး, ဣဿရိယဘုန်းတော်ကြီးများကို ဖျက်ဆီး၍ပစ်ဘိသည်ဟု ဆိုခွင့်ဆိုက်ချေသည်။

ထို့ကြောင့် ကာမကြိယာဇောကိုးခုတို့သည်လည်း ကုသိုလ်ဇောတို့ကဲ့သို့ပင် ဣဋ္ဌကို အနိဋ္ဌ, အနိဋ္ဌကို ဣဋ္ဌဟုယူ၍ဖြစ်ကုန်၏၊ ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံတို့၌လည်း ဥပေက္ခာကြိယာဇောကျနိုင်ကုန်၏၊ အနိဋ္ဌာရုံ, အတိအနိဋ္ဌာရုံတို့၌လည်း သောမနဿကြိယာဇော ကျနိုင်ကုန်၏၊ ဥပေက္ခာကြိယာဇောနောင်လည်း သောမနဿတဒါရုံကျနိုင်ကုန်၏၊ သောမနဿကြိယာဇောနောင်လည်း ဥပေက္ခာ တဒါရုံကျနိုင်ကုန်၏-ဟူသောသဘောအမှန်ကိုသာ သန္နိဋ္ဌာန်ကျမှတ်သားရမည်ဟု မုံရွာမြို့ လယ်တီဆရာတော်ဆုံးဖြတ်လိုက်သည်။

သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့၏ အယူအဆုံးအဖြတ်ပြီး၏။



# နာမ်ဇီဝိတိန္ဒြေ ပုစ္ဆာအဖြေ

## နာမ်ဇီဝိတိန္ဒြေသည် နာမ်ကိုသာစောင့်သလော နာမ်ရုပ်နှစ်ပါးကိုပင်စောင့်သလောဟူသော အမေးပုစ္ဆာကိုဖြေရှင်းချက်

"နာမ်ဇီဝိတိန္ဒြေသည် နာမ်ကိုသာစောင့်သလော၊ နာမ်ရုပ်နှစ်ပါး ကိုပင်စောင့်သလော"ဟူသော အမေးမှာ- နာမ်ကိုသာ စောင့်သည်ဟု မှတ်ရမည်၊ ထို့ကြောင့်ဓမ္မသင်္ဂဏီ ပါဠိတော်၌—

"ကတမံ တသ္မိံ သမယေ ဇီဝိတိန္ဒြိယံ ဟောတိ၊ယော တေသံ အရူပီနံ ဓမ္မာနံ အာယု ဌိတိ ယပနာ ယာပနာ ဣရိယနာ ဝတ္တနာ ပါလနာ ဇီဝိတံ ဇီဝိတိန္ဒြိယံ၊ ဣဒံ တံ ရူပံ ဇီဝိတိန္ဒြိယံ"။

ဟူ၍ဟောတော်မူသည်။

**အနက်**။ ။တေသံအရူပီနံ ဓမ္မာနံ၊ထိုနာမ်တရားတို့၏။ ယောအာယု။ အကြင်အသက်သည်။ ယာဌိတိ၊ အကြင်တည်ကြောင်း တရားသည်၊ ယာယပနာ၊ အကြင်မျှတကြောင်းတရားသည်။ ယာယာပနာ၊ အကြင် အခွန့်ရှည်လျားအစဉ်သွားကြောင်းတရားသည်။ ဣရိယနာ၊ဣရိယာပုထ် အခိုက်အစဉ်ရှည်ကြောင်းတရားသည်။ ဝတ္တနာ၊ ဖြစ်ကြောင်းတရားသည်။ ပါလနာ၊ စောင့်ရှောက်ပေသောတရားသည်။ ဇီဝိတံ၊ အသက်မည်သော တရားသည်။ ဇီဝိတိန္ဒြိယံ၊ အသက်ရှည်မှု၌ အစိုးရသောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣဒံတံရူပံ၊ ထိုရုပ်သည်။ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေမည်၏။

ဤပါဠိတော်၌"အရူပီနံဓမ္မာနံ"ဟူ၍နာမ်တရားတို့ကို စောင့်ကြောင်း ကိုသာ ဟောတော်မူသည်၊ အဋ္ဌကထာ၌လည်း "ယော တေသံ အရူပီနံ ဓမ္မာနန္တိ တေသံ သမ္ပယုတ္တကာနံ အရူပဓမ္မာနံ"ဟူ၍ သမ္ပယုတ်ဖြစ်သော နာမ်တရားဖြင့် ဘွင့်တော်မူသည်၊ ထို့ကြောင့် နာမ်ဇီဝိတိန္ဒြေသည် နာမ်တရားတို့ကိုသာစောင့်ပေသည်၊ ရုပ်တရားတို့ကိုစောင့်သည်မဟုတ်ဟု မှတ်ရမည်၊ လက္ခဏာမှာလည်း—

"အတ္တနာ အဝိနိဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ"။

ဟူ၍လာသည်။

**အနက်။** ။အတ္တနာ၊ မိမိနှင့်။အဝိနိဘုတ္တာနံ၊ ခွဲခြမ်း၍မရကုန်သော။ ဓမ္မာနံ၊ တို့ကို။ အနုပါလနလက္ခဏံ၊ စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။

ဆိုဘွယ်အချက်ရှိသည်ကား— သဟဇာတာနုပါလနေ၊ သဟဇာတ် တရားတို့ကို အစဉ်စောင့်ခြင်းကိစ္စ၌။ အာဓိပစ္စယောဂေန၊ အစိုးရခြင်း ကိစ္စနှင့်ယှဉ်ခြင်းကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ဣတိ၊ ကြောင့်။ ဇီဝိတိန္ဒြိယံ၊ မည်၏။-ဟု သဟဇာတ်တရားတို့ကိုဆိုပါသည်၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တရားတို့သည်လည်း သဟဇာတ်ပင်ဖြစ်ပါကုန်သည်— တရပ်။

''ယထာသကံ ပစ္စယုပ္ပန္နေ စ ဓမ္မေ ပါလေတိ၊ဓာတိ ဝိယ ကုမာရံ''။

ဟူ၍လည်း အဋ္ဌကထာမှာဆိုပါသည်။

**အနက်။** ။ယထာကကံ၊ အကြင်အကြင်မိမိတို့၏ဥစ္စာဖြစ်ကုန်သော။ ပစ္စယုပ္ပန္နေစဓမ္မေ၊ ပစ္စယုပ္ပန်တရားတို့ကိုလည်း။ ပါလေတိ၊ စောင့်ပေ၏။ ဓာတိ၊ အထိန်းသည်။ ကုမာရံ၊ မင်းသားကို။ ပါလေတိဝိယ၊ စောင့် သကဲ့သို့တည်း။

ဤစကား၌ ရုပ်တရားတို့သည်လည်း ပစ္စယုပ္ပန်ပင် ဖြစ်လျက်ရှိပြန် ပါသည်၊ ထို့ကြောင့် ရုပ်,နာမ်တရားနှစ်ပါးကိုပင်စောင့်သည်ဟု ဆိုခွင့် ရှိပါသည်—တရပ်။

ထိုစကားရပ်စုတွင် ''ယထာသကံ ပစ္စယုပ္ပန္နေ စ ဓမ္မေ''ဟူသော ပါဌ်၌ ထိုစကားနှင့်ဆက်၍—

''န ဘင်္ဂတော ဥဒ္ဓံ ပဝတ္တယတိ၊ အတ္တနော စ ပဝတ္တယိတဗ္ဗာနဉ္စ အဘာဝါ''။

ဟု လာသည်။

**အနက်။** ။ဘင်္ဂတော၊ ဘင်မှ။ ဥဒ္ဓံ၊ အထက်၌။ နပဝတ္တယတိ၊ မဖြစ် စေမတည်စေနိုင်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ အတ္တနောစ၊ မိမိ၏ ၎င်း။ ပဝတ္တယိတဗ္ဗာနဉ္စ၊ ဖြစ်စေအပ်သောတရားတို့၏၎င်း။ အဘာဝါ၊ မရှိခြင်းကြောင့်တည်း။

ဤစကား၌ နာမ်ဇီဝိတသည် ချုပ်သည်မှနောက်၌ မစောင့်နိုင်ပြီ၊ အဘယ့်ကြောင့်နည်းဟူမူ—''ချုပ်ပြီးသည့်နောက်၌ မိမိလည်းမရှိ၊ စောင့် ရှောက်အပ်သော တရားစု၏လည်း မရှိသောကြောင့်တည်း''ဟု ဆိုသော

ကြောင့် သမ္ပယုတ်ဖြစ်သော နာမ်တရားတို့ကိုသာ ပစ္စယုပ္ပန်အရကို ယူလိုသည်၊ ရုပ်တရားတို့ကိုယူလိုသည်မှန်လျှင်"မိမိချုပ်ပြီးသောနောက်၌ သဟဇာတ်တရားစုလည်းမရှိသောကြောင့်"ဟု ဆိုခွင့်မရှိ။

နာမ်ဇီဝိတချုပ်ပြီးနောက် ထိုနာမ်ဇီဝိတနှင့် သဟဇာတ်ဖြစ်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့သည်၁၆-ချက်အသက်စေ့အောင် ကျန်ရစ်သေးသောကြောင့်တည်း၊ထို့ကြောင့်စောင့်ခြင်း-ဟူသော အနုပါလနမှုနှင့်စပ်ဆိုင်ရာဌာန၌မူကား အထက်ကထုတ်ပြခဲ့သော ဓမ္မသင်္ဂဏီပါဠိတော်ကြီးအတိုင်း သမ္ပယုတ်ဖြစ်သော နာမ်တရားစုကိုသာယူရမည်၊ ပစ္စယုပ္ပန်ဖြစ်ခါမျှသော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်များကိုမယူသင့်။

ပဋ္ဌာန်းပစ္စည်း, ပစ္စယုပ္ပန်ဆိုသည်မှာ ထိုတရားကြောင့် ဖြစ်ပေါ်လျှင် ထိုတရား၏ ပစ္စယုပ္ပန်ဟူ၍ပင်ဆိုရသည်၊ စောင့်သည်,မစောင့်သည်ကို ပမာဏပြုလိုရင်းမဟုတ်၊ ဥပမာကား-အာရုံသို့ကပ်၍ရှုခြင်းကိစ္စနှင့်ကျေးဇူးပြုသည်ကို ဈာနပစ္စည်းဆိုသည်၊ ထိုသို့ဆိုရသော်လည်း ထိုဈာနပစ္စည်းတရားတို့သည် သဟဇာတ်ရုပ်တို့ကိုအာရုံသို့ကပ်၍ရှုခြင်း ကိစ္စဖြစ်အောင်ကျေးဇူးပြုနိုင်ကြကုန်သည်မဟုတ်၊ဈာန်တရားတို့ကြောင့် ဖြစ်ပေါ်ကြလျက်ရှိကြ၍သာ သဟဇာတ်ရုပ်တရားတို့ကို ထိုဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဟုဆိုရကုန်သည်။

ဟေတုပစ္စည်း, မဂ္ဂပစ္စည်းစသည်တို့၌လည်း ဤနည်းအတူတည်း၊ ဤဥပမာကဲ့သို့ နာမ်ဇီဝိတကြောင့်ဖြစ်သော သဟဇာတ်ရုပ်တို့ကိုလည်း သိရမည်ဟု မုံရွာမြို့ လယ်တီဆရာတော် ဆုံးဖြတ်လိုက်သည်။

နာမ်ဇီဝိတိန္ဒြေပုစ္ဆာအဖြေပြီး၏။



# အနည်းငယ်မေ့လျော့ခြင်း အဆုံးအဖြတ်

## ကာမဇောအကြိမ်

မန္ဒမုဋ္ဌာယ၊ အနည်းငယ်သောမေ့ခြင်းနှင့်။ ဝါ၊ နုံ့သောမေ့ခြင်းနှင့်။ ဝါ၊ တော်ရုံမေ့ခြင်းနှင့်။ သဒ္ဓိံ၊ တပေါင်းတည်း။ သဗ္ဗေ၊ ကုန်သော။ ဝိသညီဘာဝေ၊ သညာကင်းကာဖြစ်သည်တို့ကို။ ပါကတိကပဝတ္တိယာ၊ပကတိဖြစ်မြဲတိုင်းသောဖြစ်ခြင်းဖြင့်။ သင်္ဂဟေတွာ၊သဂြိုဟ်ပေါင်းရုံး သိမ်းကျုံးပြီး၍။ သတ္တက္ခတ္တုံ၊ဆက္ခတ္တုံမေဝဝါဇဝန္တိတိဣဒံ၊ ဟူသောဤစကားကို။ ဝုတ္တံ၊သဂြိုဟ်ဆရာမိန့်အပ်ပြီ။ တတ္ထ၊ထိုခုနစ်ကြိမ်, ခြောက်ကြိမ်နှစ်မျိုးတို့တွင်။ သုဒ္ဓပကတိကာနံ၊ သက်သက်သော ပကတိအတိုင်းဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား။သတ္တက္ခတ္တုံ၊ခုနစ်ကြိမ်။ ဇဝန္တိ၊စောကြကုန်၏။ မန္ဒမုဋ္ဌတဝိသညီနံ၊ တော်ရုံမေ့၍နေသောပုဂ္ဂိုလ်,ပကတိသညာကင်းလွတ်သောပုဂ္ဂိုလ်တို့အား။ ဆက္ခတ္တုံမေဝဝါ၊ ခြောက်ကြိမ်သာလျှင်လည်း။ ဇဝန္တိ၊ စောကြကုန်၏။ ဣတိဣဒံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ မရဏကာလာဒီသုတိ ဧတ္ထ၊ ၌။ အာဒိသဒ္ဒေန၊ ဖြင့်။ တိဗ္ဗမုဋ္ဌာကာလံ၊ အလွန်အမင်းအပြင်းအပြ မေ့ကြီးမေ့ကြသောကာလကို။ သင်္ဂဏှာတိ၊ သဂြိုဟ်ပေါင်းရုံးသိမ်းကျုံးဆွဲယူ၏။ ဣတိ၊ သို့။မန္ဒမုဋ္ဌာ,တိဗ္ဗမုဋ္ဌာဟု ၂-ခုခွဲပြီးမှ တိဗ္ဗမုဋ္ဌာကိုသာယူသည်ရှိသော်။ ယုတ္တံ၊မုဋ္ဌာကာလ၌ ခြောက်ကြိမ်ကျ၏-ဟူသော အောက်စကားနှင့်ဆန့်ကျင်ခြင်းမရှိ၍ သင့်မြတ်ဘိ၏။

မန္ဒမုဋ္ဌာ,တိဗ္ဗမုဋ္ဌာဟု မုဋ္ဌာကာလနှစ်ပါးခွဲပြီး၍ မန္ဒမုဋ္ဌာကာလ၌ ခြောက်ကြိမ်,တိဗ္ဗမုဋ္ဌာကာလ၌ငါးကြိမ်ဟု ယူပြီးလျှင် မန္ဒမုဋ္ဌာကာလကို ခြောက်ကြိမ်ကျ၏ဟူသော အောက်စကားရပ်၌သွင်း၊တိဗ္ဗမုဋ္ဌာကာလကို ငါးကြိမ်ကျ၏ဟူသော ဤစကားရပ်၌သွင်းသော် ရှေ့နောက်ဆန့်ကျင်ခြင်းမရှိ၊ အလွန်တရာသင့်မြတ်ပါ၏ ဟူလို။

လဟုကပဝတ္တိပိ၊ လျင်မြန်စွာဖြစ်ခြင်းသည်လည်း။ဗုဒ္ဓါနဉ္စ၊ တို့၏ငင်း။ အဂ္ဂသာဝကာနဉ္စ၊တို့၏ငင်း။ မဟာသာဝကာနဉ္စ၊တို့၏ငင်း။ ပကတိသာဝကာနဉ္စ၊တို့၏ငင်း။ဝသေန၊ ဖြင့်။ စတုဗ္ဗိဓာ၊ လေးမျိုးပြား၏။တတ္ထ၊တို့တွင်။ ဗုဒ္ဓါနံ၊ တို့၏။ လဟုကပဝတ္တိယံ၊ လျင်မြန်စွာဖြစ်သောအခါ၌။ စတ္တာရိ ပစ္စဝေက္ခဏဇဝနာနိ၊ တို့သည်။ ဘဝန္တိ၊ ကုန်၏။ အဂ္ဂသာဝကာနံ၊ ၏။

လဟုကပဝတ္တိယံ၊ ၌။ပဉ္စပစ္စဝေက္ခဏာဇဝနာနိ၊ တို့သည်။ ဘဝန္တိ၊ ကုန်၏။ မဟာသာဝကာနံ၊ တို့၏။ လဟုကပဝတ္တိယံ၊၌။ ဆပစ္စဝေက္ခဏာဇဝနာနိ၊ တို့သည်။ ဘဝန္တိ၊ကုန်၏။ပကတိသာဝကာနံ၊တို့၏။ လဟုကပဝတ္တိယံ၊၌။ သတ္တပစ္စဝေက္ခဏာဇဝနာနိ၊တို့သည်။ ဘဝန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ယူခြင်းသည်။ယုဇ္ဇတိ၊ ယုတ္တိရှိ၏။

မြတ်စွာဘုရားအား ၄-ကြိမ်, ဝသီဘော်အနိုင်အနင်းဆုံးဖြစ်သော အဂ္ဂသာဝကအား ငါးကြိမ်, ဝသီဘော်အနိုင်အနင်းဆုံးဖြစ်သော မဟာသာဝကအား ခြောက်ကြိမ်, ပကတိသာဝကအား ခုနစ်ကြိမ်သာကျစေ၊ ဝသီဘော်မနိုင်မနင်းသည်ရှိသော် အဂ္ဂသာဝကပင်ဖြစ်သော်လည်း ခြောက်ကြိမ်, ခုနစ်ကြိမ်ကျသေး၏၊ မဟာသာဝကပင်ဖြစ်သော်လည်း ခုနစ်ကြိမ်ကျသေး၏-ဟူလို။

အပိစ၊ ဆိုရန်မကြွင်းအကုန်လင်းဦးအံ့။ ဘဂဝတော၊ပ။ပဝတ္တိယန္တိ၊ ၍။ ဇုတ္တတ္တာ၊ ဆိုခဲ့ပေသည်၏အဖြစ်ကြောင့်။ ဘဂဝတောပိ၊မြတ်စွာဘုရား၏ပင်သော်လည်း။အညကာလေသု၊ယမကပြာဋိဟာကာလမှတပါးသော ကာလတို့၌။ အလဟုကပဝတ္တိယံ၊ လျင်လျင်မြန်မြန်မဖြစ်သည်ရှိသော်။ ပဉ္စဝါ၊ ငါးကြိမ်တို့သည်ငင်း။ ဆဝါ၊ ငင်း။သတ္တဝါ၊ ငင်း။ဘဝန္တိ၊ကုန်၏။ ဣတိ၊ ဤသို့သောအဓိပ္ပါယ်သည်လည်း။သိဒ္ဓံ၊ ပြီးသည် ထင်ရှားသည်။ ဟောတိ၊ ၏။ ယမကပါဋိဟာရိယကာလာဒီသုတိတ္ထေ၊ ၌။ အာဒိသဒ္ဒေန၊ ဖြင့်။အဂ္ဂသာဝကာနံ၊တို့၏။ တာဒိသံ၊ ထိုယမကပြာဋိဟာကာလနှင့်တူသော။လဟုကပဝတ္တိကာလံ၊ လျင်လျင်မြန်မြန်ဖြစ်သောကာလကို။ သင်္ဂဏှာတိ၊သိမ်းယူ၏။

[ဤစကားရပ်ဖြင့် "ဘဂဝတောတိစ ဣဒံနိဒဿနမတ္တံ" စသော ဋီကာကျော်ကို ဘွင့်ပုံမကြိုက်၍ ပယ်လိုက်သည်။]

တသ္မာ၊ ကြောင့်။ ဘဂဝတော၊ ၏။ ယမကပါဋိဟာရိယကာလေ၊ ၌ငင်း။ အဂ္ဂသာဝကာနံ၊ ၏။ ဝေဠုပေကာဒလေ၊ ဤသို့သဘော ရှိသောအခါ ၌ငင်း။ လဟုကပဝတ္တိယံ၊ သော်။ စတ္တာရိပစ္စဝေက္ခဏစိတ္တာနိဝါ၊ ပစ္စဝေက္ခဏာဇောစိတ် လေးကြိမ်တို့သည်ငင်း။ ပဉ္စပစ္စဝေက္ခဏစိတ္တာနိဝါ၊ တို့သည်ငင်း။ ဘဝန္တိ၊ ၏။ ဣတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဟိ၊ အကျိုးကိုဆိုဦးအံ့။ ဝေံသတိ၊ ဤသို့မှတ်ယူသည်ရှိသော်။ အယဉ္စ၊ပ။ ကာလေတိ၊

ဟူသော။ ဣမိနာဝိသုဒ္ဓိမဂ္ဂပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာဝစနေန၊ ဤအဋ္ဌကထာစကားများနှင့်။ သမေတိ၊ အညီအမျှနှိုးနှောကြ၍ တကွဖြစ်၏။

စ၊ ဆက်ဦးအံ့။ မတ္တကပတ္တာ၊အထွတ်အထိပ်သို့ရောက်သော။ အယံဝသိတာ၊ ဤဝသီဘော်နိုင်နင်းခြင်းကို။ ဘဂဝတော၊ ၏။ ယမကပါဋိဟာရိယကာလေဝါ၊ ယမကပ္ပါဋိဟာပြသော ကာလ၌ငှင်း။ အဩသံ၊ကိုယ်တော်မြတ်မှတပါး အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အစရှိသောပုဂ္ဂိုလ်တို့၏။ ဧဝရူပေကာလေဝါ၊ ဤသို့သဘောရှိသော ကာလ၌ငှင်း။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

---

## ဝိထိလက်ရိုးဆရာဝါဒ

ဇတရပတိ ပန အာစရိယာ၊ ယခုကာလနောက်ပေါ်ဝိထိလက်ရိုးဆရာစသည်တို့သည်ကား။ ဧျာနဝီထိတော၊ မှ။ ပရံ၊ ၌။ ပစ္စဝေက္ခဏာဝီထိ၊ သို့။ ပတ္တာ၊ ရှိသော်။ နိယောဂတော၊ အမြဲနိစ္စ ဧကန္တအားဖြင့်။ ပစ္စဝေက္ခဏာဇဝနာနိ၊ တို့ကို။ စတ္တာရိဝါ၊ တို့ကိုငှင်း။ပဉ္စဝါ၊ တို့ကိုငှင်း။ ဝါစနာမဂ္ဂံ၊ ချရိုးပို့ရိုးအစဉ်ကို။ ကရောန္တိ၊ ကုန်၏။ သောပနဝါစနာမဂ္ဂေါ၊ ထိုချရိုးပို့ရိုးအစဉ်သည်ကား။ ဘဂဝတောဝါ၊ ၏ငှင်း။ အဂ္ဂသာဝကာနံဝါ၊ တို့၏ငှင်း။ ယထာဝုတ္တကာလဝိသေသမေဝ၊ အကြင်အကြင်ဆိုခဲ့ပြီးသော ယမကပြာဋိဟာကို ပြသောကာလ, တပါးသောပုဂ္ဂိုလ်တို့၏ ထိုနှင့်တူသောကာလဟုဆိုအပ်သောကာလအထူးနှစ်ပါးကိုသာလျှင်။ သင်္ဂဟေတွာ၊သိမ်းယူ၍။ တိဋ္ဌတိ၊ တည်၏။ တေသံပိ၊ ထိုဘုရားရှင်,အဂ္ဂသာဝကတို့၏ပင်သော်လည်း။ အညကာလံ၊ ဆိုခဲ့ပြီးသောကာလနှစ်ပါးမှ တပါးသော ကာလကို။ သင်္ဂဟေတွာ၊ သိမ်းယူ၍။ နတိဋ္ဌတိ၊ မတည်နိုင်။ အဩသံ၊ ဘုရားရှင်, အဂ္ဂသာဝက နှစ်ပါးတို့မှတပါးသော အလုံးစုံသော ပုဂ္ဂိုလ်တို့၏။သဗ္ဗကာလံ၊ လျင်မြန်စွာဖြစ်သောကာလ, လျင်မြန်စွာမဖြစ်သော ကာလဟုဆိုအပ်သော အလုံးစုံသောကာလကို။ သင်္ဂဟေတွာ၊ သိမ်းယူ၍။ နာပိတိဋ္ဌတိ၊ မတည်နိုင်။ ဣတိ၊ ဤသို့သော အဓိပ္ပါယ်ကို။ဒဋ္ဌဗ္ဗံ၊ နာနာကြီးမှတ်အပ်၏။ ။မုံရွာမြို့ လယ်တီဆရာတော် မိန့်ဆိုလိုက်သည်။

အနည်းငယ်မေ့လျော့ခြင်းအဆုံးအဖြတ်ပြီး၏။

# သတ္တမဇောအဆုံးအဖြတ်

## သတ္တမဇောကြောင့်ဖြစ်သော ဝိညာဉ်သည် စလနကိစ္စကို ပြီးစေနိုင်ကြောင်း

သတ္တမဇောကြောင့်ဖြစ်သော ဝိညာဉ်သာလျှင် စလနကိစ္စကို ပြီးစေနိုင်ကြောင်း၊ ဆဋ္ဌမ, ပဉ္စမ, စတုတ္ထ, တတိယ, ဒုတိယ, ပဌမဇောကြောင့်ဖြစ်သော ဝိညာဉ်တို့သည် သန္တာရဏ, သံထမ္ဘနကိစ္စမျှကိုသာ ပြီးစေနိုင်ကြောင်းကို ကျမ်းဂန်တို့၌ လာသောကြောင့် ရှေးဦးရှေးသော ဇောတို့ကြောင့်ဖြစ်သော ဝိညာဉ်သည် သူတပါးတို့သိဘို့မရှိသေး၊ မနောဒွါရာဝဇ္ဇန်းကြောင့်ဖြစ်သော ဝိညာဉ်မှာမူကား ဆိုဘွယ်ပင်မရှိ၊ ထို့ကြောင့် သူတပါးသိမှုဝိညာဉ်မည်သည်ဟု မယူထိုက်ပေ။

စလန-ဟူသည်ကား ရုပ်ကလာပ်တို့၏ နေရာရွေ့ခြင်းတည်း၊ သန္တာရဏ,သံထမ္ဘနဟူသည်ကား နေရာမရွေ့မီ ရုပ်ကလာပ်တို့၏ တောင့်တင်းကြံ့ခိုင်ခြင်းတည်း၊ ဤသန္တာရဏ, သံထမ္ဘနအခိုက်၌ ရုပ်ကလာပ်တို့သည် လှုပ်ရှားခြင်းပင် မရှိကုန်သေးရကား ဤသူသည် သည်လို ပြုလိုက်သည်ဟု ဝိညာဉ်ကိုသိခြင်း, သည်လိုပြုက ဘယ်အလိုတည်းဟု အလိုကိုသိခြင်းတို့သည် အဘယ်မှာရှိနိုင်ကုန်သေးအံ့နည်း။

အဋ္ဌကထာတို့၌"ဝိညာဉ်ဟူက မသိကောင်းသည်မရှိ"ဟူသော အသံကို ဆိုပေသည်ကား ယေဘုယျနည်းသာဟု ယူသင့်သတည်း၊ မနောဒွါရာဝဇ္ဇန်းကြောင့်ဖြစ်သော ဝိညာဉ်သည်ကား သူတပါးသိနိုင်မည် ဝေးလေစွ၊ သူတပါးတို့သိခြင်းမည်သည် လှုပ်ရှားခြင်းကိုမြင်ရမှ ဖြစ်နိုင်သည်၊ လူသူမနီးရာအရပ်, ကွယ်ထောင့်ရာအရပ်,ညဉ့်မှောင်မိုက်ရာအရပ်တို့၌တည်၍ လှုပ်ရှားခြင်းကို အဘယ်သူ သိနိုင်အံ့တော့နည်း၊ အဘိညာဏ် ရသော ရသေ့, ရဟန်း, နတ်, ဗြဟ္မာတို့ကိုလည်း သူတပါး ဆိုလိုသည်မဟုတ်၊ ပကတိလူတို့ကိုပင် ဆိုသတည်း။

အဓိပ္ပါယ်လိုရင်းမှုကား ကိုယ်အင်္ဂါကြီးငယ်ကို အလိုရှိရာသို့သည်ပိုးခြင်း,နှုတ်၌ဖြစ်သော သဒ္ဒါရုံအသံကို လိုရာအက္ခရာ ပီပြင်စွာဖြစ်စေနိုင်ခြင်းများသည် ဝိညာဉ်၏အစွမ်းတည်း၊ဝိညာဉ်မပါလျှင် လိုရာသို့လည်း မသည်ပိုးနိုင်၊ ရောက်ချင်ရာ ရောက်၍သွားမည်၊ လိုရာအက္ခရာလည်းမဖြစ်ရာ၊ဖြစ်ချင်ရာရာ အသံ သာမညသာဖြစ်မည်၊ သန်း, ကြမ်းပိုး,ဖြုတ်,ခြင်, ယင်မှ

စ၍ အလုံးစုံသောကုန်းသတ္တဝါ, ရေသတ္တဝါ, ကောင်းကင်ပျံသတ္တဝါတို့၌ ပင် ကိုယ်အင်္ဂါကြီးငယ်ကိုလိုရာသို့ သည့်ပိုးနိုင်ခြင်းများလည်း ဝိညတ်ပင် တည်း၊ ကိုယ်အင်္ဂါကြီးငယ်တို့ကို လိုရာသို့သည်ပိုး လှုပ်ရှားစေခြင်း, နှုတ် ၌ဖြစ်သော အသံကို လိုရာအက္ခရာပုဒ်ဗျည်း အမူအရာအထွေအထူး ဖြစ် စေခြင်း များကို မြင်အောင်ကြံလေ။

## ဝိရတီမယှဉ်ရာ ဘုံနှင့်စိတ်

ဝိရတီအရာ၌ ဝိရမိတဗ္ဗဝတ္ထု, ဝီတက္ကမိတဗ္ဗဝတ္ထုဟူ၍ နှစ်ထွေပင်ရှိ သည်၊ ကြဉ်ရှောင်အပ်သော ပါဏာတိပါတစေတနာစသော ဒုဿီလတို့ ကို ဝိရမိတဗ္ဗဝတ္ထုခေါ်သည်၊ သူတပါးဇီဝိတိန္ဒြေ,ဥစ္စာဘဏ္ဍာစသည်တို့ ကို ဝီတိက္ကမိတဗ္ဗဝတ္ထုခေါ်သည်၊ ဝိရတီတို့သည် ဝီတိက္ကမိတဗ္ဗဝတ္ထုတို့ကို အာရုံပြုကုန်၍ ဝိရမိတဗ္ဗဝတ္ထုတို့မှ ကြဉ်ရှောင်ကုန်သည်၊ ရဟန္တာပုဂ္ဂိုလ် တို့၌ ဝိရမိတဗ္ဗဝတ္ထုခေါ်သော အကုသိုလ်ဓမ္မဝေရတရားမရှိသောကြောင့် မဟာကြိယာစိတ်၌ ဝိရတီမယှဉ်သည်၊ လူသေက္ခတို့၌ကား ဝေရအစစ် ကြီးပင်မရှိသော်လည်း ဝေရအလားတူ ကာယဒုစ္စရိတမတ္တ, ဝစီဒုစ္စရိတ မတ္တ ရှိသောကြောင့် လူသေက္ခတို့၏ မဟာကုသိုလ်စိတ်၌ ဝိရတီယှဉ်နိုင် ပြန်သည်၊ "တာဝတိံသာမှစ၍ အထက်နတ်တို့၏ မဟာကုသိုလ်၌ ဝိရတီ မယှဉ်"ဟူသည်မှာ ဘုံအလေ့အားဖြင့် ပါဏာတိပါတစသော ဝိရမိတဗ္ဗ ဝေရတရားမရှိ၍ မယှဉ်သည်၊ မြောက်ကျွန်းသူတို့မှာလည်း ထို့အတူမှတ်။

ရူပ,အရူပဗြဟ္မာတို့၌ ဖြစ်သော မဟာကုသိုလ်တို့၌လည်း ဝိရတီ စေ တသိက် မယှဉ်၊ စတုမဟာရာဇ်ဘုံ,လူ့ဘုံ,အပါယ်ဘုံတို့၌သာ လောကီ ဝိရတီရှိသည်။

## မုသာဝါဒသဘော

မုသာဝါဒ စကား၌ "မုသာတိအဘူတဝတ္ထု"ဟူရာမှာ ရေကို မီးဆိုရာ သူဆိုတိုင်းမီးမဟုတ်သောကြောင့် ထိုရေသည် မဟုတ်မမှန်သောဝတ္ထုမည် သတည်း၊ မီးမဟုတ်သောထိုရေကိုပင် မီးဟုဖြစ်ရအောင် ပြောခြင်းသည် "ဘူတတော ကထနံ"မည်သတည်း၊ မုသာဝါဒစေတနာကို အဘူတဝတ္ထု မယူလင့်ဟူ၍ မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

သတ္တမဇော အဆုံးအဖြတ်ပြီး၏။

# ဇာတ,အဇာတနှစ်ပါးထင်ရှားရှိကြောင်း အဆုံးအဖြတ်

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။
ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ"။

[ဣတိဝုတ်ပါဠိတော်,ဥဒါန်းပါဠိတော်။]

**အနက်။** ။ဘိက္ခဝေ၊ တို့။ အဇာတံ၊ မဖြစ်ခြင်းသဘောသည်။ အဘူတံ၊ မပွားခြင်းသဘောသည်။ အကတံ၊ မပြုရသောသဘောသည်၊အသင်္ခတံ၊ မပြင်ဆင်ရခြင်း သဘောသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဘိက္ခဝေ၊ တို့။ အဇာတံ၊ သည်။ အဘူတံ၊ သည်။ အကတံ၊ သည်။ အသင်္ခတံ၊ သည်။ နော စေ အဘဝိဿ၊ အကယ်၍မရှိခဲ့သည်မှန်ငြားအံ့။ ဝေံသတိ၊ ဤသို့မရှိခဲ့သည်ရှိသော်။ ဇာတဿ၊ ဖြစ်ခြင်းသဘောရှိသော။ ဘူတဿ၊ ပွားခြင်းသဘောရှိသော။ ကတဿ၊ ပြုလုပ်ရခြင်းသဘောရှိသော။ သင်္ခတဿ၊ ပြင်ဆင်ရခြင်း သဘောရှိသော။ ဣမဿ၊ ဤတေဘူမက တရားစု၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းသဘောမည်သည်။ နပညာယေထ၊ ထင်ရှားမရှိလေရာ။

ဘိက္ခဝေ၊ တို့။ ယသ္မာစခေါ၊ အကြင့်ကြောင့်လျှင်။ အဇာတံ၊သည်။ အဘူတံ၊ သည်။ အကတံ၊ သည်။အသင်္ခတံ၊ သည်။ အတ္ထိ၊ ရှိ၏။တသ္မာ၊ ကြောင့်။ ဇာတဿ၊ သော။ ဘူတဿ၊ သော။ ကတဿ၊ သော။ သင်္ခတဿ၊ သော။ ဣမဿ၊ ဤတေဘူမက တရားစု၏။ နိဿရဏံ၊ သည်။ ပညာယတိ၊ ထင်ရှား၏။

---

### ဇာတ, အဇာတ နှစ်ပါး ထင်ရှားရှိပုံ

ဤလောက၌ အကြင် မြက်,သစ်ပင်တို့သည် မျိုးစေ့, မြေ, ရေအစဉ်ရှိနေခြင်းကြောင့် အစဉ်အဆက် ပေါက်ရောက် ဖြစ်ပွား၍ နေကြကုန်၏၊ ထိုမြက်,သစ်ပင်တို့သည်ပင်လျှင် မျိုးစေ့, မြေ, ရေကိုမရှိအောင်ပြုလုပ်

ခဲ့ပြန်လျှင် မပေါ်မပေါက် ကွယ်ပျောက် ကြလေကုန်၏၊ ဤသို့လျှင်ခပ်သိမ်းသော မြက်,သစ်ပင်တို့အား ပေါက်ရောက်ရန် အကြောင်း ရှိခဲ့လျှင် ပေါက်ရောက် ဖြစ်ပွားခြင်း ဟူသောဇာတ သဘောလည်း ထင်ရှားရှိ၏၊ ပေါက်ရောက်ရန် အကြောင်း ကုန်ဆုံးပြန်လျှင် မပေါက်မရောက် ကွယ်ပျောက်ကုန်ဆုံးခြင်း ဟူသော အဇာတသဘောလည်း ထင်ရှားရှိ၏။

ဤဥပမာနှင့်အတူ သတ္တဝါတို့မှာလည်း မြေနှင့်တူသော အဝိဇ္ဇာ, ရေနှင့်တူသောတဏှာ, မျိုးစေ့နှင့်တူသော ကုသိုလ်ကံ- အကုသိုလ်ကံ၊ ဤအကြောင်းတရား သုံးပါးထင်ရှား ရှိနေခဲ့သည်ရှိသော် အလုံးစုံသော တေဘူမက တရားတို့သည် အဆက်ဆက် ဖြစ်ပေါ်၍သာ နေကုန်၏၊ အကြောင်းတရား သုံးပါးကို ပယ်ရှားပစ်ခဲ့သည် ရှိသော် ထိုတေဘူမက တရားတို့သည် ဖြစ်ပေါ်ခြင်းမရှိ ကွယ်ပျောက်ကြကုန်လေ၏။

ဤသို့လျှင် တယောက် တယောက်သော သတ္တဝါ၏ သန္တာန်၌အဆက်ဆက် ဖြစ်ပွား၍နေကုန်သော တေဘူမက တရားတို့အား ဖြစ်ပွားရန် အကြောင်းငုတ်တုပ် ရှိနေခဲ့လျှင် အဆက်ဆက် ဖြစ်ပွားခြင်း ဟူသော ဇာတသဘော သည်လည်း ထင်ရှားရှိ၏၊ ဖြစ်ပွားရန် အကြောင်းစုကို အကုန်အစင်ပယ်ရှား၍ ပစ်ခဲ့ပြန်လျှင် ဖြစ်ပေါ်ခြင်းမရှိ ကွယ်ပျောက်ခြင်း ဟူသော အဇာတ သဘောလည်း ထင်ရှားရှိ၏၊ ဤသို့လျှင် ခပ်သိမ်းသော တေဘူမက တရားတို့အား ဇာတ, အဇာတသဘော ၂-ပါးထင်ရှားရှိလေသည်။

ထိုတွင် ဇာတသဘော ဆိုသည်ကား "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ။ပ။သမုဒယော ဟောတိ" ဟူသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို ဆိုသတည်း၊ အဇာတ သဘောဆိုသည်ကား "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော။ပ။နိရောဓော ဟောတိ" ဟူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုဆိုသတည်း၊ ထိုဇာတ,အဇာတသဘော ၂-ပါး ပရမတ္ထ အားဖြင့် ထင်ရှားရှိနေသည်တွင် ဇာတသဘော ထင်ရှားရှိသည်မှာဒိဋ္ဌမြက်မြင်ကဲ့သို့လူရှင်အများထင်ရှားကြ၏၊ အဇာတသဘောရှိသည်မှာမူကားလူရှင်အများမထင်ရှားကြ၊ ထို့ကြောင့်မထင်ရှားသော ထိုအဇာတသဘော၏ ပရမတ္ထအားဖြင့်တင်ရှားရှိကြောင်းကိုပြတော်မူခြင်းငှါ"အတ္ထိဘိက္ခဝေအဇာတံ အဘူတံ အကတံ အသင်္ခတံ"ဟူသော ဝါကျကိုဟောတော်မူသည်-တရပ်။

တဘန်ထိုအဇာတ သဘော၏ ပရမတ္ထအနေအားဖြင့်ထင်ရှားရှိသည် အမှန်ဖြစ်ကြောင်းကို ယုတ္တိဆောင်၍ပြခြင်းငှါ "နော စေ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိမဿ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေယျ"ဟူသော ၂-ဝါကျကို ဟောတော်မူပြန်သည်။

## ဇာတသာရှိ၍ အဇာတမရှိခဲ့သော် ဖြစ်ပွါးရန်နည်းလမ်းစု

ထို ၂-ဝါကျ၏အဓိပ္ပါယ်ကား အကယ်၍ခပ်သိမ်းသော တေဘူမက တရားတို့အား အဇာတ သဘောဟူ၍မရှိ၊ ဇာတ သဘောတခုသာရှိသည် ဖြစ်ခဲ့အံ့၊ ထိုသို့ဖြစ်ခဲ့သည်ရှိသော် အထက်၌ပြဆိုခဲ့ပြီးသော မြက်,သစ်ပင် အပေါင်းတို့အားလည်း ဇာတ သဘောတခုသာ ရှိခဲ့ရာ၏၊ အဇာတ သဘောဟူ၍မရှိခဲ့လေရာ၊ ဇမ္ဗူဒီပါမြေအပြင်၌ ပေါက်ပွါး၍နေကြသော မြက်,သစ်ပင်,ချုံနွယ်ပိတ်ပေါင်းတို့ကို တပင်တရွက်မျှ မပေါက်ရအောင် ပြုလုပ်ခြင်းငှာ မတတ်ကောင်းလေရာ၊ အဘယ့်ကြောင့်နည်းဟူမူ ဇာတသာရှိ၍ အဇာတ မရှိသောကြောင့်တည်း။

ထို့အတူ လူတို့၌ကပ်ရောက်တတ်သော ၉၈-ပါးသောရောဂါဆိုး အနာဆိုးတို့ကိုလည်း တခုသောအနာရောဂါကိုမျှ မဖြစ်ရအောင်လည်း မတတ်ကောင်း၊ ဖြစ်သည်ကို ပျောက်ငြိမ်းအောင်လည်း ပြုခြင်းငှါ မတတ်ကောင်းလေရာ။ အဘယ့်ကြောင့်နည်းဟူမူ ဇာတသာရှိ၍ အဇာတ မရှိသောကြောင့်တည်း။

ထို့အတူ ခပ်သိမ်းသောဘေးမျိုး, ခပ်သိမ်းသော အနိဋ္ဌဒုက္ခမျိုးတို့ကို တစုံတခုကိုမျှမဖြစ်ရအောင် ကြိုးဆောင်ခြင်းငှါ မတတ်ကောင်းလေရာ၊ အဘယ့်ကြောင့်နည်းဟူမူ ဇာတသာ ရှိ၍ အဇာတ မရှိသောကြောင့် တည်း။

ထို့အတူ လူတို့၏သန္တာန်တွင် အစဉ်ဖြစ်ပွါး၍နေသော လောဘ, ဒေါသ, မောဟတို့ကို တခဏ်မျှ ပယ်နိုင်သည်ဟူ၍ မရှိလေရာ၊ တထောင့်ငါးရာ ကိလေသာတို့ကို တခဏ်မျှ ပယ်နိုင်သည်ဟူ၍ မရှိလေရာ၊ ကိလေသာတို့ကို ပယ်နိုင်သည်ဟူ၍မရှိလျှင်လည်း ဒုစရိုက်ဆယ်ပါးတို့ကိုလည်း တခဏ်မျှ ပယ်နိုင်သည်ဟူ၍မရှိလေရာ၊ သေသည်၏အခြားမဲ့၌ အပါယ်

မကျရအောင် ကြိုးဆောင်နိုင်သောသူဟူ၍ မရှိလေရာ၊ ကာမတဏှာ၏ ဖြစ်ပွါးရာ၊ ကာမနယ်မှကျွတ်လွတ်အောင် ကျင့်ဆောင်နိုင်သောပုဂ္ဂိုလ် ဟူ၍မရှိလေရာ၊ ရူပတဏှာ၏ဖြစ်ပွါးရာ ရူပနယ်, အရူပ တဏှာ၏ဖြစ် ပွါးရာ အရူပနယ်မှ ကျွတ်လွတ်အောင် ကျင့်ဆောင်နိုင်သော ပုဂ္ဂိုလ် ဟူ၍မရှိလေရာ။

[ဤသည်ကား ဇာတ သာရှိ၍ အဇာတ မရှိခဲ့သော်ဖြစ်ပွါးရန် နည်းလမ်းစုကိုပြလိုက်သော အချက်စုပေတည်း။]

---

## အဇာတ သဘောကောန်ရှိပုံ

ထိုသို့ဇာတ သာရှိ၍ အဇာတ မရှိသည်မဟုတ်၊ အဇာတလည်းကောန် စင်စစ်ရှိသည်သာဖြစ်၏၊ ထိုသို့ရှိလေသောကြောင့်ပင်လျှင် ဆိုခဲ့ပြီးသော မြက်, သစ်ပင်တို့ကို မဖြစ်စေလိုသော် မဖြစ်ရအောင် ကြိုးဆောင်နိုင်၏၊ မျိုးစေ့ကိုအကုန်အစင် ဖျက်ဆီး၍ပစ်ခဲ့လျှင် ပေါက်ပွါး၍နေသော မြက် သစ်ပင်တို့အား ထိုနေရာမှတဘန်ပေါက်ပွါးခြင်းမရှိ။ အဇာတ သဘော သို့ရောက်၍ ကွယ်ပျောက်ကင်းရှင်းလေကုန်၏၊ ဖြစ်ပွါးဆဲသောအနာ ရောဂါတို့ကို အဇာတသို့ရောက်၍ လွတ်ကင်းလေအောင် ကြိုးဆောင်နိုင် ၏၊ ဖြစ်ဆဲဖြစ်လတ္တံ့သော ခပ်သိမ်းသော ဘေးမျိုး,ဒဏ်မျိုး,ဥပဒ်မျိုး, အနိဋ္ဌ ဒုက္ခမျိုးတို့ကို အဇာတသို့ရောက်၍ ပျောက်ငြိမ်းလေအောင် လွတ်ကင်းလေအောင် ကြိုးဆောင်နိုင်၏။

လူတို့သန္တာန်တွင် အစဉ်ဖြစ်ပွါး၍နေသော လောဘ,ဒေါသ,မောဟ စသောကိလေသာတို့ကိုလည်း တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေ ဒပဟာန်တို့ဖြင့် အဇာတသို့ရောက်လေအောင် ကြိုးဆောင်အားထုတ်၍ တဒင်္ဂအားဖြင့် ကျွတ်လွတ်ကြသူ, ဝိက္ခမ္ဘနအားဖြင့် ကျွတ်လွတ်ကြသူ, သမုစ္ဆေဒအားဖြင့် ကျွတ်လွတ်ကြသူ လောကဋ္ဌကိုယ်တွေ့မျက်မြင်ပင်ဖြစ် ကြ၏၊ ဒုစရိုက်ဆယ်ပါးတို့ကို အဇာတသို့ရောက်၍ ပျောက်ငြိမ်းလွတ် ကင်းလေအောင်ကျင့်ဆောင်အားထုတ်ကြ၍ လူ့ဘဝ, နတ်ဘဝသို့ရောက် ကြသော သူတို့လည်း အထင်အရှားပင် ဖြစ်၏။ ရူပဈာန်ကို ပွါး၍ ကာမနယ်မှ လွတ်ကင်း၍ ရူပဗြဟ္မာဖြစ်ကြသူ, အရူပဈာန်ကိုပွါး၍ ကာမ,ရူပနယ်မှလွတ်၍ အရူပဗြဟ္မာဖြစ်ကြသသူ, သောတာပတ္တိမဂ်ကို

ပွား၍ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို^(၂) အဇာတသို့ရောက်စေ၍^(၃) ပုထုဇန်နယ်မှ ထွက်မြောက်ကြသူ လောက၌ ထင်ကြမြင်ကြသည်သာ ဖြစ်သတည်း။

ထို့ကြောင့် အဇာတမည်သောဓာတ်တခုသည် စင်စစ်အမှန်ကေန် မုချပရမတ္ထအားဖြင့် ထင်ရှားရှိသည်သာ ဖြစ်သတည်းဟု ပြတော်မူခြင်းငှါ-

''ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ''။

ဟူသော နောက်ဝါကျကို ဟောတော်မူသည်။

ဤသို့ဟောတော်မူသော ဒေသနာဓမ္မဖြင့် တေဘူမကသင်္ခါရတရားတို့အား ဇာတ,အဇာတသဘောနှစ်ပါး ပရမတ္ထအားဖြင့် ထင်ရှားရှိမှုကို ကောင်းစွာသိအပ်သည်ဟု မုံရွာမြို့လယ်တီဆရာတော်မိန့်ဆိုတော်မူသည်။

ဇာတ,အဇာတ ၂-ပါး ထင်ရှားရှိကြောင်း အဆုံးအဖြတ်ပြီး၏။



# စံကျောင်းအဆုံးအဖြတ်

## ပရမတ်နှင့် ပညတ်အထူး

''ယသ္မိံ ဘိန္နေ ဗုဒ္ဓိယာ ဝါ အဝယဝ ဝိနိဗ္ဘောဂေ ကတေ န တံသညာ၊ သော ဃဋ ပဋာဒိ ဘေဒေါ သမ္မုတိ၊ တဗ္ဗိပရိယာယတော ပရမတ္ထော၊ န ဟိ ကက္ခဠ ဖုသနာဒိသဘာဝေ အယံ နယော လဗ္ဘတိ''။

[သီလက္ခန်ဋီကာဟောင်း, မူလပဏ္ဏာသအနုဂ်ဏ္ဍာသုတ်ဋီကာ,နိဒါန ဝဂ္ဂသံယုတ်ဋီကာ, အင်္ဂုတ္တိုရ်ဋီကာသစ်။]

''ယသ္မိံ ဘိန္နေ ဇူတရပေါဟေဝါ ဝိဗ္ဘောဂေန ကတေန တထာဗုဒ္ဓိ၊ ဇူဒံ သမ္မုတိသစ္စံ၊ ယထာဂတေ သသမ္ဘာရဇလေ စ၊ တဗ္ဗိပရိယာယေန ပရမတ္ထသစ္စန္တိ''။

[နေတ္တိဋီကာဟောင်း။]

**အနက်။** ။ယသ္မိံ ဃဋပဋာဒိဘေဒေ၊ အကြင်အိုး, ပုဆိုးအစရှိသော ဒြဗ်သဏ္ဌာန်အထူးသည်။ **ဘိန္နေ** ဝါ၊ အတည်မမြဲ ပြိုကွဲပျက်စီးပြီးသည် ရှိသော်ငင်း။ တနည်းကား—ယသ္မိံ ဃဋပဋာဒိဘေဒေ၊ ကို။ ဘိန္နေဝါ၊ ခွဲဖြို ဖျက်ဆီးအပ်ပြီးသည်ရှိသော်ငင်း။ ယသ္မိံ-ယဿဃဋပဋာဒိဘေဒဿ၊ အကြင်အိုး,ပုဆိုးအစရှိသော ဒြဗ်သဏ္ဌာန်အထူး၏။ ဝါ၊ ကို။ ဗုဒ္ဓိယာ၊ ဉာဏ်ဖြင့်။ အဝယဝဝိနိဗ္ဘောဂေ၊ အစိတ်အစိတ်ခွဲခြမ်း စိတ်ဖြာခြင်းကို။ ကတေဝါ၊ ပြုအပ်ပြီးသည်ရှိသော်ငင်း။တံသညာ၊ ထိုအိုး,ပုဆိုးအစရှိသော ဒြဗ်သဏ္ဌာန်အထူး၏ ဃဋ,ပဋအစရှိသော အမည်နာမဝေါဟာရပညတ် ဟောင်းသည်။ န၊ ပျောက်ကွယ်ပျက်စီးလေ၏။ သောဃဋပဋာဒိဘေဒေါ၊ ထိုအိုး,ပုဆိုးအစရှိသော ဒြဗ်သဏ္ဌာန်အထူးသည်။သမ္မုတိ၊ ပညတ်မည်၏။ တဗ္ဗိပရိယာယတော၊ထိုအမည်နာမဝေါဟာရပညတ်ဟောင်းပျောက်ကွယ် ပျက်စီးခြင်းတည်းဟူသော ပညတ်၏မှတ်ကြောင်း လက္ခဏာမှပြန်ဘက် အားဖြင့်။ ပဝတ္တော၊ ဖြစ်သော ကက္ခဠ,ဖုသနအစရှိသော သဘောသည်။ ပရမတ္ထော၊ ပရမတ်မည်၏။ ဟိ-သစ္စံ၊ ထိုစကားမှန်၏။ ကက္ခဠဖုသနာ ဒိသဘာဝေ၊ ခက်မာကြမ်းထမ်းခြင်း, ခိုက်တွေ့ထိပါးခြင်းအစရှိသော ပရမတ်သဘော၌။ အယံနယော၊ ဤပညတ်၌ဆိုအပ်ပြီးသောနည်းကို။ နလဗ္ဘတိ၊ မရအပ်မသိအပ်။

## ပဋ္ဌမဝိကပ် အလို

ဤဋီကာဝါကျတွင် "ယသ္မိံ ဘိန္နေ န တံသညာ"ဟူသော ပဌမ ဝိကပ်၏အလိုကား— ထင်ရှားတည်ဆဲဖြစ်သော အခြင်းအရာကို စွဲမှီ၍ ခေါ်ဝေါ်အပ်သော ဃဋ,ပဋစသော အမည်နာမသဒ္ဒပညတ်၏တည်ရာ အိုး,ပုဆိုးစသည်ဟု ဆိုအပ်သော သဏ္ဌာန်ဒြဗ်အတ္တပညတ်အထူးသည် အကြင်အခါ ဒုတ်လုံးတံဖြင့်ပုတ်ခတ်ခြင်း, မီးလောင်ခြင်းစသောအကြောင်း ကြောင့် တည်မြဲသဏ္ဌာန်မှဘောက်ပြန်ပျက်စီးခြင်းသို့ရောက်၏၊ ထိုအခါ အိုး,ပုဆိုးစသည်ဟု ဆိုအပ်သော သဏ္ဌာန်ဒြဗ်အတ္တပညတ်ဟောင်း ပျောက်ကွယ်၍ အိုးခြမ်းပြားစသည်ဟု ဆိုအပ်သောသဏ္ဌာန် ဒြဗ်အတ္တ ပညတ်သစ်ဖြစ်လျက် တည်ပြန်ရကား ဃဋ,ပဋစသောသဒ္ဒပညတ်ဟောင်း ကွယ်ပျောက်၍ ကထလ,ဆာရိကစသော သဒ္ဒပညတ်သစ်ဖြစ်လာပြန်သည် ဟူလို။

**မေး။** ယင်းသို့ဖြစ်လျှင် ပရမတ်၌လည်း ရှေး၌နုးညံ့သောရုပ်အစဉ် ဖြစ်ပြီး၍ နောက်မှကြမ်းထမ်းခက်မာသော ရုပ်အစဉ်ဖြစ် သည်၊ ရှေး၌ ချမ်းအေးသော ရုပ်အစဉ်ဖြစ်ပြီး၍ နောက်မှ ပူလောင်သော ရုပ်အစဉ်ဖြစ်သည်၊ ဤသို့ရှေးရှေးသောရုပ် အစဉ်ချုပ်ပြီး၍ သဘောမတူသော နောက်နောက်သော ရုပ်အစဉ်၏ဖြစ်ခြင်းအစဉ်အားလျော်စွာ မုဒု, ထဒ္ဓ, သီတ, ဥဏှစသော သဒ္ဒပညတ်၏ ပြောင်းရွှေ့ခြင်းကို ရအပ်လေ ရကား "ယသ္မိံ ဘိန္နေ န တံသညာ"ဟူသော ပညတ်၏ လက္ခဏာသည် မသင့်-ဟူငြားအံ့။

**ဖြေ။** သင့်သည်ပင်၊ အသို့သင့်သနည်းဟူမူ- အကြင်အပေါင်းအစု အားဖြင့် ရှေ့ခနောက်အစဉ်ဖြစ်သော အဋ္ဌကလာပ် ရုပ်အစုအစဉ်ကို အစွဲ အမှီပြု၍ မြေဟုခေါ်ဆိုအပ်သော သမူဟသဏ္ဌာန်ဒြဗ်အတ္တပညတ်သည် တည်၏၊ ယင်းအတ္တပညတ်ကိုစွဲ၍ ပထဝီဟူသော သဒ္ဒပညတ်သည်လည်း တည်၏၊ ယင်းအတ္တပညတ်,သဒ္ဒပညတ် နှစ်ပါးစုံ၏ တည်ရာ ဖြစ်သော ထိုအဋ္ဌကလာပ် ရုပ်အစု,ရုပ်အစဉ်သည်ပင် အိုးတည်းဟူသော သဏ္ဌာန် ဒြဗ်အထူးသို့ရောက်၏၊ ကွဲပြန်သည်ရှိသော် အိုးခြမ်းဟူသော သဏ္ဌာန် ဒြဗ်အထူးသို့ရောက်၏၊ ဤသို့ပညတ်၏တည်ရာမှီရာ ရုပ်ကလာပ်အစဉ်

မပြောင်းမရွေ့ မလဲမလှယ်ဘဲလျက် မြေဟူ၍ အိုးဟူ၍ အိုးခြမ်းဟူ၍ ဆိုအပ်,မနောဒွါရိကစိတ်ဖြင့်သာ သိအပ်သော သမူဟသဏ္ဌာန်ဒြဗ်အတ္ထ ပညတ်သည်လည်းကောင်း၊ ထို အတ္ထပညတ်ကိုစွဲ၍ အစဉ်အဆက် သမုတ်အပ်, မနောဒွါရိကစိတ်ဖြင့် သာသိအပ်သော ပထဝီဟူသော, ဃဋဟူသော, ကထလဟူသော သဒ္ဒပညတ် သည်လည်းကောင်း၊ ပြောင်းရွေ့ လဲလှယ်လွှဲဖယ်ဘောက်ပြန်လေကုန်သည်။

ဤသို့မှီရာဌာနနိဿယဖြစ်သော ရုပ်ကလာပ်အစဉ် မပြောင်းမရွေ့ဘဲ လျက် သဏ္ဌာန်အထူးသို့လိုက်၍ ဌာနိနိဿိတဖြစ်သော ပညတ်နှစ်ပါးတို့ ပြောင်းရွေ့သော အရာကိုရည်၍ "ယသ္မိံ ဘိန္နေ န တံသညာ"ဟူသော လက္ခဏာကို မိန့်တော်မူသည်၊ ပရမတ်၌ နိဿယပစ္စည်းဖြစ်သော မှီရာ မပြောင်းမရွေ့ဘဲလျက် နိဿိတပြောင်းရွေ့သည်မရှိ၊ ဥပါဒါပညတ်ကား အစဉ်အပေါင်းအစုကိုသာမှီသည်၊ ခဏိကအစိတ်ကိုမမှီ၊ ပရမတ်ကားခဏိက အစိတ်ကိုသာမှီသည်၊ အစဉ်အပေါင်းအစုကိုမမှီ၊ ဤသို့အသင့်ကို မှတ်ယူ အပ်၏၊ ဘိန္နေအရကိုအလိုအလျောက် ကွဲပြိုပျက်စီးသည်ကို၎င်း, တပါး သောပယောဂဖြင့် ဘောက်ပြန်သည်ကို၎င်း၊ ဝါဂွမ်းမှချည်ဖြစ်သည်, ချည် မှ ပုဆိုးဖြစ်သည်၊ ဤသို့ပြုပြင်၍ သဏ္ဌာန်အထူးသို့ ရောက်သည်ကို၎င်း, သစ်စေ့မှအညှောက်၊ အညှောက်မှအဖူး၊ အဖူးမှပင်စည်စသည်ဖြင့် အလိုအလျောက်သဏ္ဌာန်ဒြဗ်အထူးသို့ရောက်သည်ကို၎င်း ယူလေ။

---

## ဒုတိယဝိကပ်အလို

"ဗုဒ္ဓိယာ ဝါ အဝယဝဝိနိဗ္ဗောဂေ ကတေ န တံသညာ"ဟူသော ဒုတိယဝိကပ်အလိုကား— သဏ္ဌာန်ဒြဗ်မဘောက်မပြန် မပြောင်းမရွေ့ ပြကတေ့တည်မြဲတိုင်းသော လူဟူ၍ခေါ်ဝေါ်သမုတ်အပ်သော သဏ္ဌာန် ဒြဗ်အတ္ထပညတ်ကို အသိဉာဏ်ဖြင့် အစိတ်အစိတ်ခွဲခြမ်း စိတ်ဖြာသည်ရှိ သော် မနုဿဟူသော သဒ္ဒပညတ်စသည် ပျောက်လေ၏၊ အဘယ်သို့ ပျောက်သနည်း၊ ဦးခေါင်း,လက်,ခြေစသော အစိတ်အစိတ်ကို ဉာဏ်ဖြင့် အသီးထုတ်၍ ရှုသည်ရှိသော် မနုဿ-ဟူသော သဒ္ဒပညတ်၏စွဲမှီရာ အတ္ထ ပညတ်သည် ပျောက်၏၊ ဦးခေါင်း,လက်,ခြေစသော အစိတ်အစိတ်သော အပ္ပုပညတ်၌ ဉာဏ်သည်တည်၏။

ထိုတွင်လည်း မျက်စိ, နား, နှာခေါင်းစသော အစိတ်အစိတ်ကို ဉာဏ်ဖြင့် အသီးထုတ်၍ ရှုသည်ရှိသော် သိသ-ဟူသော သဒ္ဒပညတ်၏ စွဲမှီရာအတ္ထပညတ်သည် ပျောက်၏၊ မျက်စိ, နား, နှာခေါင်းစသော အစိတ်အစိတ်သော အတ္ထပညတ်၌ ဉာဏ်သည်တည်၏။

ထိုတွင်လည်း မျက်လုံးမျက်မှောင်စသော အစိတ်အစိတ်ကိုဉာဏ်ဖြင့် အသီးထုတ်၍ ရှုသည်ရှိသော် စက္ခုဟူသော သဒ္ဒပညတ်၏ စွဲမှီရာအတ္ထပညတ်သည် ပျောက်၏၊ မျက်လုံး,မျက်မှောင်စသော အစိတ်အစိတ်သော အတ္ထပညတ်၌ ဉာဏ်သည်တည်၏။

ဤသို့လျှင်အစိတ်အစိတ်ဖြစ်သော အင်္ဂါကြီးငယ်၏အစွမ်းအားဖြင့်၎င်း၊ ဆံ, အမွေး, ခြေသည်း, လက်သည်းစသော ကောဋ္ဌာသ၏ အစွမ်းအားဖြင့်၎င်း၊ ခွဲခြမ်းစိတ်ဖြာလေ။

စင်စစ်သော်ကား ဓါတုဝဝတ္ထာန်နည်းအားဖြင့်၎င်း, နာမရူပဝဝတ္ထာန်နည်းအားဖြင့်၎င်း ခွဲဝေစိတ်ဖြာသည်ရှိသော် သက်သက်သော ပရမတ်သဘော၌သာ ဉာဏ်သည်တည်လေ၏၊ ဥပါဒါပညတ်, ထိုဥပါဒါ ပညတ်ကို စွဲမှီ၍ခေါ်ဝေါ် သမုတ် အပ်ကုန်သော သဒ္ဒပညတ် တို့သည် ကွယ်ပျောက် လေကုန်၏ ဟူလိုသည်၊ ယင်း,ပင်တို့၌လည်းထိုက်သည် အားလျော်စွာဆိုလေ။

သမူဟပညတ်, သဏ္ဌာနပညတ်, ဒိသာပညတ်,ဒေသပညတ်,ကာလ ပညတ်စသော ပညတ်များကိုလည်း ခွဲခြမ်း၍ဆိုလေ၊ ပရမတ်၌ကား အစိတ်အစိတ် ထုတ်ခြင်း၌ မတတ်ကောင်း၊ ပရမတ်တရား၌အစိတ်မည် သည်မရှိ။

---

## နေတ္တိဋီကာဟောင်းစကား

နေတ္တိဋီကာဟောင်းစကား၌"ယသ္မိံ၊ အကြင်းအိုးစသော ဝတ္ထုသည်။ ဘိန္နေဝါ၊ သော်၎င်း။ယသ္မိံ-ယဿ၊ အကြင်အိုးစသောဝတ္ထု၏။ ဃာတရ ပေါဟော၊ ဤမှတပါးသော အစိတ်အစိတ်သော အင်္ဂါကို စွန့်လွှတ်ခြင်းကို။ စိတ္တေန၊ ဖြင့်။ ကတေဝါ၊ သော်၎င်း။ တဗ္ဗာဗုဒ္ဓိ၊ ထိုအိုးစသော အခြင်း အရာကိုသိတတ်သော အသိဉာဏ်သည်။ နပဟောတိ၊ မဖြစ်။ ဃဋဒံ၊ ဤအိုး စသော ,ဝတ္ထုသည်။ သမ္မုတိသစ္စံ၊ သမုတိသစ္စာမည်၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဃဋေစ၊ အိုးကို၎င်း။ သသမ္ဘာရဇလေ

ပထဝီစသော သသမ္ဘာရနှင့် တကွဖြစ်သော ရေကိုဂုဏ်း။ ဘိန္နေဝါ၊ သော်ဂုဏ်း။ ဣတရပေါဟော၊ ကို။ကတောဝါ၊ သော်ဂုဏ်း။ တထာဗုဒ္ဓါ၊သည်။ နဟောတိယထာ၊ မဖြစ်၏သို့တည်း။ တဗ္ဗိပရိယာယေန၊ ထိုပညတ်၏ လက္ခဏာမှ ပြန်ဘက်အားဖြင့်။ ပဝတ္တံ၊ ဖြစ်သောသစ္စာသည်။ ပရမတ္ထသစ္စံ၊ ပရမတ္ထသစ္စာမည်၏။

ယခင်ဋီကာစကားနှင့် ဤနေတ္တိဋီကာဟောင်းစကားသည် မထူးသင့်၊ ယခင်ဋီကာများ၌ "ဗုဒ္ဓိယာဝါ အဝယဝနိဗ္ဗောဂေ ကတေ"နှင့် ဤနေတ္တိဋီကာစကား၌ "ဣတရပေါဟောဝါ စိတ္တေန ကတေ"သည် တထပ်တည်းပင် နေတ္တိဝိဘာဝနီ ဆရာကား ယခင်ဋီကာ စကားကို နှလုံးမသွင်းမိ၍ ဤနေတ္တိဋီကာဟောင်းဝါကျမှာ အဘွင့်တိမ်လေသည်၊ဤဋီကာဟောင်းဝါကျကို အနက်ယောဇနာသော ဆရာတို့လည်း ဝိဘာဝနီသို့ လိုက်၍ယောဇနာကြကုန်၏။

---

## သင်္ဂြိုဟ်ဂဏ္ဌိသစ်ဝါဒ

သင်္ဂြိုဟ်ဂဏ္ဌိသစ်ဆရာကား ဤဋီကာများကို နှလုံးမသွင်းမိ၍ ခက်ထန်သောရှေ့၏ ပျောင်းပြော့ခြင်း, ပျောင်းပြော့ပြီးသောရှေ့၏ ခက်ထန်ခြင်းများကို ပညတ်၏ ဘောက်ပြန်ခြင်းဟု ထင်မိလေသည်၊ ထိုသို့သော ဘောက်ပြန်ခြင်း သည်ကား "သီတုဏှာဒိ ဝိရောဓိပစ္စယေဟိ ရုပ္ပတီတိ ရူပံ"၏အရ ရှေးရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်၏ဖြစ်ခြင်းမျှသာတည်း၊ ပညတ်၏ ဘောက်ပြန်ခြင်းမဟုတ်။

ဤ ဋီကာများ၌ကား ပရမတ်, ပညတ်နှစ်ပါးတို့၏ အထူးကိုသာဆိုသည်၊ ဘောက်ပြန်သည်, မဘောက်ပြန်သည် ဟူသော အထူးကိုဆိုရင်းမဟုတ်၊ မဟုတ်သော်လည်း ယင်းအထူးလည်း ပြီးတော့ သည်သာ၊ ပရမတ်၏ဘောက်ပြန်ခြင်းကို ကက္ခဠ, ဖုသနစသော သဘောလက္ခဏာများနှင့်လည်း ဝေဘန်၍ပြောဆိုကြကုန်၏၊ "တဗ္ဗိပရိယာယတော ပရမတ္ထော၊တဗ္ဗိပရိယာယေန ပရမတ္ထသစ္စံ" ဟူသော ဋီကာများနှင့်ညီမည်, မညီမည်ကို စဉ်းစားလေ။

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ မန္တလေးမြို့ စံကျောင်းတိုက်
အတွင်သီတင်းသုံးစဉ် ရေးသားတော်မူအပ်သော
စံကျောင်း အဆုံးအဖြတ် ပြီး၏။

# ဥပေါသထသီလအဆုံးအဖြတ်

**ခင်မွန်ရွာ မဟာဇောတိကာရာမတိုက်**
**မင်္ဂလာဘုံစံကျောင်းသစ်နေ ရှင်ကေတုမာလာ လျှောက်ချက်**

**ပုစ္ဆာ ၃-ရပ်**

၁။ လူတို့စောင့်ထိန်းအပ်သော ရှစ်ပါးသီလ,ဆယ်ပါးသီလများသည် ဆောက်တည်ရာကာလအပိုင်းအခြားကိုမလွန်မီ လွန်ကျူးခဲ့သည်ရှိသော်ရှစ်ပါးသီလ,ဆယ်ပါးသီလသည်ပင် အပါယ်ပဋိသန္ဓေကိုပေးနိုင်သည်ဟု အချို့သူတို့ ယူကြ ပြောကြပါသည်-တရပ်။

၂။ နစ္စဂီတသိက္ခာပုဒ်နှင့် ဝါရိတ္တ သိက္ခာပုဒ်များသည်သာ ကျူးလွန်ခဲ့လျှင် အပါယ်ပဋိသန္ဓေကို ပေးနိုင်သည်၊ ထိုမှ ကြွင်းသောသိက္ခာပုဒ်များကိုကျူးလွန်သော်လည်း အပါယ်ပဋိသန္ဓေကိုမပေးနိုင်ဟု အချို့သူတို့က ယူကြပြောကြပါသည်-တရပ်။

၃။ အဗြဟ္မစရိယသိက္ခာပုဒ်ကို အချို့သူတို့က ဝါရိတ္တသီလဟုယူကြပါသည်၊ အချို့သူတို့က စာရိတ္တသီလဟု ယူကြပါသည်-တရပ်။

ဤအယူစကား ကွဲပြားကုန်ကြ သုံးဌာနတို့၌ မှုချအမှန်ကို သိလိုပါကြောင်းနှင့် သက္ကရာဇ် ၁၂၅၆-ခု၊တပို့တွဲလပြည့်ကျော် ၃-ရက်နေ့တွင် ခင်မွန်ရွာ မဟာဇောတိကာရာမတိုက် မင်္ဂလာဘုံစံကျောင်းသစ်နေ ရှင်ကေတုမာယာက စာလွှာစေလွှတ် လျှောက်ထားတောင်းပန်သောကြောင့် ၎င်းရှင်ကေတုမာလာလျှောက်ထား တောင်းပန်ချက်အရ သုံးဌာနတို့ကို ဖြေဆိုဆုံးဖြတ်ပေအံ့။

---

**သိက္ခာပုဒ်ဆယ်ပါးတို့၏နဂိုသဘော**

အဆိုပါသုံးရပ်တွင် "ရှစ်ပါးလုံး,ဆယ်ပါးလုံးသည်ပင် လွန်ကျူးခဲ့လျှင် အပါယ်ပဋိသန္ဓေကိုပေးနိုင်သည်"ဟု ယူခြင်းသည် ကျမ်းဂန်နှင့်မနှော၊ သဘောလည်းမမြင်၊ စိတ်ထင်တိုင်းယူကြသော သူမြိန်းတို့အမှုသာတည်း။

(၁) အဘယ်သို့ကျမ်းဂန်နှင့် မနှောသနည်း။
(၂) အဘယ်သို့သဘောကိုမမြင်သနည်း။

ဆယ်ပါးသောသိက္ခာပုဒ်တို့တွင်-

(၁) ပါဏာတိပါတ သိက္ခာပုဒ်၊
(၂) အဒိန္နာဒါန် သိက္ခာပုဒ်၊
(၃) အဗြဟ္မစရိယ သိက္ခာပုဒ်၊
(၄) မုသာဝါဒ သိက္ခာပုဒ်၊
(၅) သုရာပါန သိက္ခာပုဒ်၊

ဤငါးပါးတို့သည်သာ လောကဝဇ္ဇမည်ကြောင်း။

(၁) ဝိကာလ သိက္ခာပုဒ်၊
(၂) နစ္စဂီတ သိက္ခာပုဒ်၊
(၃) မာလာဂန္ဓ သိက္ခာပုဒ်၊
(၄) ဥစ္စာသယန သိက္ခာပုဒ်၊
(၅) ဇာတရူပ သိက္ခာပုဒ်၊

ဤငါးပါးတို့သည်ကား ပဏ္ဏတ္တိဝဇ္ဇသာမည်ကြောင်းကိုဆိုသော-

"ပဌမာစေတ္ထ ပဉ္စ ဧကန္တအကုသလသမုဋ္ဌာနတ္တာ ပါဏာတိပါ-တာဒီနံ ပကတိဝဇ္ဇတော ဝေရမဏိယော၊ သေသာ ပဏ္ဏတ္တိဝဇ္ဇ-တော"။

ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာများနှင့် မလိုက်လျောမနီးနှောသော အယူသာတည်း။

**အနုဏ်။** ။စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဆယ်ပါးသော သိက္ခာပုဒ်တို့တွင်။ ပဌမာ၊ ရှေးဦးစွာဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သောဝေရမဏိတို့သည်။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတစသော အမှုငါးပါးတို့၏။ ဧကန္တအကုသလသမုဋ္ဌာနတ္တာ၊ စင်စစ်အကုသိုလ်လျှင်ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသည်၏အဖြစ်ကြောင့်။ ပကတိဝဇ္ဇတော၊ အကုသိုလ်ဟု နဂိုပကတိအပြစ်ရှိသောအမှုတို့မှ။ ဝေရမဏိယော၊ ကြဉ်ရှောင်မှုတို့ ပေတည်း။ သေသာ၊ အကြွင်းငါးပါးတို့သည်။ ပဏ္ဏတ္တိဝဇ္ဇတော၊ အကုသိုလ်မစစ်ပညပ်မှုဖြစ်သော **အ**ပြစ်တို့မှ။ ဝေရမဏိယော၊ ကြဉ်ရှောင်မှုတို့ ပေတည်း။

**အဓိပ္ပါယ်။** ။ပါဏာတိပါတစသောအမှုငါးပါးမှာ ပြုလျှင် အကု သိုလ်ဖြစ်မြဲဓမ္မတာပေတည်း၊ထို့ကြောင့် ထိုငါးပါးကို လောကဝဇ္ဇဟုဆို ရသည်၊ ထိုငါးပါးမှ ကြဉ်ရှောင်သောသီလကို လောကဝဇ္ဇမှ ကြဉ် ရှောင်သောဝေရမဏီဟု ဆိုရသည်။

ဝိကာလဘောဇနစသော နောက်ငါးပါးတို့မှာမူကား ပြုသော်လည်း အကုသိုလ်ပုံသေဖြစ်စေမဟုတ်၊ ကုသိုလ်နှင့်လည်းပြုနိုင်၏၊ အကုသိုလ် နှင့်လည်းပြုနိုင်၏၊ အဗျာကတနှင့်လည်းပြုနိုင်၏၊ ထို့ကြောင့် ထိုငါးပါး ကို ပဏ္ဏတ္တိဝဇ္ဇသာဆိုရသည်၊ ထိုငါးပါးမှ ကြဉ်ရှောင်သောသီလကို လည်း ပဏ္ဏတ္တိဝဇ္ဇမှကြဉ်သောဝေရမဏီဟုဆိုရသည်။

[အဋ္ဌကထာပါဌ်ဝယ်အဓိပ္ပါယ်။]

ပဏ္ဏတ္တိဝဇ္ဇဆိုသည်ကား အမှုကိုယ်အရင်းမှာ အကုသိုလ်မှုမျိုး စင် စစ်မဟုတ်တတ်၊ ဓုတင်အကျင့်များကဲ့သို့ တဏှာလောဘတရား အထူး အားနည်းစေရန် မြိုးခြီသောအားဖြင့် ကုသိုလ်အထူး ဖြစ်ပွားစေရန် ဘုရားအစရှိသော ပညာရှိကြီးတို့ ပညပ်ပြဌာန်း၍ထားအပ်သော အပြစ် မှုသည် ပဏ္ဏတ္တိဝဇ္ဇမှုမည်၏။

ဤအဋ္ဌကထာစကား၌ နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿနမှုသည် လည်း ပဏ္ဏတ္တိဝဇ္ဇတွင်ပါလေ၏၊ ဘိက္ခုနီပါစိတ် အဋ္ဌကထာများ၌ကား လောကဝဇ္ဇဟုလာ၏၊ ဝိနည်းမည်သည် ရဟန်းတို့နှင့်သာ ဆိုင်ပေသည်၊ ထို့ကြောင့် ကျောင်းတိုက်အရာမ်မှပြင်ပသို့ထွက်၍ အာပတ်သင့်လောက် သောအမှုနှင့်ကြည့်ရှုနာခံ၍ သင့်သောအာပတ်သည် အကုသိုလ်စင်စစ် ဖြစ်၏၊ အာပတ်ကိုရည်၍ ဝိနည်း၌ လောကဝဇ္ဇဟု လာသည်။

ဤခုဒ္ဒကပါဌအဋ္ဌကထာ၌မူကား သုတ္တန်အရာဖြစ်၍ လူ,ရှင် ၂-ပါး နှင့်ဆိုင်ပေသည်၊ ထို့ကြောင့် အကုသိုလ်ဖြစ်လောက်သော ကြည့်ရှုနာခံ၊ မှု, အကုသိုလ်မဖြစ်လောက်သောကြည့်ရှုနာခံမှုအလုံးစုံနှင့် အကုန်ဆက် ဆံသည်ကိုပြု၍ ပဏ္ဏတ္တိဝဇ္ဇဟုဆိုပေသည်၊ ဤနစ္စ, ဂီတ သိက္ခာပုဒ်သည် ရဟန်းတို့၌ လောကဝဇ္ဇ, လူတို့၌ ပဏ္ဏတ္တိဝဇ္ဇဖြစ်ရသကဲ့သို့ ရဟန်းတို့၌ ဝါရိတ္တ, လူတို့၌ စာရိတ္တလည်းဖြစ်သည်။

လောကဝဇ္ဇ,ပဏ္ဏတ္တိဝဇ္ဇ ၂ ပါးတို့၏အထူးကား—

(၁) ဝတ္ထုကိုသိလျက်နှင့်ပြုခဲ့လျှင် အကုသိုလ် အဖြစ်မြဲမှုကား လောကဝဇ္ဇ၊

(၂) ဝတ္ထုကိုသိလျက်နှင့်ပြုသော်လည်း အကုသိုလ်ပုံသေ ဖြစ်စေမဟုတ်၊ ရံခါကုသိုလ်, ရံခါအဗျာကတလည်း ဖြစ်ကောင်းသည်ကား ပဏ္ဏတ္တိဝဇ္ဇ၊

''ယဿ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ တံ လောကဝဇ္ဇံ၊ ဧတရံ ပဏ္ဏတ္တိဝဇ္ဇံ''။

[ဝိနည်းအဋ္ဌကထာ။]

**အနက်။** ။ယဿ၊ အကြင်သိက္ခာပုဒ်အား။ သစိတ္တကပက္ခေ၊ဝတ္ထုကိုသိသော စိတ်ရှိသောအဘို့၌။ စိတ္တံ၊ ပြုကျင့်သောစိတ်သည်။ အကုသလမေဝ၊ အကုသိုလ်သာလျှင်အမြဲဖြစ်၏။ တံ၊ ထိုသိက္ခာပုဒ်သည်။ လောကဝဇ္ဇံ၊ လောကဝဇ္ဇမည်၏။ ဧတရံ၊ ဤမှတပါးသောအကုသိုလ်မမြဲသောသိက္ခာပုဒ်သည်။ ပဏ္ဏတ္တိဝဇ္ဇံ၊ ပဏ္ဏတ္တိဝဇ္ဇမည်၏။

အဗြဟ္မစရိယမှုသည်လည်း အကုသိုလ်မြဲသော အမှုပင်ဖြစ်သည်၊ ထို့ကြောင့် ဤခုဒ္ဒကပါဠိ အဋ္ဌကထာ၌ အဗြဟ္မစရိယကို လောကဝဇ္ဇ၌ သွင်းလေသည်၊ လောကဝဇ္ဇမှုဖြစ်၍ အကုသိုလ် အဖြစ်မြဲသော အမှုပင်ဖြစ်သော်လည်း၊ အပါယ်ပဋိသန္ဓေပေးနိုင်သည်ချည်းမဟုတ်သေး၊ ပါဏာတိပါတမှု, အဒိန္နာဒါန်မှု, မုသာဝါဒမှု၊ ဤသုံးပါးသည်သာ အင်္ဂါပြည့်စုံခဲ့လျှင် အပါယ်ပဋိသန္ဓေပေးနိုင်သည်၊မိစ္ဆာစာရအင်္ဂါမှ အလွတ်ဖြစ်သော အဗြဟ္မစရိယမှု,သုရာပါနမှုများသည်ကား လောကဝဇ္ဇဖြစ်၍ အကုသိုလ်ပင်ဖြစ်သော်လည်း အပါယ်ပဋိသန္ဓေကို ပေးနိုင်သောအမှုမဟုတ်။

ဝိကာလဘောဇန စသော နောက်ငါးပါးတို့သည်မှုကား ပဏ္ဏတ္တိဝဇ္ဇဖြစ်ကုန်ကြ၍ အကုသိုလ်ဖြစ်မှုပင် ပုံသေကြီးမဟုတ်ကြ၊ အပါယ်ပဋိသန္ဓေအပေးများနှင့်မူကား ဝေးနိုင်မျှ။

[ဤကားသိက္ခာပုဒ် ဆယ်ပါးတို့၏ နဂိဇာတိပကတိသဘောကို ဆိုလိုက်သော အခဏ်းပေတည်း။]

## လောကဝဇ္ဇကြီး ၃-ပါးပျက်မှု

(၁) ကာလအပိုင်းအခြားနှင့် ခံယူပြီးသော ရှစ်ပါး,ဆယ်ပါးတို့ကို ကာလမကုန်မီအကြား ကျူးလွန်မိရာ၌ နဂိုဇာတိကပင် ကမ္မပထမျိုးအရိုးဖြစ်သော ပါဏာတိပါတမှု, အဒိန္နာဒါန်မှု, မုသာဝါဒမှု၊ ဤသုံးခုကို ကမ္မပထအင်္ဂါ အမြောက်ကျူးလွန်မိခဲ့လျှင် ကမ္မပထမြောက်သောလောကဝဇ္ဇအပြစ်တခု၊

(၂) သမာဒါနပဋိညာပျက်မှု အပြစ်တခု၊

ဤအပြစ်နှစ်ခုဖြစ်သည်၊ ကမ္မပထမြောက်သောကြောင့် အပါယ်ပဋိသန္ဓေကို ပေးနိုင်၏။

သမာဒါနပဋိညာပျက်မှုမှာ-

(၁) အလေးပြုထိုက်လှသော ပုဂ္ဂိုလ်၏အထံမှာခံယူသော ပဋိညာပျက်မှု။

(၂) မိမိအလိုအလျောက် ခံယူသော ပဋိညာပျက်မှု၊

ဟူ၍နှစ်ပါးရှိသည်တွင် အလေးပြုထိုက်သော ပုဂ္ဂိုလ်ထံမှ ခံယူသောပဋိညာပျက်မှုသည်လည်း-

(၁) ခံယူစဉ်အခါကပင် မစောင့်လိုဘဲ ချွတ်လွဲစေလိုသော စေတနာနှင့် စောင့်ပါမည်ဟု ခံယူ၍ပျက်မှု၊

(၂) မခံချင်မနေရ ကြောက်လန့်လှ၍ ခံရပြီးမှပျက်မှု၊

(၃) ခံယူစဉ်အခါကမူကောင်းစွာစောင့်ထိန်းမည်ဟုခံယူပြီးမှပျက်မှု-ဟူ၍အများရှိ၏။

မစောင့်လိုဘဲချွတ်လွဲစေလိုသော စေတနာနှင့်ခံယူ၍ ပျက်မှုမှာ မုသာဝါဒနှင့်ယှဉ်၏၊ယှဉ်သော်လည်း အလေးပြုထိုက်သော ထိုပုဂ္ဂိုလ်၏အကျိုးကို ဖျက်ဆီးသော မုသာဝါဒမဟုတ်လှ၍ အပ္ပသာဝဇ္ဇသာတည်း၊ ကြွင်းသော ပဋိညာပျက်မှုများမှာ အပြစ်မဆိုလောက်၊ မိမိအလိုအလျောက်စောင့်ရှောက်ပါမည်ဟု သုဒ္ဓစိတ်နှင့်ခံယူပြီးမှ မစောင့်နိုင်လှ၍ ပျက်ရသောပျက်မှုမှာ အပြစ်ဟူ၍မရှိ။

လောကဝဇ္ဇကြီး ၃-ပါးပျက်ရာ၌ စိစစ်ချက်ပြီး၏။

## လောကဝဇ္ဇငယ် ၂-ခုပျက်မှု

မိစ္ဆာစာရမှ အလွတ်ဖြစ်သော အမြဲပတ္တစရိယ, သုရာပါနဟူသော လောကဝဇ္ဇတို့၌ကား ကမ္မပထမြောက်သော လောကဝဇ္ဇမဟုတ်ကြကုန်၊ သမာဒါနပဋိညာပျက်မှုမှာလည်း အပ္ပသာဝဇ္ဇသာ။

ကမ္မပထမျိုးမဟုတ်သော လောကဝဇ္ဇငယ် ၂-ခု ပျက်ရာ၌ စိစစ်ချက်ပြီး၏။

## ပဏ္ဏတ္တိဝဇ္ဇ ၅-ခု ပျက်မှု

ဝိကာလဘောဇန စသောပဏ္ဏတ္တိဝဇ္ဇငါးပါးတို့၌ကား အကုသိုလ်စိတ်နှင့်ပျက်ပေလျှင် အကုသိုလ်ဖြစ်မှု, ပဋိညာပျက်မှု ၂-မှုစီပင်ရှိ၏၊ ပဏ္ဏတ္တိဝဇ္ဇချည်းဖြစ်ကြ၍ အပ္ပသာဝဇ္ဇတို့သာတည်း။

ဝိကာလဘောဇနစသော ပဏ္ဏတ္တိဝဇ္ဇ ၅-ခု ပျက်စီးမှု၌ စိစစ်ချက်ပြီး၏။

## သမာဒါန ပဋိညာပျက်မှု

သမာဒါန ပဋိညာပျက်မှုအရာ၌—

(၁) "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ ပ။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ"ဟူ၍ သမာဒိယာမိ ကြိယာကိုယ်စီပါလျက် ခံယူချက်လည်းရှိသည်။

(၂) "ပါဏာတိပါတာ ဝေရမဏိ ။ပ။ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ"ဟူ၍ ဝေရမဏိ တွင်၍သာ ရွတ်ဆိုခါ ခံယူချက်လည်းရှိသည်။

(၃) "ပါဏာတိပါတာ ဝေရမဏိ"ဟူ၍ဣကာရန္တ ခံယူချက်လည်းရှိသည်။

(၄-၅) ထိုနှစ်ရပ်၌ပင် အဆုံးသတ်မှာ "သမာဒိယာမိ"ပါသော ခံယူချက်လည်းရှိသည်။

ခံယူချက် ၅-မျိုးပြီး၏။

ထိုခံယူချက် ငါးမျိုးတို့တွင် "သမာဒိယာမိ" အသီးအသီးပါသော ပဌမနည်းတခုသည်သာ ကျမ်းဂန်တတ်သိ ပညာရှိတို့နည်းဖြစ်သည်။ ထိုမှကြွင်းသောလေးနည်းတို့မူကား ကျမ်းဂန်နှင့်ဝေးလှသော သူပြိန်းတို့နည်းသာတည်း။

ထိုလေးနည်းတို့တွင်လည်း "သမာဒိယာမိ" သဒ္ဒါလုံးလုံးမပါသော နည်းနှစ်ချက်မှာ ဥပေါသထသီလသိက္ခာ ခံယူပါသည်ဟူ သော်လည်း ဥပုသ်ခံခြင်း, သီလခံခြင်း သမာဒါနမြောက်သောနည်းစုပင် မဟုတ်လေ သောကြောင့် ထိုသို့သောခံယူခြင်းဖြင့် ခံယူ၍ပျက်မှုများမှာ သမာဒါန ပဋိညာပျက်မှုဟူ၍ ဆိုဘွယ်မရှိပေ။

အဆုံးတွင်မှ "သိက္ခာပဒံသမာဒိယာမိ"တချက်သာပါသောနည်းမှာ မူကားအဆုံးသိက္ခာပုဒ်တခုမျှသာ ခံယူခြင်းမြောက်ရာ၏၊ အကြွင်းသိက္ခာ ပုဒ်စုမှာ ခံယူခြင်းမမြောက်သည်သာဖြစ်ရာသည်၊ ရှေးရှေးသော "ဝေရ မဏီ, ဝေရမဏီ"တို့၊ အဆုံးဖြစ်သော သိက္ခာပဒံ ပုဒ်မှာ စပ်၍ ယူမည်ဆိုလျှင် အချုပ်ကြိယာတခုသာပါသဖြင့် တပေါင်းတည်းခံယူရာ ကျသောကြောင့် တပါးပျက်လျှင်အကုန်ပျက်သည် ဟူသောအပြစ်ရောက် ပြန်သည်။

သမာဒါန ပဋိညာပျက်မှုမှာကား တခုမြောက်လျှင် တခုအတွက်, အပေါင်းမြောက်လျှင် အပေါင်းအတွက်ဆိုရမည်။အဆုံးတွင်မှ "သိက္ခာ ပဒံသမာဒိယာမိ"ပုဒ်တခုသာပါသော ဤနှစ်နည်းသည်လည်း ကျမ်းဂန် လိမ္မာသော ပညာရှိတို့မှလာသော နည်းမဟုတ်သောကြောင့် ဥပုသ် ဆောက်တည်မှု၌စွန့်ပစ်ထိုက်သော နည်းသာဖြစ်၏။

အလွန်ရခဲလှသော ဤဘဝ၌ ဒါနမှု, သီလမှု, ဥပုသ်မှုများကိုပင် အထွတ်အမြတ်ထား၍ အားကိုးအားထား ပြုကြရသည်၊ ဆုတ်ကပ် ဖြစ်၍ အသက်လည်းတို လူမှုလူခွင့်လည်း များလှ၍ ရံဘန် ရံခါမျှသာ ဆောက်တည်နိုင်ကြသည်၊ ဆောက်တည်သမျှလည်း ကျမ်းဂန်၌လိမ်မာ သော ပညာရှိတို့မှ အစဉ်လာသော နည်းနာနယနှင့်ဆောက်တည်ရသည် မဟုတ်၊ အချက်အလက်ကိုမသိလှ ထင်မိထင်ရာဖြစ်၍လာသော ရောက် တတ်ရာ နည်းပျက်နှင့် တသက်လုံး ပြီးချေလျှင် အောင်မြင်သော ဥပုသ်, အောင်မြင်သောသီလ ရ,မရကို နှစ်ခွ ထွေးယှက်လျက် ရှိသော ကြောင့် "သိက္ခာပဒံ သမာဒိယာမိ" အသီးအသီးပါသော ပဌမနည်းကို သာ လေ့လာအပ်သည်၊ ဤပဌမနည်းကား လွန်ကျူးမိသော သိက္ခာပုဒ် အတွက်သာ ပဋိညာပျက်သည်။

[ဤကား သမာဒါန ပဋိညာပျက်မှုကို စိစစ်ချက်တည်း။ ။ဤကား ခုဒ္ဒကပါဠ်၌ အဋ္ဌကထာ၌လာသော လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ ပိုင်းခြားချက်နှင့်သိအပ်သော အာဂမယုတ္တိသဘောတည်း။]

## ကမ္မပထမြောက်မှ အပါယ်ပဋိသန္ဓေပေးနိုင်ပုံ

"အပါယ်ပဋိသန္ဓေကို ပေးနိုင်သည်,မပေးနိုင်သည်"ဟူသော စကားမှာ ကျမ်းဂန်တို့၌ "ပါဏော ပါဏသညိတာ"စသည်ဖြင့် ဒုစရိုက်ဆယ်ပါးတို့ကို ကမ္မပထမြောက်ချက် အင်္ဂါကိုယ်စီနှင့်တကွ ပြချက် ရှိလေပြီ၊ အင်္ဂါညီညွတ်၍ ကမ္မပထမြောက်မှသာ အပါယ်ပဋိသန္ဓေကိုပေးနိုင်သည်၊ ဝိကာလဘောဇနစသော ပဏ္ဏတ္တိဝဇ္ဇငါးရပ်မှာ ကမ္မပထမှုမျိုးပင် မဟုတ်ကြပေ။

## နစ္စ ဂီတသည် ကမ္မပထမျိုးမဟုတ်

"နစ္စဂီတသည် သမ္ဖပ္ပလာပကမ္မပထမျိုးမဟုတ်လော"ဟူငြားအံ့၊ ဖြစ်ဘူးသော အတ္ထုပ္ပတ္တိကိုပြလျှင် ကမ္မပထမဟုတ်၊ သမ္ဖပ္ပလာပသာမညသာ ဆိုရသည်၊ ရာမ,အီနောင်,ငွေတောင်,ဘာရတ-စသည်တို့ကဲ့သို့ ဒဏ္ဍာရီဇာတ်ကိုပြမှ သမ္ဖပ္ပလာပမျိုးဖြစ်သည်၊ ဖြစ်သော်လည်း ပြသောသူမှာသာ ဖြစ်သည်၊ ကြည့်ရှုနာခံသောသူမှာ သမ္ဖပ္ပလာပဖြစ်သည်ဟု ကျမ်းဂန်မလာ။


လောကဝဇ္ဇ ငါးရပ်မှာ ပါဏာတိပါတ, အဒိန္နာဒါန်, မိစ္ဆာစာရ မြောက် အဗြဟ္မစရိယ, မုသာဝါဒ၊ ဤလေးပါးသည်သာ ကမ္မပထအမျိုးအရိုးဖြစ်သည်၊ အကြွင်းမှာ ကမ္မပထအရိုးပင်မဟုတ်ပေ၊ ကမ္မပထအမျိုးအရိုးတို့၏ အခြေပါဒဖြစ်၍သာ သုရာပါနကို ကမ္မပထ၌ သွင်းကြကုန်၏၊ အသီးအခြား အပါယ်ပဋိသန္ဓေ ပေးနိုင်သော အမျိုးအရိုးဖြစ်၍ သွင်းကြသည် မဟုတ်။

## အဗြဟ္မစရိယသည် စာရိတ္တ,ဝါရိတ္တ ၂-မျိုးသင့်ပုံ

ဝိကာလဘောဇန သိက္ခာပုဒ်, နစ္စဂီတသိက္ခာပုဒ်, မာလာဂန္ဓသိက္ခာပုဒ်, ဇာတရူပသိက္ခာပုဒ် တို့သည် ရဟန်းတို့၌ဝါရိတ္တ၊ လူတို့၌ စာရိတ္တ

ဖြစ်ရကုန်သကဲ့သို့ မိစ္ဆာစာရမဟုတ်သော အဗြဟ္မစရိယ မှုသည်လည်း ရဟန်းတို့၌ ဝါရိတ္တ၊ လူတို့၌ စာရိတ္တသာ ဖြစ်သတည်းဟု မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

ဥပေါသထသီလ အဆုံးအဖြတ်ပြီး၏။



# စေတီစသည် အဆုံးအဖြတ်

၁။ “လောဟိတုပ္ပါဒေ တထာဂတဿ အဘေဇ္ဇကာယတာယ ပရူပက္က
မေန စမ္မစ္ဆေဒံ ကတွာ လောဟိတပဂ္ဃရဏံ နာမ နတ္ထိ။ သရီရဿ
ပန အန္တောယေဝ ဧကသ္မိံ ဌာနေ လောဟိတံ သမောသရတိ။
ဒေဝဒတ္တေန ပဝိဒ္ဓသိလာတော ဘိဇ္ဇိတွာ ဂတာ သကလိကာပိ
တထာဂတဿ ပါဒန္တံ ပဟရိ။ ဖရသုနာ ပဟတော ဝိယ ပါဒေါ
အန္တောလောဟိတောယေဝ အဟောသိ။ တထာ ကရောန္တဿ
အာနန္တရိယံ ဟောတိ။

၂။ ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန စမ္မံ ဆိန္ဒိတွာ
တမှာ ဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ ဖာသုကမကာသိ။ တထာ
ကရောန္တဿ ပုညကမ္မမေဝ ဟောတိ။

၃။ အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ။ ဗောဓိံ
ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ။ ဘာရိယံကမ္မံ
ဟောတိ အာနန္တရိယသဒိသံ။

၄။ သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခဉ္စ
ဆိန္ဒိတုံ ဝဋ္ဋတိ။

၅။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ
ဝဋ္ဋတိယေဝ။ ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ
မဟန္တတရံ။ စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ
ဟရိတုံ ဝဋ္ဋတိ။

၆၊ ယာ ပန ဗောဓိယာ သာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟ
ရက္ခဏတ္ထံ ဆိန္ဒိတုံ န လဗ္ဘတိ။ ဗောဓိအတ္ထဉှိ ဂေဟံ၊ န ဂေဟတ္ထာယ
ဗောဓိ၊ အာသနဃရေပိ ဧသေဝ နယော။

၇။ ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခ
ဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ ဗောဓိဇဂ္ဂနတ္ထံ ဩဇော
ဟရဏသာခံ ဝါ ပူတိဋ္ဌာနံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ၊ သရီရပဋိဇဂ္ဂနေ
ဝိယ ပုညမ္ပိ ဟောတိ”။

[သမောဉာဏဝိဘင်းအဋ္ဌကထာ။]

---

## ဘုရားရှင်ကို ထိပါးရာ၌ ဆုံးဖြတ်ချက်

၁။ လောဟိတုပ္ပါဒေ၊ လောဟိတုပ္ပါဒကံ၌။ တထာဂတဿ၊ မြတ်စွာ
ဘုရား၏။ အဘေဇ္ဇကာယတာယ၊ မပေါက်မကွဲနိုင်သော ကိုယ်ရှိသည်၏

အဖြစ်ကြောင့်။ ပရူပက္ကမေန၊ သူတပါးတို့၏ လုံ့လပယောဂဖြင့်။ စမ္မစ္ဆေဒံ၊ အရေဖြတ်ခြင်းကို။ ကတွာ၊ ၍။ လောဟိတပဂ္ဃရဏံနာမ၊ သွေး၏ယိုထွက်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ သရီရဿပန၊ ကိုယ်ခန္ဓာတော်၏ကား။ အန္တောဝေ၊ အတွင်း၌သာလျှင်။ ဧကသ္မိံ ဌာနေ၊ တခုသောအရပ်၌။ လောဟိတံ၊ သွေးသည်၊ သမောသရတိ၊ စုဝေး၏။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ပဝိဒ္ဓသိလာတော၊ ပစ်ချအပ်သောကျောက်ဖျာမှ။ ဘိဇ္ဇိတွာ၊ ကွဲ၍။ ဂတာ၊ သွားသော။ သက္ခလိကာပိ၊ ကျောက်ချပ်လွှာသည်လည်း။ တထာဂတဿ၊ မြတ်စွာဘုရား၏၊ ပါဒန္တံ၊ ခြေတော်စွန်းကို၊ ပဟရိ၊ ခတ်မိလေ၏။ ဖရသုနာ၊ ပုဆိန်ဖြင့်။ ပဟဋောဝိယ၊ ခတ်အပ်သကဲ့သို့။ ပါဒေါ၊ ခြေတော်သည်။ အန္တောလောဟိတောဝေ၊ အတွင်း၌သွေးစုဝေး၍ တည်သည်သာလျှင်။ အဟောသိ၊ ဖြစ်လေ၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ကရောန္တဿ၊ ပြုသောဒေဝဒတ်အား။ အာနန္တရိယံ၊ အာနန္တရိယကံထိုက်သည်။ ဟောတိ၊ ၏။

[မကောင်းသောစိတ်ဖြင့် ပြုသောကြောင့် ဒေဝဒတ်မှာကံထိုက်သည်ဟူလို။]

၂။ ဇီဝကောပန၊ ဇီဝကဆရာသည်မူကား။ တထာဂတဿ၊ ၏။ ရုစိယာ၊ အလိုတော်အားဖြင့်။ သတ္ထကေန၊ ဓားငယ်ဖြင့်။ စမ္မံ၊ အရေတော်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ တမှာဌာနာ၊ ထိုအရပ်မှ။ ဒုဋ္ဌလောဟိတံ၊ မကောင်းသောသွေးကို။ နီဟရိတွာ၊ ထုတ်၍။ ဖာသုကံ၊ ချမ်းသာတော်မူခွင့်ကို။ အကာသိ၊ ပြုလေ၏။ တထာ၊ ထိုသို့သော အခြင်းအရာ အားဖြင့်။ ကရောန္တဿ၊ ပြုသောဇီဝကဆရာအား။ ပုညကမ္မမေဝ၊ ကောင်းမှုသည်သာလျှင်။ ဟောတိ၊ ဖြစ်လေ၏။

[ဒေဝဒတ်,ဇီဝက ပြုကြသောပယောဂမှုသည် မြတ်စွာဘုရား၏အရေတော်,အသွေးတော်,အသားတော်တည်းဟူသော ကိုယ်တော်ကိုထိပါးကြသောပယောဂချည်းပင်ဖြစ်ကြသည်၊ ထိုသို့ပင်ဖြစ်ကြသော်လည်း ဒေဝဒတ်မှာ မကောင်းသော စိတ်ကြောင့် အာနန္တရိယကံထိုက်သည်၊ ဇီဝကဆရာမှာ ကောင်းသော စိတ်ကြောင့် ကောင်းမှုကုသိုလ်ကြီးဖြစ်၏ဟူလို။]

## စေတီ,ရုပ်ပွား,ဗောဓိပင်ကိုထိပါးရာ၌ ဆုံးဖြတ်ချက်

၃။ အထ၊ ထိုမှတပါး။ ယေစ၊ အကြင်သူတို့သည်လည်း။ တထာ ဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံပြီးသည်ရှိသော်။ ဝါ၊ ပရိနိဗ္ဗာန်စံပြီးသောနောက်၌။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒန္တိ၊ ဖျက်ဆီးကုန်၏။ ဗောဓိံ၊ ဗောဓိပင်ကို။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ဓာတုမှိ၊ ဓာတ်တော်၌။ ဥပက္ကမန္တိ၊ မကောင်းသောပယောဂကို ပြုကြကုန်၏။ တေ သံ၊ ထိုသူတို့အား။ ကိံ၊ အဘယ်ကံသည်။ ဟောတိ၊ ဖြစ်လေသနည်း။ ဣတိ၊ ဤကား အမေးပုစ္ဆာတည်း။ ဘာရိယံ၊ ဝန်လေးလှသော။ ကမ္မံ၊ မကောင်းမှုကံကြီးသည်။ ဟောတိ၊ ၏။ အာနန္တရိယသဒိသံ၊အာနန္တရိယကံ ကြီးနှင့်တူပေ၏။

၄။ သဓာတုကံ၊အတွင်း၌ဌာပနာအပ်သော ဓာတ်တော်ရှိသော။ထူပံဝါ၊ စေတီပုထိုးတော်ကိုလည်းကောင်း။ ပဋိမံဝါ၊ ရုပ်ပွားဆင်းတုတော်ကိုလည်းကောင်း။ ဗာဓယမာနံ၊ ခိုက်တိုက်ထိပါးသော။ ဗောဓိသာခဉ္စ၊ ဗောဓိကိုင်း ဗောဓိခက်ကိုလည်းကောင်း။ ဆိန္ဒိတုံ၊ ဖြတ်တောက်ခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်ပါ၏။

[ဓာတ်တော်အစစ်နှင့်ဗောဓိပင်ယှဉ်ပြိုင်ခဲ့လျှင် ဓာတ်တော်အစစ်ကမြတ်၏၊ ဗောဓိပင်နှင့်ဓာတ်တော်အစစ်မရှိသော စေတီ ပုထိုး ရုပ်ပွားဆင်းတုယှဉ်ပြိုင်ခဲ့သော် ဗောဓိပင်ကမြတ်၏၊ ထို့ကြောင့် ဓာတ်တော်စစ်ရှိသော စေတီပုထိုးရုပ်ပွား ဆင်းတုဖြစ်ခဲ့လျှင် ထိပါးသောဗောဓိကိုင်းကိုပယ်အပ်၏၊ဓာတ်တော်အစစ် မရှိသောစေတီပုထိုး ရုပ်ပွားဆင်းတုဖြစ်ခဲ့လျှင် ထိုထိုထိပါးသော ဗောဓိကိုင်းကိုမပယ်အပ်၊ စေတီပုထိုး ရုပ်ပွား ဆင်းတု ကိုသာ သင့်လျော်ရာအရပ်တပါးသို့ရွှေ့ပြောင်းရမည်ဟူသောအနက်ကို ဤအဋ္ဌကထာပါဌ်ဖြင့်သိအပ်မှတ်အပ်၏။]

၅။ တတ္ထ၊ ထိုဗောဓိကိုင်း၌။ နိလီနာ၊နားကြကုန်သော။ သကုဏာ၊ ငှက်တို့သည်။ စေတိယေ၊ ဓာတ်တော်စစ်ရှိသော စေတီပေါ်၌။ ဝစ္စံ၊ ကျင်ကြီးကို။ သစေပိပါတေန္တိ၊ အကယ်၍မူလည်းချကုန်ငြားအံ့။ ဆိန္ဒိတုံ၊ ဗောဓိကိုင်းကို ဖြတ်တောက်ပယ်ရှားခြင်းငှါ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ ဟိ-သစ္စံ၊ မှန်၏။ ပရိဘောဂစေတီတော၊ ဗောဓိပင်ဟူ

သော ပရိဘောဂစေတီတော်ထက်။ သရီရစေတိယံ၊ ဓာတ်တော်စစ် ဟူသော သရီရစေတီတော်သည်။ မဟန္တတရံ၊ အလွန်မြင့်မြတ်၏။ စေတိယဝတ္ထုံ၊ စေတီ၏တည်ရာအခြေအုဋ္ဌမြစ်ကို။ဘိန္ဒိတွာ၊ ဖျက်ဆီး၍။ ဂစ္ဆန္တံ၊ သွားသော။ ဗောဓိမူလမ္ပိ၊ ဗောဓိမြစ်ကိုလည်း။ ဆိန္ဒိတွာ၊ ဖြတ်တောက်၍။ ဟရိတုံ၊ ပယ်ရှားခြင်းငှါ။ ဝဋ္ဋတိ၊ ၏။

၆။ ဗောဓိယာ၊ ဗောဓိပင်၏။ ယာပနသာခါ၊အကြင်အကိုင်းအခက်သည်ကား။ ဗောဓိဃရံ၊ ဗောဓိအိမ်တန်ဆောင်းကို။ ဗာဓတိ၊ ထိခိုက်၏။ တံ၊ ထိုဗောဓိကိုင်းကို။ ဂေဟာရက္ခဏတ္ထံ၊ အိမ်တန်ဆောင်းကိုစောင့်ရှောက်ခြင်းငှာ။ ဆိန္ဒိတုံ၊ ဖြတ်တောက်ခြင်းငှာ။ နလဗ္ဘတိ၊ မရအပ်။ ဟိ-သစ္စံ၊ ၏။ ဂေဟံ၊ ဗောဓိအိမ်မည်သည်။ ဗောဓိအတ္ထံ၊ ဗောဓိပင်ကိုစောင့်ရှောက်ခြင်းငှါ။ ဟောတိ၊ ၏။ ဗောဓိ၊ ဗောဓိပင်သည်။ ဂေဟတ္ထာယ၊ဗောဓိအိမ်ကိုစောင့်ရှောက်ခြင်းငှါ။ နဟောတိ၊မဖြစ်။ အာသနဃရေပိ၊ဆင်းတုအိမ်၌လည်း။ ဧသေဝနယော၊ဤနည်းအတူပင်တည်း။

[ဘုရားကျောင်း၌လည်း ရုပ်ပွားဆင်းတုတော်မြင့်၍ မဆန့်နိုင်ရှိသည်ဟု ရုပ်ပွားဆင်းတုတော်ကို မဖျက်အပ်၊ ကျောင်းကိုဖျက်၍သာ မြင့်အောင်ပြုလုပ်အပ်သည်ဟူလို။ ။အာသနဃရေပိ ဧသေဝနယော-ဟူသောပါဌ်၏အဓိပ္ပါယ်။]

၇။ ယသ္မိံ ပနအာသနဃရေ၊ အကြင်ဆင်းတုအိမ်၌မူကား။ ဓာတု၊ ဓာတ်တော်အစစ်ကို။ နိဟိတာ၊သွင်းထားအပ်သည်။ဟောတိ၊၏။ တဿ၊ ထိုဓာတ်တော်စစ်ရှိသောဆင်းတုအိမ်ကို။ ရက္ခဏတ္ထာယ၊စောင့်ရှောက်ခြင်းအကျိုးငှာ။ဗောဓိသာခံ၊ဗောဓိကိုင်းကို။ဆိန္ဒိတုံ၊ငှါ။ဝဋ္ဋတိ၊၏။ ဗောဓိဇဂ္ဂနတ္ထံ၊ ဗောဓိပင်ကိုသုတ်သင်ခြင်းငှါ။ ဩဇောဟရဏသာခံဝါ၊ တပင်လုံး၌ ဩဇာကိုပယ်ရှားတတ်သော အခက်ဆိုး အကိုင်းဆိုးကိုဎင်း။ပူတိဋ္ဌာနံဝါ၊ခြောက်သွေ့ပုပ်ဆွေးသောဌာနကိုဎင်း။ ဆိန္ဒိတုံ၊ငှါ။ဝဋ္ဋတိယေဝ၊ တည်း။သရီရပဋိဇဂ္ဂနေ၊ မြတ်စွာဘုရား၏ကိုယ်တော်ကိုသုတ်သင်ရာ၌။ ပုညံ၊ကုသိုလ်သည်။ဟောတိဝိယ၊ဖြစ်သကဲ့သို့။ တထာ၊ထို့အတူ။ ဧွေ၊ဤအခက်ဆိုးနှင့်ပုပ်ဆွေးသောဌာနတို့ကိုပယ်ချရာ၌။ ပုညမ္ပိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ဖြစ်၏။


ဤဝါကျဖြင့် ဓာတ်တော်အစစ်ရှိသော ဆင်းတုအိမ်, ဘုရားကျောင်းကိုစောင့်ရှောက်ခြင်းငှာ ဗောဓိပင်ကြီးတွင်တည်ရှိသော အကိုင်းအခက်

ကိုပယ်ဖျက်ခြင်းငှာ အပ်ပါ၏၊ ဗောဓိပင်ကြီး ပျက်စီးစေတတ်သော ဖိုးမွားရှိသောအကိုင်းဆိုးအခက်ဆိုးများနှင့်ပုပ်ဆွေးသော ဌာနစုကိုလည်း ဗောဓိပင်ကြီးကိုစောင့်ရှောက်ခြင်းငှာအပ်ပါ၏။

ဇီဝကဆရာသည် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ခြေတော်ကို ခွဲ၍သုတ်သင်ပေးရာတွင် မဟာပုညကုသိုလ်ထူး ဖြစ်ရသကဲ့သို့ ဗောဓိပင်ကြီး ပွါးစီးစည်ပင်ရန် ရည်သန်သောနှလုံးထားဖြင့် မကောင်းသောအကိုင်းအခက်ကို ပယ်ရှားသုတ်သင်ရာတွင်လည်း မဟာပုညကုသိုလ်ကြီး ရသည်ဟု သန္နိဋ္ဌာန်ကျမှတ်ယူအပ်၏၊

ဤသို့လာသော အဋ္ဌကထာကြီးကို နည်းမှီ၍ ဘုရား, ဂူ, ကျောင်း တန်ဆောင်းစသည်ကို ပြုပြင်ပြုလုပ်ရာတွင် အယုတ်အမြတ်ကို သတိထား၍ ပယ်ရှားသင့်သည်ကိုပယ်၊ မပယ်သင့်သည်ကိုမပယ်ဘဲ ပြင်ဆင်ပြုလုပ်ထိုက်သည်ကို အမြဲဂရုစိုက်အပ်လှပေသည်။

စေတီစသည် အဆုံးအဖြတ်ပြီး၏။



# အသားစားပုစ္ဆာအဖြေ

## ၁၂၇၃-ခု တော်သလင်းလဆန်း ၈-ရက်နေ့

## ပြည်မြို့နေ ဒါယကာမောင်ရွှေထင် လျှောက်ထားသည်ကို ဖြေဆိုချက်

အသားစားမှုသည် မုချအားဖြင့် မြတ်စွာဘုရား၏ အလိုတော်သို့ သက်,မသက်ကို စိစစ်ရန်တချက်၊ အသားစားမှု၏ အကျိုးအပြစ်ကို စိစစ်ရန် တချက်၊ ဤ နှစ်ချက်သော စိစစ် ရှင်းလင်းခန်းတို့ဖြင့် ကြေလည်ရုံ အမြွက်မျှ ဖြေဆိုပေအံ့။

၁။ ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ နိမန္တနံ သလာကဘတ္တံ ပက္ခိကံ ဥပေါသထိကံ ပါဋိပဒိကံ။ ။

၂။ ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂံ။

၃။ ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ၊တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော ဝိဟာရော အဍ္ဎယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ။

၄။ ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတန္တိ။

[မဟာဝါပါဠိတော်။]

---

### ဆွမ်းကိုခွင့်ပြုတော်မူပုံ

၁။ ပိဏ္ဍိယာလောပဘောဇနံ၊ သားလုံး မြင်းခေါင်းဖြင့် ရင်းနှီး၍ရ အပ်သော ဆွမ်းကို။ နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြောင်ရဟန်း အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရှင်ရဟန်းအဖြစ်၌။ တေတယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ် တည်းဟူသော အသက်ရှိ သမျှကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြု အပ်၏။ အတိရေကလာဘော၊ ပိုလွန်သော လာဘ်လာဘရရှိပါမူကား။ သံဃဘတ္တံ၊ သံဃာ အားလုံး သိမ်းရုံးလှူဒါန်းအပ်သော ဆွမ်းကိုရင်း။

ဥဒ္ဒေသဘတ္တံ၊ ရည်ညွှန်း၍ လှူအပ်သော ဆွမ်းကိုဂုဏ်း။ နိမန္တနံ၊ ပင့်ဘိတ် လှူဒါန်းအပ်သော ဆွမ်းကိုဂုဏ်း။ သလာကဘတ္တံ၊ စာရေးတံချ၍ လှူဒါန်း အပ်သော ဆွမ်းကိုဂုဏ်း။ ပက္ခိကံ၊ လဆန်းပက္ခ,လဆုတ်ပက္ခ၌ လှူဒါန်း အပ်သော ဆွမ်းကိုဂုဏ်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူဒါန်းအပ်သော ဆွမ်းကိုဂုဏ်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူဒါန်းအပ်သော ဆွမ်း ကိုဂုဏ်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်အပ်၏။

---

## သင်္ကန်းကိုခွင့်ပြုတော်မူပုံ

၂။ ပံသုကူလစီဝရံ၊ မြေမှုန့်အလိမ်းလိမ်းကပ်သော ပံသုကူသင်္ကန်း ကို။ နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင် ရဟန်း အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရှင်ရဟန်း အဖြစ်၌။ တေတယာ၊ သင်ပဉ္စင်းသစ် သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တည်းဟူသော အသက်တည်နေသမျှ ကာလ ပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ ပိုလွန်ပေါများ-လာဘ်လာဘရှိပါမူကား။ ခေါမံ၊ ခေါမတိုင်းမှဖြစ်သော သင်္ကန်းကိုဂုဏ်း။ ကပ္ပါသိကံ၊ ဝါချည်သင်္ကန်းကို ဂုဏ်း။ ကောသေယျံ၊ ပိုးချည်သင်္ကန်းကိုဂုဏ်း။ ကမ္ဗလံ၊ သားမွေးဖြင့် ယက် အပ်သော သင်္ကန်းကိုဂုဏ်း။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့် ယက်အပ်သော သင်္ကန်းကိုဂုဏ်း။ ဘင်္ဂံ၊ ငါးပါးစုံရောယှက်၍ ယက်အပ်သော သင်္ကန်းကို ဂုဏ်း။ ဝါ၊ ဘန်ချည်ဖြင့်ယက်အပ်သော သင်္ကန်းကိုဂုဏ်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်အပ်၏။

---

## ကျောင်းကိုခွင့်ပြုတော်မူပုံ

၃။ ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို။ နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရှင်ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရှင်ရဟန်းအဖြစ်၌။ တေတယာ၊ သင်ပဉ္စင်းသစ်သည်။ ယာ ဝဇီဝံ၊ သိက္ခာပုဒ် တည်းဟူသော အသက်တည်ရှိသမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာ ဘော၊ ပိုလွန်သော လာဘ်လာဘရရှိပါမူကား။ ဝိဟာရော၊ နှစ်ဘက်ရပ် မိုးသောကျောင်းကိုဂုဏ်း၊ အဍ္ဎယောဂေါ၊ တဘက်ချပ်မိုးသောကျောင်း

ကိုဂုဏ်း။ ပါသာဒေါ။ ပြာသာဒ်ရှည်ကိုဂုဏ်း။ ဟမ္မိယံ၊ပြာသာဒ်ဦး ပြည်းကိုဂုဏ်း။ ဂုဟာ၊ ဂူလိုဏ်ကိုဂုဏ်း၊ ပရိဘုဥ္ဇိတဗ္ဗာ၊ သုံးဆောင်အပ်၏။

---

## ဆေးကိုခွင့်ပြုတော်မူပုံ

၄။ ပူတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ပုပ်ဖြင့် ထုံအပ်သောရှစ်ရှားသီးဆေးကို။နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရှင်ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရှင်ရဟန်းအဖြစ်၌။ တေ-တယာ၊ သင်ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊သိက္ခာပုဒ်တည်းဟူသော အသက်တည်ရှိသမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ ပိုလွန်သောလာဘ်လာဘ ရရှိခဲ့ပါမူကား။ သပ္ပိ၊ ထောပတ်ကိုဂုဏ်း။ နဝနီတံ၊ဆီဦးကိုဂုဏ်း။ တေလံ၊ ဆီကိုဂုဏ်း။ မဓု၊ပျားရည်ကိုဂုဏ်း။ ဖာဏိတံ၊ တင်လဲကိုဂုဏ်း။ ပရိဘုဥ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။

---

## အပိုအလွန်လာဘ်နှင့်တကွခွင့်ပြုတော်မူပုံ

ဤပါဠိတော်ကြီးဖြင့် တအိမ်တလုပ်သားလုံးမြှင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ပိဏ္ဍိယာလောပဆွမ်း, မြေမှုန့်အလိမ်းအလိမ်း ကပ်သော ပံသုကူသင်္ကန်း, သစ်ပင်ရင်းတည်းဟူသော ရုက္ခမူကျောင်း, နွားကျင်ပုပ်ဖြင့် ထုံအပ်သော ရှစ်ရှားသီးဆေး၊ ဤလေးပါးသော ပစ္စည်းတို့ကို ရဟန်းတို့ မှီတင်းမျှတရန်အလို့ငှါ လက်မွန်မဆွ ပဌမဦးတည်ထား၍ မြတ်စွာဘုရားကြီး ခွင့်ပြုတော်မူပေ၏၊ ထို့နောက်တဘန်—

(၁) သံဃာအားလုံးကို သိမ်းရုံး၍ လှူဒါန်းအပ်သောဆွမ်း၊
(၂) ရည်ညွှန်းပိုင်းခြား၍ လှူဒါန်းအပ်သော ဥဒ္ဒေသဆွမ်း၊
(၃) သီးခြားပင့်ဘိတ်၍ လှူဒါန်းအပ်သော နိမန္တနဆွမ်း၊
(၄) စာရေးတံဖြင့် လှူဒါန်းအပ်သော သလာကဆွမ်း,
(၅) လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ လှူဒါန်းအပ်သော ပက္ခိကဆွမ်း၊
(၆) စာတုဒ္ဒသီ, ပန္နရသီဥပုသ်နေ့တို့၌ လှူဒါန်းအပ်သော ဥပေါသထိကဆွမ်း၊

(၇) အထွက်တရက်နေ့၌ လှူဒါန်းအပ်သော ပါဋိပဒိကဆွမ်း-
ဟူ၍ အတိရေကဆွမ်းခုနစ်မျိုး။
သင်္ကန်းပစ္စည်း၌-
(၁) ခေါမတိုင်းမှဖြစ်သောသင်္ကန်း၊
(၂) ဝါချဉ်သင်္ကန်း၊
(၃) ပိုးချည်သင်္ကန်း၊
(၄) ကမ္ဗလာသင်္ကန်း၊
(၅) ပိုက်ဆံလျှော်သင်္ကန်း၊
(၆) ငါးပါးစုံရောယှက်၍ ယက်အပ်သော သင်္ကန်း-
ဟူ၍ အတိရေက သင်္ကန်းခြောက်မျိုး။
ကျောင်းပစ္စည်း၌-
(၁) ၂-ဘက်ရပ်မိုးသောကျောင်း၊
(၂) တဘက်ရပ်မိုးသောကျောင်း၊
(၃) ပြာသာဒ်ရှည်၊
(၄) ပြာသာဒ်ဦးပြည်း၊
(၅) ဂူလိုဏ်
ဟူ၍ အတိရေက ကျောင်းငါးမျိုး။
ဆေးပစ္စည်း၌—
(၁) ထောပတ်၊
(၂) ဆီဦး၊
(၃) ဆီ၊
(၄) ပျားရည်၊
(၅) တင်လဲ၊
ဟူ၍ အတိရေကဆေးငါးမျိုး၊ ဤသို့အားဖြင့် များပြားပိုလွန်သော အတိရေက လာဘ်တို့ကိုလည်း နောက်ထပ်တဘန်ခွင့်ပြုတော်မူပြန်၏။

---

## ခွင့်ပြုတော်မူလိုရင်း ပစ္စည်း- ၄-ပါး

ရှေးဦးစွာ ခွင့်ပြုတော်မူအပ်သော ပစ္စည်းလေးပါးနှင့် တဘန် နောက်ထပ် ခွင့်ပြုတော်မူအပ်သော အတိရေက လာဘ်တည်းဟူသော ပစ္စည်းလေးပါးသည် မြတ်စွာဘုရားကြီး ခွင့်ပြုတော်မူအပ်သော အနု

ညာတပစ္စည်းအနေအားဖြင့်တူကြ၏၊ သို့ရာတွင်ရှေးဦးစွာခွင့်ပြုတော်မူအပ်သော ပစ္စည်းလေးပါးကိုသာ ခွင့်ပြုတော်မူလိုရင်းအမှန်ဖြစ်၏၊ သို့ခွင့်ပြုသော် အတိရေက လာဘ်တည်းဟူသော ပစ္စည်းလေးပါး ကိုမူကား မြတ်စွာဘုရားကြီး ခွင့်ပြုတော်မူလိုရင်းမဟုတ်ပေ၊ သာသနာတော်ထမ်းအမျိုးမျိုးသောရဟန်းတို့၏အလိုသို့ လိုက်လျောငဲ့ညှာတော်မူ၍သာ ဝေနေယျဇ္ဈာသယအားဖြင့် ခွင့်ပြုတော်မူရသည်ဖြစ်၏။

ထိုစကားသည်မှန်၏၊ ရှေးဦးစွာခွင့်ပြုတော်မူအပ်သော ပစ္စည်းလေးပါးတို့သည် ပံ့သုကူစုတင်, ပတ္တပိဏ်စုတင်, သပဒါနစာရိကစုတင်, ရုက္ခမူစုတင်ဟုဆိုအပ်သော အလွန်မြင့်မြတ်သော ပဋိပတ်တရားတို့ကို ပြီးပြည့်စေနိုင်သော ဂုဏ်အထူးရှိသောပစ္စည်းများဖြစ်ကြ၏၊ အဘိုးနည်းသဖြင့် ရလွယ်သောပစ္စည်းများဖြစ်သောကြောင့် မိစ္ဆာဇီဝနှင့်စပ်လျဉ်းသော ကုလဒူသန, အနေသနမှုကြီးများကို တားဆီးကွယ်ကာ သမ္မာအာဇီဝဖြစ်ခြင်း၏အကြောင်းရင်းကေန်အမှန်ဖြစ်ကြ၏။

အတိရေက လာဘ်တည်းဟူသော ပစ္စည်းအထူးအမွန်တို့မှာ မူကား စုတင်ပဋိပတ် အကျင့်မြတ်တို့နှင့်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ကြီးများသာဖြစ်ကြ၏၊ မိစ္ဆာဇီဝနှင့် စပ်လျဉ်းသော ကုလဒူသန, အနေသနစသောအမှုကြီး, မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော ဗုဒ္ဓပဋိကုဋ္ဌအမှုကြီးများနှင့်လည်း အလွန်နီးစပ်လျက်ရှိကြ၏၊ ထို့ကြောင့် ထိုသို့သောအကျိုးအပြစ်တို့ကို စင်စစ်မြင်တော်မူပြီးဖြစ်သောကြောင့် အပြစ်ကင်းသော ပိဏ္ဍိယာလောပဆွမ်း,ပံသုကူသင်္ကန်း, ရုက္ခမူကျောင်း, ပူတိမုတ္တဆေးဟူ၍ ဤလေးပါးသောပစ္စည်းတို့ကိုသာ ခွင့်ပြုတော်မူလိုရင်း အမှန်ဖြစ်၏ဟု မှတ်ယူအပ်၏။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌-

၁။ "အထခေါ အာယသ္မာ မဟာကဿပေါ ယေန ဘဂဝါ၊ တေနုပသက်မိ၊ ဥပသက်မိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ မဟာကဿပံ ဘဂဝါ ဧတ ဒဝေါစ ဇိဏ္ဏောသိ ဒါနိ တွံ ကဿပ ဂရုကာနိ စ တေ ဣမာနိ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနိ၊ တသ္မာတိဟ တွံ ကဿပ ဂဟပတာနိစေဝ စီဝရာနိ ဓာရေဟိ၊ နိမန္တနာနိစ ဘုဉ္ဇာဟိ၊ မမ စ သန္တိကေ ဝိဟရာဟီတိ။

၂။ အဟံ ခေါ ဘန္တေ ဒီဃရတ္တံ အာရညိကော စေဝ အာရညိကတ္တဿ စ ဝဏ္ဏဝါဒီ၊ ပိဏ္ဍပါတိကော စေဝ ပိဏ္ဍပါတိကတ္တဿ စ ဝဏ္ဏဝါဒီ၊ ပံသုကူလိကော စေဝ ပံသုကူလိကတ္တဿ စ ဝဏ္ဏဝါဒီ၊ တေစီဝရိကော စေဝ တေစီဝရိကတ္တဿ စ ဝဏ္ဏဝါဒီ၊ အပ္ပိစ္ဆော စေဝ အပ္ပိစ္ဆတာယ စ ဝဏ္ဏဝါဒီ၊ သန္တုဋ္ဌော စေဝ သန္တုဋ္ဌိယာ စ ဝဏ္ဏဝါဒီ၊ ပဝိဝိတ္တော စေဝ ပဝိဝေကဿ စ ဝဏ္ဏဝါဒီ၊ အသံသဋ္ဌော စေဝ အသံသဂ္ဂဿ စ ဝဏ္ဏဝါဒီ၊ အာရဒ္ဓဝီရိယော စေဝ ဝီရိယာရမ္ဘဿ စ ဝဏ္ဏဝါဒီတိ။

၃။ ကိမ္ပန တွံ ကဿပ အတ္ထဝသံ သမ္ပဿမာနော ဒီဃရတ္တံ အာရညိကော စေဝ အာရညိကတ္တဿ စ ဝဏ္ဏဝါဒီ၊ ဧဝံ ပေယျာလော၊ ပိဏ္ဍပါတိကော စေဝ၊ ပံသုကူလိကော စေဝ၊ တေစီဝရိကော စေဝ၊ အပ္ပိစ္ဆော စေဝ၊ သန္တုဋ္ဌော စေဝ၊ ပဝိဝိတ္တော စေဝ၊ အသံသဋ္ဌော စေဝ၊ အာရဒ္ဓဝီရိယော စေဝ ဝီရိယာရမ္ဘဿ စ ဝဏ္ဏဝါဒီတိ။

၄။ ဒွေ ခွါဟံ ဘန္တေ အတ္ထဝသေ သမ္ပဿမာနော ဒီဃရတ္တံ အာရညိကော စေဝ အာရညိကတ္တဿ စ ဝဏ္ဏဝါဒီ။ ပ။ ပိဏ္ဍပါတိကော စေဝ၊ ပံသုကူလိကော စေဝ၊ တေစီဝရိကော စေဝ၊ အပ္ပိစ္ဆော စေဝ၊ သန္တုဋ္ဌော စေဝ၊ ပဝိဝိတ္တော စေဝ၊ အသံသဋ္ဌော စေဝ၊ အာရဒ္ဓဝီရိယော စေဝ၊ ဝီရိယာရမ္ဘဿ စ ဝဏ္ဏဝါဒီ၊ အတ္တနော စ ဒိဋ္ဌဓမ္မသုခဝိဟာရံ သမ္ပဿမာနော ပစ္ဆိမဉ္စ ဇနတံ အနုကမ္ပမာနော အပ္ပေဝနာမ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇေယျုံ၊ ယေ ကိရ တေ အဟေသုံ ဗုဒ္ဓါနုဗုဒ္ဓသာဝကာ၊ ယေ ဒီဃရတ္တံ အာရညိကာ စေဝ အဟေသုံ၊ အာရညိကတ္တဿ စ ဝဏ္ဏဝါဒိနော။ ပ။ ပိဏ္ဍပါတိကာ စေဝ အဟေသုံ၊ ပံသုကူလိကာ စေဝ အဟေသုံ၊ တေစီဝရိကာ စေဝ အဟေသုံ၊ အပ္ပိစ္ဆာ စေဝ အဟေသုံ၊ သန္တုဋ္ဌာ စေဝ အဟေသုံ၊ ပဝိဝိတ္တာ စေဝ အဟေသုံ၊ အသံသဋ္ဌာ စေဝ အဟေသုံ၊ အာရဒ္ဓဝီရိယာ စေဝ အဟေသုံ၊ ဝီရိယာရမ္ဘဿ စ ဝဏ္ဏဝါဒိနောတိ၊ တေ တဒတ္ထာယ ပဋိပဇ္ဇိဿန္တိ၊ တေသံ တံ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယ သုခါယ။

၅။ ဣမေ ခွါဟံ ဘန္တေ ဒွေ အတ္ထဝသေ သမ္ပဿမာနော ဒီဃရတ္တံ အာရညိကော စေဝ အာရညိကတ္တဿ စ ဝဏ္ဏဝါဒီ။ ပ။ ပိဏ္ဍပါတိကော စေဝ၊ ပံသုကူလိကော စေဝ၊ တေစီဝရိကော စေဝ၊ အပ္ပိစ္ဆော စေဝ၊ သန္တုဋ္ဌော စေဝ၊ ပဝိဝိတ္တော စေဝ၊ အသံသဋ္ဌော စေဝ၊ အရဒ္ဓဝီရိယော စေဝ၊ အာရဒ္ဓဝီရိယာရမ္ဘဿ စ ဝဏ္ဏဝါဒီတိ။

၆။ သာဓု သာဓု ကဿပ ဗဟုဇနဟိတာယ ကိရ တွံ ကဿပ ပဋိပန္နော ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊တသ္မာတိဟ တွံ ကဿပ သာဏာနိစေဝ ပံသုကူလာနိ ဓာရေယျာသိ နိဗ္ဗသနာနိ၊ ပိဏ္ဍာယ စ စရာဟိ၊အရညေစ ဝိဟရာဟီတိ''။

## အနက်

၁။ အထခေါ၊ ထိုအခါ၌။ အာယသ္မာမဟာကဿပေါ၊အရှင်မဟာကဿပသည်။ [ယေ-ယတ္ထ၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို။ အဘိဝါဒေတွာ၊ ရှိသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ သင့်တင့် လျော်ကပ်သော အရပ်၌။ နိသီဒိ၊ ထိုင်နေ၏။ ဧကမန္တံ၊ သင့်တင့် လျော်ကပ်သော အရပ်၌။ နိသိန္နံခေါ၊ ထိုင်နေပြီးသော။ အာယသ္မန္တံမဟာကဿပံ၊ ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တော်ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ကိံ အဝေါစ၊ အဘယ်ကဲ့သို့မိန့်တော်မူသနည်း။ ကဿပ၊ ချစ်သားကဿပ။ တွံ၊ သင်သည်။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ဇိဏ္ဏော၊ အိုမင်းသည်။ အသိ၊ ဖြစ်၏။ တေ၊ သင်၏။ နိဗ္ဗသနာနိ၊ ပြီးပြီးသောဝတ်ရုံခြင်းရှိကုန်သော၊ သာဏာနိ၊ ပိုက်ဆံလျှော်ဖြင့် ယက်အပ်ကုန်သော။ ဣမာနိ ပံသုကူလာနိ၊ ဤပံသုကူသင်္ကန်းတို့သည်။ ဂရုကာနိ၊ ရှန့်ရင်းကြမ်းထမ်းလှကုန်၏။ ကဿပ၊ ချစ်သားကဿပ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တွံ၊ သင်သည်။ ဂဟပတာနိ၊ ဒါယကာတို့လှူဒါန်းအပ်ကုန်သော။ စီဝရာနိစေဝ၊ သင်္ကန်းတို့ကိုလည်း။ ဓာရေဟိ၊ ဆောင်ပါတော့လော့။ နိမန္တနာနိစ၊ဒါယကာတို့ပင့်ဘိတ်လှူဒါန်းအပ်သောဆွမ်းတို့ကိုလည်း။ဘုဉ္ဇာဟိ၊ သုံးဆောင်ပါတော့လော့။ မမစ၊ ငါဘုရား၏လည်း။ သန္တိကေ၊ ထံတော်ပါး၌။ ဝိဟရာဟိ၊ နေပါတော့လော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

၂။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာနေ့ညဉ့်ပတ်လုံး။ အာရညိကောစေဝ၊ ကိုယ်တိုင်လည်း တော၌နေပါ၏။ အာရညိကတ္တဿစ၊ တောနေသောအဖြစ်၏လည်း။

ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုအထူးပြောဟောလေ့ရှိပါ၏။ ပိဏ္ဍပါတိကောစေဝ၊ ကိုယ်တိုင်လည်းပိဏ္ဍပါတ်ဓုတင်ကိုဆောင်လေ့ရှိပါ၏။ ပိဏ္ဍပါတိကတ္တဿစ၊ ပိဏ္ဍပါတ်ဓုတင်ကိုဆောင်သောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုလည်း အထူးပြောဟောလေ့ရှိပါ၏။ ပံသုကူလိကောစေဝ၊ ကိုယ်တိုင်လည်းပံသုကူဓုတင်ကို ဆောင်လေ့ရှိပါ၏။ ပံသုကူလိကတ္တဿစ၊ ပံသုကူဓုတင်ဆောင်သောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို အထူးပြောဟောလေ့ရှိပါ၏။ တေစီဝရိကောစေဝ၊ ကိုယ်တိုင်လည်း တိစီဝရိက်ဓုတင်ကိုဆောင်လေ့ရှိပါ၏။ တေစီဝရိကတ္တဿစ၊ တိစီဝရိက်၏ဓုတင်ကိုဆောင်သောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုအထူးပြောလေ့ရှိပါ၏။ အပ္ပိစ္ဆောစေဝ၊ ကိုယ်တိုင်လည်း နည်းသောအလိုရှိပါ၏။ အပ္ပိစ္ဆတာယစ၊ အလိုနည်းသောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုလည်း အထူးပြောဟောလေ့ရှိပါ၏။ သန္တုဋ္ဌောစေဝ၊ ကိုယ်တိုင်လည်းရောင့်ရဲလွယ်ပါ၏။ သန္တုဋ္ဌိယာစ၊ ရောင့်ရဲလွယ်ခြင်း၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုလည်း အထူးပြောဟောလေ့ရှိပါ၏။ ပဝိဝိတ္တောစေဝ၊ ကိုယ်တိုင်လည်း အပေါင်းအဖော်မှ ဆိတ်ကင်းပါ၏။ ပဝိဝေကဿစ၊ ကိုယ်တိုင်လည်း အပေါင်းအဖော်မှ ဆိတ်ခြင်း၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုလည်း အထူးပြောဟောလေ့ရှိပါ၏။ အသံသဋ္ဌောစေဝ၊ ကိုယ်တိုင်လည်းလူရှင်တို့နှင့်မရောနှောပါ။ အသံသဂ္ဂဿစ၊ လူရှင်တို့နှင့်မရောယှက်မှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို အထူးပြောဟောလေ့ရှိပါ၏။ အာရဒ္ဓဝီရိယောစေဝ၊ ကိုယ်တိုင်လည်း အားထုတ်အပ်သော ဝီရိယရှိပါ၏။ အာရဒ္ဓဝီရိယာရမ္ဘဿစ၊ ဝီရိယကိုအားထုတ်မှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို အထူးပြောဟောလေ့ရှိပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

၃။ ကဿပ၊ ချစ်သားကဿပ။ တွံ၊ သင်သည်။ ကိမ္ပနအတ္ထဝသံ၊ အဘယ်သို့သောအကျိုးထူးကို။ သမ္ပဿမာနော၊ ကောင်းစွာမြော်မြင်ပါသည်ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်မင်းစွာသောနေ့ညဥ့်ပတ်လုံး။ အာရညိကောစေဝ၊ ကိုယ်တိုင်လည်းတောဌနေပေသနည်း။ အာရညိကတ္တဿစ၊ တောဌနေသောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ကျေးဇူးကိုပြောဟောပေသနည်း။ ပိဏ္ဍပါတိကောစေဝ၊ ကိုယ်တိုင်လည်း ပိဏ္ဍပါတ်ဓုတင်ကို ဆောင်ပေသနည်း။ ပိုဏ္ဍပါတိကတ္တဿစ၊ ပိဏ္ဍပါတ်ဓုတင်ဆောင်သော

အဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ကျေးဇူးကိုပြောဟောလေ့ရှိပေသနည်း။ ပံသုကူလိကောစေဝ၊ ကိုယ်တိုင်လည်း ပံသုကူဓုတင်ကို ဆောင်လေသနည်း။ ပံသုကူလိကတ္တာဿစ၊ ပံသုကူဓုတင်ကိုဆောင်သောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုပြောဟောပေသနည်း။ တိစီဝရိကောစေဝ၊ တိစီဝရိက်ဓုတင်ကို ဆောင်ပေသနည်း။ တေစီဝရိကတ္တာဿစ၊ တိစီဝရိက်ဓုတင်ကို ဆောင်သောအဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို ပြောဟောလေ့ရှိပေသနည်း။ အပ္ပိစ္ဆောစေဝ၊ ကိုယ်တိုင်လည်း နည်းသောအလို ရှိပေသနည်း။ သန္တုဋ္ဌောစေဝ၊ ကိုယ်တိုင်လည်း ရောင့်ရဲလွယ် ပေသနည်း။ ပဝိဝိတ္တောစေဝ၊ ကိုယ်တိုင်လည်း အပေါင်းအဘော်မှ ဆိတ်ကင်းပေသနည်း။ အသံသဋ္ဌောစေဝ၊ ကိုယ်တိုင်လည်း လူရှင်တို့နှင့် မရောနှောပေသနည်း။ အာရဒ္ဓဝီရိယောစေဝ၊ ကိုယ်တိုင်လည်းအားထုတ်အပ်သော ဝီရိယရှိပေသနည်း။ ဝီရိယာရမ္ဘဿစ၊ ဝီရိယကို အားထုတ်မှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို ပြောဟောလေ့ ရှိပေသနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

၄။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒိဋ္ဌဓမ္မသုခဝိဟာရံ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်းကို။ သမ္ပဿမာနော စ၊ ကောင်းစွာမြော်မြင်သည် ဖြစ်၍ငင်း။ ပစ္ဆိမံ၊ နောက်၌ဖြစ်သော။ ဇနတံ စ၊ ရှင်လူအများကို။ အနုကမ္ပမာနော စ၊ အစဉ်သနားသည် ဖြစ်၍ငင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အတ္ထဝသေ၊ အကျိုးထူးတို့ကို။ သမ္ပဿမာနော၊ ကောင်းစွာမြော်မြင်သည်ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်မင်းစွာသော နေ့ညဉ့်ပတ်လုံး။ အာရညိကောစေဝ၊ ကိုယ်တိုင်လည်း တော၌နေပါ၏။ အာရညိကတ္တာဿစ၊ တောနေသော အဖြစ်၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးပြောဟောလေ့ရှိပါ၏။ ပိဏ္ဍပါတိကောစေဝ၊ ကိုယ်တိုင်လည်း ပိဏ္ဍပါတ်ဓုတင်ကိုဆောင်ပါ၏။ ပံသုကူလိကောစေဝ၊ ကိုယ်တိုင်လည်း ပံသုကူဓုတင်ဆောင်လေ့ရှိပါ၏။ တေစီဝရိကောစေဝ၊ ကိုယ်တိုင်လည်း တိစီဝရိက်ဓုတင်ဆောင်ပါ၏၊ အပ္ပိစ္ဆောစေဝ၊ ကိုယ်တိုင်လည်း နည်းသောအလိုရှိပါ၏။ သန္တုဋ္ဌောစေဝ၊ ကိုယ်တိုင်လည်းရောင့်ရဲလွယ်ပါ၏။ ပဝိဝိတ္တောစေဝ၊ ကိုယ်တိုင်လည်းအပေါင်းအဘော်မှ ဆိတ်ကင်းပါ၏။ အသံသဋ္ဌောစေဝ၊ ကိုယ်တိုင်လည်း အပေါင်းအဘော်တို့နှင့် မရောနှောပါ။ အာရဒ္ဓဝီရိယောစေဝ၊ ကိုယ်တိုင်လည်းအားထုတ်သော ဝီရိယ

ရှိပါ၏။ ဝီရိယာရမ္ဘဿ ဧ၊ ဝီရိယကို အားထုတ်မှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို ပြောဟောလေ့ရှိပါ၏။

ပစ္ဆိမာ၊ နောက်၌ဖြစ်ကုန်သော။ ဇနတာ၊ ရှင်လူအပေါင်းတို့သည်။ ယေတေဗုဒ္ဓါနုဗုဒ္ဓသာဝကာ၊ အကြင် မြတ်စွာဘုရား တပည့်သာဝကတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တေ၊ ထိုမြတ်စွာဘုရားတပည့်သားတို့သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောနေ့ညဉ့်ပတ်လုံး။ အာရညိကာစေဝ၊ ကိုယ်တိုင်လည်း တော၌နေကြကုန်သည် လည်းကောင်း။ အာရညိကတ္တဿ ဧ၊ တော၌နေမှု၏လည်း။ ဝဏ္ဏဝါဒိနောစ၊ ဂုဏ်ကျေးဇူးကို အတူးပြောဟောလေ့ရှိကြကုန်သည်လည်းကောင်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ ပိဏ္ဍပါတိကာ စေဝ၊ ကိုယ်တိုင်လည်း ပိဏ္ဍပါတ်ဓုတင်ကို ဆောင်ကြကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ ပံသုကူလိကာစေဝ၊ ကိုယ်တိုင်လည်း ပံ့သုကူဓုတင်ကို ဆောင်ကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ တေစီဝရိကာစေဝ၊ ကိုယ်တိုင်လည်း တိစီဝရိက်သင်္ကန်းကို ဆောင်ကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ အပ္ပိစ္ဆာစေဝ၊ နည်းသော အလိုရှိကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ သန္တုဋ္ဌာစေဝ၊ ရောင့်ရဲလွယ် ကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ ပဝိဝိတ္တာစေဝ၊ အပေါင်းအဘော်မှ ဆိတ်ကင်းကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ အသံသဋ္ဌာစေဝ၊ အပေါင်းအဘော်တို့နှင့် မရောနှောကုန်သည်လည်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ အာရဒ္ဓဝီရိယာစေဝ၊ အားထုတ်အပ်သော ဝီရိယရှိကုန်သည်လည်းကောင်း။ ဝီရိယာရမ္ဘဿ၊ ဝီရိယကို အားထုတ်မှု၏။ ဝဏ္ဏဝါဒိနောစ၊ ဂုဏ်ကျေးဇူးကို ပြောဟောလေ့ရှိကုန်သည်လည်းကောင်း။ အဟေသုံကိရ၊ ဖြစ်ကုန်ပြီတဲ့။ ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးပိုက်ကြကုန်၍။ ဒိဋ္ဌာနုဂတိံ၊ ဒိဋ္ဌာနုဂတိသို့။ အပ္ပဋိပဇ္ဇိဿန္တိ၊ ရောက်မှုလည်း ရောက်ကြကုန်ရာပါ၏။

တေ၊ ထိုနောင်လာနောက်သားတပည့်များတို့သည်။ တဒတ္တာယ၊ ထိုဓုတင်ပဋိပတ်အကျိုးငှါ။ ပဋိပဇ္ဇိဿန္တိ၊ ကျင့်ကြံကြိုးစားအားထုတ်ကြပါကုန်လတ္တံ့။ တေသံ၊ ထိုကျင့်ကြံကြိုးစား ရှင်လူအများတို့အား။ တံ၊ ထိုကျင့်ကြံအားထုတ်မှုသည်။ ဒီဃရတ္တံ၊ ရှည်မင်းစွာသောနေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ ပွါးစီးခြင်း ငှါလည်းကောင်း။ သုခါယ၊ ချမ်းသာခြင်းငှါလည်းကောင်း။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။

၅။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေအတ္ထဝသေ၊ ဤအကျိုးထူးတို့ကို။ သမ္ပဿမာနော၊ ကောင်းစွာမြော်မြင်သည်ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်မင်းစွာသော နေ့ညဥ့် ပတ်လုံး၊ အာရညိကောစေဝ၊ ကိုယ်တိုင်လည်း တော၌နေပါ၏။အာရညိ ကတ္တဿစ၊ တောနေမှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို အထူးပြော ဟောလေ့ရှိပါ၏၊ ပိဏ္ဍပါတိကောစေဝ၊ ကိုယ်တိုင်လည်းပိဏ္ဍပါတ်ဓုတင် ကိုဆောင်လေ့ရှိပါ၏။ ပံသုကူလိကောစေဝ၊ ပံသုကူဓုတင်ကိုလည်း ဆောင်လေ့ရှိပါ၏၊ တေစီဝရိကောစေဝ၊ တိစီဝရိက်ဓုတင် ကိုလည်း ဆောင်လေ့ရှိပါ၏။ အပ္ပိစ္ဆောစေဝ၊ နည်းသောအလိုလည်း ရှိပါ၏၊ သန္တုဋ္ဌောစေဝ၊ ကိုယ်တိုင်လည်းရောင့်ရဲလွယ်ပါ၏။ ပဝိဝိတ္တောစေဝ၊ ကိုယ်တိုင်လည်းအပေါင်းအဘော်မှ ဆိတ်ကင်းပါ၏။ အသံသဋ္ဌောစေဝ၊ ကိုယ်တိုင်လည်း ရှင်လူတို့နှင့် မရောနှောပါ။ အာရဒ္ဓဝီရိယောစေဝ၊ ကိုယ်တိုင်လည်း အားထုတ်သောဝီရိယရှိပါ၏။ ဝီရိယာရမ္ဘဿစ၊ ဝီရိယ ကို အားထုတ်မှု၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကို အထူးပြော ဟောလေ့ရှိပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။

၆။ ကဿပ၊ ကဿပ။ သာဓုသာဓု၊ ကောင်းပေစွ ကောင်းပေစွ။ ကဿပ၊ ကဿပ။ တွံ၊ သင်သည်။ ဗဟုဇနဟိတာယ၊ များစွာသော နောင်လာနောက်သား လူအများတို့ပွါးစီးခြင်းအကျိုးငှါ။ လောကာနု ကမ္ပာယ၊ သတ္တဝါအပေါင်းကို အစဉ်သနားခြင်းငှါ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ပဋိပန္နောကိရ၊ ကျင့်ကြံပါပေသည်တကား။ ကဿပ၊ ကဿပ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တွံ၊ သင် သည်။ သာဏာနိ၊ ပိုက်ဆံလျှော်ဖြင့် ယက်အပ်ကုန်သော။ နိဗ္ဗသနာနိ၊ ပြီးပြီးသော။ ပံသုကူလာနိစေဝ၊ ပံသုကူသင်္ကန်းတို့ကိုလည်း။ ဓာရေဟိ၊ ဆောင်ပါလေလော့။ ပိဏ္ဍာယစ၊ တအိမ် တလုပ်သော ဆွမ်းအလို့ ငှါလည်း။ စရာဟိ၊ လှည့်လည်ပါလေလော့။ အရညေစ၊ တောကျောင်း တောင်ကျောင်း၌လည်း။ ဝိဟာရာဟိ၊ နေပါလေလော့။ ဣတိ၊ ဤသို့ အဝေါစ၊ မိန့်တော်မူ၏။

---

H 491—17 [ဟံသာဝတီ]

## ပင့်ဘိတ်၍လှူသော ဆွမ်းစသည်ကို ခွင့်ပြုတော်မူခြင်း

ဤပါဠိတော်ကြီး၏ အဓိပ္ပါယ်ကား— မြတ်စွာဘုရားထံတော်သို့ဆည်း ကပ်လာသော အိုမင်းသော အသက်အရွယ်ရှိသော ရှင်မဟာ ကဿပ မထေရ်ကို မြင်တော်မူလေသည်ရှိသော် မဟာကရုဏာတော်ရှင် ဖြစ် တော်မူသော မြတ်စွာဘုရားကြီးအား ဤသို့သောအကြံ ဖြစ်တော်မူလေ၏၊ ဖြစ်ပုံကား- ဓုတင်ပဋိပတ် အကျင့်တို့သည် လွန်စွာကျပ်တည်း ကျဉ်း မြောင်းလှသဖြင့် ကာယိကဒုက္ခ အတန်တန်ကို သည်းခံနိုင်သော သဒ္ဓါ, ဆန္ဒ, ဝီရိယအစွမ်း အလွန် ထက်မြက်သော သူတို့သည်သာ ဖြည့်ကျင့် နိုင်ကြပေရာ၏၊ သဒ္ဓါ, ဆန္ဒ, ဝီရိယစွမ်းအန် ထက်သန်သောသူဖြစ်လင့် ကစား အရွယ်အားဖြင့် အိုမင်းရင့်ရော်သောအခါ ဇရာဒုဗ္ဗလ္လဖြစ်၍ တော နေခြင်း,ပံသုကူဆောင်ခြင်း,ဆွမ်းခံမှုကြီးတို့ကို အမြဲပြုစုနိုင်ခြင်းငှါ လွန်စွာ ခဲယဉ်းကြပေ လတ္တံ့ဟု ကရုဏာ လှုံ့ဆော် အကြံတော်ဖြစ်လတ်၍ ရှင် မဟာ ကဿပမထေရ်ကြီးအား ဤသို့မိန့်တော်မူပေ၏။

"ချစ်သား ကဿပ.... သင်သည် ယခုအခါ အသက်အရွယ် ကြီးရင့် ဇရာမီးသင့်ခဲ့ပြီ၊ သင်ယခု ဝတ်ရုံအပ်သော ပိုက်ဆံလျှော် ဖြင့် ယက်အပ်သော ပံသုကူသင်္ကန်းတို့သည်လည်း အထပ်ထပ် အလွှာလွှာ စပ်ဖါချုပ်လုပ်ရသောကြောင့် အလွန်ရှုန့်ရင်း ကြမ်း တမ်း လှကုန်၏၊ ဇရာဒုဗ္ဗလ အရွယ်ကျသောသူများ ဝတ်ရုံခြင်းငှါ လွန်စွာ ခဲယဉ်း၏၊ ထို့ကြောင့် ပံသုကူသင်္ကန်းတို့ကိုစွန့်ပစ်၍ ဒါ ယကာတို့ လှူဒါန်းအပ်သော ဂဟပတိ သင်္ကန်းတို့ကိုသာ သုံး ဆောင် ပါတော့လော့၊ ပိဏ္ဍပါတ်ဓုတင်မှုကြီးသည်လည်း ကျန်း ခံ့သော ဇင်္ဃာဗလ ရှိသောသူတို့သာ ပြုစွမ်းနိုင်သော အမှုကြီး ဖြစ်ပေရာ၏၊ သင်ကဲ့သို့အရွယ်ကြီးရင့်သော သူတို့မှာမူကား နေ့ စဉ် မပြတ် ဆွမ်းရပ် လှည့်လည်ခြင်းငှါ လွန်စွာ ခဲယဉ်းကြချေပြီ၊ ထို့ကြောင့် ဆွမ်းခံမှုကိုထား၍ ပင့်ဘိတ်ရာရာ ဒါယကာတို့၏ဆွမ်း, နိမန္တနဆွမ်းတို့ကိုပင် သုံးဆောင်ပါလော့"။

"ချစ်သားကဿပ.... အရညကင်ဓုတင်မှုကြီးမည်သည်လည်း မျှတ ခိုင်ခံ့သော ဇင်္ဃာဗလ ရှိသဖြင့် ပြုစုသူ တပည့် တပန်း ရဟန်းသာမဏေတို့နှင့်ကင်း၍ တယောက်ချင်း နေစွမ်းနိုင်သော

ကာယဗလရှိသောသူတို့သာ နေနိုင်ရာသောအမှုကြီးဖြစ်၏၊ သင်ကဲ့သို့ အရွယ်ကြီးရင့်သော သူတို့မှာမူကား နေ့နေ့ညည ပြုစုသူ တပည့်တပန်း ရဟန်းသာမဏေတို့နှင့် မကွေမကွာနေမှသာ သင့်လျော်သော အရွယ်ဖြစ်၍ တပည့်တပန်း ရဟန်းရှင်လူတို့နေထိုင်ရာဖြစ်သော ငါဘုရားနှင့်နီးပါးသော ဂါမန္တကျောင်း၌ပင် နေပါတော့လော့''။

ဤသို့မိန့်တော်မူသည်ကား ဒါယကာတို့ ပင့်ဘိတ် လှူဒါန်းအပ်သော နိမန္တနဆွမ်း, ဂဟပတိသင်္ကန်း, ဂါမန္တကျောင်းတို့ကို ခွင့်ပြုတော်မူပေ၏။

[ယင်းသို့ခွင့်ပြုတော်မူခြင်းသည်လည်း မြတ်စွာဘုရား၏အလိုတော်ကျ မဟုတ်ဘဲ ရှင်မဟာကဿပမထေရ်မြတ်အား သနားငဲ့ညှာတော် မူသဖြင့်သာ ခွင့်ပြုချက်ဖြစ်လေသည်၊ မြတ်စွာဘုရား၏ အလိုတော်မှာမူကား တသက်ပတ်လုံးဓုတင်ပဋိပတ် အကျင့်မြတ်တို့ဖြင့် နေခြင်းကိုသာ မုချအလိုရှိရင်း ဖြစ်၏၊ ဤကား မှတ်ချက်အထူးတည်း။]

---

## ရှင်မဟာကဿပက ဘုရားအလိုတော်ကျပြန်လျှောက်ခြင်း

ဤသို့ ခွင့်ပြုတော်မူချက်ကို မြတ်စွာဘုရား အလိုတော်ကျ မဟုတ်ဘဲ သနားငဲ့ညှာ ကရုဏာတော်ဖြင့်သာ ခွင့်ပြုချက်ဖြစ်ပေသည်ဟု သိတော်မူသော ရှင်မဟာကဿပမထေရ်သည် အလိုတော်ကျလျှောက်ထားလိုသည်ဖြစ်၍ ''ဘုန်းတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော် မူပေသော မြတ်စွာဘုရား.... အကျွန်ုပ်သည်ရဟန်းအဖြစ်သို့ရောက်သည်မှစ၍ ဤမျှသော အသက်သို့တိုင်အောင်—

(၁) တောကျောင်းနေမှု၊
(၂) ပိဏ္ဍပါတ်ဆွမ်းခံမှု၊
(၃) ပံသုကူဝတ်ရုံမှု၊
(၄) တိစီဝရိက်ဆောင်မှု၊
(၅) အလိုနည်းပါးမှု၊
(၆) ရောင့်ရဲလွယ်မှု၊
(၇) အပေါင်းအဘော်မှဆိတ်ကင်း၍နေမှု၊

(၈) လူဒါယကာ, ဒါယိကာမတို့နှင့် နီးနွယ်ခြင်းကင်းမှု၊
(၉) သက်စွန့်ကြိုးပမ်း ဝီရိယအစွမ်းထုတ်မှု—

တို့ကို မိမိကိုယ်တိုင်လည်း အစဉ်အမြဲ အားခဲသမှု ပြုစုထမ်းရွက်ခဲ့လှပါပြီ၊ အစဉ်သဲမဲ့အားခဲသဖြင့် အမြဲထမ်းရွက်ကျင့်ဆောင်သောပဋိပတ်ဂုဏ်ထူး အကျိုးကျေးဇူးတို့ကိုလည်း ချီးကျူးပြောဆိုလေ့အမြဲရှိပါသည်၊ သို့ပါသောကြောင့် ရှည်လျားစွာကျင့်ကြံမြဲချီးမွမ်းမြဲဖြစ်သော ကျင့်ဝတ်ပဋိပတ်ကြီးတို့ကို ယခုအခါမှပယ်ဖျက်ခြင်းငှါမလျော်နိုင်ဖြစ်ပါသည်''ဟု လျှောက်တင်လေ၏။

---

## ခြိုးခြံခြင်းအကျိုး ၂-ပါး

ထိုအခါ မြတ်စွာဘုရားကြီးသည်—

''ချစ်သားကဿပ…သင်သည် အဘယ်သို့သော အကျိုးကျေးဇူးကို အထူးမြော်မြင်သဖြင့် ခုတင်ပဋိပတ်အကျင့်မြတ်တို့ကို အမြဲကျင့်ဆောင်ပေသနည်း၊ ဝါပါးသောရဟန်းတို့ ကျင့်ဆောင်မှုကိုလည်း အမြဲချီးကျူးပေသနည်း''။

ဟု မေးတော်မူလေရာ—

(၁) ''ဘုန်းတော်ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား…မြို့ရွာနီးစပ်သောကျောင်းကန်, ဒါယကာတို့ ဘိတ်မန်အပ်သော နိမန္တနဆွမ်း, ဂဟပတိသင်္ကန်းတည်းဟူသော ပစ္စည်းရပ်တို့သည် ကုလပလိဗောဓ, အာဝါသပလိဗောဓအစရှိသော ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကြီးတို့နှင့် အလွန်နီးနွယ်စပ်ဆက်လေရကား မျက်မှောက်သောကိုယ်၏ချမ်းသာစွာ နေနိုင်ကြောင်းဖြစ်သော ဖလသမာပတ်ကိုပင် နှောင့်ယှက်ပေရာ၏။

လူနှင့်ဝေးသောတောကျောင်း, တောင်ကျောင်း, သလုံးမြင်းခေါင်းဖြင့် ရသောဆွမ်း, ပံ့သုကူသင်္ကန်းတို့သည်ကား ဆိုအပ်ခဲ့ပြီးသော ဈာန်မဂ်ဖိုလ်၏ အနှောင့်အယှက်ဖြစ်သော ပလိဗောဓမှုကြီးတို့နှင့် အလှမ်းအကမ်းအလွန် ကင်းလွတ်ဝေးကွာသော ပစ္စည်းများဖြစ်လေရကား ဒိဋ္ဌဓမ္မသုခဝိဟာရ

တည်းဟူသော ဖလသမာပတ်ချမ်းသာ၏ ခိုင်လုံစွာသော အထောက်အပံ့ကြီးများအမှန်ဖြစ်ပါ၏၊ ယင်းသို့ ဒိဋ္ဌဓမ္မသုခ ဝိဟာရမျက်မှောက်ဘဝ၌ချမ်းသာစွာနေရခြင်းတည်းဟူသော ဖလသမာပတ်ချမ်းသာကြီးကိုလည်း မြော်မြင်မိပါသည်။

(၂) ထိုမှတပါးလည်း နောင်လာနောက်သား ရဟန်းများတို့သည်လည်း ရှေ့သွားဦးဆောင်ဖြစ်သော အကျွန်ုပ်တို့၏ ဆည်းပူးဖြည့်ကျင့်ပုံနည်းနာကို ဒိဋ္ဌာနုဂတိသို့ အစဉ်လိုက်သောအားဖြင့် ပစ္စည်းလေးပါး၌ လျှပ်ပေါ်ခြင်း-စာပလျ, ကုဟန, လပန, သမန္တဇပ္ပနအစရှိသော မိစ္ဆာဇီဝမှုတို့ကို ဝေးဝေးကြီးပယ်ကြဉ်၍ဖြူစင်သန့်ရှင်း အပြစ်ကင်းသောပစ္စည်းလေးပါတို့ကိုသာ သုံးဆောင်မှီတင်းရောင့်ရဲခြင်းဖြင့် ရှည်မြင့်စွာ ချမ်းသာသုခ ရကြပေလတ္တံ့၊ ယင်းသို့သော အနာဂတ်အကျိုးကိုလည်း မြော်ကိုးမိပါသည်။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၌သို့လျှောက်ဆိုအပ်ပြီးသော ဖလသမာပတ်ချမ်းသာတည်းဟူသော မိမိအကျိုး, နောင်လာလတ္တံ့သော ရဟန်းတို့၏ ဒိဋ္ဌာနုဂတိလိုက်ခြင်းဟူသောသူတပါးတို့အကျိုး၊၌နှစ်ပါးသောအကျိုးတို့ကို မြော်ကိုးရှည်ရွယ်သဖြင့် တောနေမှု,ဆွမ်းခံမှု,ပံသကူသက်နိုးဝတ်ရုံမှုတို့ကို အမြဲကျင့်ကြံအားထုတ်ပါသည်"—

ဟု နားတော်လျှောက်လေလျှင် ယခင်ရှေးဦးပကတူးကပင် တောနေမှု, ဆွမ်းခံမှု, ပံသုကူသက်နိုးဝတ်ရုံမှု, တိစီဝရိက်ဆောင်မှု, အလိုနည်းပါးမှု, ရောင့်ရဲလွယ်မှု, အပေါင်းအဘော်မှဆိတ်ကင်း၍ တယောက်ချင်းနေမှု ထိုင်မှု,လုဒ္ဒါယကာ ဒါယိကာမနှင့်နှီးနွှယ်ခြင်းကင်းမှု, သက်စွန့်ကြိုးပမ်းဝီရိယအစွမ်းထုတ်မှုတို့ကို အလိုရှိတော်မူရင်းစွဲဖြစ်၍ "သာဓု,သာဓု ကဿပ....သာဓု,သာဓု ဟု အကြိမ်ကြိမ် ကောင်းချီးပေးတော်မူလေသတည်း။

---

## အသားစားမှုခွင့်ပြုခြင်းသည်အလိုတော်ကျမဟုတ်

၌ပါဠိတော်၌ နောက်ဆုံးစကားမြွက်ကြားတော်မူရာ အနုမောဒနာဝါကျကိုထောက်၍ "ရွာနီးကျောင်းနေမှု, နိမန္တနဘတ်ကိုသုံးဆောင်မှု,

ဂဟာပတိသက်နိုးကို ဝတ်ရုံမှုတို့၌ ခွင့်ပြုတော်မူခြင်းသည် မုချအားဖြင့် မြတ်စွာဘုရားအလိုတော်ဖြင့် ခွင့်ပြုတော်မူသည်မဟုတ်၊ ရှင်မဟာကဿပ မထေရ်မြတ်အား သနားတော်မူခြင်း ပြင်းစွာရှိတော်မူ၍ ခွင့်ပြုတော်မူ ခြင်းဖြစ်သည်''ဟု စင်စစ်ကွဲပြားထူးခြားလှပေသည်။

ဤသို့ဆိုခဲ့သော ကဿပသံယုတ် ပါဠိတော်ကြီးဖြင့် ရှေးဦးစွာအစ ပဌမ၌ ခွင့်ပြုအပ်သော ဝိက္ကပ္ပိယာလောပ အစရှိသောပစ္စည်းလေးပါးနှင့် နောက်ထပ်တဘန် ခွင့်ပြုတော်မူအပ်သော အတိရေက ပစ္စည်းလေးပါး သည် မြတ်စွာဘုရားသခင် ခွင့်ပြုတော်မူသော အနုညာတပစ္စည်းအနေ အားဖြင့် တူကြသော်လည်းသဘောအားဖြင့် မုချမတူနိုင်ချေ၊ ရှေးဦးစွာ သော သလ္လဟုက ပစ္စည်းတို့ကိုသာ မြတ်စွာဘုရားသခင် ခွင့်ပြုတော်မူ လိုရင်းအမှန်ဖြစ်၏။

အတိရေကလာဘတည်းဟူသော ပစ္စည်းလေးပါး တို့ကိုမူကား သာသနာတော်ထမ်း အမျိုးမျိုးသောရဟန်းတို့၏အလိုသို့ လိုက်လျော ငဲ့ညှာတော်မူ၍သာ ဝေနေယျဇ္ဈာသယ အားဖြင့်သာသနာအရှည်တည်စေ လိုသဖြင့် သင့်လျော်အောင် မြော်ရှု၍ခွင့်ပြုတော်မူပေရာသတည်း၊ အနု ညာတ ပစ္စည်းနှစ်ပါး၏ ကွဲပြားထူးထွေကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပေ၏။

ထိုသို့မြတ်စွာဘုရားကြီး ခွင့်ပြုတော်မူအပ်သော အနုညာတပစ္စည်း လေးပါးသည် အလိုတော်ကျ အနုညာတပစ္စည်း, ဝေနေယျဇ္ဈာသယ အနုညာတပစ္စည်းဟု နှစ်ထွေကွဲပြားထူးခြားလေသောကြောင့် ''မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အစွန်းသုံးပါးမှ ကင်းလွတ်လျှင်အပ်၏'' ဟု- ခွင့်ပြုတော်မူသော အနုညာတ အသားစားအမှုသည် စင်စစ်အားဖြင့် မြတ်စွာဘုရားကြီး၏ အလိုတော်ကျ အနုညာတမဟုတ်ချေ၊ ဝေနေယျဇ္ဈာ သယသို့ လိုက်လျောငဲ့ညှာတော်မူသောအားဖြင့် ခွင့်ပြုရသော အနုညာတ တမျိုးသာဖြစ်၏။

ချဲ့ဦးအံ့၊ သာသနာထမ်း ရဟန်းတို့မည်သည်မှာ အကယ်၍ အသား စားမှုကို အာပတ်တပ်၍ ပညတ်တော်မူပါလျှင်—

(၁) မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်, ကုန်သည်, ဆင်းရဲသားဟူ၍ လေးပါးသော အမျိုးအနွယ်အလာ ဒါယကာ, ဒါယိကာမတို့

ချက်ပြုတ်အပ်ပြီးသော ခဲဘွယ်ဘောဇဉ်ကိုသာ မှီဝဲသုံးဆောင်ရသောကြောင့် သူတပါးကိုမှီ၍ အသက်မွေးမြူရသော ပရဒတ္တူပဇီဝိပုဂ္ဂိုလ်မျိုး ဖြစ်သည်လည်းတကြောင်း။

(၂) အမျိုးလေးပါးတို့တွင်လည်း အသားစားမှုမှ ကင်းရှင်းသော အမျိုးကိုမူကား အလွန်ရနိုင်ခဲသည်လည်း တကြောင်း။

(၃) မြို့ရွာသူတို့ လောင်းလှူအပ်သောဆွမ်း, ဆွမ်းဟင်းလျာတို့၌ အသားစမဲဟင်းလျာတို့သည် ပါဝင်ရောယှက်ခြင်းမှ ကင်းပါလေ၏လော, မကင်းပါလေသလော ဟုတွေးတောယုံမှားချက်ကြီးကို တားဆီးဖျောက်ဖျက်ခြင်းငှါ ခဲယဉ်းလှသည်လည်း တကြောင်း။

ဤသုံးပါးသော အကြောင်းတို့ကြောင့် ဇာရိယာပထ မျှတနိုင်ရုံသော စင်ကြယ်သော ဆွမ်းခဲဘွယ်, ဘောဇဉ်အနည်းငယ်မျှကိုပင် မရနိုင်ရှိကြလေရာ၏၊ အာပတ်ကင်းလွတ်နိုင်သော အစာအာဟာရမျိုးကိုမရသဖြင့် မြင့်မြတ်သောဘဝမှ ဆုံးရှုံးပျက်စီးကြလေကုန်ရာ၏။

အလွန်တွေ့ကြုံခဲလှစွာသော သာသနမ်မ္မဗုဒ္ဓုပ္ပါဒ ဒုလ္လဘပွဲတော်ကြီးနှင့် တွေ့ကြုံရပါလျက် ဆွမ်းဘောဇဉ်အတွက်နှင့် ခဲခက်ကျပ်တည်းမှုကြောင့် အလွဲကြီးသွေလွဲကြကုန်၏ဟု အလွန့်အလွန် မကင်းနိုင်ရာမလွဲသာ, မဖယ်သာသော အကြောင်းတို့ကို ကောင်းစွာထောက်မြော်၍ အနာဂတံသဉာဏ်တော်ဖြင့် ရှုကြည့်သိမြင်တော်မူသဖြင့် သနားတော်မူလှ၍သာ အသားစားမှု အာပတ်ကို ပညတ်တော်မူချေသည်၊ အလိုတော်ကျ အဇ္ဈာသယအတိုင်း ခွင့်ပြုတော်မူရသည်မဟုတ်ပေ။

---

## ဝိမတိဝိနောဒနီဋီကာဘွင့်ပြချက်

ထိုစကားသည်မှန်၏၊ အစွန်းသုံးပါးတည်းဟူသော ခြွင်းချက်လွတ်ကင်းခွင့်မထားမူ၍ အသားစားမှု ဟူသမျှကိုပင် အကယ်၍ ပယ်ရှားတားမြစ်တော်မူချေသော် သာသနာတော်ထမ်းရဟန်း အားလုံးတို့သည် ခန္ဓာပျက်ပြုန်းသေဆုံးသော နေ့သို့တိုင်အောင်ပင် အသားရောယှက်မှုဖြင့် သံသယကင်းလောက်သော ဆွမ်းခဲဘွယ်ကို အဘယ်အခါမှ မသုံးဆောင်ကြရတော့လတ္တံ့၊ သံသယကုက္ကုစ္စလှိုင်းတံပိုးလွှမ်းမိုးလျက်သာ တသက်

ပတ်လုံး သုံးဆောင်ကြရလေရာ၏၊ သံသယထွေးယှက်၍ တသက်လုံး သုံးဆောင်ခဲ့ပြန်သော် အဘယ်နံရောတခါမှ အသားစားမှု အာပတ် လွတ်လပ်ရသော အခွင့်မရှိလေရာ။

သို့ဖြစ်သောကြောင့် အသားစားမှုအားလုံးကို အကယ်၍ သိမ်းရုံး တားမြစ်တော်မူပါလျှင် ဒါယကာတို့နှင့်ကင်းလွတ်၍ စားသောက်နိုင် ခြင်းငှါ ဆန်စပါးအစရှိသည်ကို ကိုယ်တိုင် ခံယူမှု, သိုမှီးသိမ်းဆည်းမှု, ကျောင်း၌ပင် ကိုယ်တိုင်ချက်ပြုတ်သုံးဆောင်မှုအရပ်ရပ်ကိုလည်း ခွင့်ပြုရ တော့မည်မချွတ်တည်း၊ချက်ရေးပြုတ်ရေးပြုလုပ်ရန်အစေခံကျွန်ယောကျ်ား ကျွန်မိန်းမတို့နှင့်တကွ ချက်ခန်း-ပြုတ်ခန်း၏အဆောက်အဦ, ဆုံ,ကျည် ပွေ့, ထမင်းအိုး,ဇွန်း,ပန်းကန်အစရှိသည်တို့ကိုလည်း သပိတ် ပရိက္ခရာ နှင့်တပါတည်း ထပ်တူ ခံယူ သိမ်းဆည်းခြင်းငှါ ခွင့်ပြုရတော့မည်သာ မချွတ်တည်း။

ဤသို့ခွင့်ပြုတော်မူပါလျှင်လည်း စားမှုသောက်မှုတည်းဟူသော ဗာ ဟီရကိစ္စတို့ဖြင့်သာ အချိန်အခါကိုလွန်စေသဖြင့် တိတ္ထိတို့နှင့်မခြားမနား အိမ်ရာထောင်သူ လူဂဟဋ္ဌတို့၏အနေအထိုင်မျိုးဖြင့်သာ အချည်းနှီး နေကြရလေရာ၏၊ ရဟန်းကိစ္စနှင့်ပြည့်စုံစွာ ဖြည့်တင်းနေခြင်းကိုအလျှင်း ပင် အခွင့်မရဘဲရှိကြလေရာ၏၊ ဤသို့ဆိုခဲ့ပြီးသော ဒါယကာ,ဒါယိကာမ တို့နှင့် မလွှဲသာမကင်းသာသဖြင့် ဇီဝိတိန္ဒြေကို စောင့်ရှောက်ထောက်ပံ့ ရသော စားမှု,သောက်မှုကြီးသည် နေ့စဉ်အမှုဖြစ်သောကြောင့်သာ အ သားစားမှုကို အလျှင်းမပယ်မူ၍ ကင်းလွတ်ချက်အရေး ခွင့်ပေးတော်မူရ သည်၊ မိမိ၏အလိုတော်ကျ သဗ္ဗာသယပြဋ္ဌာန်းသော အသားစားခန်း ခွင့်ပြုချက်သက်သက်ပင် မဟုတ်ပေ။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

''ထေ့ ဧ ဘိက္ခူနံ စတူသု ကုလေသု ပဗ္ဗဇိတ္တာယလောပဘော ဇနံနိဿိတတာယ မစ္ဆမံသဘောဇနံ ဝိရဟိတသေဿစ ကုလဿ ဒုလ္လ ဘတာယ တတ္ထ လဒ္ဓေသု ဘတ္တဗျဥ္ဇနေသု မစ္ဆမံသ သံသဋ္ဌသက်ာယ ဒုန္နိဝါရဏတာယစ ဘိက္ခူ သရီရယာပနမ္ပိ နသိယာတိ ဘဂဝတာ မစ္ဆမံသံ သဗ္ဗထာ အပဋိက္ခိပိတွာ တီဟိ ကောဋိ ဟိ အပရိသုဒ္ဓမေဝ ပဋိက္ခိတ္တံ။

ယဒိဟိတံဘဂဝါ သဗ္ဗထာပဋိက္ခိပေယျ ဘိက္ခူ မရမာနာပိ မစ္ဆာ ဒိသံသဋ္ဌဝိသက်ိတံ ဘတ္တံ နဘုဥ္ဇေယျုံ၊ တတော တတ္ထာ့လဒ္ဓောဒိ

ပဋိဂ္ဂဟေတွာ နိဒဟိတွာ သယံ ပစိတွာ ဘုဉ္ဇိတုံ တဒုပကရဏ ဘူတံ ဒါသိဒါသံ ဉဒုက္ခလမုသလာဒိကဉ္စ ဘိက္ခုနံ ပဏ္ဏာဒိဝိယ အ ဝသံ ဂဟေတုံ အနုဇာနိတဗ္ဗံ သိယာတိ တိတ္ထိယာနံဝိယ ဂဟဋ္ဌ ဝါသော ဧဝ သိယာ၊ န ဘိက္ခုအာဝါသောတိ ဝေဒိတဗ္ဗံ''။ ဟု မိန့်၏။

**အနက်**။ ။စ၊ဆက်၍ဆိုဦးအံ့။ ဥဒ္ဒေါ၊ဤအရာ၌။ ဘိက္ခူနံ၊ ရဟန်းတို့ ၏။ စတူသု၊ လေးပါးကုန်သော။ ကုလေသု၊ အမျိုးတို့၌။ ပဏ္ဏပိဏ္ဍိယ လောပဘောဇနနိဿိတတာယစ၊ ကျက်ပြီးသော တအိမ်တလုပ်ရှာမှီး၍ ရအပ်သော ဆွမ်းကိုမှီဝဲသည်၏အဖြစ်ကြောင့်ၡင်း။ မစ္ဆမံသဘောဇန ဝိရဟိတဿ၊ ငါးမျိုးသားမျိုးကို စားသောက်ခြင်းမှ ကင်းလွတ်သော။ ကုလဿ၊အမျိုးကို။ဒုလ္လဘတာယစ၊ရခဲသည်၏အဖြစ်ကြောင့်ၡင်း။ တတ္ထ၊ ထိုအမျိုးလေးပါးတို့၌။ လဒ္ဓေသု၊ရအပ်ကုန်သော။ ဘတ္တဗျဉ္ဇနေသု၊ဆွမ်း ဆွမ်းဟင်းလျာတို့၌။ မစ္ဆမံသသံသဂ္ဂသက်ာယ၊ ငါးမျိုးသားမျိုးတို့နှင့် ရောနှောခြင်း၌ တွေးတောယုံမှားဘွယ်ကို။ ဒုန္နိဝါရဏတာယစ၊တားမြစ် ဖြေဖျောက်ခြင်းငှါ ခဲယဉ်းသည်၏အဖြစ်ကြောင့်ၡင်း၊ ဘိက္ခူနံ၊ ရဟန်းတို့ အား။ သရီရယာပနမ္ပိ၊ ကိုယ်၏မျှတခြင်းသည်လည်း။ နသိယာ၊မဖြစ်ရာ။ ဣတိတသ္မာ၊ထို့ကြောင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မစ္ဆမံသံ၊ ငါးမျိုးသားမျိုးကို။ သဗ္ဗထာ၊အချင်းခပ်သိမ်း။ အပ္ပဋိက္ခိပိတွာ၊ မပယ် မူ၍။ တိကောဋိပရိသုဒ္ဓမေဝ၊ အစွန်းသုံးပါးတို့မှ။ အပရိသုဒ္ဓမေဝ၊ မစင်ကြယ် သောအသားကိုသာလျှင်။ ပဋိက္ခိတ္တံ၊ ပယ်တော်မူအပ်၏။

ဟိ-သစ္စံ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုငါးမျိုး သားမျိုးကို။သဗ္ဗထာ၊အချင်းခပ်သိမ်း။ ယဒိပဋိက္ခိပေယျ၊ အကယ်၍ ပယ် တော်မူငြားအံ့။ ဘိက္ခူ၊ ရဟန်းတို့သည်။ မရမာနာပိ၊ သေသည်တိုင် အောင်လည်း။ မစ္ဆာဒိသံသဂ္ဂဝိသင်္ကိတံ၊ ငါးမျိုးအသားမျိုးရောယှက်မှုဖြင့် ယုံမှားကင်းလောက်သော။ ဘတ္တံ၊ ဆွမ်းကို။ နဘုဉ္ဇေယျုံ၊ မသုံးဆောင် ကြရလေကုန်ရာ။ တတော၊ ထို့ကြောင့်။ တဏှာလဲညာဒိံ၊ ဆန်စပါး အစရှိသည်ကို။ ပဋိဂ္ဂဟေတွာ၊ အလှူခံ၍။ နိဒဟိတွာ၊ သိမ်းဆည်း ကြကုန်၍။ သယံ၊ ကိုယ်တိုင်။ ပစိတွာ၊ ချက်ပြုတ်ကြကုန်၍။ ဘုဉ္ဇိတုံစ၊ စားသောက်ခြင်းငှါၡင်း။တဒုပကရဏဘူတံ၊ ထိုချက်ပြုတ်ရေး၏အဆောက် အဦဖြစ်၍ဖြစ်သော။ ဒါသိဒါသဉ္စ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားကိုၡင်း။

ဘိက္ခုနံ၊ ရဟန်းတို့၏။ ပတ္တာဒိဝိယ၊ သပိတ်အစရှိသောပရိက္ခရာကဲ့သို့။ အဝသံ၊ မချွတ်ကောန်အမှန်မလွဲ။ ဂဟေတုံ၊ ခံယူသိမ်းပိုက်ခြင်းငှါ။ အနုဇာနိတဗ္ဗံ၊ ခွင့်ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တိတ္ထိယာနံဝိယ၊ တိတ္ထိတို့ကဲ့သို့။ ဂဟဋ္ဌာဝါသောဇဝ၊ မြို့ရွာတိုင်းကားလူသူများနှင့် မခြားလှပေ့လူနေလူထိုင်သည်သာလျှင်။ သိယာ၊ ဖြစ်ရာ၏။ ဘိက္ခုအာဝါသော၊ သာသနာတော်ထမ်း ရဟန်းအနေအထိုင်မျိုးသည်။ နသိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ စေဒိတဗ္ဗံ၊ သိအပ်၏။

ဤဋီကာပါဌ်ဖြင့် အသားစားမှုကိုခွင့်ပြုရခြင်းသည် မြတ်စွာဘုရားကြီး အလိုတော်မဘက် ဝေနေယျဇ္ဈာသယ သက်သက်ဖြင့်သာ ခွင့်ပြုတော်မူရကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပေ၏၊ ဤပြဆိုခဲ့ပြီးသော ပါဠိတော်အလာ ဋီကာမိန့်ဆိုချက်တို့ကိုထောက်ထား၍“အသားစားမှုမှ ကြဉ်ရှောင်ခြင်းသည်သာ မြတ်စွာဘုရားကြီးအလိုတော်နှင့် ညီလျော်သက်ဝင်၏”ဟု သန္နိဋ္ဌာန်ကျမှတ်ယူအပ်လှပေသည်၊ အနုညာတနှစ်မျိုး ကွဲပြားချက်ကို ဉာဏ်မသက်နိုင်သော အချို့ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့၏ ရောင်းစားချက်ကို ထွေးယှက်၍မယူသင့်ပြီ။

[ဤကား အသားစားမှု၏ မြတ်စွာဘုရားအလိုတော်သို့ သက်,မသက်ကို စင်စစ်ရှင်းလင်းချက်ပေတည်း။]

---

### ခွင့်ပြုသော်လည်း ဆင်ခြင်၍ စားရပုံ

အကယ်၍ တိခကောဋိပရိသုဒ္ဓဖြစ်သော သားငါးကိုစားသောက်စေမှု ခွင့်ပြုတော်မူရသော်လည်းပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်စားသောက်ရလိမ့်မည်၊ အဘယ်သို့သုံးဆောင်စားသောက်ရမည်နည်း—

အစွန့်ရှည်သော ခရီးသို့သွားကြရသော လင်မယား,သားငယ်သုံးယောက်တို့သည် လမ်းခရီး၌အစာပြတ်သဖြင့် မတတ်နိုင်ဘဲခွေလဲနုံးလျှဖြစ်နေကြရာတွင် ရှေ့ကိုလည်းမလှမ်းနိုင်၊ နောက်ကိုလည်းမပြန်နိုင် အကြံခက်လှသဖြင့် မိမိတို့သားငယ်၏အသားကိုသတ်ဖြတ်၍စားသောက်ကြရာ၌အရသာ၏ကြည်လင်မြိန်ရှက်ဘွယ်အရေးနှင့်ဝေးစွ၊မျက်ရည်စီးယိုမှိတ်၍သာမျိုရဘိသကဲ့သို့ ထို့အတူ အနမတဂ္ဂသံသရာဝယ် ရှည်လျားလှစွာ ခန္ဓာပေါင်းအနန္တဖြစ်ခဲ့ကြရသဖြင့် မိဘဆွေမျိုး ဘိုးဘွားညာတိ

ဖြစ်ခဲ့ကြရဘူးလှလေသည်ဖြစ်ရကား ထိုဆွေဟောင်းမျိုးဟောင်းများတို့၏ အသားတို့ကို စားသောက်ကြရကုန်သည်ရှိသော် ပျော်ရွှင်စွာစားသောက်ခြင်းငှာ အလျှင်းပင်မလျော်၊ လျှော်ဖြစ်ပေါ်လာသော သုခသောမနဿဝေဒနာကို မဖြစ်စေပြီဟူသောစိတ်ဖြင့် သနားခြင်းကရုဏာတရားအာရုံထား၍ မလွဲသာသောစိတ်ဖြင့် အာလောပေ,အာလောပေ-လုပ်တိုင်း, လုပ်တိုင်း မရိုင်းစိုင်းသောစိတ်ဖြင့် ဤပြဆိုခဲ့သော ဥပမာအတိုင်းညီညွတ်စွာဆင်ခြင်သဖြင့် စားသောက်သုံးဆောင်ကြရသည်။

---

## အသားစားမှုသည် ရသတဏှာ၏ အသိုက်အအုံ

ထိုအသားစားမှုသည် အလွန်ဆိုးဝါးယုတ်မာလှစွာသော ရသတဏှာဘီလူးကြီး၏ မိုက်ရူးသောင်းကျန်းရာ အသိုက်အအုံကြီးအမှန်ဖြစ်၏၊ ထိုစကားသည်မှန်၏၊ အသားစားမှုမည်သည် တပါးသောကာမဂုဏ်မှုတို့ကဲ့သို့ ရံခါရံခါသာ တိုက်ဆိုင်တွေ့ကြုံရသည်မဟုတ်၊အသက်ဝိညာဉ်ရှိသမျှကာလပတ်လုံး အမြဲနေ့စဉ်ပင် လက်သုံးထား၍ သုံးစားမှီဝဲရသော ခုဝပဋိသေဝနမှုကြီးဖြစ်သောကြောင့်၎င်း၊မလွဲသာမကင်းသာသော အသက်မွေးမှုကြီး အသက်အရေးကြီး ဖြစ်သောကြောင့်၎င်း အနည်းငယ်မျှသာယာမှု,အလတ်စားမျှသာယာမှုခံစားမှုတို့ကိုမဆိုထားဘိ၊အလွန်အကြူးအထူးစွဲလန်းသော ဥပါဒါန်တို့ဖြင့် သာယာခံစားအပ်သော ရူပါရုံခံစားမှု, သဒ္ဒါရုံခံစားမှု, ဂန္ဓာရုံခံစားမှု, ဖောဋ္ဌဗ္ဗာရုံခံစားမှုတို့ထက် အဆအရာမက အဆအထောင်မက အဆအသိန်းမက ယုတ်မာဆိုးဝါးသော ခံစားမှုကြီးအမှန်ဖြစ်၏၊ ထို့ကြောင့် ဇကနိပါတ် ဝါတမိဂဇာတ် ပါဠိတော်၌—

> န ကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝ သန္ထဝေဟိ ဝါ။
> ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေသိ ရသေဟိ သဉ္စယော။ ။

ဟုဟောတော်မူအပ်ပြီ၊ ၎င်းအဋ္ဌကထာ၌လည်း—

"အာဝါသေဟိဝ သန္ထဝေဟိဝါတိ နိဗဒ္ဓဝသနဋ္ဌာနသင်္ခါတေသု ဟိ အာဝါသေသုပိ မိတ္တသန္ထဝေသုပိ ဆန္ဒရာဂေါ ပါပကော၀။ တေဟိ ပန သဏ္ဍန္ဒရာဂပရိဘောဂေဟိ အာဝါသေဟိဝါ မိတ္တသန္ထဝေဟိဝါ သတဂုဏေနစ သဟဿဂုဏေနစ သတသဟဿဂုဏေနစ ခုဝပဋိသေဝနဋ္ဌေန အာဟာရံ ဝိနာ ဇီဝိတိန္ဒြိယပါလနာဘာဝ အဘာဝေန်စ သဏ္ဍန္ဒရာဂပရိဘောဂ ရသာ၀ ပါပတရာတိ"။

ဟုမိန့်အပ်ပြီ။

အနက်။ ။ကိရ၊ ကြားဘူးသည်ကား။ ရသေဟိ၊ ရသအာရုံ ကာမဂုဏ်တို့ထက်။ ပါပိယော၊ ယုတ်မာဆိုးဝါးသော ကာမဂုဏ်မည်သည်။ နအတ္ထိ၊ မရှိ။ အာဝါသေဟိဝါ၊ အိပ်ရာကျောင်းကန်တို့ထက်ငှင်း။ သန္ထဝေဟိဝါ၊ သားမယားတို့ကို ချစ်ကျွမ်းမှုထက်ငှင်း။ ရသာ၊ ရသအာရုံ ကာမဂုဏ်တို့သည်။ ပါပိယာ၊ အလွန်အကြူး အထူး ယုတ်ညစ်ကုန်၏။ သဥ္စယော၊ သဥ္စယမည်သောမူဆိုးသည်။ ဂဟာနနိဿိတာ၊ တောချုံပိတ်ပေါင်းကိုမှီသော။ ဝါတမိဂံ၊ သမင်ပျိုကို။ ရသေဟိ၊ ရသအာရုံကာမဂုဏ်တို့ဖြင့်။ဝသံ၊ မိမိအလိုသို့၊ အာနေသိ၊ဆောင်လေ၏။ (ပါဠိတော်အနက်။)

အာဝါသေဟိ ဝ သန္ထဝေဟိဝါတိ၊ အာဝါသေဟိ သန္ထဝေဟိဝါ ဟူသည်ကား။ ဟိ၊ ထင်ရှားစွာပြဦးအံ့၊ နိဗဒ္ဓဝသနဋ္ဌာနသင်္ခါတေသု၊ အမြဲနေထိုင်ရာဟု ဆိုအပ်ကုန်သော။ အာဝါသေသုပိ၊ အိမ်ရာကျောင်းကန်တို့၌ငှင်း။ မိတ္တသန္ထဝေသုပိ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့၌ငှင်း။ ဆန္ဒရာဂေါ၊ ခင်မင်စွဲလမ်းသောရာဂသည်။ ပါပကောဝ၊ ယုတ်မာသည်သာလျှင်တည်း။ ပန၊ ထိုသို့ပင်အာဝါသတဏှာ, သန္ထဝတဏှာယုတ်မာပါငြားသော်လည်း။ သဥ္စန္ဒရာဂပရိဘောဂေဟိ၊ ပြင်းပြသောဆန္ဒရာဂနှင့်တကွသုံးဆောင်ခံစားအပ်ကုန်သော။ တေဟိအာဝါသေဟိဝါ၊ ထိုအိမ်ကျောင်းကန်တို့ထက်ငှင်း။တေဟိမိတ္တသန္ထဝေဟိဝါ၊ထိုအဆွေခင်ပွန်းချစ်ကျွမ်းဝင်သော သူတို့ထက်ငှင်း။သတဂုဏေနစ၊ အဆအရာအားဖြင့်ငှင်း။ သဟဿဂုဏေနစ၊အဆအထောင်အားဖြင့်ငှင်း။သတသဟဿ ဂုဏေနစ၊အဆအသိန်းအားဖြင့်ငှင်း။ဓုဝပဋိသေဝနတ္တေနစ၊ အမြဲမှီဝဲအပ်သော အနက်သဘောကြောင့်ငှင်း။ အာဟာရံ၊အာဟာရကို။ ဝိနာ၊ကြဉ်၍။ဇီဝိတိန္ဒြိယပါလနာဘာ၊ဇီဝိတိန္ဒြေကိုစောင့်ရှောက်ခြင်း၏။အဘာဝေနစ၊မရှိရာသောကြောင့်ငှင်း။ သဥ္စန္ဒပရိဘောဂရသာဝ၊ဆန္ဒရာဂနှင့်တကွသုံးဆောင်အပ်သော ရသာရုံတို့သည်သာလျှင်။ ပါပတရာ၊ အလွန်အကြူးအထူး ယုတ်မာကုန်၏။ (အဋ္ဌကထာအနက်)

ဤပါဠိတော် အဋ္ဌကထာတို့ဖြင့် ရူပါရုံခံစားမှု,သဒ္ဒါရုံခံစားမှု, ဂန္ဓာရုံခံစားမှု, ရသာရုံခံစားမှု, ဖောဋ္ဌဗ္ဗာရုံခံစားမှု, ဓမ္မာရုံခံစားမှုဟူ၍ ခံစားမှုသာယာမှုခြောက်ပါးရှိသည်တွင် ရသာရုံခံစားမှုကိုကြဉ်၍ ကြွင်းငါးပါးရှိသည်အနက် နေရာထိုင်ခင်း၌ သာယာမှု, သားမယား၌ သာယာမှုသည်

အကြီးမားဆုံးအဆိုးဝါးဆုံးဖြစ်၏။ ထိုအကြီးမားဆုံး အဆိုးဝါးဆုံးဖြစ်သော အာဝါသတဏှာ, သန္တဝတဏှာတို့ထက် ရသတဏှာသည် အကြီးမားဆုံး အဆိုးဝါးဆုံးဖြစ်၏ ဟူသောအနက်ကို လက်ဝယ်တင်ထားပတ္တမြားကဲ့သို့ ထင်ရှားစွာပြတော်မူလေ၏။

---

## ရသတဏှာဆိုးဝါးပုံ

ရသတဏှာ၏ ဆိုးဝါးယုတ်မာ ညစ်ညမ်းသောင်းကျန်းသောသဘောသွားကို မဟာသုတသောမ ဇာတ်တော်အလာ ပေါရိသာဒဝတ္ထုဖြင့် သိအပ်၏၊ ချဲ့ဦးအံ့။

ထိုပေါရိသာဒအမည်တွင်သော ဗြဟ္မဒတ်မင်းကြီးသည် ရသတဏှာသောင်းကျန်းမှုကြီးကြောင့် အရာမကသော ရွှေအိမ်ရွှေနန်း,အထောင် မကသော မိဖုရားမောင်းမ, အသောင်းမကသော ခြေရံသင်းပင်းနှင့်များစွာကုန်သော ရွှေငွေရတနာတို့ကို အလျှင်းပင်ငဲ့ကွက်ခြင်းမရှိဘဲ အသားစားကြူးသော ဘီလူးစိတ်လွှမ်းမိုး၍ တောင်ရိုးတောတန်း တလျှောက်၌ဒုက္ခကြီးစွာရောက်ရှာရလေသည်၊ ရှင်ဘုရင်ကြီးဖြစ်ပါလျက် တောနက်ဂနိုင်စုံမြိုင်အတွင်း မြေမွေ့ရာအခင်းဝယ် စင်းစင်းအိပ်စက်ခါ နေရချေတော့သည်။

[ဤကား အသားစားမှု၏ အပြစ်ကြီးပေတည်း။]

ထိုမှတပါး ယခုအခါ ကမ္ဘာတဝှမ်းလုံး၌ တရှုံးရှုံးစည်ကားလျက်ရှိသောသားသတ်ရုံတို့၌ တနေ့တနေ့လျှင် ရာပေါင်းများစွာ,ထောင်ပေါင်းများစွာသော ကုန်းသတ္တဝါတို့နှင့် သောင်းပေါင်းများစွာ, သိန်းပေါင်းများစွာသောရေသတ္တဝါတို့ကိုတနေ့မပြတ်သတ်ဖြတ်ခုတ်စင်းနှိပ်စက်ခြင်းဟူသောအဓမ္မမှုကြီး မတရားမှုကြီး ထူပြောသောင်းကျန်းပြည့်လွှမ်း၍နေသောကြောင့် လူ့လောကကို စောင့်ရှောက်ကြကုန်သော နတ်သိကြားဗြဟ္မာအပေါင်းတို့သည် လူ့လောကကိုအလွန်စက်ဆုပ်ကြကုန်၍ ကြည့်ရှုစောင့်ရှောက်မှုတို့ကို မပြုကြတော့ဘဲ မျက်နှာလွှဲကြလေကုန်ပြီ။

ယင်းသို့ စောင့်ရှောက်မှု ကွယ်ကာမှုတို့ကို မပြုလုပ်ကြလေသောကြောင့် လောကတွင်ရှိနေကြကုန်သော ဘီလူးသားရဲသံဘက်ဟုခေါ်ကြသော နတ်ဆိုးနတ်ဝါးအပေါင်းတို့သည် အခွင့်ရကြကုန်သဖြင့် လူတို့နေ

ရာ ထိုထိုမြို့ရွာသို့လာရောက်ကြကုန်၍ လူအပေါင်းတို့၌ မိမိတို့တန်ခိုးဖြင့် ပိဋ္ဌိတ်ဖျားရောဂါ,ကာလဝမ်းရောဂါအစရှိသော ရောဂါဆိုး အနာဆိုး ကပ်ဥပဒ်မျိုးတို့ကိုကျရောက်ဖြစ်ပွါးစေကုန်ပြီးလျှင် လူတို့၏ အသွေး, အဆီတို့ကို စုတ်ယူမျိုသောက်သေကြေ ပျက်ဆုံးသည်တိုင်ရောက်အောင် နှိပ်စက် ညှဉ်းပန်းကြကုန်၏။

လူတို့၌ပြုလုပ်ခွင့်မသာသည့်အခါ ကျွဲ,နွား သတ္တဝါတို့၌၎င်း၊ သိုး, ဆိတ်,ဝက်,ကြက်အစရှိသောတိရစ္ဆာန်သတ္တဝါတို့၌၎င်း မိမိတို့တန်ခိုးဖြင့် လည်ပင်းကြီးနာ,အဆုပ်ကြီးနာ, အသည်းကြီးနာ,ကျောက်ကြီးနာ အစရှိသော ရောဂါဆိုး အနာဆိုးကပ်ဥပဒ်မျိုးတို့ကို ကျရောက် ဖြစ်ပွါးစေကြကုန်ပြီးလျှင် ထိုကျွဲ,နွားအစရှိသော တိရစ္ဆာန်သတ္တဝါတို့၏ အသွေး,အဆီတို့ကိုစုတ်ယူမျိုသောက်သေကြေ ပျက်စီးခြင်းသို့တိုင်ရောက်အောင် နှိပ်စက် ညှဉ်းပန်းကြကုန်၏။

[ဤစကား၌ တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကပ်သုံးပါးတို့တွင် ရောဂန္တရကပ်သည် နတ်ဆိုးတို့ပြုလုပ်၍ ဖြစ်ကြောင်းကို တိုက်ရိုက်လာရှိ၏၊ ဤသည်လည်း အသားစားမှု၏ အပြစ်ကြီးပေတည်း။]

---

## အသားစားမှုကိုရှောင်ကြဉ်သင့်ကြောင်း

ဒါယကာ မောင်ရွှေထင်၏လျှောက်လွှာတွင် လတ်ဆတ်သောအသားကိုစားသောက်မှုသည် ကျန်းမာရေးနှင့်ညီညွတ်သဖြင့်သင့်၏ဟုအဆိုပါရှိ၏၊ ဤမျှလောက်ဆိုးဝါးသော ရသတဏှာကြီးကို အဘယ်မှာ အားပေးခြင်းငှါ သင့်ပါတော့အံ့နည်း၊ သုတ်နိပါတ်ကျမ်းဂန်တွင် နာဖျားရန် အကြောင်းဟု ထုံးဟောင်းကိုတွေ့ရသည်၊ ဤမျှလောက် အပြစ်များသော အသားစားမှုကို အဘယ်မှာ ချီးမွမ်းခြင်းငှါသင့်ပါတော့အံ့နည်း၊ အနည်းငယ်မျှသော်လည်း အားပေးတိုက်တွန်းချီးမွမ်းခြင်းငှါ မသင့်တော့ပြီ၊ လက်ဖျစ်တတွက်ခန့်ကာလမျှပင် ချီးမွမ်းရန်အမှန်ပင်မလျော်နိုင်ချေ။

သတ်၍သေလေပြီးသော ငါးသားတို့၏အသားသည် သေလေပြီး ဖြစ်သောကြောင့် ဘူးသီး,ခရမ်းသီးတို့နှင့်ဓာတ်လေးပါးချင်းအတူသာဖြစ်၏၊ သတ္တဝါမဟုတ်လေပြီဖြစ်သောကြောင့်ကြင်နာသနားသဖြင့်မစားသောက်

ဘဲ ကြည့်ရှောင်သော်လည်း ဂရုဏာမဖြစ်၊ ဂရုဏာ၏အာရုံမဟုတ်ဟု အချို့ကပြောတတ်ကြ၏၊ မောင်ရွှေထင်လျှောက်လွှာတွင်လည်း ပါရှိ၏၊ အံ့ဘွယ်ရှိပေစွ၊ ယခုနေ့တွင် ကမ္ဘာသူ့,ကမ္ဘာ့သားအားလုံးညီညွတ်၍ သက်သတ်စားမှုအားလုံးကို တခါတည်းသိမ်းရုံးကြည့်ရှောင်ကြပါလျှင် နက်ဖြန်သတ်လတ္တံ့သော ရာပေါင်းများစွာ,ထောင်ပေါင်းများစွာ,သောင်းပေါင်းများစွာသတ္တဝါတို့၏အသက်ဘေး ချမ်းသာမှုကြီး ပြီးစီးထမြောက်ရာလေသောအရေးကြီးသည် မျက်မြင်ဒိဋ္ဌတလောကလုံး၌ပင်ထင်ရှား၏။

တနေ့လျှင် နွားကောင်ရေ ၁၂၀-သတ်ရသော ရန်ကုန်မြို့ကြီး၌ ယနေ့ နွားသားစားခြင်းမှ တမြို့လုံးကြည့်ရှောင်လိုက်ပါမူ နက်ဖြန် သတ်လတ္တံ့သော နွားကောင်ရေ ၁၂၀-ကိုအဘယ်မှာသတ်ရတော့အံ့နည်း၊ ထိုသို့သေလတ္တံ့သောသတ္တဝါတို့သည် ကရုဏာ ဗြဟ္မဝိဟာရ၏ အာရုံစင်စစ်ဖြစ်ကြပေကုန်၏၊ မဖြစ်ဟု မငြင်းနိုင်ပြီ၊ အသားကို ကြည့်ရှောင်မှသာ အသေ့အပျောက် ကင်းရှင်းမည်ကေန်စင်စစ် အမှန်ဖြစ်သောကြောင့်သာ အသားစားခြင်းမှ ကြည့်ရှောင်ရန် တိုက်တွန်းပြောဟောကြရသည်။

အသားအဖြစ်သို့ရောက်သောအခါ သတ္တဝါမဟုတ်ကြောင်းကို စကားတခု ပြုလုပ်ပြောဆိုဘွယ်မရှိချေ၊ လူတို့ပြည်၌အသားစားမှုကြောင့် တနေ့လျှင် တိရစ္ဆာန်သတ္တဝါပေါင်း မည်၍မည်မျှ အကာလမရဏာ ပါဏာတိပါတ အဓမ္မတရားတို့ကြောင့် ဆုံးပါးပျက်စီး ကြလိမ့်မည်ဟု ဉာဏ်ပညာဖြင့် မြော်ကြည့်မိကြလျှင် သိကြမြင်ကြ ပေလိမ့်မည်။

ကျမ်းသံ-ဂန်သံနှင့် အချို့က "မစ္ဆံ နခါဒတိ၊ မံသံနခါဒတိ"ဟု လာသော တိတ္ထိအကျင့်တို့ကို ပြဆိုရာပါဠိတော်သံဖြင့် အသားစားမှုမှ ကြည့်ရှောင်လျှင် တိတ္ထိဖြစ်သည်ဟု ယောင်ဝါးပြောဆိုကြ၏။

---

## အသားစားရှောင်ကြဉ်မှုသည် တိတ္ထိအကျင့်မဟုတ်

ထိုဆရာတို့ဆိုတိုင်း တိတ္ထိကျင့်ဝတ်ကိုပြရာ ပါဠိတော်၌လာသမျှသော အကျင့်တို့သည် တိတ္ထိအကျင့်ချည်းသာတည်းဟုယူငြားအံ့၊ ဇင်းဝါကျနှင့် တဆက်တည်းဟောတော်မူသော"သုရံ နပိဝတိ၊ မေရယံ နပိဝတိ၊ ပုံသုကူလာနိ ခါရေတိ"ဟူသော စကားကိုလည်း တိတ္ထိ ကျင့်ဝတ်၌ ဟော

လျက် ပါရှိသောကြောင့် ယစ်မျိုးသောက်စားခြင်းမှ ကြဉ်ရှောင်မှု, ပံသုကူ ခုတင် ဆောင်မှုတို့ကိုလည်း တိတ္ထိအကျင့်မျိုး ပါသဏ္ဍာအကျင့်မျိုးဟူ၍သာ ဆိုရပေလိမ့်မည်၊ စင်စစ်ကေန်အမှန်အားဖြင့် ယစ်မျိုးကြဉ်ရှောင်မှု, ပံသုကူ ဆောင်မှုတို့သည် သမ္မာပဋိပတ်တို့သာဖြစ်၏၊ တိတ္ထိကျင့်ဝတ်တို့ဆိုသည်မှာ သူရူးခြင်းတောင်းကဲ့သို့ အဆိုးအကောင်း သောင်းပြောင်းရောယှက်လျက်ရှိ၏၊ ထို့ကြောင့် "မစ္ဆံနခါဒတိ၊ မံသံနခါဒတိ"ဟု လာသော ပါဠိကိုထောက်၍ တိတ္ထိအကျင့်၌ ပါသဏ္ဍအကျင့်ကို မိစ္ဆာအကျင့်ဟူ၍သာ မှတ်ယူသောသူတို့ကို အလွန်သနားဘွယ်ကောင်းလေစွ၊ "သုရံနပိဝတိ" ပါဠိနှင့် တိုက်ဆိုင်၍သာ ချိန်ရှိုင်း ထောက်ဆရန် ကျမ်းဂန်ကိုပြအပ်၏။

---

### အသားစားမှု ကြဉ်ရှောင်ရကျိုး

အသားစားမှုတို့ကို ကြဉ်ရှောင်ရခြင်းအကျိုးတို့ကို အနည်းငယ်ပြဆိုပေအံ့။

(၁) ကုန်းသတ္တဝါ, ရေသတ္တဝါတို့သည် မိမိတို့ရရှိသော ဘဝတို့၌ ချမ်းသာ အေးမြစွာ မိမိတို့တိရစ္ဆာန်မျိုးဆွေ အပေါင်းတို့နှင့် ကောင်းစွာနေထိုင်လိုကြသည်။

(၂) ဘေးရန် လွတ်ကင်း ချမ်းသာစေချင်သောစိတ် တိရစ္ဆာန်တိုင်း ရှိကြသည်။

(၃) အသက် မသေလိုသောစိတ် တိရစ္ဆာန်တိုင်းရှိကြသည်။

(၄) အချိန်မစေ့မရောက်ဘဲ အကာလမရဏာ- လူတို့သတ်ပုတ် ညှဉ်းဆဲ၍ သေရခြင်းကို အလျှင်းပင် အလိုဆန္ဒ မရှိကြကုန်။

အမြှီမြှီအရွာရွာ- လူ့ပြည်၌ရှိကြကုန်သော မနုဿလူသား ကမ္ဘာ့သူကမ္ဘာ့သား အားလုံးတို့သည်လည်း ထိုတိရစ္ဆာန်တို့ ကဲ့သို့ပင် မိမိတို့ခန္ဓာကိုယ်ကို–

(၁) ဘေးကင်းချမ်းသာလိုသောစိတ် ရှိကြသည်။

(၂) အသက်မသေလိုသောစိတ် ရှိကြသည်။

(၃) အချိန်မစေ့ဘဲ အကာလမရဏာ- သူတပါးသတ်သဖြင့် မသေချင်ကြသောစိတ် လူတိုင်းပင် ရှိကြသည်။

လူ့ပြည်လူတိုင်း၌ ကုန်းတိရစ္ဆာန်, ရေတိရစ္ဆာန် တို့ကို အကာလ အချိန် မစေ့မီ မသနား ရက်စက် သတ်ဖြတ်၍ သေခြင်းဆိုးနှင့် သေကြေ ပျက်စီးကြရခြင်းသည်—

(၁) သတ္တဝါတိုင်း ဘေးကင်းချမ်းသာစေချင်လှသောစိတ်နှင့် ပဋိပက္ခ ဆန့်ကျင့်ဘက်ဖြစ်သည်။

(၂) သတ္တဝါတိုင်း အသက်မသေကြချင်သော စိတ်နှင့် ပဋိပက္ခ ဆန့်ကျင်ဘက်ဖြစ်သည်။

(၃) သတ္တဝါတိုင်း အချိန်မစေ့မရောက်ဘဲ မသေချင်လိုသောစိတ် နှင့်လည်း ပဋိပက္ခ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သည်။

မိမိတို့၏ကိုယ်ခန္ဓာကို လူတိုင်းပင်အချိန်မစေ့ဘဲ အသက်မသေရ၍ ဘေးကင်း ချမ်းသာစွာနေလိုကြသည်၊ ထို့အတူ သား လင်ခင်ပွန်း ချစ်ကျွမ်းဝင်ကြကုန်သော မိတ္တဆွေညာအပေါင်းတို့နှင့်လည်း မကွေမကွာ အခါခပ်သိမ်းအေးငြိမ်းချမ်းသာ အမြဲမြဲအရွာရွာ လူများစွာတို့ နေရှာ ချင်သလိုပင် ကုန်းတိရစ္ဆာန်, ရေတိရစ္ဆာန်အပေါင်းတို့မှာလည်း မိမိတို့ ဘာသာဘာဝ ရရှိသောမျိုးဆွေတို့နှင့်ပင် ကြည်လင်ရွှင်ပျ လူတို့လိုပင် နေထိုင်ကြကုန်သည် အမှန်ပင်ဖြစ်တော့သည် မလွဲမုချကေန္တဖြစ်သည်။

လူ့ပြည်လူသားတို့ အသက်ခန္ဓာမွေးမြူမှုအတွက် စားကြ,သောက်ကြ ဘို့အရေးကိစ္စကြောင့် ဘေးဒုက္ခကြီးစွာတွေ့ရသည်၊ အသက်သေရသည့် အချိန်မစေ့မီ အကာလမရဏ သေခြင်းဆိုးဖြင့် ပြင်းစွာနာကျင်၍ မရှုမလှ သေဆုံးကြရကုန်သည်။

(၁) ငါ့အသက်, ငါ့သားမယားအတွက်, ဆွေမျိုးညာတိတို့အတွက် ဘေးကင်းကြပါစေ။

(၂) ငါ့အတွက်, ငါ့သားမယား ဆွေမျိုးတို့အတွက် မသေကြပါ စေနှင့်။

(၃) ငါ့အတွက်, ငါ့သားမယား ဆွေမျိုးတို့အတွက် အချိန်မစေ့ ဘဲလျှက် အကာလမရဏဖြင့် မသေကြပါစေနှင့်။

(၄) ငါ့တို့လိုပင် သူတို့ဆွေမျိုးသားချင်းတို့နှင့် ကွေကွင်းခြင်း ဝိပ္ပ ယောဂဒုက္ခ မဖြစ်ကြပါနှင့်ဟူ၍ သူတော်ကောင်း ကေန္တ မှန်လျှင် ဖြစ်ပွါးတန်ရာသည်— ဒါယကာမောင်ရွှေထင်။

(၁) မိမိအတွက်, သားမယားအတွက် သတ္တဝါ အပေါင်းအား ဘေးဒုက္ခကင်းရှင်းစေရန် အဘယဒါန အလှူကြီးကို ပေးလှူရာသည်။

(၂) မိမိအတွက်, သားမယားအတွက် သတ္တဝါတို့အား မသေစေရန် ဇီဝိတဒါန အလှူကြီးကို ပေးလှူကုန်ရာသည်။

(၃) မိမိအတွက်,သားမယားအတွက် မချိန်မစွဲဘဲ သတ်၍သေခြင်း- အကာလမရဏတရားကို သေနေ့မစွဲမိ မသေကြပါစေနှင့် ဟူသော ကာလမရဏဒါနအလှူကို ပေးလှူကုန်ရာသည်။

ဘုရားလောင်းဖြစ်သောမျောက်မင်းသည် ချောက်အတွင်း၌ ကျရောက်နေသော ပုဏ္ဏားကြီးအား အကာလမရဏမဖြစ်စေရန် အသက်ကို ကယ်ဆယ်ရခြင်း, ဇီဝိတဒါနအလှူကြီးကို လှူတော်မူလို၍ ကြိဘန်၍ ချောက်တွင်း၌ဆင်း၍ ကယ်ဆယ်တော်မူသည်၊ တဘန်ထိုပုဏ္ဏားကြီးက ပြန်၍နှိပ်စက်သည်ကိုပင်သည်းခံတော်မူ၍ ဦးခေါင်း၌သွေးယိုစီးကျလျက် မသက်မသာနေရာကပင် ကျားဘေး,ဆင်ဘေးဖြင့် ထိုပုဏ္ဏားကြီးသည် တောနက်ကြီးထည်းဝယ် မသေပါစေနှင့်ဟူသောအဘယဒါနအလှူကြီးကို နောက်တဘန် အားထုတ်တော်မူပြန်သည်မှာ အသက်ချမ်းသာရအောင် လိုက်၍ ပို့ဆောင်ခါဖြင့် လမ်းပြ၍ပေးရခြင်းသည် ဘေးမဲ့အလှူကြီး ဖြစ်သည်။

ဤသို့လျှင် မျောက်မင်းသည် ပါရမီဆယ်ပါးပြည့်စုံအောင် ဖြည့်ဆည်းပူးတော်မူသည်၊ ထိုအကြောင်းကို ငါတို့ရေးသားသော ဥတ္တမပုရိသ ဒီပနီကျမ်း၌ ပါရမီဆယ်ပါးမြောက်ပုံကို ရေးသားထုတ်ပြဘူးလေသည်။

ထိုသို့လျှင် သတ္တဝါတို့အား အသက်ကယ်ဆယ်ရခြင်းသည် ပါရမီဆယ်ပါးအားလုံး သိမ်းကျုံးငုံမိ, ခြုံမိသည်ဖြစ်၍ ထိုအကျိုးသွားသည် လျှမ်းလျှမ်းတောက် အကျိုးသွားဖြစ်ပေ၍—

(၁) နောက်နောင်ကာလ တမလွန်ဘဝတို့ကို မဆိုထားနှင့်ဦး၊ ယခု ပစ္စုပ္ပန်ဘဝ၌ပင် မျက်နှာမြင်က ချစ်ခင်ရခြင်း၊

(၂) အသံကြားက ကြည်ညိုခြင်း၊

(၃) ရောဂါအနာကင်းခြင်း၊

(၄) စိတ်ချမ်းသာ, ကိုယ်ချမ်းသာခြင်း၊
(၅) ဆွေမျိုးတစုတို့နှင့် အသက်ထက်ဆုံး ကြည်လင်ချမ်းမြနေထိုင်ရခြင်း၊
(၆) ရန်သူမရှိခြင်း၊
(၇) သေနေ့မစေ့မီ မသေရခြင်း၊
(၈) သူတပါး ပယောဂဖြင့် သေခြင်းဆိုးနှင့် မသေရခြင်း၊
(၉) သွားလေရာရာ မျက်နှာပွင့်လန်းခြင်း၊

စသော ယခုဘဝ ဒိဋ္ဌဓမ္မပစ္စက္ခအကျိုးပေး သန့်စွမ်းလှ၏။ (ဒိဋ္ဌဓမ္မဝေဒနိယအကျိုး။)

နောင်တမလွန် ဘဝတို့၌လည်း ယခုဘဝအကျိုး ပေးသကဲ့သို့—

(၁) ဖြစ်လေရာရာ အသက်ရှည်ခြင်း၊
(၂) ချမ်းသာကြီးခြင်း၊
(၃) ခွန်အားကြီးခြင်း၊
(၄) ဩဇာအာဏာထက်မြက်ခြင်း၊
(၅) တန်ခိုးကြီးခြင်း၊
(၆) သူတထူးတို့ထက် သွက်လက်လျင်မြန်သော ဉာဏ်ရှိခြင်း၊
(၇) လူထက်လူ, နတ်ထက်နတ်, ဗြဟ္မာထက် ဗြဟ္မာ အကျော် အမော်ဖြစ်ရခြင်း၊
(၈) အဆုံးဘဝ နောက်ကာလ၌လည်း နိဗ္ဗာန်ချမ်းသာ မြတ်ကြီးသို့ မပင်မပန်း ချမ်းသာ လွယ်ကူ ရယူနိုင်ခြင်း—

ဟူသော အကျိုးထူး အကျိုးမြတ် ဖြစ်ပေ၍ ရှေးရှေး သူတော်ကောင်း ဘုရားလောင်းတို့သည် သတ္တဝါအပေါင်း ချမ်းသာကြောင်းကိုသာ ရှာကြံအားထုတ် ပြုလုပ်သွားကြ ဘူးကုန်ပြီ-ဒကာမောင်ရွှေထင်။

အသားစားပုဏ္ဏားအဖြေ ပြီး၏။

# ရှင်ဂုဏဝံသ ပုစ္ဆာ ၄-ချက် အဖြေ

## သံတွဲမြို့ ကျွေးကျိုင်းရွာ ရှင်ဂုဏဝံသ လျှောက်ထားသော ပုစ္ဆာ ၄-ချက်

သက္ကရာဇ် ၁၂၀၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊ဗုဒ္ဓဟူးနေ့၌ ဘုရားတပည့်တော် ယက္ခာပုရတိုင်း ဒွါရာဝတီ သံတွဲမြို့နယ် အတွင်း တိုင်ကျိုးတိုက် ကျွေးကျိုင်းရွာကျောင်း၌ အမြဲသီတင်းသုံးနေပါသော ဂုဏဝံသရဟန်းက လျှောက်ထားပါသည်။

အောက်စားရင်းပါလျှောက်ထားသော ပုစ္ဆာရပ်တို့ကို တပည့်မှစ၍ မြတ်စွာဘုရားသခင်၏ သာသနာတော် ၅၀၀၀-အတွင်း၌ နောက်သားနောင်လာ ဆရာအစဉ်အဆက်, တပည့်အစဉ်အဆက်တို့သည် ကျောက်ထီးကြီးကဲ့သို့အားကိုးကြီးပွါး၍ရင်း, ထိပ်ပေါ်တွင်နှက်၍ထားသောသံမှိုကြီးကဲ့သို့ရင်း ဒဠှီကမ္မ အမြဲအစွဲပြုလုပ်မှတ်သားပါရအောင် ဝိနိစ္ဆယသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက်၍ လျှောက်ထားပါသည် ဘုန်းတော်,ကံတော်,ဉာဏ်တော်ကြီးတော်မူ၍ အသက်ရာကျော် ရှည်အံ့သော ဆရာတော်သူမြတ်ဘုရား။

(၁) ပဌမပုစ္ဆာ။ ။ရဟန်းတပါးသည် ယုံကြည်သော ဒါယကာတယောက်၏လက်၌ ကာလအဘိုးငွေ ၂၀ဝ-တန်သောမှန်ပြောင်းတခုကို အပ်နှံ၍ထားရာ နောင်သောအခါ မှန်ပြောင်းရှင်ရဟန်းက မှန်ပြောင်းကို ပြန်၍တောင်းသော် လက်ခံသောဒါယကာက မှန်ပြောင်းကို တပည့်တော်ကိုမအပ်ပါ၊ သို့အတွက်ကြောင့် မပေးနိုင်ပါဟု ငြင်းပယ်သောကြောင့် ဥစ္စာရှင်ရဟန်းက ၂-ကြိမ်, ၃-ကြိမ်တောင်း၍မရလျှင် အစိုးရရုံးမင်းထံ ထုံးစံအတိုင်း ခေါင်းတံဆိပ်ကပ်ခြင်းစသည်အမှုကိုပြုလုပ်၍ တရားစွဲဆိုရာ အစိုးရရုံးမင်းကလည်း ထုံးစံအတိုင်း သက်သေစသည်တို့ကို မေးစစ်၍ စေ့စုံသဖြင့် “တရားလိုဘုန်းကြီးက စွဲဆိုသည့်အတိုင်း ငွေ ၂၀ဝတန်သော မှန်ပြောင်းနှင့် တရားလိုကုန်ကျသောရုံးစရိတ်ငွေ ၂ဝ-ကို တရားခံ ဒါယကာက တရားလိုဘုန်းကြီးလက်သို့ပေးစေ”ဟု အစိုးရရုံး တရားသူကြီးက အဆုံးအဖြတ်ချပါသည်။

ဆိုးဖြတ်သည့်အတိုင်း တရားခံဒါယကာသည် မိမိခါးထည်းက စိုက်ထုတ်၍ ရုံးစရိတ်ငွေ ၂၀-နှင့် အပ်ထားသောမှန်ပြောင်းကို တရားလိုဘုန်းကြီးလက်သို့ပြန်၍ပေးပါကြောင်း၊ တရားခံဒါယကာမှာ တရားမပြတ်မီ တရားစစ်သောအခါ ထိုအမှုအပြစ်မှလွတ်လေအောင် ကိုယ့်ဘက်ကသက်သေထည့်သောငွေသည် ၁၀ ကုန်ပါသေးသည်၊ တရားရှုံးသော ဒါယကာများခါးထည်းကစိုက်ထုတ်၍ ကုန်သောငွေသည် ၂-ရပ်ပေါင်းလျှင် ငွေ ၃၀-ကုန်ကျပါသည်။

တရားရှုံးသောဒါယကာသည် တရားလိုဘုန်းကြီးထံသို့ သွားပြီးလျှင် ကိုယ်တော်တရားစွဲဆိုသည့်အတွက်ကြောင့် တပည့်တော်က စိုက်ထုတ်၍ ငွေ ၂၀-ကုန်ကျပါသည်၊ ထိုငွေ ၂၀-ကို တပည့်တော်သို့ အစားပြန်၍ပေးပါဟု ဘဏ္ဍာအစားပြန်၍ တောင်းပါသည်။

တရားလိုဘုန်းကြီး၏စိတ်မှာထိုတရားရှုံးသောဒါယကာကြီးက ဘဏ္ဍာအစား ပြန်၍တောင်းသောတရားစရိတ်ငွေ ၂၀-ကို ထိုဒါယကာလက်သို့ ပြန်၍ပေးသင့်သည်ဖြစ်စေ, မပေးသင့်သည်ဖြစ်စေ ဘယ်နည်းနှင့်မှ ငါသည်မပေးဘူးဟုဝန်ချပါသည်၊ စိတ်ထည်းကဝန်ချသည့်အပြင် နှုတ်ကလည်းငါမပေးဘူးဟု ပြောလိုက်ပါသည်။

တရားရှုံး၍အစားတောင်းသောဒါယကာလည်း ထိုမပေးဘူးဟူသောစကားကိုကြား၍ ဘုန်းကြီးထံကတောင်းသောတရားစရိတ်ငွေ ၂၀-ကို ငါမရဘူးဟု ဝန်ချပါသည်၊ ၂-ဦးဝန်ချခြင်းညီကြပါသည်၊ ဤသို့ ၂-ဦးဝန်ချလျှင် တရားနိုင်သောတရားလိုဘုန်းကြီးသည် ထိုတရားစရိတ်ငွေ ၂၀ ကို ဘဏ္ဍာစားပြန်၍ တောင်းပါလျက်နှင့် ပြန်၍ မပေးနေခြင်းကြောင့် အဒိန္နာဒါန်သိက္ခာပုဒ်တော်အတွက် ပါရာဇိကသို့ ရောက်သည်,မရောက်သည်ကို ကျမ်းဂန်အတိုင်း ပိုင်းပိုင်းခြားခြား သိမှတ်လိုပါသည်။

အကယ်၍ ဘဏ္ဍာအစားမပေးဘဲနေခြင်းကြောင့် ရဟန်းသည်ပါရာဇိကသို့ ရောက်ခဲ့ပါလျှင်လည်း ခိုးခြင်း ၂၅-ပါးရှိသည်တို့တွင် အဘယ်ခိုးခြင်းနှင့် ညီညွတ်ခြင်းကြောင့် ပါရာဇိကသို့ရောက်ပါသနည်း၊ ပိုင်းပိုင်းခြားခြား ကျမ်းဂန်မှာရှိသည့်အတိုင်း သိလိုပါသည်-ဆရာတော်သူမြတ်ဘုရား။

(၂) ဒုတိယပုစ္ဆာ။ ။မိုက်လှစွာသော ဒါယကာတယောက်သည် သူတော်ကောင်းရဟန်းတပါးကို အလွန်မုန်းတီးလှ၍ ဤရဟန်းသည် ငါ့ဆီကအနာမာသငွေ ၂၀ဝိ-ချေးယူပါတော့သည်ဟု မချေးမယူဘဲ သက်သက်မဲ့ စွပ်စွဲပြောဆို၍တောင်းပါသည်၊ သူတော်ကောင်းရဟန်းက မချေးမယူရသောကြောင့် မပေးမဆပ်ဘဲနေပါသည်၊ ဒါယကာမိုက်သည် အစိုးရရုံးသို့သွား၍ ထိုရဟန်းထံငွေ ၂၀ဝိ-ရလိုကြောင်းနှင့် ရုံးထုံးစံအတိုင်း ခေါင်းတံဆိပ်ကပ်၍ တရားစွဲဆိုခြင်းပြုပါသည်၊ မဟုတ်သော သက်သေများကိုလည်း တည်ပြုပါသည်။

အစိုးရမင်းက ထုံးစံအတိုင်း တရားလို, တရားခံ စစ်ဆေးပြီးလျှင် ဒါယကာစွဲဆိုသည့်အတိုင်း ဘုန်းကြီးကဒါယကာလက်သို့ တရားစရိတ်ငွေ ၂ဝိ-နှင့် ရင်းငွေ ၂၀ဝိ-ကိုပေးစေဟု အဆုံးအဖြတ်ချပါသည်၊ ဘုန်းကြီးသည် အထက်အစိုးရထံအယူခံပြန်လျှင်လည်း သည်အတိုင်းသာလျှင် အဆုံးအဖြတ်ကျပါသည်။

ဒါယကာမိုက်သည် တရားနိုင်၍ တရားရှုံးသော ဘုန်းကြီးထံငွေ ၂၀ဝိ-နှင့် တရားစရိတ်ငွေ ၂ဝိ-ကိုတောင်းလျှင် ဘုန်းကြီး၏စိတ်သဘောက ငါသည် ဤငွေ ၂၀ဝိ-ကို တရားနိုင်သော ဒါယကာမိုက်၏လက်သို့ ပေးသင့်သည်ဖြစ်စေ, မပေးသင့်သည်ဖြစ်စေ အဘယ်နည်းနှင့်မှမပေးဘူးဟု စိတ်ထည်းကဝန်ချသည့်အပြင် နှုတ်ကလည်းဝန်ချ-မပေးဘူးဟု ပြောဆို၍ တချပ်သို့ တိမ်းရှောင်၍နေပါသည်။

ဒါယကာမိုက်ကလည်း ထိုငွေကိုငါမရပြီဟုဝန်ချပါသည်၊ ခုရနိကျွေပပြုခြင်းညီညွတ်ကြပါသည်၊ တရားနိုင်သောဒါယကာမိုက်က နှုတ်မြွက်၍ တောင်းပါလျက်နှင့် တရားရှုံးဘုန်းကြီးက ထိုတောင်းသောငွေ ၂၀ဝိ-ကို မပေးဘဲနေခြင်းကြောင့်တရားရှုံးသောဘုန်းကြီးသည် ပါရာဇိကကျသည်, မကျသည်ကို သိလိုပါသည်အရှင်ဘုရား။

(၃) တတိယပုစ္ဆာ။ ။ရဟန်းတပါးသည် လူတယောက်ကိုသေစေလိုသောစိတ်ရှိသည်ဖြစ်၍ လူ၏ဦးခေါင်းကို ဓားနှင့်ဖြတ်လိုက်သော် ဓားသည်ချော်ချွတ်၍ လက်မောင်းကိုခုတ်မိသောကြောင့် လက်မောင်းတဘက်ပြတ်၍သွားပါသည်၊ လူအသက်ကားမသေပါ၊ ဓားခုတ်ခံရသောလူသည် ထိုလက်မောင်းပြတ်သောအနာကို ဆေးဆရာကောင်းနှင့် ကုသသော်

အနာပျောက်၍ကောင်းစွာနေပါပြီ၊ ဆေးကုသောအခသည် ငွေ ၁၀၀ိ-ကုန်ပါသည်။

ခါးခုတ်ခံရသောလူသည် ဆေးကုသ၍ ကုန်သောငွေ ၁၀၀ိ-ကို ထိုရဟန်းထံသို့သွား၍ "အရှင်ဘုရား ခါးနှင့်ခုတ်သော ဒဏ်ရာကို ကောင်းအောင်ဆေးကုရသောငွေ ၁၀၀ိ-ကို အရှင်ဘုရားက ဘဏ္ဍာစား ပေးပါ"ဟု တောင်းပါသည်၊ ထိုတောင်းသောငွေ ၁၀၀ိ-ကို ခါးနှင့် ခုတ်သောရဟန်းက ဘဏ္ဍာစားပေးသင့်မပေးသင့်၊ ပေးထိုက်,မပေးထိုက် သည်ကို သိလိုပါသည်။

ယခုလျှောက်သောအချက်သည် ရဟန်း,ရှင်,လူ,မိန်းမ,ယောက်ျား တို့သည် အလွန်အပြောအဆိုအငြင်းအခုံများပါသည်ဘုရား။

(၄) စတုတ္ထပုစ္ဆာ။ ။တပည့်တော်လျှောက်ပါသည်၊ ယခုကာလ ဗဒ္ဓသိမ်သမုတ်ကြသောပုဂ္ဂိုလ်တို့တွင် အချို့သောပုဂ္ဂိုလ်တို့က သိမ်ကို နိမိတ်ကြားပြီးသောအခြားမဲ့၌ သိမ်၏အလယ်ကထိုင်၍ သိမ်သမုတ် လိုက်လျှင် သိမ်၏နိမိတ်တွင်းကိုလက်တလုံးမျှချန်ခဲ့၍အတွင်းသည်သာလျှင် သိမ်ဖြစ်၏၊ နိမိတ်တွင်း၏ အတွင်းနခမ်းနှင့် သိမ်နှင့်လက်တလုံးမျှ သိမ်မဖြစ်ဘဲကျန်၍နေသည်ဟုယူသောဝါဒ၊ အချို့သောပုဂ္ဂိုလ်တို့ကနိမိတ် တွင်း၏ အတွင်းနခမ်းကို ထိအောင်သိမ်ဖြစ်သည်ဟု ယူသောဝါဒများကို ကြားရဘူးပါသည်။

သိမ်နုတ်ရာ၌လည်း သိမ်ပေါ်တွင် မဏ္ဍပ်ကြီးစွာထိုး၍ မဏ္ဍပ်အောက် တွင် သိမ်နုတ်သည်ကိုမြင်ရပါသည်၊ အချို့သောပုဂ္ဂိုလ်တို့သည် သိမ်နုတ် သောအခါ သိမ်ပေါ်တွင် မဏ္ဍပ်ထိုး၍ နုတ်လျှင် ကုက္ကုစ္စမကင်းနိုင် ဖြစ်တော့သည်ဟု မဏ္ဍပ်မထိုးဘဲ သိမ်နုတ်သည့်ဝါဒစကားများကို ကြား ရပါသည်၊ ထိုနှစ်ဝါဒတို့တွင် အဘယ်ဝါဒသာ၍ကောင်းမည်သင့်လျော် မည်ကို သိလိုပါသည်၊ အကျယ်ဆုံးဖြတ်တော်မူပါဘုရား။

---

မင်းထံစိုးနားတိုင်ကြားပြောဆိုမှုဟူသော အာစိဏ္ဏနာ
သရုပ်ကိုရှေးဦးစွာစိစစ်ရာ၏။

သံတွဲမြို့ ကျေးကျိုင်းရွာကျောင်း ဆရာ ရှင်ဂုဏဝံသ၏ လျှောက်လွှာ ပါ ပုစ္ဆာ ၄-ချက်ကို အမြွက်မျှကြေလည်ရုံ အာဂုံသာခက ပါဠိ,အဋ္ဌ ကထာ,ဋီကာတို့ဖြင့် ကောင်းစွာဖြေရှင်းပေအံ့။

## အမည်ထုတ်ဖော်၍ တိုင်တန်းပြောဆိုမှု

လျှောက်ယွှာပါပုစ္ဆာ ၄-ချက်တွင် ပဌမ ပုစ္ဆာ၌—

ကထံ အတီတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတီတိ။ ဘိက္ခုနုပဿယေ ဂါမဒါရကာ ဓုတ္တာဒယောဝါ ယေကေစိ အနာစာရံဝါ အာစရန္တိ၊ ရုက္ခံဝါ ဆိန္ဒန္တိ၊ ဖလာဖလံဝါ ဟရန္တိ၊ ပရိက္ခာရေဝါ အစ္ဆိန္ဒန္တိ။ ဘိက္ခုနီ ဝေါဟာရိကေ ဥပသင်္ကမိတွာ အမှာကံ ဥပဿယေ ဣဒံနာမကတန္တိ ဝဒတိ၊ ကေနာတိ ဝုတ္တေ အသုကေနစ အသုကေန စာတိ အာစိက္ခတိ၊ ဧဝံ အတီတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတိ။

[ဘိက္ခုနီပါစိတ်အဋ္ဌကထာ ဥဿယဝါဒိကသိက္ခာပုဒ်အဘွင့်။]

**အနက်**။ ။ကထံ၊ အဘယ်သို့လျှင်။ အတီတံ၊ လွန်ပြီးသမျှသောအစဉ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဩဒိဿ၊ ပြုလုပ်သူ၏အမည်ကိုထုတ်ဘော်၍။ အာစိက္ခနာ၊ တိုင်တန်း ပြောဆိုမှုသည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဘိက္ခုနုပဿယေ၊ ဘိက္ခုနီမတို့၏နေရာကျောင်း၌။ ဂါမဒါရကာဝါ၊ ရွာသူသားငယ်တို့သည်ငှင်။ ယေကေစိ၊ အမှတ်မရှိကုန်သော။ ဓုတ္တာဒယောဝါ၊ သေသောက်ကြူးအစရှိသောသူတို့သည်ငှင်း။ အနာစာရံဝါ၊ မသင့်မြတ်သောအကျင့်ကိုမူလည်း။ အာစရန္တိ၊ ကျင့်ကြကုန်၏။ ရုက္ခံဝါ၊ သစ်ပင်ကိုမူလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ ဖလာဖလံဝါ၊ သစ်သီးကြီးငယ်ကိုမူလည်း။ ဟရန္တိ၊ ဆောင်ကြကုန်၏။ ပရိက္ခာရေဝါ၊ သင်္ကန်းသပိတ်ပရိက္ခရာတို့ကိုမူလည်း။ အစ္ဆိန္ဒန္တိ၊ လုယူကြကုန်၏။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ဝေါဟာရိကေ၊ အမတ်ကြီးတို့သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အမှာကံ၊ ငါတို့၏။ ဥပဿယေ၊ မိတင်းရာကျောင်းတိုက်၌။ ဣဒံနာမ၊ ဤမည်သောအမှုကို၊ ကတံ၊ ပြုအပ်ပြီ။ ဣတိ၊ ဤသို့၊ ဝဒတိ၊ တိုင်တန်းပြောဆို၏။ ကေန၊ အဘယ်သူသည်။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ အမတ်ကြီးတို့ကပြောဆိုမေးမြန်းအပ်သည်ရှိသော်။ အသုကေနစ၊ ဤမည်သောသူသည်ငှင်း။ အသုကေနစ၊ ဤမည်သောသူသည်ငှင်း။ ကတံ၊ ပြုအပ်ပြီ။ ဣတိ။ ဤသို့။ အာစိက္ခတိ၊ ပြောကြား၏။ ဧဝံ၊ ဤသို့။ အတီတံ၊ လွန်ပြီးသောအမှုအခင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဩဒိဿ၊ ပြုလုပ်

သောသူ၏အမည်ကို ထုတ်ဘော်၍။ အာစိက္ခနာ၊ တိုင်တန်းပြောဆိုမှုသည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာပါဠိ၌ ဘိက္ခုနီမ ကျောင်းတိုက်သို့လာ၍ မသင့်မြတ်သောအကျင့်ကိုကျင့်ခြင်း,သစ်ပင်ဖြတ်ခြင်း,သစ်သီးကြီးငယ်ကို ဆောင်ယူခြင်း, သင်္ကန်းသင်္ဂိတ် ပရိက္ခရာတို့ကို လုယက်တိုက်ဖျက်ခြင်း အမှုတို့ကို ပြုကျင့်သူတွေ ရှိနေကြသဖြင့် ဘိက္ခုနီမတို့သည် အစိုးရထံမှောက်သို့ သွားရောက်တိုင်တန်းပြောဆိုရာ "မည်သူတို့ ပြုကျင့်ကျူးလွန်ပါသနည်း" ဟု အစိုးရတို့ကမေးမြန်းစိစစ်သည်ရှိသော်"မည်သူမည်သူတို့ ပြုကျင့်ကျူးလွန်ပါသည်"ဟု ပြုလုပ်သောသူ၏အမည်နာမကိုဘော်ထုတ်၍ တိုင်တန်းပြောဆိုမှုသည် "ဩဒိဿအာစိက္ခနာ"မည်၏ဟု-ဘွင့်ရှိသည်အရ၊ လွန်ပြီးသောအမှုအခင်းကို အကြောင်းပြု၍ ထုတ်ဘော်တိုင်တန်းမှုတမျိုး။

---

## အမည်မှထုတ်ဖော်ဘဲ တိုင်တန်းပြောဆိုမှု

"ကေနာတိ ဝုတ္တေ ပန အသုကေနာတိ ဝတ္တုံ အမှာကံ န ဝဋ္ဋတိ၊ တုမှေယေဝ ဇာနိဿထ၊ ကေဝလံ ဟိ မယံ ရက္ခံ ယာစာမ၊တံ နော ဒေထ၊ အဝဟဋဘဏ္ဍဉ္စ အာဟရာပေထာတိ ဝတ္တဗ္ဗံ၊ဧဝံ အနောဒိဿ အာစိက္ခနာ ဟောတိ"။

[ဍင်းအဋ္ဌကထာ။]

**အနက်**။ ။ပန၊ဩဒိဿအာစိက္ခနာမှတပါး အနောဒိဿအာစိက္ခနာကိုဆိုဦးအံ့။ ကေန၊ အဘယ်သူသည်။ ကတံ၊ ပြုကျင့်ပါသနည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ အစိုးရမင်းတို့က ပြောဆိုမေးမြန်းအပ်သည်ရှိသော်။ အသုကေနာတိ၊ ဤမည်သောသူတည်းဟူ၍။ ဝတ္တုံ၊ ထုတ်ဘော် ပြောဆိုခြင်းငှါ။ အမှာကံ။ ငါတို့အား။ နဝဋ္ဋတိ၊ မအပ်။ တုမှေယေဝ၊ သင်တို့သည်သာလျှင်။ ဇာနိဿထ၊ သိကြကုန်လတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ ကေဝလံ၊ သက်သက်။ မယံ၊ ငါတို့သည်။ ရက္ခံ၊ အစောင့်အရှောက်ကို။ ယာစာမ၊ တောင်းဆိုပါကုန်၏။ တံ၊ ထိုအစောင့်အရှောက်ကို။ နော၊ ငါတို့အား။ ဒေထ၊ ပေးကြပါကုန်လော့။ အဝဟဋဘဏ္ဍဉ္စ၊ ခိုးယူအပ်သော ဘဏ္ဍာကိုလည်း။ အာဟရာပေထ၊ ဆောင်ပါစေကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ အနောဒိဿအာစိက္ခနာ၊ တိုင်တန်းမှုသည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာပါဠိ၌ ယခင်ဆိုအပ်ပြီးသော ဘိက္ခုနီမတို့သည် ရုံးမင်းထံသို့သွား၍ တိုင်တန်းပြောဆိုကြရာ "မည်သူတို့ ပြုကျင့်ပါသနည်း"ဟု အစိုးရမင်းတို့ကစိစစ်သောအခါ "ရဟန်းဖြစ်သော ငါတို့အား မည်သူ ပြုကျင့်ကျူးလွန်ပါသည်ဟု ထုတ်ဘော်ပြောဆိုခြင်းငှါ မသင့်ပေ၊ သင်တို့ အလိုအလျောက်သာ သိကြရပါကုန်လတ္တံ့၊ ငါတို့သည်ကား ခိုက်ရန် လိုလားသော စိတ်ထားမဘက် သက်သက် အစောင့်အရှောက်ကိုသာ အလိုရှိကြပါသည်၊ ထိုငါတို့တောင်းဆိုအပ်သော အစောင့် အရှောက် ကိုသာပေးကြပါကုန်လော့၊ ခိုးယူဆောင်ကြဉ်းအပ်သော ဘဏ္ဍာကိုလည်း တဘန်ရခြင်းငှါ အားထုတ်ကြပါ ကုန်လော့"ဟု သာမည ပြောဆို တိုင်တန်းပြောဆိုမှုသည် "အနောဒိဿအာစိက္ခနာ"မည်၏ဟု ဘွင့်ပြသော အဋ္ဌကထာအရ လွန်ပြီးသောအမှုအခင်းကို အကြောင်းပြု၍ ပြုလုပ်သူကို မထုတ်ဘော်ဘဲ ပြောဆိုမှုတမျိုး။

---

### ပုဂ္ဂိုလ်ကိုထုတ်ဆိုတိုင်တန်းမှု

"ကထံ အနာဂတံ အာရဗ္ဘ ဩဒိဿအာစိက္ခနာ ဟောတီတိ၊ ပုစ္ဆာနယေနေဝ ပရေဟိ အနာစာရာဒိသု ကတေသု ဘိက္ခုနီ ဝေါဟာရိကေ ဧဝံ ဝဒတိ အမှာကံ ဥပဿယေ ဣဒဥ္စ ကရောန္တိ၊ ရက္ခံ နော ဒေထ၊ အာယတိံ အကရဏတ္ထာယာတိ။ ကေန ဧဝံ ကတန္တိ ပုစ္ဆေ စ အသုကေန အသုကေနစာတိ အာစိက္ခတိ၊ ဧဝံ အနာဂတံအာရဗ္ဘ ဩဒိဿအာစိက္ခနာ ဟောတိ"။

[ဋီကာအဋ္ဌကထာ]

**အနက်**။ ။ကထံ၊ အဘယ်သို့၊ အနာဂတံ၊ နောင်အနာဂတ်ဖြစ်သောအမှုအခင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဩဒိဿ၊ ပြုလုပ်သူ၏ အမည်ကိုထုတ်ဘော်၍။ အာစိက္ခနာ၊ တိုင်တန်းပြောဆိုမှုသည်၊ ဟောတိ၊ ဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပုစ္ဆာနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ပရေဟိ၊ တပါးသော သူတို့သည်။ အနာစာရာဒိသု။ မသင့်မြတ်သောအကျင့်အစရှိသည်တို့ကို။ ကတေသု၊ ပြုကျင့်အပ်ကုန်သည်ရှိသော်။ ဘိက္ခုနီ၊ ဘိက္ခုနီမတို့သည်။ ဝေါဟာရိကေ၊ အမတ်ကြီးတို့ကို။ ဧဝံ၊ ဤသို့။ ဝဒတိ၊ တိုင်တန်းပြောဆို၏။ ကိံ ဝဒတိ၊ အဘယ်သို့တိုင်တန်းပြောဆိုသနည်းဟူမူကား။ အမှာကံ၊

ငါတို့၏။ ဥပဿယေ၊ မိတင်းရာကျောင်းတိုက်၌။ ဇာဒဇ္ဇာဇာဒဇ္ဇ၊ ဤမည် ဤမည်သောအမှုကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ အာယတိံ၊ နောင် အခါ၌။ အကရဏတ္ထာယ၊မပြုနိုင်ခြင်းအကျိုးငှါ။ နော၊ ငါတို့အား။ရက္ခံ၊ အစောင့်အရှောက်ကို။ဒေထ။ပေးကြပါကုန်လော့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ပြောဆို၏။ကေန၊အဘယ်သူသည်။ ဧဝံ ဤသို့။ ကတံ၊ ပြုအပ်သနည်း။ဣတိ၊ ဤသို့။ ပုစ္ဆော၊ ဆိုအပ်သည်ရှိသော်။ အသုကေန အသုကေနစ၊ဤမည် ဤမည်သော သူသည်လည်း။ ကတံ၊ပြုအပ်၏။ ဣတိ၊ဤသို့။ အာစိက္ခတိ၊ ထုတ်ဘော်ပြောဆို၏။ဧဝံ၊ဤသို့။ အနာဂတံ၊ နောင်လာလတ္တံ့သောအခွင့် အရေးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဩဒိဿ၊ ရည်ညွှန်းပိုင်းခြား၍။ အာစိက္ခနာ၊ ပြောဆိုမှုသည်။ ဟောတိ၊ဖြစ်၏။

ဤအဋ္ဌကထာပါဌ်၌ ယခင်ပဌမဆိုခဲ့ပြီးသောနည်းဖြင့် ဘိက္ခုနီမတို့ ကျောင်းတွင်း၌ မသင့်အကျင့်ယုတ်တို့ကို ပြုကျင့်ကျူးလွန်ကြသဖြင့် အစိုး ရမင်းတို့ထံမှောက်သို့ ဘိက္ခုနီမတို့သွားရောက်ပြီးလျှင် "ငါတို့၏ မိတင်း ရာကျောင်းတိုက်၌ ဤမည်ဤမည်သော ပြစ်မှုတို့ကို ကျူးလွန်သူတွေရှိ နေကြသည်၊ နောင်သောအခါ ယခုကဲ့သို့မပြုနိုင်စေခြင်းငှါ အစောင့်အ ရှောက်ကိုပေးကြပါကုန်လော့"ဟု တိုင်တန်းတောင်းဆိုရာတွင်"အဘယ် သူသည် ဤကဲ့သို့မှုပြစ်တို့ကိုပြုသနည်း"ဟု အစိုးရမင်းတို့က မေးမြန်း သောအခါ"ဤမည်သောသူသည်မှုပြစ်ကိုပြုသူပင်တည်း"ဟုဝတ္ထုသည်၏ အမည်ကိုထုတ်ဘော်၍ပြောကြားမှုသည် "ဩဒိဿအာစိက္ခနာ" မည်၏ ဟူ၍ ဘွင့်ဆိုချက်အရ နောင်လာလတ္တံ့သော အနာဂတ်အရေးကို အ ကြောင်းပြု၍ ဝတ္ထုသည်ပုဂ္ဂိုလ်ကိုထုတ်ဆိုတိုင်တန်းမှုတမျိုး။

## အမှုသွားကိုသာတိုင်တန်းမှု

"သေသံပုရိမသဒိသမေဝ"ဟူသော အဋ္ဌကထာပါဌ်အရ အမည်နာမ ကိုမထုတ်ဘော်ဘဲနောင်လာလတ္တံ့သော အနာဂတ်အရေးအရာကို အ ကြောင်းပြု၍ အမှုသွားမျှကိုသာပြောဆိုတိုင်တန်းမှုတမျိုး။

## ဖြေရှင်းချက်

ဤသို့လျှင် လွန်ပြီးသောအမှုအခင်းကိုအကြောင်းပြု၍ ဩဒိဿ အာ စိက္ခနာ,အနောဒိဿအာစိက္ခနာဟူ၍ နှစ်မျိုး၊ နောင်လာလတ္တံ့ဖြစ်သော

အရေးကို အကြောင်းပြု၍ ဩဒိဿအာစိက္ခနာ,အနောဒိဿအာစိက္ခနာ ဟူ၍ မင်းထံစိုးရောက်တိုင်တန်းမှု ၂-မျိုးအားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင် ယခု ရှင်ဂုဏဝံသ လျှောက်လွှာတွင် ပါရှိသော မှန်ပြောင်းရှင် ရဟန်း၏တိုင်တန်းပြောဆိုမှုသည် ခေါင်းတံဆိပ်ကပ်လျက် စွဲချက်ရေး သားသဖြင့် တရားရုံးတွင် အထင်အရှားစွဲဆိုသည်ဟု လျှောက်လွှာတွင် ပါရှိရကား လွန်ပြီးသောအမှုအခင်းကိုအကြောင်းပြု၍ဝတ္ထုသည်ပုဂ္ဂိုလ် ကို ထုတ်ဆိုတိုင်တန်းမှုဖြစ်သည်ဟုမှတ်။

ထိုစကားသည် မှန်၏၊ ခေါင်းတံဆိပ်ကပ်လျက် စွဲချက် ရေးသားမှု သည် တဘက်သော၀တ္ထုသည်၏ အမည်ကိုဘော်ထုတ်၍ အမှုသရုပ်ကို အားလုံးဘွင့်ပြသောအမှုစင်စစ်တည်း၊ ထို့ကြောင့် ယင်းကဲ့သို့ စွဲဆိုတိုင် တန်းမှုကို "ကေနာတိ၀ုတ္တေ အသုကေနစ အသုကေနစာတိအာစိက္ခတိ၊ ဧဝံအတီတံအာရဗ္ဘ ဩဒိဿအာစိက္ခနာဟောတိ"ဟူသော အဋ္ဌကထာပါဠိ ကျနှင့် တပြေးတည်းညီညွတ်လေရကား "ဩဒိဿအာစိက္ခနာ"ဟူ၍သာ မှတ်ယူအပ်၏၊ ဤကား မှန်ပြောင်းရှင်ရဟန်း၏ မင်းထံစိုးနား တိုင်ကြား မှုကို စိစစ်ချက်ပေတည်း။

ထိုမှန်ပြောင်းရှင်ရဟန်း၏ တိုင်တန်း စွဲဆိုချက်ဖြင့် တဘက်ဝတ္ထု သည်ဖြစ်သောမှန်ပြောင်းငါးရမ်းသူဒါယကာမှာ မင်းထံစိုးရှေ့ တွေ့ဆိုင် ပြောဆိုခြင်းငှါ သက်သေခေါ်မှု,ရှေ့နေငှါးရမ်းမှု,ဒိဂရီကျပြီးနောက် မှန် ပြောင်းရှင်ရဟန်း၏တရားစရိတ်ကိုကျခံမှုတို့ဖြင့် ကုန်ကျသောစရိတ်ကြေး ငွေ အနာမာသဝတ္ထုများသည် ထိုရဟန်း၏တိုင်တန်းစွဲဆိုချက်ဖြင့် ကုန် ကျရသည်ဖြစ်လင့်ကစား အစိုးရမင်းများတပ်ရိုက်အပ်သောငွေဒင်္ဂါးမျိုး မဟုတ်ချေ၊ စင်စစ်သော်ကား မိမိတို့တရားကိုထုချေရန် ကုန်ကျရသော စရိတ်စကဝတ္ထုသာဖြစ်၏။

ထို့ကြောင့် သက်သေစရိတ်, ရှေ့နေစရိတ်, မှန်ပြောင်းရှင် ရဟန်း၏ တရားစရိတ်အတွက် စိုက်ထုတ်ကျခံရသောလျော်ကြေးစရိတ်တို့ဖြင့် မှန် ပြောင်း ရှင်ရဟန်းအား "ဘဏ္ဍာဒေယျဂိဝါ" ဆုံးဖြတ်ရာသော အကြောင်းမရှိ၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းဘွယ်မထင်၊ စင်ကြယ်သောရဟန်းဟူ၍သာ မှတ်ယူအပ်၏။

ထို့ကြောင့် ဋီကာ၌-

"တသ္မေ သုတ္ဝာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗံ ဘိက္ခုနိယာ ဂီဝါ ဟောတိ၊ ဒဏ္ဍံ ဂဏှိသုတိတိ အဓိပ္ပါယေပိ သတိ ဂီဝါယေဝ ဟောတိ"- ဟူ၍ငင်း။

"သစေ ပန တဿ ဒဏ္ဍံ ဂဏှာတိ ဝဒတိ၊ ပဌမာသကမတ္တေ ဂဟိ"- ဟူ၍ငင်း။

"ဘိက္ခုနော ပိ ဟိ သြဒိဿ အာစိက္ခနာ န ဝဋ္ဋတိ။ ယံ တထာ အာစိက္ခတေ ဒဏ္ဍံကရောန္တိ၊ သဗ္ဗဂီဝါ ဟောတိ၊ ဝုတ္တနယေနေဝ ဒဏ္ဍံ ဂဏှာပေန္တဿ ပါရာဇိကံ"- ဟူ၍ငင်း။

ဝတ္ထုသည်တဦး၏အမည်ကို ရည်ညွှန်းပိုင်းခြား တိုင်ကြားပြောဆိုမှုအတွက် အစိုးရမင်းတို့က တပ်ရိုက်ယူငင်အပ်သော ဥစ္စာဒဏ်ကိုသာ ဂီဝါဝတ္ထု ဘဏ္ဍာဒေယျဝတ္ထုဟူ၍ ဘွင့်ဆိုအပ်လေပြီ၊ စရိတ်စကကုန်ကျသော ဝတ္ထုတို့ကိုမူကား ဂီဝါဝတ္ထု,ဘဏ္ဍာဒေယျဝတ္ထုဟူ၍ အဋ္ဌကထာ,ဋီကာ အရိပ်အမြွက်မျှမထင်ပေ၊ ထို့ကြောင့်ယခုလျှောက်လွှာပါ မှန်ပြောင်းရှင်ရဟန်းသည် တရားစရိတ်လျော်ကြေးဝတ္ထုကို ယူပါငြားသော်လည်း ဘဏ္ဍာစားဂီဝါ ဆုံးဖြတ်ရသောအကြောင်းမရှိဟူ၍ သန္နိဋ္ဌာန်ကျမှတ်ယူအပ်၏။ (ဘဏ္ဍာစားမထိုက်။)

**အဋ္ဌကထာပါဠိ၏အနက်။** ။တံ၊ ထိုရဟန်းမိန်းမတို့၏ တိုင်တန်းပြောဆိုသောစကားကို။ သုတွာ၊ ကြား၍။ တေ ဝေါဟာရိကာ၊ ထိုအမတ်ကြီးတို့သည်။ တေသံ၊ထိုမှုပြစ်ကိုကျူးလွန်သောသူတို့အား။ ဒဏ္ဍံ၊ ဒဏ်ကို။ ကရောန္တိ၊ အကယ်၍ ပြုကုန်ငြားအံ့။ သဗ္ဗံ၊ အလုံးစုံသောဒဏ်သည်။ ဘိက္ခုနိယာ၊ ဘိက္ခုနီမအား။ ဂီဝါ၊ အစားထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဒဏ္ဍံ၊ ဒဏ်ကို။ ဂဏှိသုတိ၊ ယူလတ္တံ့။ ဣတိ၊ ဤသို့သော။ အဓိပ္ပါယေ၊ အလိုသည်။ သတိပိ၊ ရှိခဲ့သော်လည်း။ ဂီဝါယေဝ၊ အစားထိုက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဟိ-သစ္စံ၊မှန်၏။ဘိက္ခုနောပိ၊ရဟန်းယောကျ်ားအားလည်း။ သြဒိဿ၊ ပြုလုပ်သူ၏အမည်ကိုထုတ်ဘော်၍။ အာစိက္ခနာ၊ တိုင်တန်းပြောဆိုမှုသည်။ နဝဋ္ဋတိ၊ မအပ်။ တထာ၊ ထိုသို့ထုတ်ဘော်သော အခြင်းအရာအားဖြင့်။ အာစိက္ခတေ၊ တိုင်တန်းပြောဆိုအပ်သည်ရှိသော်။ ယံဒဏ္ဍံ၊ အကြင်ဥစ္စာ

ဒဏ်ကို။ ကရောန္တိ၊ ပြုကြကုန်၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဥစ္စာဒဏ်သည်။ ဘိက္ခုနော၊ တိုင်တန်းသောရဟန်းအား။ ဂိဝါ၊ အစားထိုက်သည်။ ဟောတိ၊ ဖြစ်၏။ (ဤကားအဋ္ဌကထာနောက်ဝါကျ၏အနက်။)

ဤ အဋ္ဌကထာပါဠိတို့ဖြင့် မင်းတို့သည် တပ်ရိုက်အပ်သော ဒဏ်သည်သာ ဂိဝါဝတ္ထု, ဘဏ္ဍာဒေယျဝတ္ထုဖြစ်ကြောင်းထင်ရှား၏။

[ဤကား တရားစရိတ်ဝတ္ထုဖြင့် မှန်ပြောင်းရှင် ရဟန်းအား ဂိဝါဘဏ္ဍာဒေယျမထိုက်ကြောင်းကို ပြဆိုဖြေရှင်းချက်ပေတည်း။]

ထိုမှန်ပြောင်းရှင်ရဟန်း၏ ခေါင်းတုံးဆိပ် ကပ်လျက်စွဲချက်ရေးသား အမှုသည်ကို ဘော်ထုတ်၍ မင်းထံစိုးနား တိုင်းကြားပြောဆိုမှုသည် မအပ်သော အကပ္ပိယ ပြောကြားမှု စင်စစ်ဖြစ်သောကြောင့် "ဘိက္ခုနောပိ ဟိ ဩဒိဿအာစိက္ခနာ နဝဋ္ဋတိ"ဟူသော ၎င်းအဋ္ဌကထာ,ဝိနယသင်္ဂဟအဋ္ဌကထာတို့နှင့်အညီ မအပ်သောပြောကြားမှုသို့ သက်ဝင်လေရကား ဒုက္ကဋ်အာပတ်ဖြင့်ဆုံးဖြတ်သင့်လေသည်။

**အနက်။** ။ဟိသစ္စံ၊ မှန်၏။ ဘိက္ခုနောပိ၊ ရဟန်းယောက်ျားအားလည်း။ ဩဒိဿ၊ ပြုလုပ်သူ၏အမည်ကို ထုတ်ဘော်၍။ အာစိက္ခနာ၊ တိုင်တန်းပြောဆိုမှုသည်။ နဝဋ္ဋတိ၊ မအပ်။

ဤကား ဖြေရှင်းချက်ပြီး၏။

---

၂။ ဒုတိယလျှောက်ချက်တွင် ပါရှိသောဒါယကာမိုက်၏တရားရုံးစရိတ်ကုန်ကျရာတွင် အစွဲခံရသူ ရဟန်း၏ ဝစီပယောဂ ဩဒိဿအာစိက္ခနာ တစုံတရာမျှမရှိသည်ဖြစ်သောကြောင့် ရှိသမျှစည်းစိမ်အားလုံး ပြုတ်ပြုတ်ပြုန်းသော်လည်း ဖြတ်ထုံးတင်ခါ ဆုံးဖြတ်ဘွယ်ရာမရှိပြီ။

၃။ တတိယလျှောက်ချက်အဖြေကား— သေစေသောစေတနာဖြင့်စေ့ဆော်၍ ဒုတ်,ထားးစသောလက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ရာတွင် မသေမပျောက်ဘဲ တည်မြဲတိုင်းသော ဝိညာဉ်အစဉ်တည်ရှိခဲ့သော် ကာယိကဒုက္ခကိုဖြစ်စေသည်၏အဖြစ်ကြောင့် ထိုရိုက်နှက်သူ ရဟန်းအား ထုလ္လစ္စည်းအာပတ်ဖြင့်သာ ဆုံးဖြတ်သင့်ပေသည်။ ဒဏ်ရာကိုဆေးကုသည့်အတွက် ကုန်ကျသော စရိတ်ကြေးငွေနှင့်စပ်လျဥ်း၍ ရိုက်နှက်ရင်း အမှုသည် ရဟန်းကို ဂိဝါဘဏ္ဍာဒေယျမည်မျှပေးထိုက်သည်ဟုအဋ္ဌကထာ, ဋီကာအရိပ်အမြွက်မျှမထင်ပေ။

ထို့ကြောင့် ပါရာဇိကပါဠိတော် တတိယပါရာဇိကဝိနီတဝတ္ထု၌—

"တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော ဘုဥ္ဇန္တဿ မံသံ ကဏ္ဌေ ဝိလဂ္ဂံ ဟောတိ၊ အညတရော ဘိက္ခု မရဏာဓိပ္ပါယော တဿဘိက္ခုနော ဂီဝါယံ ပဟာရံ အဒါသိ၊ သလောဟိတံ မံသံ ပတိ၊ သောဘိက္ခု နကာလမကာသိ၊ တဿ ကုက္ကုစ္စံ အဟောသိ။ လ။ အနာပတ္တိဘိက္ခု ပါရာဇိကဿ အာပတ္တိထုလ္လစ္စယဿ"။

ဟု ပညတ်တော်မူအပ်ပြီ။

**အနက်။** ။တေနခေါပနသမယေန၊ ထိုအခါ၌။ အညတရဿ၊ အမှတ်မဲ့ပြား တပါးပါးသော။ ဘိက္ခုနော၊ ရဟန်းအား။ ဘုဉ္ဇန္တဿ၊ ဆွမ်းစားစဉ်။ မံသံ၊ အသားသည်။ ကဏ္ဌေ၊ လည်၌။ဝိလဂ္ဂံ၊ ကပ်ငြိသည်။ ဟောတိ၊ဖြစ်၏။ အညတရော၊ တပါးသော။ဘိက္ခု၊ ရဟန်းသည်။ မရဏာဓိပ္ပါယော၊ သေစေခြင်းငှါအလိုရှိသည်ဖြစ်၍။ ဘိက္ခုနော၊လည်၌အသားကပ်ငြိသောရဟန်း၏။ ဂီဝါယံ၊လည်၌။ပဟာရံ၊ ပုတ်ခတ်ခြင်းကို။အဒါသိ၊ ပေး၏။ သလောဟိတံ၊ သွေးနှင့်တကွသော။ မံသံ၊အသားသည်။ ပတိ၊ ကျ၏။ သောဘိက္ခု၊ လည်၌အသားကပ်ငြိ၍ ပုတ်ခတ်ခြင်းကိုခံရသော ထိုရဟန်းသည်။ ကာလံ၊ ဇီဝိန်ပြတ်ကြွေ အသက်သေခြင်းကို။ နအကာသိ၊ မပြု။ တဿ၊ ထိုရိုက်ပုတ်သောရဟန်းအား။ ကုက္ကုစ္စံ၊ အလိုလိုသည်။ အဟောသိ၊ ဖြစ်၏။ပ။ဘိက္ခု၊ရဟန်းသည်။ ပါရာဇိကဿ-ပါရာဇိကေန၊ ပါရာဇိကအာပတ်ဖြင့်။အနာပတ္တိ၊အာပတ်မသင့်။ ထုလ္လစ္စယဿ-ထုလ္လစ္စယေန၊ ထုလ္လစ္စည်းအာပတ်ဖြင့်။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ငှင်းအဋ္ဌကထာ ဝိမံသနဝတ္ထုအဘွင့်၌လည်း—

"ဣဒံ ဝိသံ ဧတံ မာရေတူတိဝါ ဣဒံ ဝိသံ ခါဒိတွာ အယံ မရတူတိ ဝါဧဝံ ဒိန္နေပန သစေ မရတိ ပါရာဇိကံ၊နော စေ ထုလ္လစ္စယံ"။

ဟု မိန့်အပ်ပြီ။

**အနက်။** ။ဣဒံဝိသံ၊ ဤအဆိပ်သည်၊ ဧတံ၊ ဤရဟန်းကို။ မာရေတု၊ သေစေသတည်း။ ဣတိဝါ၊ဤသို့ငှင်း။ဣဒံဝိသံ၊ဤအဆိပ်ကို။ ခါဒိတွာ၊ ခဲ၍။အယံ၊ ဤရဟန်းသည်။ မရတု၊ သေသစေ။ ဣတိဝါ၊ ဤသို့ငှင်း။

ဇဝံ၊ဤသို့။ဒိန္နေ၊ ပေးသည်ရှိသော်။ သစေမရတိ၊ အကယ်၍သေခြားအံ့။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ထုလ္လစ္စယံ၊ ထုလ္လစည်းအာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ နောဟောတိ၊ မဖြစ်။

ဤသို့ပါဠိတော်,အဋ္ဌကထာတို့၌ သေစေလိုသောစိတ်ဖြင့်ပုတ်ခတ်ရိုက်နှက်ရာတွင် သေကြေပျက်စီးခဲ့သော် ပါရာဇိကသို့ရောက်၏။ မသေမူ၍ ဒုက္ခဖြစ်ရုံမျှသာရှိပါမူကားထုလ္လစည်းအာပတ်ဟု တိုက်ရိုက် လာရှိသောကြောင့် ယခုလျှောက်လွှာတွင် ပါသော ရိုက်နှက်ပုတ်ခတ်သော ရဟန်းကိုလည်း လူဇာတ်ဖြစ်သောသူ၌ ကျင်နာမှုဒုက္ခကို ဖြစ်စေသောကြောင့် ထုလ္လစည်း အာပတ်ဖြင့်သာ ဆုံးဖြတ်သင့်ပေသည်၊ ဒဏ်ရာဒဏ်ချက်ကို ကုစားရသော ဆေးဘိုး ဝါးခအတွက် ရိုက်နှက်သူ ရဟန်းအား ဂီဝါဘဏ္ဍာဒေယျတခုမျှပင် ထိုက်သက် ဆုံးဖြတ်ရန်ကျမ်းဂန်မရှိချေ။

---

## သီမသင်္ကရဒေါသဝတ္ထုသရုပ်

၄။ သိမ်နှုတ်ရာအရပ်တွင်မဏ္ဍပ်ကန္နားဆောက်လုပ်၍နှုတ်သင့်မနှုတ်သင့်ဟူသော စတုတ္ထလျှောက်ချက်၌သီမသင်္ကရဒေါသရောက်မရောက်ကို လျှောက်လိုရင်းဖြစ်ပေရကား သင်္ကရဒေါသကိုဖြစ်စေတတ်သော ဝတ္ထုသရုပ်ကို ရှေးဦးစွာဘော်ထုတ်၍ ပြပေအံ့။

သိမ်၏အတွင်းသို့ သက်ရောက်တည်နေဆဲဖြစ်သော ရဟန်း,ရှင်,လူ, ဆင်,မြင်း,ကျွဲ,နွားအစရှိသော သဝိညာဏက ဝတ္ထုမျိုး၊ ကြိုးကြိမ်အစရှိသော တတြဋ္ဌကအဝိညာဏကပတ္ထုမျိုး၊ နွယ်,မြက်, သစ်ပင်,သစ်မြစ်, သစ်ခက်အစရှိသော တတ္ထဇာတက အဝိညာဏကဝတ္ထုမျိုးအလုံးစုံတို့သည် သိမ်ဟူသော အရေအတွက်သို့ ရောက်သည်သာဖြစ်၏၊ မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဘွင့်၌—

''ဗဒ္ဓသီမာယ ဇာတံ ယံ ကိဉ္စိ ယတ္ထ ကတ္ထစိ ဧကသမ္ဗန္ဓေန ဂတံ သီမာသင်္ချမေဝ ဂစ္ဆတိ''။

ဟုမိန့်အပ်ပြီ။

**အနက်။** ။ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်၌။ ဇာတံ၊ ဖြစ်သော။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသောအရပ်၌။ ဧကသမ္ဗန္ဓေန၊ တစပ်တည်းစပ်သဖြင့်။ ဂတံ၊

သွားရောက်သော။ ယံကိဉ္စိ၊ အလုံးစုံသော သဝိညာဏက,အဝိညာဏက ဝတ္ထုသည်။ သီမသင်္ချိမေဝ၊ သိမ်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း—

“ယံကိဉ္စီတိ ဝစနတော တိဏမ္ပိ သင်္ဂဟိတံ၊ မဟာထေရာပိ တိဏံ သောဓေတွာဝ ကရောန္တိ”။

ဟုမိန့်အပ်ပြီ။

**အနက်။** ။ယံကိဉ္စီတိ၊ ယံကိဉ္စိဟူ၍။ **ဝစနတော**၊ သကလတ္ထဝါစကာ သဒ္ဒါဖြင့် အဖွင့်ကထာဆရာ ဆိုသောကြောင့်။ **တိဏမ္ပိ**၊ မြက်သက်ငယ်ကို သော်လည်း။ **သင်္ဂဟိတံ**၊ သိမ်းယူအပ်၏။ **မဟာထေရာပိ**၊ မဟာထေရ်ကြီး တို့သည်လည်း။**တိဏံ**၊ မြက်ပင်ကို။သောဓေတွာဝ၊ သုတ်သင်၍သာလျှင်။ ကရောန္တိ၊ ကံပြုကြကုန်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

“ယံကိဉ္စီတိ နိဋ္ဌိတသီမာယံ ဥပရိ ဇာတံ ဝိဇ္ဇမာနံ ပုဗ္ဗေ ဋ္ဌိတံ ပစ္ဆာ သဉ္ဇာတံ ပဝိဋ္ဌဉ္စ ယံကိဉ္စိ သဝိညာဏကာဝိညာဏကံ သဗ္ဗမ္ပိတိ အတ္ထော၊ အန္တောသီမာယ ဟိ ဟတ္ထိက္ခန္ဓာဒိသဝိညာဏကေ သန္နိသိန္နောပိ ဘိက္ခု သီမဋ္ဌောဝ ဟောတိ”။

ဟုမိန့်ပြီ။

**အနက်။** ။ယံကိဉ္စီတိ၊ ယံကိဉ္စိ-ဟူသည်ကား။ နိဋ္ဌိတသီမာယံ၊ သမုတ်၍ ပြီးပြီးသောသိမ်၌။ ဥပရိ၊ အထက်၌။ ဇာတဉ္စ၊ ပေါက်ပေါက် ဖြစ်ပွားသည်လည်းဖြစ်သော။ ဝိဇ္ဇမာနဉ္စ၊ ထင်ရှားရှိသည်လည်းဖြစ်သော။ ပုဗ္ဗေ၊ ရှေး၌။ ဋ္ဌိတဉ္စ၊ တည်သည်လည်းဖြစ်သော။ ပစ္ဆာ၊ နောက်မှ။ သဉ္ဇာတဉ္စ၊ ဖြစ်သည်လည်းဖြစ်သော။ ပဝိဋ္ဌဉ္စ၊ ဝင်လာသည်လည်း ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ သဝိညာဏကာဝိညာဏကံ၊ အသက်ရှိ, အသက်မဲ့ဖြစ်သော။ သဗ္ဗမ္ပိ၊ အလုံးစုံသောဝတ္ထုသည်လည်း။ သီမသင်္ချိမေဝ၊ သိမ်ဟူသောအရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဣတိအယံ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဟိ-သစ္စံ၊ မှန်၏။ **အန္တောသီမာယ**၊ သိမ်တွင်း၌။ ဟတ္ထိက္ခန္ဓာဒိသဝိညာဏကေ၊ ဆင်ကျောက်ကုန်းအစရှိသော သဝိညာဏကဝတ္ထု၌။ သန္နိသိန္နောပိ၊ ထိုင်နေသည်လည်းဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ သီမဋ္ဌောဝ၊ သိမ်အပြင်၌ တည်သည်မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကထာ,ဋီကာပါဌ်တို့ဖြင့်သိမ်၏အတွင်းသို့သက်ရောက်တည်နေဆဲ ဖြစ်သော ရဟန်း,ရှင်,လူ,ဆင်,မြင်း,ကျွဲ,နွားအစရှိသော တတြဋ္ဌက သဝိညာဏကဝတ္ထုမျိုး၊ ကြိုး,ကြိမ်,သစ်,ဝါး,ပျဉ်ပြားအစရှိသော တတြ ဋ္ဌက-အဝိညာဏကဝတ္ထုမျိုး၊ နွယ်,မြက်,သစ်ခက်,သစ်မြစ် အစရှိသော တတ္ထဇာတကအဝိညာဏကဝတ္ထုမျိုးအလုံးစုံသည် သိမ်ဟူသော အရေ အတွက်သို့ရောက်ကြောင်း ထင်ရှား၏။

ထိုသိမ်ဟူသော အရေအတွက်သို့ရောက်သော သဝိညာဏကဝတ္ထု, အဝိညာဏကဝတ္ထုအလုံးစုံသည် မိမိတို့တည်နေပေါက်ရောက်ရာသိမ်၌ သာမတည်မူ၍ တပါးသောသိမ်နှင့်ကူးသန်းစပ်ယှက်သည်ရှိသော် ဤသိမ် မှသွား၏ဟူ၍ငှင်း,ထိုသိမ်မှလာ၏ဟူ၍ငှင်း ဆိုခြင်းငှါတတ်ကောင်းသော နွယ်,မြက်,သစ်ပင် အစရှိသော တတ္ထဇာတက ဝတ္ထုတို့ကို မိမိတို့ ပေါက်ရောက်ဖြစ်ပွားရင်းသိမ်ဟူ၍ မှတ်ယူအပ်ကုန်၏၊ ဤသိမ်မှသွား၏ ဟူ၍ငှင်း, ထိုသိမ်မှလာ၏ဟူ၍ငှင်းဆိုခြင်းငှါမတတ်ကောင်းသော ရဟန်း, ရှင်,လူ,ဆင်,မြင်း,ကျွဲ,နွားအစရှိသော တတြဋ္ဌကသဝိညာဏကဝတ္ထုမျိုး၊ ကြိုး,ကြိမ်,သစ်,ဝါး,ပျဉ်ပြားအစရှိသော တတြဋ္ဌကအဝိညာဏကဝတ္ထုမျိုး တို့ကိုမူကား မိမိသိမ်၌တည်သောအဘို့အစိတ်ကို မိမိသိမ်, တပါးသော သိမ်၌တည်သော အဘို့အစိတ်ကိုတပါးသောသိမ်ဟူ၍ မှတ်ယူအပ်ကုန်၏။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌—

"တေ့ ပန ဗဒ္ဓသီမာယ ပတိဋ္ဌိတဘာဂေ ဗဒ္ဓသီမာ၊ အဗဒ္ဓသီမာယ ပတိဋ္ဌိတဘာဂေ ဂါမသီမာ"။

ဟု မိန့်အပ်ပြီ။

ဤဋီကာပါဌ်တို့ဖြင့်သိမ်အပြင်၌တည်နေပေါက်ရောက်သော သဝိညာ ဏကဝတ္ထု, အဝိညာဏကဝတ္ထုတို့သည် မိမိတို့ပေါက်ရောက်တည်နေရာ သိမ်၌သာ မတည်မူ၍ တပါးသောသိမ်နှင့်စပ်ယှက်ကူးသန်းသည်ရှိသော် သီမသင်္ကရဒေါသကို ဖြစ်စေတတ်၏ဟု မှတ်ယူအပ်ကုန်၏၊

---

## မဏ္ဍပ်,တန်ဆောင်းစသော အဆောက်အဦ

ထိုပြဆိုအပ်ပြီးသော သင်္ကရဒေါသကိုဖြစ်စေတတ်သော သဝိညာ ဏကဝတ္ထု, အဝိညာဏကဝတ္ထုတို့တွင် အပါအဝင်ဖြစ်သော မဏ္ဍပ်,

တန်ဆောင်း အစရှိသောအရပ်, နုတ်အပ်သော ဗဒ္ဓသိမ်တခုတည်းသာ ရှိခဲ့ပါလျှင် ယုံမှားဘွယ်ရာမရှိ၊ သက်ာနိဝတ္တနဖြစ်ပေရာ၏။

ရှေးအခါ၌ ဘုံအပ်သောသမူဟနိတဗ္ဗဗဒ္ဓသိမ်ဟောင်းနှစ်လုံးနီးစပ်လျက်ရှိသောအရပ်၌မူကား မဏ္ဍပ်,တန်ဆောင်းအစရှိသော ကြီးမားကျယ်ဝန်းသော အဆောက်အဦတို့ကိုထားဘိဦး၊ များစွာသောသံဃာတို့စည်းဝေးနေထိုင်ကြလျှင်ပင် လေးတောင်ကွာ,ငါးတောင်ခြား နီးပါးသော ဗဒ္ဓသိမ်ဟောင်းတို့၏ အစွန်းနှစ်ဘက်ကို စပ်ဆက် ယှက်ကူးသော ကြောင့်ရဟန်းချင်းချင်း ထိပါးစပ်ဆက်မှုနှင့်ပင် သက်ရဒေါသရောက်တော့သည်သာဖြစ်၏။

ဆယ်တောင်ကွာ,ကိုးတောင်ကွာအရပ်၌ တည်ရှိနေကြသော ဗဒ္ဓသိမ်ဟောင်းတို့ကို ရောယှက်ကူးလူးစေနိုင်သော မဏ္ဍပ်,တန်ဆောင်းစသော ကြီးမားကျယ်ဝန်းသော အဆောက်အဦတို့ကိုမူကား ဆိုဘွယ်ရာမရှိတော့ပြီ။

ယင်းသို့စပ်ဆက်ယှက်ကူးမှုဟူသော သက်ရဒေါသသက်ရောက်ရာသိမ်တို့၌ ပြုအပ်သောကံတို့သည် ဝဂ္ဂကံအဖြစ်မှ လွတ်ကင်းအောင်ရှင်းလင်းသုတ်သင်နိုင်သော်သာ ထမြောက်အောင်မြင်ပေရာ၏၊ ဝဂ္ဂကံအဖြစ်မှလွတ်ကင်းအောင် မရှင်းလင်းမသုတ်သင်နိုင်ပါက အောင်မြင်ထမြောက်ရန် အခွင့်မရှိချေ။

တတောင်ကွာ,တထွာခြားခန့်နီးပါးလျက် ထိုဗဒ္ဓသိမ်ဟောင်းနှစ်လုံးတည်ရှိခဲ့သော် သီမန္တရိက်၌ တည်သောရဟန်းတို့သည် ကူးသန်းစပ်ယှက်ခြင်းကြောင့် ကံပျက်လေရာ၏၊ တဆိုင်းတည်း သံဃာဖြင့် နုတ်သော်ကားထိုနုတ်အပ်သော သိမ်နှစ်ခုတို့၌ ကူးသန်းလျက်တည်သော ညောင်စောင်းအကွက်သို့ ကျရောက်သောအလှည့်၌သာ ကံပျက်ရာ၏၊ ထိုနုတ်အပ်သော ဗဒ္ဓသိမ်နှစ်ခုတို့၌ ကူးသန်းလျက် တည်သောညောင်စောင်း အကွက်မှ တပါး သိမ်ခြားသော အကွက်သို့ကျခဲ့သော် သံဃာတဆိုင်းတည်းဖြစ်၍ တပါးသောသိမ်၌ တည်သောရဟန်းမရှိခြင်းကြောင့် ပန္တက်သဲ,ကြိုးတန်း,မဏ္ဍပ်စသည်ပင် စပ်ယှက်သော်လည်း ကံမပျက်ရာ။

"တာသံ မဇ္ဈဂတာ တေ ဘိက္ခူ၊ တာ သမူဟနေယျုံ"ဟူသော ဝိမတိဝိနောဒနီ ဋီကာနှင့်အညီ သီမသမူဟနကံ ထမြောက် အောင်မြင်ပေရာ၏၊ ထို့ကြောင့် မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓက၌—

''သီမမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထဇာတ ရုက္ခာဒိနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာဝါ ကမ္မံ ကာတဗ္ဗံ၊တေ ဝါ သာခါပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ၊ အနာဟစ္စဌိတသာခါဒိသု အာရုဠ္ဟဘိက္ခူ ဟတ္ထပါသံ အာနေတဗ္ဗော''။
ဟု မိန့်အပ်ပြီ။

**အနက်။** ။သီမမာဠကေ၊ သိမ်အပြင်၌။ ဝဋ္ဋရုက္ခော၊ ပညောင်ပင် သည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ တဿ၊ ထိုပညောင်ပင်၏။ သာခါဝါ၊ အကိုင်း အခက်သည်ဎင်း။ တတော၊ ထိုပညောင်ပင်မှ။ နိဂ္ဂတပါရော ဟောဝါ၊ ထွက်လာသောမြစ်ပျဉ်းသည်ဎင်း။ မဟာသီမာယ၊ မဟာသိမ် ၏။ ပထဝိတလံဝါ၊ မြေအပြင်ကိုဎင်း။ တတ္ထဇာတရုက္ခာဒိနိဝါ၊ ထိုမဟာ သိမ်၌ပေါက်သော သစ်ပင် အစရှိသည်တို့ကိုဎင်း။ အာဟစ္စ၊ ထိခိုက်၍။ တိဋ္ဌတိ၊ တည်ငြားအံ့။ မဟာသီမံ၊ မဟာသိမ်ကို။ သောဓေတွာဝါ၊ သုတ် သင်၍မူလည်း။ ကမ္မံ၊ ကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏၊ တေသာခါပါရောဟာ ဝါ၊ ထိုသစ်ခက်,မြစ်ပျဉ်းတို့ကိုသော်လည်း။ ဆိန္ဒိတွာ၊ဖြတ်၍။ ဗဟိဋ္ဌကာ၊ အပ၌တည်သည်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ အနာဟစ္စ၊ မထိခိုက် မူ၍။ ဌိတသာခါဒိသု၊ တည်သော သစ်ခက် အစရှိသည်တို့၌။ အာရုဠ္ဟ ဘိက္ခူ၊ တက်နေသောရဟန်းကို။ ဟတ္ထပါသံ၊ ဟတ္ထပါသ်အတွင်းသို့။ အာ နေ တဗ္ဗော၊ ပင့်ဆောင်အပ်၏။

ဎင်းအဘွင့် ဝေရသကဏ်ဋီကာ၌လည်း—

''မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗန္တိ မဟာသီမဂတာ ဘိက္ခူ ဟတ္ထပါသံ ဝါ အာနေတဗ္ဗာ၊သီမတော ဝါ ဗဟိ ကာတဗ္ဗာ- တိ အဓိပ္ပါယော''။
ဟု မိန့်အပ်ပြီ။

**အနက်။** ။မဟာသီမံ သောဓေတွာဝါ ကမ္မံ ကာတဗ္ဗန္တိ၊ဟူသည်ကား။ မဟာသီမဂတာ၊ မဟာသိမ်သို့ ရောက်ကုန်သော။ ဝါ၊ မဟာသိမ်၌တည် ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဟတ္ထပါသံဝါ၊ ဟတ္ထပါသ်သို့မူလည်း။ အာနေတဗ္ဗာ၊ ဆောင်အပ်ကုန်၏။ သီမတော၊ သိမ်မှ။ ဗဟိဝါ၊ အပ၌မူ လည်း။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါ ယော၊ အဓိပ္ပါယ်တည်း။

ဝိမတိဝိနောဒနီ ဋီကာ၌လည်း-

"ဝဋ္ဋရုက္ခောတိ ဇုဒ္ဒံ ပါရောဟောပတ္ထမ္ဘေန အတိဒူရမ္ပိ ဂန္တွာ သမတ္တသာခါ သမင်္ဂိတာယ ဝုတ္တံ၊ သဗ္ဗရုက္ခလတာဒီနမ္ပိ သမ္ဗန္ဓော န ဝဋ္ဋတိ ဝေါခတနေဝ နာဝါရဇ္ဇု သေတုသမ္ဗန္ဓောပိ ပဋိက္ခိတ္တော" ဟူ၍၎င်း။

"မဟာသီမံ ဝါ သောဓေတွာတိ မဟာသီမဂတာနံ သဗ္ဗေသံ ဘိက္ခူနံ ဟတ္ထပါသာနယန ဆန္ဒာဟရဏာ ဒိဝသေန သကလံ မဟာ သီမံ သောဓေတွာ"ဟူ၍၎င်း။

မိန့်အပ်ပြီ။

**အနက်**။ ။ဝဋ္ဋရုက္ခောတိဇုဒ္ဒံ၊ ဝဋ္ဋရုက္ခောဟူသော၍စကားကို။ ပါရော ဟောပတ္ထမ္ဘေန၊ သစ်ပင်၏ မြစ်ပျဉ်းထောက်သဖြင့်။ အတိဒူရမ္ပိ၊ အလွန် ဝေးသော အရပ်သို့လည်း။ ဂန္တွာ၊ သွားခြင်းငှါ။ သမတ္တသာခါ သမင်္ဂိ တာယ၊ စွမ်းနိုင်သော အကိုင်းအခက်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုအပ်၏။ သဗ္ဗရုက္ခလတာဒီနမ္ပိ၊ အလုံးစုံသော သစ်ပင်,အနွယ် အစရှိသည်တို့၏လည်း။ သမ္ဗန္ဓော၊ ဆက်စပ်ခြင်းသည်။ နဝဋ္ဋတိဝေ၊ မအပ်သည် သာလျှင်တည်း။ တေနေဝ၊ ထို့ကြောင့် သာ လျှင်။ နာဝါရဇ္ဇုသေတုသမ္ဗန္ဓော၊ လှေ,ကြိုး,တံတားတို့ ဆက်စပ်ခြင်းကို။ ပဋိက္ခိတ္တော၊ ပယ်အပ်ပြီ။(ပဌမဝါကျအနက်။)

မဟာသီမံဝါ သောဓေတွာတိ၊ ဟူသည်ကား။ မဟာသီမဂတာနံ၊ မဟာသိမ်သို့ရောက်ကုန်သော။ဝါ၊မဟာသိမ်၌တည်ကုန်သော။သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့ကို။ ဟတ္ထပါသာနယနဆန္ဒာဟရ- ဏာဒိဝသေန၊ ဟတ္ထပါသ်သို့ဆောင်ခြင်း,ဆန္ဒဆောင်ခြင်းအစရှိသည်တို့ ၏ အစွမ်းအားဖြင့်။ သကလံ၊အလုံးစုံသော။ မဟာသီမံ၊မဟာသိမ်ကို။ သောဓေတွာ၊သုတ်သင်၍။ ကမ္မံ၊ကံကို။ကာတဗ္ဗံ၊ပြုအပ်၏။ (ဒုတိယဝါကျ အနက်။)

## သိမ်နုတ်ပုံအမျိုးမျိုး

၍အဋ္ဌကထာ,ဋီကာပါဌ်တို့ဖြင့် မဟာသိမ်,ခဏ္ဍသိမ်နှစ်လုံးတို့၌ သစ် ခက်,မြစ်ပျဉ်းစသည်တို့ကူးသန်းစပ်ယှက်၍ တည်သောအရာ ခဏ္ဍသိမ်၌ ကံပြုလိုပါက မဟာသိမ်တွင် ရှိနေသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ခြင်း,ဆန္ဒပါရိသုဒ္ဓိကိုဆောင်ခြင်း,မဟာသိမ်မှအပပြုခြင်းဟုဆိုအပ်

သောသုတ်သင်မှုကိုပြုသော်သာလျှင် ခဏ္ဍသိမ်၌ ပြုအပ်သော ကံသည် သက်ရဒေါသကင်းသဖြင့် အောင်မြင်ထမြောက်၏ဟု နိတတ္ထအားဖြင့် ပြ၏၊ မဟာသိမ်ရှိ သံဃာကိုမသုတ်သင်နိုင်ပါမူကား သက်ရဒေါသ အတွက် ဝဂ္ဂကံဖြစ်သောကြောင့် ကံပျက်၏ဟူသော အနက်ကိုလည်းပြ၏။

သစ်ခက်,မြစ်ပျဉ်းစသည်တို့ကူးသန်းစပ်ယှက်၍ပင် တည်ပါငြားသော်လည်း မဟာသိမ်၌ ရဟန်းမရှိပါမူ ခဏ္ဍသိမ်၌ပြုအပ်ခဲသော ကံသည် ပျက်ဘွယ်ရာမထင်၊ အောင်မြင်ထမြောက်ခြင်းသာဖြစ်၏ဟူသောအနက်ကိုလည်းပြ၏၊ဤအဋ္ဌကထာ,ဋီကာတို့ဖြင့်ပင်ပြသောကြောင့် မဏ္ဍပ်ကန္နားထိုး၍ သိမ်နုတ်သောအရပ်တွင် ဗဒ္ဓသိမ်ဟောင်းနှစ်လုံး နီးစပ်လျက် ရှိ, မရှိကို အတပ်မသိနိုင်လေရကား နောက်နောင် အဆက်ဆက် ပညာရှိ ဝိနယကုက္ကုစ္စကပုဂ္ဂိုလ်အများ ယုံမှားကင်းစေခြင်းငှါ ၅-ပါး, ၆-ပါး အစုရှိသော တဆိုင်းတည်းသောသံဃာဖြင့်သာနုတ်အပ်၏၊ သံဃာ နှစ်ကျိပ်,သုံးကျိပ်နုတ်လိုပါမူ မဏ္ဍပ်အလျှင်းမထိုးဘဲသော်လည်း နုတ်အပ်၏ဟုမှတ်ယူသင့်ပေ၏။

တဆိုင်းတည်းသောသံဃာဖြင့်သာနုတ်လိုပါမူကား နှစ်လုံးသောဗဒ္ဓသိမ်ဟောင်းတို့၏ အစွန်းနှစ်ဘက်ကို သံဃာစပ်ယှက်၍ တည်သော ညောင်စောင်းအကွက်၌ပြုသော ကံတခုတည်းသည်သာ ပျက်ဘွယ်ရာအကြောင်းရှိ၏၊ သိမ်သီးခြား၌တည်ရှိသောညောင်စောင်းအကွက်တို့၌ပြုအပ်သောကံတို့မှာမူကား တပါးသောသိမ်၌ သံဃာမရှိသည်ဖြစ်၍ သမဂ္ဂကံပင်ဖြစ်သောကြောင့် ပျက်ဘွယ်ရာအကြောင်းမရှိပေ။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌—

"ဤဒိသေသု ပိ ဝိဟာရေသု ဆပ္ပဉ္စမတ္တေ ဘိက္ခူ ဂဟေတွာ ဝိဟာရကောဋိတော ပဋ္ဌာယ ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဍ္ဍုပါတေ သဗ္ဗတ္ထ မဉ္စပမာဏေ ဩကာသေ နိရန္တရံ ဌတွာ ပဌမံ အဝိပ္ပဝါသံ တတော သမာနသံဝါသကသီမဉ္စ သမူဟနနဝသေန သီမာယ သမုဂ္ဃါတေ ကတေ တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ မဟာသီမာယ ဌိတဝိဇ္ဇမာနတ္တေ သတိ အဝဿံ ကေ-သ္မိံ မဉ္စဋ္ဌာနေ တာသံ မဇ္ဈဂတာ တေ ဘိက္ခူ တာ သမူဟနေယျုံ၊ တတော ဂါမသီမာဝ အဝသိဿေယျ၊ နဟေတ္ထသီမာယ တပ္ပရိစ္ဆေ

ဒသ္သ ဝါ ဇာနန္တိ အင်္ဂ ၊သီမာယ ပန အန္တော ဌာနံ သမူဟနိဿာမာတိ
ကမ္မဝါစာယ ကရဏာဒ္ဓေဟ္တွာအင်္ဂ””။

ဟု-မိန့်အပ်ပြီ။

**အနက်**။ ။ဤဒိသေသု၊ ဤသို့သဘောရှိသည်လည်းဖြစ်ကုန်သော။ ဝိဟာရေသု၊ကျောင်းတိုက်တို့၌။ ဆပဉ္စမတ္တေ၊ ငါးပါး, ခြောက်ပါး အတိုင်း**အရှည်ရှိကုန်သော**။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂဟေတွာ၊ ပင့်ယူ၍။ ဝိဟာရကောဋိတော၊ ကျောင်းတိုက်၏အစွန်အဖျားမှ။ ပဋ္ဌာယ၊ စ၍။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းတိုက်အရာမ်၏။ အန္တော၊ အတွင်း၌ငှင်း။ ဗဟိ၊ အပ၌ငှင်း။ **သမန္တာ**၊ ထက်ဝန်းကျင်ပတ်ပတ်လည်၌။ လေဍ္ဍုပါတေ၊ ခဲတကျအတွင်း၌။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ မဉ္စပ္ပမာဏေ၊ ညောင်စောင်းပမာဏရှိသော။ ဩကာသေ၊ အရပ်၌။ နိရန္တရံ၊ အကြားမပြတ်တစပ်တည်း။ ဌတွာ၊ တည်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသံ၊ အဝိပ္ပဝါသသိမ်ကို။ တတော၊ ထို့နောင်မှ။ သမာနသံဝါသကသီမဉ္စ၊ **သမာနသံဝါသကသိမ်ကိုငှင်း**။ သမူဟနနဝသေန၊ နုတ်သည်၏အစွမ်းဖြင့်။ သီမာယ၊ သိမ်ကို။ သမုဂ္ဃါတေ၊ နုတ်ခြင်းကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်းတိုက်ကြီး၌။ ခဏ္ဍသီမာယ၊ ခဏ္ဍသိမ်၏ငှင်း။ မဟာသီမာယ၊ မဟာသိမ်ကြီး၏ငှင်း။ ဌိတပဝိဇ္ဇမာနတ္တေ၊ တည်ရှိသည်၏အဖြစ်သည်။ သတိ-သတိပိ၊ ရှိငြားသော်လည်း။ **အဝသ်**၊ မချွတ်။ ကေသ္မိံ၊ တခုသော။ မဉ္စဌာနေ၊ညောင်စောင်းကွက်အရပ်၌။ တာသံ၊ ထိုခဏ္ဍသိမ်, မဟာသိမ်တို့၏။ မဇ္ဈဂတာ၊ အလည်သို့ရောက်ကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ တာ၊ ထိုခဏ္ဍသိမ်,မဟာသိမ်တို့ကို။ သမူဟနေယျုံ၊ ပယ်နုတ်နိုင်ကုန်ရာ၏၊ တတော၊ ထိုသို့နုတ်သိမ်းခြင်းကြောင့်။ ဂါမသီမာဧဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဿေယျ၊ ကြွင်းလေရာ၏။ ဟိ-သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤအရာ၌။ သီမာယဝါ၊ ခဏ္ဍသိမ်,မဟာသိမ်ကိုငှင်း။ တပ္ပရိစ္ဆေဒဿဝါ၊ ထိုသိမ်၏အပိုင်းအခြားကိုငှင်း။ ဇာနနံ၊ သိခြင်းသည်။ အင်္ဂံ၊ အင်္ဂါသည်။ နဟောတိ၊ မဖြစ်။ ပန၊ စင်စစ်သော်ကား။ သီမာယ၊ သိမ်၏။ အန္တော၊ အတွင်း၌။ ဌာနဉ္စ၊ ရပ်တည်ခြင်းသည်ငှင်း။ သမူဟနိဿာမ၊နုတ်ကြကုန်အံ့။ ဣတိ၊ဤသို့။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ ကရဏဉ္စ၊ ပြုခြင်းသည်ငှင်း။ ဧတ္ထ၊ ဤသိမ်နုတ်သောအရာ၌။ အင်္ဂံ၊ အင်္ဂါပေတည်း။

တေရသကဏ်ဋီကာ၌လည်း—

''သီမာသက်ရံ ကရောတီတိ ဝမိုတ္တာ သီမပ္ပဒေသံ ပဝိင္ဌေဒွိန္နံသီမာနံ ဂတင္ဌာနသာ ဒုဝိညေယျတ္တာ ဝုတ္တံ၊န ပန တတ္ထ ကမ္မံကာတုံ န ဝဋ္ဋတီတိ ဒဿနတ္ထံ၊ န ဟိ သီမာ တတ္ထကေန အသီမာ ဟောတိ၊ ဒွေပနသီမာ ပစ္ဆာ ဝမိုတေန ရုက္ခေန အဇ္ဈောတ္ထတတ္တာ ကောဗဒ္ဓါ ဟောန္တိ၊ တသ္မာ ကေတ္ထ ဌတွာ ကမ္မံ ကရောန္တေဟိ ဉတရံ သောဓေတွာ ကာတဗ္ဗံ''။

ဟုမိန့်အပ်ပြီ။

**အနက်**။ ။သီမာသက်ရံ ကရောဝီတိဇ္ဇဒံဝါကျံ၊ သီမာသက်ရံ ကရောတိ-ဟူသောဤဝါကျကို။ ဝမိုတ္တာ၊ ကြီးပွားရ၍။ သီမပ္ပဒေသံ၊ သိမ်၏ အစိတ်ဖြစ်သောအရပ်ကို။ ပဝိဋ္ဌေ၊ ဝင်လာသည်ရှိသော်။ ဒွိန္နံသီမာနံ၊ နှစ်လုံးသောသိမ်တို့၏။ ဂတဋ္ဌာနသာ၊ ရောက်ရာအရပ်ကို။ ဒုဝိညေယျတ္တာ၊ သိနိုင်ခဲသည်၏အဖြစ်ကြောင့်။ ဝုတ္တံ၊ အဋ္ဌကထာဆိုအပ်၏။ ပန၊ ဗျတိရိက်မှတပါး အနွယကိုဆိုဦးအံ့။ တတ္ထ၊ ထိုသစ်ခက်,မြစ်ပျဉ်းကူးစပ်သောသိမ်၌။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ နဝုတ္တံ၊ ဆိုအပ်သည်မဟုတ်ပေ။ ဟိ-သစ္စံ၊ မှန်၏။ သီမာ၊ သိမ်သည်။ တတ္တကေန၊ ထိုသို့သစ်ခက်,မြစ်ပျဉ်းစပ်ယှက်ရုံမျှဖြင့်။ အသီမာ၊ သိမ်မဟုတ်သည်။ ဝါ၊ သိမ်ပျက်သည်။ နဟောတိ၊ မဖြစ်။ ပန၊ စင်စစ်သော်ကား။ ဒွေ၊ နှစ်လုံးကုန်သော။ သီမာ၊ သိမ်တို့သည်။ ပစ္ဆာ၊ နောက်နောင်ကာလ၌။ ဝမိုတေန၊ ကြီးပွားလာသော။ ရုက္ခေန၊ သစ်ပင်သည်။ အဇ္ဈောတ္ထတတ္တာ၊ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်။ ကောဗဒ္ဓါ၊ တစပ်တည်းစပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ကေတ္ထ၊ တခုသောသိမ်၌။ ဌတွာ၊ တည်၍။ ကမ္မံ၊ ကံကို။ ကရောန္တေဟိ၊ ပြုလိုသောရဟန်းတို့သည်။ ဉတရံ၊ တပါးသောသိမ်ကို။ သောဓေတွာ၊ သုတ်သင်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဆိုအပ်ပြီးသော ဋီကာစကား ၂-ရပ်ဖြင့် မဟာသိမ်နှင့်ခဏ္ဍသိမ် နှစ်လုံးတည်ရှိသော ကျောင်းတိုက်ကြီး၌ ညောင်စောင်းကွက် ရေးသားပိုင်းခြားကန့်သတ်၍ ငါးပါး,ခြောက်ပါးမျှသော ရဟန်းတို့ဖြင့် အကွက်တိုင်း, အကွက်တိုင်းတဆိုင်းတည်းနုတ်ခဲ့လျှင် သီမာသမ္မုဟနကံအောင်မြင်နိုင်ခြင်းထင်ရှား၏၊ ဤဋီကာပါဌ်တို့၌ ငါးပါး,ခြောက်ပါးကိုသာ ပြဆိုခြင်းသည်လည်း သံဃာများစွာစည်းဝေးနေထိုင်ကြလျှင်ပင် ရဟန်းချင်းချင်း

လေးတောင်ကွာ ငါးတောင်ခြားနီးပါးသော ဗဒ္ဓသိမ်တို့၏ ရောယှက်မှုဟူသော ဝဂ္ဂကံအဖြစ်သို့လည်း ရောက်ရာ၏၊ ငါးပါး, ခြောက်ပါးမျှသာဖြစ်ပါမူကား သက်ရဒေါသကင်းလွတ်လောက်သော သိမ်၏အလယ်ဖြစ်သော ညောင်စောင်းအကွက်ငယ်၌ပင် စည်းဝေးနိုင်ရာသောကြောင့် သုတ်သင်မှုပြီးစီးနိုင်ရာ၏ဟု နှလုံးပြု၍ဆိုပေသည်။

ဝိနယာလင်္ကာရဋီကာ၌လည်း–

"ရတနာပုရနဂရေ သိရိသုဓမ္မရာဇာဓိပတိနာမကဿ ရညော အဂ္ဂရာဇဘိနော ကာလေ မဟာသီဟဠပ္ပတ္တော ဝိသုတော သိရိသဒ္ဓမ္မကိတ္တိနာမကော မဟာထေရဝရော အတ္တနော ဝသနဋ္ဌာနဿ အဝိဒူရေ ပဗ္ဗတမတ္ထကေ သီမံ ဗန္ဓန္တော အတ္တနော နိဿိတကေ အဂ္ဂဟေတွာ အတ္တနာ အဘိရုစိတေ လဇ္ဇီပေသလဗဟုဿုတ သိက္ခာကာမဘူတေ အညေ မဟာထေရေ ဂဟေတွာ အတ္တစတုတ္ထော ဝ ဟုတွာ ကမ္မံ ကရောန္တီတိ ဝဒန္တိ"။

ဟုမိန့်၏။

**အနက်**။ ။ရတနာပုရနဂရေ၊ ရတနာပုရ အဝရွှေမြို့တော်ကြီး၌။ သိရိသုဓမ္မရာဇာဓိပတိနာမကဿ၊ သိရိသုဓမ္မရာဇာဓိပတိ အမည်ရှိသော။ ရညော အဂ္ဂရာဇဘိနော၊ ရှင်ဥအဂ္ဂရာဇဘိမင်း၏။ ကာလေ၊ လက်ထက်၌။ မဟာသီဟ ဠပ္ပတ္တောတိ၊ သီဟိုဠ်ရောက်မထေရ်ကြီးဟူ၍။ ဝိသုတော၊ ကျော်စောသော။ သိရိသဒ္ဓမ္မကိတ္တိနာမကော၊ သိရိသဒ္ဓမ္မကိတ္တိအမည်ရှိသော။ မဟာထေရဝရော၊ မြတ်သော မဟာထေရ်ကြီးသည်။ အတ္တနော၊မိမိ၏။ ဝသနဋ္ဌာနဿ၊ နေရာအရပ်၏။ အဝိဒူရေ၊ မနီးမဝေးသော အရပ်၌။ ပဗ္ဗတမတ္ထကေ၊ တောင်ထိပ်၌။ သီမံ၊ သိမ်ကို။ ဗန္ဓန္တော၊ဖွဲ့သည်ရှိသော်။ အတ္တနော၊မိမိ၏။ နိဿိတကေ၊ တပည့်တို့ကို။ အဂ္ဂဟေတွာ၊ မခေါ်ယူမူ၍။ အတ္တနာ၊ မိမိသည်။ အဘိရုစိတေ၊ နှစ်သက်အပ်ကုန်သော။ လဇ္ဇီပေသလ ဗဟုဿုတသိက္ခာကာမဘူတေ၊ လဇ္ဇီပေသလ ဗဟုဿုတ သိက္ခာကာမဖြစ်၍ဖြစ်ကုန်သော။ အညေ၊ တပါးကုန်သော။ မဟာထေရေ၊ မထေရ်ကြီးတို့ကို။ ဂဟေတွာ၊ ပင့်ခေါ်၍။ အတ္တစတုတ္ထော ဝ၊ မိမိလျှင်လေးယောက်မြောက်ရှိသည်။ဟုတွာ၊ ဖြစ်၍။ ကမ္မံ၊ သိမ်နုတ်သောကံကို။ ကရောန္တိ၊ ပြုကြကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

ဤဋီကာပါဌ်၌ မိမိလျှင် လေးယောက်မြောက်ရှိသော သံဃာဖြင့်သာ သီမသမူဟနကံကို ပြုတော်မူခြင်းသည်လည်း ငါတို့ဆိုးဖြတ်သည့်အတိုင်း သံဃာများစွာ စည်းဝေးနေထိုင်သည်ရှိသော် သက်ရဒေါသရောက်၍ ဝဂ္ဂကံဖြစ်မည်ကို နှလုံးပြုတော်မူ၍ လေးပါးမျှဖြင့်သာ နုတ်တော်မူသည်ဟု-ယူအပ်ပေသည်၊ အချို့သောဆရာတို့သည်ကား—

''ဟံသာဝတီနဂရေ ဓမ္မစေတိယရညော ကလျာဏိယသိမံ ဗန္ဓနကာလေပိ ပဉ္စမံ သာလံ ကရိတွာဝ ပဏ္ဍာ သမူဟနိံသု''။

အနက်။ ။ဟံသာဝတီနဂရေ၊ ဟံသာဝတီမြို့၌။ ဓမ္မစေတိယရညော၊ ဓမ္မစေတီမင်း၏။ ကလျာဏိယသိမံ၊ ကလျာဏီအမည်ရှိသော သိမ်ကို။ ဗန္ဓနကာလေပိ၊ ဖွဲ့သောအခါ၌လည်း။ပဉ္စမံ၊ရှေးဦးစွာ။သာလံ၊တင်းကုတ်ကို။ကရိတွာဝ၊ ပြု၍သာလျှင်။ ပဏ္ဍာ၊ နောက်မှ။သမူဟနိံသု၊ နုတ်ကုန်၏။

ဤသို့လာသော ကလျာဏီသိမ် ကျောက်စာ၌ မဏ္ဍပ်ကန့်လန့်ထိုး၍ တဆဲ့လေးပါးသော ရဟန်းတို့သိမ်နုတ်ကြကြောင်းကို ထောက်ထားကိုးကားပြီးလျှင် သံဃာမည်မျှပင် များစေကာမူ မြန်မာနိုင်ငံသို့ သာသနာတော်သက်ရောက်ရာကာလလည်း မကြာမြင့်သေး၊ မဟာသိမ်ဟူသည်လည်း- အရိမဒ္ဒနာပေါက္ကံပြည်၌တလုံး, ရတနာပုရ အင်းဝမြို့၌ တလုံး၊ ဤနှစ်လုံးသာအကြီးအကျယ်ရာဇဝင်ကျောက်စာ သံပိုင်းထွက်ဆိုချက်ရှိသည်၊ အခြားသောအရပ်တို့၌ မဟာသိမ်ရှိသည်ဟု ရာဇဝင်ကျောက်စာသံပိုင်းအဆိုအလာ မရှိသောကြောင့် ဗဒ္ဓသိမ်ဟောင်းကြီးတို့အတွက် တွေးတောစဉ်းစားပုံမှားဘွယ်ရာမရှိဟု ပြောဆိုရေးသားကြကုန်၏၊ သို့ပင်ပြောဆို ရေးသားကြပါကုန်ငြားသော်လည်း—

''သီမာသမူဟနနကမ္မံ အကတွာ အဘိနဝသီမာယ ဗန္ဓမာနာယ သကာ ဥပ္ပဇ္ဇေယျ၊ဘဂဝတော ရေမာနကာလတော ပဋ္ဌာယ ယာဝဇ္ဇတ္တနာ ဂဏနပထံ ဝီတိက္ကန္တာ ဘိက္ခူ ဥပသမ္ပဒါဒိကမ္မကရဏတ္ထံ တသ္မိံ တသ္မိံ ပဒေသေ သီမံ ဗန္ဓိံသု၊သာ သီမာ ဧတ္ထ အတ္ထိ ဝါ နတ္ထိတိ နသက္ကာ ဇာနိတုံ။ တသ္မာ အမှာကံ သီမာဗန္ဓနဋ္ဌာနေ ပေါရာဏကသီမာ ဘဝေယျ၊ နော ဘဝေယျ၊ စေ သတိ သာ အဘိနဝသီမာစ အသက်နိယာ ဟောတီတိ သီမာယ ကတံ ဥပသမ္ပဒါဒိကမ္မမ္ပိ အသက်နိယံ ဟောတိ၊ တသ္မာ သကာနိဝတ္တနတ္ထံ အဘိနဝသီမံ ဗန္ဓိတုကာမေဟိ ယတိပုဂ်ဝေဟိ အဝဿံ သီမာသမူဟနနကမ္မံ ကာတဗ္ဗံ ဟောတိ။

**အနက်**။ ။သီမာသမူဟနနကမ္မံ၊ သိမ်နုတ်ခြင်းအမှုကို။ အကတွာ၊ မပြုမူ၍။ **အဘိနဝသီမာယ**၊သိမ်သစ်ကို။ ဗဇ္ဈမာနာယ၊ဖွဲ့အပ်သည်ရှိသော်။ သင်္ကာ၊ယုံမှားခြင်းသည်။ ဥပ္ပဇ္ဇေယျ၊ဖြစ်လေရာ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓရမာနကာလတော၊သက်တော်ထင်ရှားရှိရာလက်ထက်တော်မှ။ပဋ္ဌာယ၊စ၍။ယာဝဇ္ဇတ္တနာ၊ယနေ့ထက်တိုင်အောင်။ဂဏာနုပထံ၊ဂဏန်းအစဉ်ကို။ဝီတိက္ကန္တာ၊လွန်ကုန်သော။ဘိက္ခူ၊ရဟန်းတို့သည်။ ဥပသမ္ပဒါဒိကမ္မကရဏတ္ထံ၊ဥပသမ္ပဒအစရှိသောကံကိုပြုခြင်းငှါ၊တသ္မိံ တသ္မိံ ပဒေသေ၊ ထိုထိုအရပ်ရပ်၌။ သီမံ၊သိမ်ကို။ ဗန္ဓန္တိ၊ ဖွဲ့ကြကုန်၏။ သာသီမာ၊ထိုရှေးသိမ်ဟောင်းသည်။တွေ့၍အရပ်၌။အတ္ထိ၊ရှိ၏။တွေ့၍အရပ်၌။ နတ္ထိ၊မရှိ။ ဣတိ၊ ဤသို့။ ဇာနိတုံ၊သိခြင်းငှါ။ နသက္ကာ၊မတတ်ကောင်း။တသ္မာ၊ ထို့ကြောင့်။ အမှာကံ၊ငါတို့၏။ သီမာဗန္ဓနဋ္ဌာနေ၊သိမ်သစ်ဘွဲ့ရာအရပ်၌။ ပေါရာဏကသီမာ၊ ရှေးသိမ်ဟောင်းသည်။ ဘဝေယျနုခေါ၊ ဖြစ်ရာလေသလော။ ဣတိ၊ဤသို့။သင်္ကာ၊ယုံမှားခြင်းသည်။ ဘဝေယျ၊ဖြစ်ရာ၏။ဧဝံသတိ၊ဤသို့ဖြစ်သည်ရှိသော်။ သာအဘိနဝသီမာစ၊ထိုသိမ်သစ်ကိုလည်း။ အသင်္ကနိယာ၊ယုံမှားအပ်တော့သည်။ဟောတိ၊ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သီမာယ၊သိမ်သစ်၌။ ကတံ၊ပြုအပ်သော။ဥပသမ္ပဒါဒိကမ္မမ္ပိ၊ ဥပသမ္ပဒအစရှိသောကံကိုလည်း။ အာသင်္ကနိယံ၊ ယုံမှားအပ်တော့သည်။ ဟောတိ၊ဖြစ်၏။တသ္မာ၊ထို့ကြောင့်။သင်္ကာနိဝတ္တနတ္ထံ၊ ယုံမှားခြင်းကို နစ်စေခြင်းငှါ။ အဘိနဝသီမံ၊အသစ်ဖြစ်သောသိမ်ကို။ ဗန္ဓိတုကာမေဟိ၊ ဘွဲ့လိုကုန်သော။ ယတိပုင်္ဂဝေဟိ၊ ရဟန်းမြတ်တို့သည်။ အဝဿံ၊မချွတ်။သီမာသမူဟနနကမ္မံ၊သိမ်နုတ်ခြင်းအမှုကို။ ကာတဗ္ဗံ၊ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လာသော ဝိနယာ လင်္ကာရဋီကာကိုထောက်၍ သင်္ကာနိဝတ္တန ဖြစ်စေခြင်းငှါ ယုံမှားဘွယ်ရာ**အ**လုံးစုံအကုန်သုတ်သင်ရှင်းလင်း၍ သီမသမူဟနနကံပြုခြင်းကိုသာ များစွာသော ပညာရှိတို့နှစ်သက်အပ်ပေသည်။

---

## သိမ်နှင့်စပ်သော ဝါဒနှစ်ရပ်

ပဌမပုစ္ဆာရှေးဦးစွာ လျှောက်ချက်တွင် သိမ်နိမိတ်အတွင်း လက်တလုံးခန့်အရပ်ကိုကြဉ်ထား၍ ကြွင်းသောအရပ်သည်သာသိမ်ဖြစ်သည် ဟူသောဝါဒ၊ သိမ်နိမိတ်၏အတွင်းကျသမျှ ခိုးစဉ့်မျှမကြွင်းမူ၍ အလုံးစုံ

သောအရပ်သည်ပင် သိမ်ဖြစ်၏ဟူသော ဝါဒနှစ်ရပ်တွင် သိမ်နိမိတ်၏ အတွင်း အကြွင်းမရှိ အလုံးစုံပင် သိမ်ဖြစ်၏ဟူသော ဒုတိယဝါဒသည်သာ သင့်မြတ်ပေသည်၊ သင့်မြတ်ကြောင်းကို—


> "ကမ္မဝါစာပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိကတွာ ဟေဋ္ဌာ
> ပထဝီသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာဂတာ ဟောတိ"။

ဟူသော မဟာဝါအဋ္ဌကထာဥပေါသထက္ခန္ဓကဖြင့် ဆုံးဖြတ်အပ်၏။

**အနက်**။ ။ကမ္မဝါစာပရိယောသာနေယေဝ၊ ကမ္မဝါစာ အဆုံး၌သာလျှင်။ နိမိတ္တာနိ၊ နိမိတ်တို့ကို။ ဗဟိကတွာ၊သိမ်ပပြု၍။ ဟေဋ္ဌာ၊ အောက်၌။ ပထဝီသန္ဓာရကံ၊မြေကိုခံသော။ ဥဒကံ၊ရေကို။ ပရိယန္တံ၊ အဆုံးကို။ ကတွာ၊ပြု၍။ သီမာ၊သိမ်သည်။ဂတာ၊သက်သည်။ဟောတိ၊ဖြစ်၏။

ဤအဋ္ဌကထာပါဠိဖြင့် နိမိတ်၏အတွင်းကျသော အရပ်အားလုံးသည် သိမ်ဖြစ်၏ဟူသော အနက်ထင်ရှား၏၊ ထို့ကြောင့် နိမိတ်၏အတွင်း လက်တသစ်ခန့်မျှအရပ်ကိုကြဉ်ထား၍ ကြွင်းသောအရပ်သည်သာ သိမ်ဖြစ်၏ဟူသော အယူဝါဒကို အဋ္ဌကထာနှင့်ပင်ဆန့်ကျင်လေရကား အားထားယုံကြည်ဘွယ်မရှိပြီ။

ရှင်ဂုဏာဝံသပုစ္ဆာ ၄-ချက်အဖြေ ပြီး၏။



# ရှင်အာသဘ ပုစ္ဆာ ၄-ချက်အဖြေ

## ပျဉ်းမနားမြို့ ရှမ်းစုကြီးကျောင်း ရှင်အာသဘ လျှောက်ထားသော ပုစ္ဆာ၄-ချက်

နမတ္ထု ဂန္ထိရညာဏဿ မဟာထေရဿ။

ရှိသေစွာလျှောက်ထားလိုက်ပါသည်- ကျေးဇူးတော်ရှင်အရှင် ဆရာတော်မြတ်ကြီးဘုရား၊ အောက်ပါပုစ္ဆာကို ဆရာတော်မြတ်ကြီးအား မပင်ပန်းတော်မူရန် အချို့ပုစ္ဆာများကို တိုတိုနှင့်မှတ်ချက်ချ၍ အချို့ပုစ္ဆာများကို သင့်သလိုဖြေကြားတော်မူလိုက်ပါဘုရား။

၁။ နာမ်တရားတို့အား အနန္တရဂုဏ်မျိုးစေ့၊ ဝတ္ထုပုရေဇာတနိဿယ မျိုးစေ့တို့ကိုရသဖြင့် ဥပါဒ်ခဏ၌အားရှိသည်၊ ရုပ်တရားတို့အား ပစ္ဆာဇာတ၊ အာဟာရဝပတ္ထမ္ဘဥတု အထောက်အပံ့တို့ကိုရသဖြင့် ဌီခဏ၌အားရှိသည်၊ ထိုနာမ်ရုပ်နှစ်ပါးတို့တွင် မူလဋီကာ၌ နာမ်တရားတို့၏ ဥပါဒ်ကား ခဏငယ် တလုံးစသာဖြစ်၏၊ ရုပ်တရားတို့၏ ဥပါဒ်ကား နာမ်ခဏငယ် သုံးလုံးစာရှိ၏၊ ဤမူလဋီကာနည်းဖြင့် ရုပ်တရားမှန်သမျှသည် ဥပါဒ်၍ခဏတ္တယ လွန်သော်ဌီသို့ရောက်မှ အားရှိသည်၊အာရမ္မဏသတ္တိဖြင့်ကျေးဇူးပြုမည်၊ ရုပ်နိဿယ သတ္တိဖြင့်ကျေးဇူးပြုမည့် ရုပ်များလည်း ထိုအခါသို့ကျမှပင် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဟု အမိပ္ပါယ်ရပါသည်။

ဤမူလဋီကာ စကားကိုပင် နယဂ္ဂါဟပြု၍ သင်္ဂြိုဟ်ဆရာလည်း ဝီထိပိုင်း၌"ဧကစိတ္တက္ခဏာတီတာနိဝါ"စသည်ဖြင့် ပဉ္စာရုံနှင့်ပဉ္စပသာဒတို့ဥပါဒ်ပြီးသည့်နောက် ခဏတ္တယကိုလွန်၍ ဌီသို့ရောက်ကြမှသာလျှင် ထိခိုက်နိုင်လောက်အောင် အားရှိကြသည်၊ အထိအခိုက် ခံနိုင်ကြသည်ဟု ဆိုသောစကားနှင့် သင်္ဂြိုဟ်ရုပ်ပိုင်းတွင် "သီတုဏှောတုသမညာတာ တေဇောဓာတုဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ သမုဋ္ဌာပေတိ" ဟူသော စကားနှစ်ရပ်၌ ဌီယူပုံညီညွတ်အောင် ပဋိသန္ဓေစိတ်၏ ဌီခန့်ကိုမယူဘဲ ပဋိမ

ဘဝင်၏ဥပါဒ်ခန့်အခါကစ၍သာ တေဇောဓာတ်တို့၏ ဋ္ဌီယူမှသာ သဂြိုဟ်ဆရာ၏ စကားနှစ်ရပ် ရှေ့နောက်စပ်ဟပ် နှီးနှောမိမည်ဟု ထင်ပါကြောင်း။

ပစ္ဆာဇာတပစ္စည်းဟူသည်- အတ္ထိပစ္စည်း၏ အစိတ်အပိုင်းဖြစ်၍ ပဋ္ဌာန်းပါဠိတော်၌ "ပုရေဇာတဿဣမဿကာယဿ"ဟု ပဌမ ဘဝင်စသောပစ္စည်း၏ ပစ္စယုပ္ပန်ကာယကို ဣမသဒ္ဒါနှင့် စွဲလျက်ရှိသောကြောင့်ဂင်း၊ ပစ္စယုပ္ပန်ကာယသည် ပဌမ ဘဝင်စသည်တို့ ဥပါဒ်မှသာ ကျေးဇူးပြုခံရသည်၊ ထိုအခါသို့ရောက်မှ ဌီသို့ရောက်သည်၊ အားရှိသည်၊ ဥတုဇရုပ်ကို ဖြစ်စေနိုင်သည်ဟု ဆိုသော "ပဋိသန္ဓိစိတ္တေနသဟုပ္ပန္နော ဥတုပဌမ ဘဝင်္ဂမုပါဒါယ ဥတုသမုဋ္ဌာနရူပံ သမုဋ္ဌာပေယျ"ဟူသော မူလဋီကာစကားအတိုင်းသာ ရုပ်ဋ္ဌီယူပုံကိုသဘောကျပါသည်၊ ရုပ်တရားသည် နာမ်ကဲ့သို့ ခဏငယ်တလုံးစာလွန်လျှင် ဋ္ဌီသို့ရောက်သည်ဟု ဆိုသော အဋ္ဌကထာဆရာကြီး၏စကားကို သဘောမကျနိုင်ပါကြောင်း၊ ဤဝါအကောက်များ၌ ကေဇကာယ စသည်ယူပုံများလည်း နားပူရုံသာ ရှိမည်ထင်ပါကြောင်း။

ပဉ္စဒွါရဝီထိ၌ ပဉ္စာရုံ, ပဉ္စပသာဒတို့သည် ဥပါဒ်၍ဘဝင်တချက်လွန်ရုံနှင့် အာရမ္မဏာနိဿယ သတ္တိတို့ဖြင့် ပဉ္စဝိညာဏ်တို့အား ကျေးဇူးမပြုသေးသော်လည်း ဋ္ဌီသို့ရောက်ကြကုန်ပြီးဖြစ်၍ ကျေးဇူးပြုနိုင်လောက်အောင် ပစ္စယသတ္တိထိုအခါ၌ ရှိကြောင်းကို "အာပါထ မာဂစ္ဆတီတိ မနသာ ပဉ္စဝိညာဏေဟိစ ဂဟေတဗ္ဗဘာဝူပ ဂမနေန"ဟူသော မူလဋီကာပါဌ်ကိုထောက်၍ သိနိုင်ပါသည်၊ ကမ္မတ္ထ၌သက်သောပစ္စည်းများသည်အရဟ, သက္ကတ္တကိုထွန်းပြကြပါ ဆိုသော ရူပသိဒ္ဓိနှင့် အညီတည်း။

မရဏာသန္နပဉ္စမကာဝီထိ၌ ပစ္စုပ္ပန်ကမ္မနိမိတ်ရနိုင်ကြောင်း, ပဉ္စဒွါရဝီထိဟူ့ဖြင့် စုတိနိုင်ကြောင်းကို အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့၌ ဘွင့်ဆိုကြရာ ဂတိနိမိတ်မှာကဲ့သို့ အတိတ်ကံ၏ အစွမ်းအားဖြင့် ပဉ္စဒွါရ၌ဖြစ်စေ, မနောဒွါရ၌ဖြစ်စေ ပစ္စုပ္ပန် ပဉ္စာရုံထိခိုက်လာ ထင်လာကြောင်းကို ပြောဟောရလျှင် အဖုအထစ်မရှိ ချောမောမည်ထင်ပါသည်၊ ပစ္စုပ္ပန်ကမ္မနိမိတ်ကို

အဋ္ဌကထာ,ဋီကာတို့ဘွင့်တိုင်း ဉာတကာဒိဥပဋ္ဌာပိတ ပစ္စုပ္ပန်ဖြစ်အောင် ဟောပြောရလျှင် အလွန်ရှုပ်ရှက်ခပ်၍ အသိခက်ပါသည်။

ဘယ်သို့ အသိခက်သနည်း ဉာတကာဒိဥပဋ္ဌာပိတပဉ္စာရုံကို ရှေးဦးစွာ ပဉ္စဒွါရဖြင့်ယူရပါမည်၊ ၎င်းနောက် တဒနုဝတ္တက မနောဒွါရဝီထိစသည်တို့ကျ၍ နောက်ဆုံးမှ ပဉ္စဒွါရဝီထိချရပါမည်၊ ဤသို့ချရာ၌ အဆုံးဝီထိ၏အာရုံကို သန္တတိပစ္စုပ္ပန်ဟု မဆိုသင့်၊ ပစ္စုပ္ပန်အာရုံအစစ်ဟူ၍သာ ဆိုသင့်သည်၊ အဘယ့်ကြောင့်နည်း၊ ပဉ္စဒွါရဝီထိဟူက ပရိကပ္ပပြု၍ အာရုံကို မယူတတ်သောကြောင့်တည်း။

သန္တတိပစ္စုပ္ပန်အာရုံဟူကလည်း ရှေးဦးစွာဝီထိ၌ ပစ္စုပ္ပန်ရ၍ နောက်ဆက်မနောဒွါရဝီထိများ၌ အတိတ်အာရုံပင်ဖြစ်သော်လည်း တစည်းတည်းဖြစ်၍ ပဋ္ဌာန်း အနန္တရပစ္စည်းများနှင့်မညီသော်လည်း အဋ္ဌကထာဆိုတိုင်း ပစ္စုပ္ပန်အာရုံအဖြစ်နှင့်ဆိုလျှင် သင့်လျော်ရန်ရှိပါ၏၊ ယခုမှာမူ ရှေးဦးစွာ ပဉ္စဒွါရဖြင့်မုချ ဉာတကာဒိဥပဋ္ဌာပိတပစ္စုပ္ပန်ပဉ္စာရုံကိုပြု၍ အဆုံး မရဏာသန္နပစ္ဆိမကဝီထိ၌တံသန္တတိပစ္စုပ္ပန် သဒိသပစ္စုပ္ပန်အာရုံဟု ဆိုနိုင်ရန် ခဲယဉ်းပါကြောင်း။

အဆုံးပစ္ဆိမကဝီထိ၌ အနီးဉာတကာဒိဥပဋ္ဌာပိတမနောဒွါရစေတနာသည်ထင်စေအပ်သောပစ္စုပ္ပန်စစ်ဟု ဆိုငြားအံ့၊ ထိုသို့ဆိုချေသော် အနီးဖြစ်သောကံနှင့် အဝေးဖြစ်သောကံသည် မရဏာသန္နပစ္ဆိမ ကဝီထိ၌ ပစ္စုပ္ပန်အာရုံဖြစ်အောင် ထင်စေမှု၌ အနီးအဝေးသို့လိုက်၍အားရှိအားမဲ့ မဖြစ်သင့်၊ သို့မဖြစ်သင့်လျှင် ဉာတကာဒိဥပဋ္ဌာပိတပဉ္စာရုံ အခန်းကိုပင် အဋ္ဌကထာ, ဋီကာတို့ဘွင့်ပြရန်လိုမည်မထင်ပါကြောင်း။

တနည်း—အဋ္ဌကထာ၌ လာသော ဉာတကာဒိ ဥပဋ္ဌာပိတ အာရုံကိုပစ္ဆိမကဝီထိ၌ မုချပစ္စုပ္ပန်ဖြစ်အောင်ကြံပုံမှာ ဉာဏဝိဘင်းအဋ္ဌကထာ၌ ပစ္စုပ္ပန်ပဉ္စာရုံ၌ရှေးဦးရှေးများ ပဉ္စဒွါရဝီထိကျရိုးမရှိ၊မနောဒွါရဝီထိသာရှေးဦးစွာ ကျကြောင်းကိုဆိုပါသည်၊ ထိုအဆိုအတိုင်း အလွန်နီးကပ်သော မရဏာသန္နအခါ၌ ဉာတ

ကာဒိဥပဋ္ဌာပိတပဋ္ဌာနရုံကိုအာရုံပြု၍ မနောဒွါရဝီထိချ၊ ၎င်းစတုသမုဋ္ဌာနိက ဉာတကာဒိဥပဋ္ဌာပိတပဋ္ဌာနရုံတို့ ဤသို့ ရောက်သောအခါ အဆက်ဖြစ်စေအပ်သော ဥတုဇပရမ္ပရပဋ္ဌာနရုံတို့က ပဉ္စမကပဋ္ဌဒွါရ, မနောဒွါရတို့၌ထိခိုက်၍အဆုံးဝီထိ၌မှချပစ္စုပ္ပန်အာရုံကိုရနိုင်၏ဟုဆိုလျှင် အဋ္ဌကထာအတိုင်း သင့်မြတ်ရန်ရှိပါ၏။

ထိုအတိုင်းသင့်မြတ်ခဲ့လျှင် မူလဋီကာနှင့် ပရမတ္ထဒီပနီမဟာဋီကာတို့၌ တံသန္တတိယူပုံ, သဒိသယူပုံများကို ယုံကြည်နိုင်ရန်မရှိပါ၊ အကယ်၍မူလဋီကာဆိုတိုင်း ထိုအာရုံမျိုးကို သန္တတိ, သဒိသယူခဲ့ပါလျှင် မရဏာသန္နအခါမှာသာ မဟုတ်၊ပကတိအခါ၌လည်း ပဋ္ဌာနရုံတို့၌ မနောဒွါရဝီထိသာ ရေးဦးစွာကျ၍ ပဌမစတုသမုဋ္ဌာနိကပဋ္ဌာနရုံတို့ကို ပဉ္စဒွါရဝီထိတို့ဖြင့် ယူနိုင်သည်မရှိ၊ နောက်ဥတုဇ ပရမ္ပရပဋ္ဌာနရုံတို့ကိုသာ ယူရသည် ဖြစ်သောကြောင့် မရဏာသန္နအခါများမှာ တံသန္တတိ,သဒိသဆိုခြင်း၌ အကျိုးရှိမည်မထင်ပါကြောင်း။

၂။ ဖဿစသောတရားကိုယ်နှင့် ဖုသန လက္ခဏာစသော ဝိသေသလက္ခဏာများသည် မထူးခြားကြ၊ "ဖဿော ဖုသနလက္ခဏော၊ ဝေဒနာ ဝေဒယိတလက္ခဏာ"စသည်ဖြင့် ဝိဘတ်တူ အရတူပြု၍ထားကြသည်၊ မူလဋီကာ၌လည်း ဝိညာတ, အဝိညာတသာထူးသည်ဟုဆိုပါသည်၊ တရားကိုယ်နှင့် အနိစ္စစသော သာမညလက္ခဏာတို့ကား အရမတူကြပါ၊ "တီဏိမာနိ ဘိက္ခဝေ သင်္ခတဿသင်္ခတလက္ခဏာနိ"ဟု အရပြားပြု၍ဟောတော်မူပါသည်၊ သို့ဖြစ်၍ "အနိစ္စံဇာတိလက္ခဏံ အနိစ္စလက္ခဏံ"ဟု အရတူပြု၍ ကမ္မဓာရည်းသမာသ်တွဲခြင်းများသည် သင့်မည်မထင်ပါကြောင်း။

၃။ လက္ခဏာရမ္မဏိကဇောများသည် လက္ခဏာကိုအာရုံပြု၍ သင်္ခါရမှ ထမြောက်သည်ဆိုရာ သပိတ်ပေါက်ဥပမာ၌ သပိတ်နှင့်အပေါက်ကို အရမတူကြပါ။ ဋီကာကြီး ၃၀၄-အာကိဉ္စညာယတန အာဒိကမ္မိက ဈာနလာဘီပုဂ္ဂိုလ်သည် ဥပါဒ်, ဌီ,ဘင်အနေနှင့် ထင်ရှားရှိသော အာကာသာနဉ္စာယတန ဈာန်စိတ်၌ ငြီးငွေ့မြင်ပြင်းသော နိဗ္ဗိန္ဒဉာဏ်ဖြစ်၍ နတ္ထိဘောအနေနှင့် အာရုံပြုသကဲ့သို့ သင်္ခါရဓမ္မတို့၌ ငြီးငွေ့သော ဝိပဿနာယောဂီပုဂ္ဂိုလ်

သည် အဘာဝကာရအနေနှင့် ရှုခြင်းသည် မည်သို့ထူးခြားကြပါသနည်း၊ နတ္ထိဘောပညတ်ရှုပုံက အရှိကိုမရှိလုပ်၍ရှုသည်၊ အဘာဝကာရရှုပုံက မရှိကိုမရှိလုပ်၍ ရှုသည်ဟူပြန်က အဘာဝကာရသည် ပညတ်သက်သက်မဟုတ်၊ ပရမတ္ထနိဿိတ ပညတ်ဟု အဋ္ဌသာလိနီတွင် ဆိုပါသည်၊ ထင်ရှားရှိသော ပရမတ္ထကိုမှီ၍ ရှုရပြန်လျှင်လည်း နတ္ထိဘောပညတ်ရှုပုံနှင့် ထူးခြားတော့မည် မထင်ပါကြောင်း။

၄။ ပရမတ္ထဒီပနီ "နိဗ္ဗာနံ"ပုဒ်ဝိဂြိုဟ်၌ ဋီကာဇကျော်၌ ကရဏသာဓ်ပြုလုပ်ရာ ကတ္တားဖြစ်သော ရာဂမီးစသည်နှင့် ကရိုဏ်းဖြစ်သော နိဗ္ဗာန်တို့ မည်သည်မှသဟစရဏမဖြစ်သောကြောင့် မသင့်ဟုပယ်၏၊ "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ"ဟူသော ဝိဂြိုဟ်လည်း သင့်မည်မထင်ပါ၊အခကြောင်းမူကား အပါဒါန်,အပါဒီတို့ဟူသည် ပုဗ္ဗဘာဂ၌ ကာယ,စိတ္တတို့ဖြင့် သံသဋ္ဌသဟစရဏဖြစ်ရသောကြောင့်တည်း၊ ၎င်းဝါနတော၏အရ ဝီတိက္ကမတဏှာ စသည်တို့ဖြင့်ခွဲချယ်ရာ မဏိမဉ္ဇူ၌ အာရမ္မဏကရဏတဏှာကိုယူ၏၊ မသင့်၊ အဘယ့်ကြောင့်နည်း၊ မဂ်,ဖိုလ်တို့နှင့် လျဉ်းပါးရန်ရှိသောကြောင့်တည်း။

ဓမ္မစကြာပါဠိတော်၌ "ယာယံ တဏှာ ပေါနောဗ္ဘဝိကာ။ပ။ ယော တဿာယေဝတဏှာယ အသေသဝိရာဂနိရောဓော"စသည်ကိုထောက်သဖြင့် ကံနှင့်ပြဘက်ဖြစ်သော သဟကာရီ ကရဏတဏှာကိုယူလျှင် သင့်လျော်ရန်ရှိပါ၏၊ သို့ပါ၍ နိဗ္ဗာန်နှင့် စပ်သမျှပုဒ်များကို ဝစနတ္ထပြုက အဓိကရဏသာဓ်,ဘာဝသာဓ်ဤနှစ်ချက်သာသင့်သည်ဟု သဘောရရှိပါကြောင်း။

မေးခွန်းပုစ္ဆာများ၌ အကြောင်းကိုဘော်ပြ၍ အကျယ်လျှောက်ထားရခြင်းမှာ ဆရာတော်ဘုရားကြီးအား မပင်ပန်းတော်မူရန်၊ မှတ်ချက်ချရုံသာဟုသဘောထား၍ လျှောက်ထားရခြင်းဖြစ်ပါသည်ဘုရား၊အတ္တုက္ကံသန စသည်မဘက် သက်သက်သဘောရိုးအတိုင်းပါဘုရား။

တပည့်-အာသဘ
ရှမ်းစုကြီးကျောင်း၊ ပျဉ်းမနားမြို့

H 491—28 [ဟံသာဝတီ]

## ၁၂၈၃-ခု ပြာသိုလဆုတ် ၁၃-ရက်နေ့ မုံရွာမြို့လယ်တီတောရတိုက် မနောရမ္မံစကြံကျောင်း လယ်တီဆရာတော် ဘုရားကြီး ဖြေဆိုဆုံးဖြတ်ချက်

### ဖဋ္ဌဒွါရမရဏာသန္နဝီထိအာရုံ

၁။ မရဏာသန္နပစ္စိမကဖြစ်သော ပဋ္ဌဒွါရဝီထိ၌ ပစ္စုပ္ပန်ပဋ္ဌာရုံ ကမ္မနိမိတ်ကိုမေးလျှောက်ချက်မှာ–

“ပဋ္ဌဝိညာဏာ အသမ္ဘိန္နဝတ္ထုကာ အသမ္ဘိန္နာရမ္မဏာ”ဟူသော ဝိဘင်းပါဠိတော်။

အသမ္ဘိန္နဝတ္ထုကာတိ အနိရုဒ္ဓဝတ္ထုကာ။န ဟိ တေ နိရုဒ္ဓံ အတီတံ ဝတ္ထုံ ပဋိစ္စ ဥပ္ပဇ္ဇန္တိ၊အသမ္ဘိန္နာရမ္မဏတာယာပိ ဧသေဝနယော”– ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ-

တို့နှင့်အညီ၊ ပဋ္ဌဝိညာဏ်တို့မည်သည် ချုပ်လေပြီးသောအာရုံကို မယူနိုင်လေရကား ခဏပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာရုံတို့ကိုသာ ပဋ္ဌဒွါရဝီထိ၏ အာရုံဟူ၍ မှတ်ယူအပ်ကုန်၏၊ ချုပ်လေပြီးဖြစ်၍ သန္တတိပစ္စုပ္ပန်မျှသာ ဖြစ်သော ပဋ္ဌာရုံတို့ကို မယူသင့်ပေ၊ ထို့ကြောင့်–

“ပဋ္ဌဒွါရေစ အာပါတ မာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိမိတ္တံ အာသန္န–ကတကမ္မာရမ္မဏသန္တတိ၊ ယံ ဥပ္ပန္နံ တံသဒိသဉ္စ ဒဋ္ဌဗ္ဗံ”။

ဟူ၍ မူလဋီကာ ဝိသုဒ္ဓိမဂ်မဟာဋီကာ, ပရမတ္ထ ဒီပနီဋီကာတို့၌ ဥပ္ပန္နသဒ္ဒါနှင့် မိန့်ဆိုကြပေသည်၊ ဤဋီကာပါဠ်တို့၌ “အာသန္နကတ ကမ္မာရမ္မဏသန္တတိယံ ဥပ္ပန္နံ” ဟူသောပါဠ်ဖြင့် အာသန္နကံစေတနာယူ အပ်ပြီးသော ပဋ္ဌာရုံတို့မှဆက်လက်ပေါက်ပွားသောဥတုဇပရမ္ပရခဏိက ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာရုံတို့ကိုပြ၏၊ချုပ်လေပြီးဖြစ်၍သန္တတိပစ္စုပ္ပန်မျှဖြင့် သာရေတွက်အပ်သောအာရုံမျိုးကိုပြသည်မဟုတ်၊ အာသန္နကံ စေတနာ ယူအပ်ပြီးသော ပဋ္ဌာရုံတို့နှင့် ဆက်သွယ်ခြင်းကင်း၍ သင်းသီး ဥပါဒ် သော အလားတူပဋ္ဌာရုံတို့ကို တံသဒိသဉ္စ ဟူသောပုဒ်ဖြင့်ပြ၏။

ဤတွင် မရဏာသန္နအခါ၌သာ တံသန္တတိပဋ္ဌာရုံ, တံသဒိသပဋ္ဌာရုံ တို့ကို အထူးဘော်ထုတ်၍ ဆိုရခြင်းသည်ကား ပဋိသန္ဓေကို ဖြစ်စေ တတ်သောကံ၏အာရုံကိုသာကမ္မနိမိတ်ဟုဆိုအပ်၏၊ သာမညပဋ္ဌာရုံတို့ကို ကမ္မနိမိတ်ဟုမဆိုအပ်ပေ၊ ထိုသို့ကမ္မနိမိတ်ဟူ၍ခေါ်ဆိုအပ်သော ပဋ္ဌာရုံ

အထူးကိုသာ ယူအပ်သောအရာဖြစ်သောကြောင့် တံသန္တတိ,တံသဒိသ ဟု ဝိသေသန အထူး မ-ရပေသည်၊မရဏာသန္နအခါသာ တံသဒိသအာရုံမျိုးရှိသင့်သောကြောင့် ဝိသေသနအထူး မ-ရသည်မဟုတ်ပေ၊မှန်၏၊ ပစ္ဆိမကမရဏာသန္နဝီထိတွင် ထင်လာသောပဥ္စာရုံတို့သည် အကယ်၍ တံသန္တတိအာရုံမျိုး, တံသဒိသအာရုံမျိုးသာမဖြစ်ကုန်ငြားအံ့၊ အဘယ်မှာ ကမ္မနိမိတ်ဟု ဆိုအပ်ပေမည်နည်း။

လျှောက်လွှာ၌ အဆုံးပစ္ဆိမကဝီထိမှာ ပစ္စုပ္ပန်ဖြစ်အောင် အနီးဖြစ်သော အာသန္နကံစေတနာသည် ထင်စေအပ်သော အာရုံဟုဆိုငြားအံ့၊ အနီးဖြစ်သောကံနှင့် အဝေးဖြစ်သောကံသည် အနီး,အဝေးသို့လိုက်၍ အားရှိ,အားမဲ့မဖြစ်သင့် ဟူသော လျှောက်ချက်၌—

ဤမရဏာသန္နပစ္ဆိမကဝီထိတွင် ပဉ္စဒွါရဝီထိသာ ဖြစ်ပါမူကား အာသန္နကံ ယူပြီးသောအာရုံက ဆက်သွယ်သောအာရုံမျိုးသာများသော အားဖြင့် ထင်ပေရာ၏ဟု နှလုံးပိုက်တော်မူ၍ "အာသန္နကတကမ္မာရမ္မဏာသန္တတိယံ" ဟုအထူး မ-ရပေသည်၊ မရဏာသန္နပစ္ဆိမက ပဉ္စဒွါရဝီထိသည် သန္တတိပစ္စုပ္ပန်ကို အာရုံပြု၏ဟု ဆိုသည်မဟုတ်၊အာစိဏ္ဏကံကြောင့် ပစ္စုပ္ပန် ကမ္မနိမိတ်ထင်ခြင်းကိုပယ်လို၍လည်း မဟုတ်ပေ၊ ထို့ကြောင့် အာစိဏ္ဏကံ၏ အစွမ်းဖြင့်ထင်သော ပစ္စုပ္ပန်ကမ္မနိမိတ်ကိုလည်း "တံသဒိသံ"ဟူသောပုဒ်ဖြင့် သင်္ဂြိုဟ်ရတွက်သည်ဟူ၍ မှတ်ယူအပ်၏။

ဤတွင်ရှေ့ကား ပဉ္စဒွါရမရဏာသန္နဝီထိ၏ အာရုံကိုသန္တတိပစ္စုပ္ပန်
ခဏိကနှစ်ပါးဖြင့် လျှောက်ထားချက်အဖြေပြီး၏။

---

## အနိစ္စလက္ခဏပုဒ်၏ဝစနတ္ထ

၂။ အနိစ္စလက္ခဏပဒပုစ္ဆာအဖြေကား—

"အနိစ္စလက္ခဏံ ဟူသောပုဒ်ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုသင့်,မပြုသင့်" ဟူသော လျှောက်ချက်၌ အဖြေကား—အနိစ္စပုဒ်၏အရ ခန္ဓာငါးပါး၊ လက္ခဏပုဒ်၏အရ မမြဲခြင်းဟူသော တဏ္ဍာပညတ်ကို အဘိဓေယျတ္ထ ကောက်ယူရသဖြင့် အရမတူဘဲ ကွဲပြားလျက်ရှိပေ၏၊ သို့ရာတွင် အနိစ္စသညာဟူသောပုဒ်ကို ရူပသိဒ္ဓိဆရာ, သဒ္ဒနီတိဆရာတို့

သည် အရမဟုတ်ဘဲ ကမ္မခါရာယ်သမာသ် ဝစနတ္ထကိုပင် ပြကြသည်ကို ထောက်သဖြင့် အနိစ္စလက္ခဏာဟူသောပုဒ်ကို ကမ္မခါရာယ်သမာသ်- ဝစနတ္ထ ပြုခြင်းသည်လည်း အသင့်ပင်ဟု-ဆရာတော်ထင်မြင်ပေသည်။

အနိစ္စလက္ခဏာပုဒ်၏ဝစနတ္ထအဖြေပြီး၏။

---

## ဈာန်အာရုံနှင့်ဉာဏ်အာရုံ

၃။ "အာကိဉ္စညာယတနဈာန်၏ အာရုံပြုပုံနှင့် ဘင်္ဂဉာဏ်၏အာရုံ ပြုပုံ ခြားနားချက်ကို အဘယ်သို့မှတ်ယူရပါမည်နည်း"ဟူသော လျှောက် ချက်၌ အဖြေကား--

အာကိဉ္စညာယတနဈာန်သည် ပရမတ္ထသဘာဝနှင့် အလျှင်းမဲ့လွတ် ကင်းသော ကင်းသိတ်ခြင်းမျှ မရှိခြင်းမျှ သဘာဝသက်သက်ကို အာရုံ ပြု၏၊ ပရမတ္ထသဘာဝဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို အလျှင်းပင်အာရုံ ပြုသည်မဟုတ်၊ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝ ပညတ်ဟုဆိုရာတွင် နတ္ထိဘာဝ ပညတ်အကူးကို ထင်ရှားစေခြင်းငှါသာ "ပဌမာရုပ္ပဝိညာဏ်၏"ဟူသော ဝိသေသနသမ္ဗန်ပုဒ်ကို ထုတ်ဆိုရပေ သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌--

"ယမ္ပိ ဝိဘာဝံ ဝုတ္တံ နတ္ထိ ကိဉ္စီတိ ဟဒေဝ ဝိညာဏဿ အဘာ- ဝေါတိ ဝိဘာဝေတိ အန္တရဓာပေတိ၊ နတ္ထိ ကိဉ္စီတိ ပဿတိ၊ တေန ဝုစ္စတိ နတ္ထိ ကိဉ္စီတိ၊ ဟံ ကိဉ္စာပိ ခယတော သမ္မသနံ ဝိယ ဝုတ္တံ၊ အထခွဿ ဧဝမေဝ အတ္တော ဒဋ္ဌဗ္ဗော။ တီဟိ ဝိညာဏံ အနာ ဝဇ္ဇန္တော အမနသိကရောန္တော အပစ္စဝေက္ခန္တော ကေဝလဿ နတ္ထိဘာဝံ သုညဘာဝံ ဝိဝိတ္တဘာဝမေဝ မနသိကရောန္တော အ- ဘာဝေတိ ဝိဘာဝေတိ အန္တရဓာပေတီတိ ဝုစ္စတိ နအညထာတိ"။

ဟု မိန့်အပ်ပြီ-ပေး။

"ခယတော သမ္မသနန္တိ ဘင်္ဂါနုပဿနမာဟ။ သာ ဟိ သင်္ခတ- မပ္ပါနံ ဘင်္ဂါဘာဝမေဝ ပဿန္တိ ဝိညာဏမ္ပိ အဘာဝေတီတိ အာ- ဒိနာဝတ္တဗ္ဗတံ လဗ္ဘတီတိ အမိပ္ပါယေနာဟ ခယတော သမ္မသနံ ဝိယ ဝုတ္တန္တိ"။

ဟုမိန့်အပ်၏-ဋီပေး။

ဤအဋ္ဌကထာ,ဋီကာပါဌ်တို့ဖြင့်“ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်း တည်း ဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၏”ဆိုရာတွင် ပဌမာရုပ္ပဝိညာဏ်၏ ဟု ဝိသေသနသမ္ဗန်ကို အမှတ်မဲ့ ပြား တပါးပါးသော ဝတ္ထု၏ မရှိခြင်း ဆိုလိုသည်မဟုတ်၊ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိ ဘောပညတ်အထူးကို ဆိုလိုသည်၊ ထိုဝိသေသနသမ္ဗန်ပုဒ်၏ အရ ပဌ မာရုပ္ပဝိညာဏ်ကို အလျှင်းပင်အာရုံမပြုလေ၊ ထို့ကြောင့် ဘင်္ဂါနုပဿ နာဉာဏ်၏ အာရုံနှင့်ခြားနားကြပေသည်။

ဘင်္ဂါနုပဿနာဉာဏ်၏ ဆတ်ဆတ်သော ပရမတ္ထတရားကိုသာအာရုံ ပြုကြောင်းကိုကား—

“အနိစ္စတာဒုက္ခတာအနတ္တတာတိဟိ ဝိသုံ ဂယှမာနံ လက္ခဏံ ပညတ္တိဂတိကံ ပရမတ္ထတော အဝိဇ္ဇမာနံ၊အဝိဇ္ဇမာနတ္တာဧဝ ပရိတ္တာ-ဒိဝသေန နဝတ္တဗ္ဗမ္ဗဘူတံ၊ တသ္မာ ဝိသုံ ဂဟေတဗ္ဗဿ လက္ခ-ဏဿ ပရမတ္ထတော အဘာဝါ အနိစ္စံ ဒုက္ခံ အနတ္တာတိ သင်္ခါရေ-သဘာဝတော သလ္လက္ခေန္တော ဝ လက္ခဏာနိ သလ္လက္ခေတိနာမ”။

ဟူသော မူလဋီကာဖြင့် သိအပ်၏။

ဤဋီကာပါဌ်ဖြင့် လက္ခဏာရေးသုံးပါးတို့ဟူသည် လက္ခိတဗ္ဗ ဖြစ် သောတရားတို့မှတပါး ပရမတ္ထအားဖြင့် မရှိသည်၏အဖြစ်ကြောင့် ပရ မတ္ထတရားတို့ကိုလွှတ်၍ လက္ခဏာကိုသုံးသပ်နိုင်သည်မဟုတ်၊ ပရမတ္ထ တရားတို့ကို အာရုံပြု၍သာ သုံးသပ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် အနိစ္စလက္ခဏာ၏ အထွင်အထိပ်ဖြစ်သော ချုပ်ပျက်မှုဘင်ကို သုံးသပ် သော ဘင်ဉာဏ်သည်လည်း ပရမတ္ထသဘာဝကိုသာ အာရုံပြု၏ဟု မှတ် ယူအပ်၏။

အာကိဉ္စညာယတန်ဈာန်၏ အာရုံနှင့် ဘင်ဉာဏ်၏အာရုံ
နှစ်ပါး ခြားနားချက်အဖြေ ပြီး၏။

---


## နိဗ္ဗာနံ-ပုဒ်၏ ဝစနတ္ထ

၄။ “ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ” ဟူသော ဝစနတ္ထတွင် နိဗ္ဗာန် မည်သည် တဏှာနှင့်ရောယှက်မှု အလျှင်းမရှိသောကြောင့် “ဝါနတော” ဟု အပါဒါန်မဖြစ်သင့် ဟူသော လျှောက်ချက်၌ အဖြေကား—

ဝါနတော-ပုဒ်၏အရ ကမ္မသဟကာရီတဏှာသည် ဝဒန္တပုဂ္ဂိုလ်၏ စိတ္တသံသဂ္ဂပုဗ္ဗကဖြစ်သောကြောင့် အပါဒါန်ဖြစ်သင့်ပါ၏၊ဥပမာကား– "ကေနဂုတ္တိတောကပ္ပေ၊ ဥပ္ပဇ္ဇိလောကနာယကော"ဟူသော ပါဠိတော်၌ ဇ္ဈတော-ဟူသောပုဒ်၏အရ ဘဒ္ဒကမ္ဘာသည် စိတ္တသံသဂ္ဂပုဗ္ဗက ဖြစ်သောကြောင့် အပါဒါန်ဖြစ်သကဲ့သို့တည်း။ ။ဒူရန္တိကသုတ်ကြီးတလျှောက်လုံး၌ ဤစိတ္တသံသဂ္ဂပုဗ္ဗကအပါဒါန်မျိုးသာများ၏။

နိဗ္ဗာနံပုဒ်၏ဝစနတ္ထအဖြေပြီး၏။

ရှင်အာသဘပုစ္ဆာ ၄-ချက်အဖြေပြီး၏။



# ရှင်အာသဘဒုတိယပုစ္ဆာ ၄–ချက်အဖြေ

နမတ္ထု ဂန္ဓိရဉာဏာသ မဟာထေရဿ။

၁။ ယခုအခါ အချင်းချင်းဒေသနာကြားကြရာ၌ ဆရာတို့ပြောရိုးပြု ကြသည်မှာ သတင်းငယ်အဆို၌-

(၁) "အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာရောစေမိ" ဖြင့်ဂရုကအာပတ်များကို တားမြစ်ရန်၊

(၂) "အဟံဘန္တေသမ္ဗဟုလာနာနာဝတ္ထုကာ။ ပ။ ပဋိဒေ သေမိ"ဖြင့် နာနာဝတ္ထုကလဟုကအာပတ်များကိုပပျောက်ရန်၊

(၃) တဘန် အငယ်က "အဟံဘန္တေသမ္ဗဟုလာနာနာ ဝတ္ထုကာ။ ပ။ပဋိဒေသေမိ"ဖြင့် ဝတ္ထုသဘာဂအာပတ်ကို ကြား ခြင်းကြောင့် သင့်သောဒုက္ကဋ်အာပတ်ကိုတားမြစ်ရန်၊

(၄)"အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ။ပ။ ပဋိဒေသေမိ"ဖြင့် ဂရုကအာပတ်ကိုတားမြစ်ရန်၊

(၅) "အဟံအာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ။ ပ။ ပဋိဒေသေမိ"ဖြင့် ခံစကသင့်သော ဝတ္ထုသဘာဂဒုက္ကဋ်နှင့်တကွ နာနာဝတ္ထုက လဟုက အာပတ်တို့ကိုပယ်ရန်-

ဖြစ်သည်ဟု ပြောရိုးပြုကြပါသည်၊ ၎င်းပြောရိုး ဆိုရိုးများ သည် နိုင်ခံ့သော ပါဠိ,အဋ္ဌကထာကြီးတို့၏ ပြဆိုဆုံးဖြတ်ပုံနှင့် မညီညွတ်ဟုထင်ပါကြောင်း။

မညီညွတ်ပုံမှာ-အာပတ္တိဟူသောအမည်သည် အာပတ်ခုနစ် ဖုံလုံးနှင့်ဆက်ဆံသော သာမညအမည်ဖြစ်သည်၊ သံဃာဒိသေ သော-စသောအမည်သည် ဝိသေသအမည်ဖြစ်သည်ဟု ပါရာဇိ ကဏ်ပါဠိတော်, သံဃာဒိသိသ်အဘွင့် အဋ္ဌကထာ, ကင်္ခါအဋ္ဌ ကထာတို့၌လာရှိပါသည်၊ထိုသို့လာရှိတိုင်းယူရလျှင် သတင်းငယ် အဆို၌"အဟံဘန္တေသဗ္ဗာအာပတ္တိယော။ ပ။ စေမိ"ဖြင့် ဂရုက, လဟုကအာပတ်နှစ်ရပ်လုံးပင် ပါသင့်သည်၊ ထိုနှစ်ရပ်တို့တွင် ဂရုကအာပတ်မှာ ရတ္တိစ္ဆိန္နမဖြစ်ဘဲ တန့်ရပ်၍ ၎င်းအဆိုနှင့်ပင် လဟုကအာပတ်အရပ်ရပ်တို့ကို ပယ်နိုင်သည်။

“အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ။ပ။ ပဋိဒေသေမိ”ဖြင့် ခံခြင်းတည်းဟူသော အကြောင်းကြောင့် သင့်သော ဝတ္ထုသဘာဂဒုက္ကဋ်ကိုပယ်နိုင်သည်၊သတင်းငယ်က နောက်ထပ်ကြားရန်မလို၊သတင်းကြီးမှာ“အဟံ အာဝုသော သမ္ဗာ အာပတ္တိယော အာရောစေမိ”ဖြင့်ပင် ဂရုကအာပတ်ကို တန့်ရပ်စေ၍ ဝတ္ထုသဘာဂအာပတ်ကို ခံခြင်းတည်းဟူသောအကြောင်းကြောင့် သင့်သောဒုက္ကဋ်, ကြွင်းသောနာနာဝတ္ထုက လဟုကအာပတ်တို့ ကိုအလုံးစုံပယ်နိုင်သည်၊နောက်ထပ်၍“အဟံ အာဝုသော သမ္ဗဟုလာ။ပ။ပဋိဒေသေမိ”ဟုဆိုရန်ပင်မလို၊ “အာရောစေမိ,ပဋိဒေသေမိ,အာဝိကရောမိ”၊ ၎င်းပုဒ်တို့မှာ အပြောအဆိုမှာသာ ထူးကြ၍ အဋ္ဌကထာ,ဋီကာတို့၌ နာနာဌ္ဌဖြစ်သည်ဟုအဆိုအပြ မရှိ။

သို့ဖြစ်ပါ၍ ရှေးဆိုရိုးအတိုင်းပင်သင့်မည်၊ တပည့်တော်ပြင်ဆင်၍ လျှောက်ထားတိုင်းပင်သင့်မည်ကို အတိုချုပ် ဒီဂရီဖြင့်အတည် ပြုလုပ်စေလိုပါကြောင်း။

၂။ ယခုကာလ ဒွိသန္တကအမျိုးမျိုးပြုလုပ်ကြရာ၌ မဟာဝါပါဠိတော် စီဝရက္ခန္ဓက–သမာနလာဘဂတိကအရာ၌သာ ဒွိသန္တကအရိပ်ပါရှိ၍ ဝိနည်းပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ ဒွိသန္တကပြုလုပ်နည်းဟူ၍ အခိုင်အမာ အပြအဆိုမရှိ၊ ဝဇိရဗုဒ္ဓိဋီကာ၌ “မမသန္တကံ တဝစ မမစ ဟောတု”စသည်ဖြင့် ပြဆိုသော ဒွိသန္တကပြုလုပ်နည်းသည်လည်း ဝေဘန်ပုံမတွဲသည့်အပြင် မဟာဝါစီဝရပေယနဝတ္ထုများနှင့်အလွန်ဆန့်ကျင်ဘက်ဖြစ်၍ မသင့်သည်-တရပ်။

အချို့ဆရာတို့လည်း“မမ ဉပဇ္ဈာဘာဂံ တဝစ မမစ ဟောတု” စသည်ဖြင့်ဆို၍ ပြုကြ၏၊ဤနည်းလည်းဝေဘန်ပုံ မတွဲသည့်အပြင် ပဋ္ဌမိဝိဘတ်နှင့် ဆိုပြန်ရကား ၎င်းစီဝရပေယနဝတ္ထုနှင့် ဆန့်ကျင်ပြန်၏၊ ဤလည်း-တရပ်။

အချို့ကြားသိရသော ဒွိသန္တကပြုနည်းများမှာ “ငါပိုင်ပစ္စည်းကို သင့်အား ပေးပါ၏”ဟုအချင်းချင်း အတုံ့အပြန်ဆို၍ ပြုကြသည်၊ ဤနည်းလည်း တယောက်ယောက်ဘက်သို့ အကုန်လုံး စု၍ပါသွားသောကြောင့် မသင့်၊ ဤလည်း-တရပ်။

အချို့ပြုကြပုံမှာ ဦးသီဟသည် ဦးတေဇနှင့် ဒွိသန္တက ပြုလိုသည် ဖြစ်အံ့၊ ဦးရေဝတကိုပင့်၍ ဦးသီဟ,ဦးတေဇတို့အသီးအသီးကိုယ်ပိုင် ပစ္စည်းများကို ဦးရေဝတသို့လှူ၍ ဦးရေဝတကမှတဘန် ဦးသီဟ,ဦးတေဇနှစ်ပါးတို့အားလှူမှ ဒွိသန္တကအစစ်ဖြစ်သည်ဟု ဆုံးဖြတ်ကြ၏၊ ဤနည်းလည်းမသင့်၊ အဘယ်ကြောင့် နည်းဟူမူ ဦးသီဟ,ဦးတေဇတို့က ဦးရေဝတအားလှူခြင်းသည် သူတို့နှစ်ပါး ဒွိသန္တက ပြုဖြစ်ရုံ အခိုက်အကန့်မျှ လှူဒါန်းခြင်းဖြစ်၍ အလှူမမြောက်၊ ဒွိသန္တက ဆိုသည်နှင့်အညီ သန္တကကို ဖြစ်ပါမှ ဒွိသန္တက မြောက်နိုင်မည်၊ သန္တက ဟူသည်လည်း "သန္တကန္တိ မမာယိတံ ရက္ခိတံ ဂေါပိတံ ဒဏ္ဍာရဟံ" စသည်ဖြင့် ပဒဘာဇနီ ပါဠိတော်၌ လာသောကြောင့်တည်း၊ ဤလည်း-တရပ်။

အထက်ပါနည်းအရပ်ရပ်တို့ဖြင့် ဒွိသန္တကမဖြစ်မူ၍ တပည့်တော်၏ သဘောအရ အစဒွိသန္တကပြုလုပ်ပုံမှာ ကိုယ်ပိုင်သန္တကကို နှစ်ပါးသုံးပါးစသည်တို့အား အာလယပြတ်လှူပါမှ ဒွိသန္တက အစစ်ဖြစ်သည်ဟု သဘောရပါသည်၊ ဤ၌လည်း အတိုချုပ်ဒီကရီကို အတည်တကျ ချပေးတော်မူပါမည့်အကြောင်း။

၃။ ကျောင်း စသော အဝိသဇ္ဇိယ, အဝေဘင်္ဂိယ ထာဝရ ဂရုဘဏ် ပစ္စည်းများကို ပုဂ္ဂလိကခံကောင်း,မခံကောင်း၊ အကယ်၍ပုဂ္ဂလိက ခံခဲ့လျှင် ဝိသဇ္ဇိယ,ဝေဘင်္ဂိယ လဟုဘဏ်မျိုးဖြစ်၏- ယူရလျှင် "သေနာသနတ္ထာယ နိယျာတိတကာလတော ပဋ္ဌာယဂရုဘဏ္ဍံ" ဟူသော ပါရာဇိကဏ် အဋ္ဌကထာနှင့် မဆန့်ကျင်မည် မဟုတ်ပါလော၊ အကယ်၍ ပုဂ္ဂလိကကျောင်းအလှူ မြောက်ခဲ့သော် စူဠဝါ ခသေနာသနဝတ်၌လာသော ဝတ်ကြီးဝတ်ငယ်များကိုမပြုအံ့၊ အာပတ် သင့်ခြင်းမှ လွတ်ကင်းနိုင်ပါမည်လော၊ စူဠဝါပါဠိတော်,အဋ္ဌကထာတို့၌ ဒါယကာဆောက်လုပ်သောကျောင်းမှန်က ပုဂ္ဂလိကခံနည်းဟူ၍ပင် အလျှင်းမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒါယကာတို့ဆောက်လုပ်သောကျောင်းများကို ပုဂ္ဂလိကခံကောင်း,မခံကောင်းကို သိလိုပါကြောင်း။

၄။ ယခု ကာလ၌ ကျောင်းစသော ဂရုဘဏ်များကို ဝိသာသဂါဟ ယူကြပါသည်၊ ပါဠိတော်ရင်း၌ ရောဇမည်သော မလ္လာမင်းနှင့်

ညီတော်အာနန္ဒာတို့ဝတ္ထုတွင်လဟုဘဏ်သာလာရှိသည့်တကြောင်း၊ သက်နီးအမိဋ္ဌာန်ကျ,မကျကိုပြဆိုရာ လဟုဘဏ်သက်နီးသာ လာရှိသည့်တကြောင်း၊ ဎင်းအကြောင်းများကြောင့် ကျောင်းစသော ဂရုဘဏ်ပစ္စည်းများကို ဝိသာသဂါဟယူ၍ ရ,မရကိုသိလိုပါသည် ဘုရား။

တပည့်အာသဘ
ရှမ်းစုကြီးကျောင်း
ပျဉ်းမနားမြို့။

---

## ဒေသနာကြား အဆုံးအဖြတ်

(၁) ဒေသနာကြားသော အရာတွင်- "အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပန္နော" ဟူသော ပထမဝါကျ၌ "သမ္ဗဟုလာအာပတ္တိယော"ဟု သမ္ဗဟုလသဒ္ဒါနှင့်ဆိုခြင်းကြောင့်ဎင်း၊"အာပန္နော"ဟူသော ကြိယာသည် အာဝိကရဏကြိယာ,ဒေသနာကြိယာတို့နှင့် ပရိယာယ်မျှဖြစ်သောကြောင့်ဎင်း ဎင်းပဌမဝါကျတခုတည်းဖြင့်ပင် ဂရုကအာပတ်ကိုတားမြစ်ရန် လဟုကအာပတ်တို့တွင် ဝတ္ထုသဘာဂအာပတ်မှ တပါးသောအာပတ်တို့ ထနမြောက်လွတ်ကင်းရန် ပြီးစီးသောကြောင့် မထေရ်ငယ်မှာလည်း နောက်ထပ်တဘန် "အဟံဘန္တေသမ္ဗဟုလာ"ဟူသော ဝါကျကို ဆိုခွင့်မရှိ၊ မထေရ်ကြီးမှာလည်း"အဟံအာဝုသောသမ္ဗဟုလာ"ဝါကျကို ဆိုခွင့်မရှိပါဟူသောလျှောက်ချက်၌ အဖြေကား—

အာပန္နော-ကြိယာသည် သဒ္ဒတ္ထအနေအားဖြင့် အာဝိကရဏကြိယာ,ဒေသနာကြိယာတို့နှင့် တူပေ၏၊ အာပတ်ကို ကုစားသောအရာ၌ကား မတူကြပေ၊မှန်၏၊ ဂရုကအာပတ်သည် ပြောကြားအပ်, ထင်စွာပြုအပ်သောအာပတ်မျိုးသာဖြစ်၏၊ ဒေသနာကြားအပ်သော အာပတ်မျိုးမဟုတ်၊လဟုကအာပတ်သည် ဒေသနာကြားမှ ထမြောက်သောအာပတ်မျိုးဖြစ်၏၊ ကြားကာမျှ ထင်စွာပြုကာမျှနှင့် ထမြောက်သော အာပတ်မဟုတ်ပေ၊ ထို့ကြောင့် ပရိဝါပါဠိတော်ဒိဋ္ဌာဝိကမ္မဝဂ်၌—

"ကတိ နုခေါ ဘန္တေ အဓမ္မိကာ ဒိဋ္ဌာဝိကမ္မာတိ၊ ပဉ္စိမေ ဥပါလိ အဓမ္မိကာ ဒိဋ္ဌာဝိကမ္မာ၊ ကတမေ ပဉ္စ-အနာပတ္တိယာ ဒိဋ္ဌိံ

အာဝိကရောတိ၊ အဒေသနာဂါမိနိယာ အာပတ္တိယာ ဒိဋ္ဌိံ အာဝိ ကရောတိ၊ ဒေသိတာယ အာပတ္တိယာ ဒိဋ္ဌိံအာဝိကရောတိ၊ ဣမေ ခေါ ဥပါလိ ပဉ္စ အဓမ္မိကာ ဒိဋ္ဌာဝိကမ္မာ''။

ဟုမိန့်အပ်ပြီ၊ ၎င်းအဋ္ဌကထာ၌လည်း—

''ဒိဋ္ဌာဝိကမ္မာတိဒိဋ္ဌိနံ အာဝိကမ္မာနိလဒ္ဓိပကာသနာနိ အာပတ္တိဒေသ နာသင်္ခါတာနံ ဝိနယကမ္မာနမေတံ အဓိဝစနံ၊ အနာပတ္တိယာ ဒိဋ္ဌိံ အာဝိကရောတီတိ အနာပတ္တိမေဝအာပတ္တီတိ ဒေသေတီတိအတ္ထော၊ အဒေသနာဂါမိနိယာတိ ဂရုကာပတ္တိယာ ဒိဋ္ဌိံ အာဝိကရောတိ၊ သံဃာဒိသေသဉ္စ ပါရာဇိကဉ္စ ဒေသေတီတိ အတ္ထော''။

ဟုမိန့်အပ်ပြီ။

ဤပါဠိတော်,အဋ္ဌကထာတို့ဖြင့် ဒေသနာပါမ်မဟုတ်သော သံဃာဒိ သိသ်အာပတ်ကို''ပဋိဒေသေမိ'' ကြိယာဖြင့် မကြားအပ်ကြောင်းတိုက် ရိုက်ထင်ရှားရှိ၏၊ ထိုသို့ဂရုကအာပတ်ကို ''ပဋိဒေသေမိ ကြိယာဖြင့် မကြားအပ်သောကြောင့် ဒေသေတဗ္ဗ, အာရောစေတဗ္ဗ အာပတ်တို့ကို အသီးအသီးခွဲခြမ်း၍ပြဆိုရာ တေရသကဏ်ဋီကာ၌—

''အာပဇ္ဇိတွာဝါ ဝုဋ္ဌိတောတိ ဧတ္ထ အာရောစိတာပိ အာပတ္တိ အသန္တိနာမ ဟောတီတိ ဝေဒိတဗ္ဗံ၊ တေနေဝဟိ မာတိကာဋ္ဌကထာယံ ဝုတ္တံ၊ယသ္သ ပန ဧဝံ အနာပန္နာဝါ အာပတ္တိ၊ အာပဇ္ဇိတွာ စပန ဝုဋ္ဌိတာဝါ ဒေသိတာဝါ အာရောစိတာဝါ တဿ သာ အာ- ပတ္တိ အသန္တိနာမ ဟောတီတိ''။

ဟုမိန့်အပ်၏၊ ဝိမတိဝိနောဒနီဋီကာ၌လည်း—

''အာပဇ္ဇိတွာဝါဝုဋ္ဌိတောတိ ဧတ္ထ ဒေသနာရောစနာနမ္ပိ သင်္ဂဟော၊ တေနေဝ မာတိကာ ဋ္ဌကထာယံ ဝုတ္တံ၊ ဝုဋ္ဌိတာဝါ ဒေသိတာဝါ အာရောစိတာဝါ၊ တဿ သာ အာပတ္တိ အသန္တိနာမဟောတီတိ ဝုတ္တံ''။

ဟုမိန့်အပ်ပြီ၊ ကင်္ခါဋီကာသစ်၌လည်း—

''ဝုဋ္ဌိတာဝါတိပရိဝါသာဒိနာ ဝုဋ္ဌိတာဝါ၊အာရောစိတာဝါတိအာဝိ ကတာဝါ၊ အာရောစေန္တောဟိ တုယှံသန္တိကေကေကံအာပတ္တိံ အာဝိက ရောမီတိဝါ အာဝိကြာမီတိဝါ အာရောစေမီတိဝါ၊ မမကေကံအာပတ္တိံ အာပန္နဘာဝံ ဓာရေဟီတိဝါဝဒတု၊ကေကံဂရုကံအာပတ္တိံအာဝိကရော မီတိအာဒိနာ နယေန ဝဒတု၊ သဗ္ဗေဟိပိ အာကာရေဟိ အာရော စိတာဝ ဟောတိ''။

ဟု မိန့်အပ်၏-ပေး။

ဤဋီကာပါဌ်တို့ဖြင့် ဂရုကအာပတ်သည် အာရောစေတဗ္ဗ အာဝီကတ အာပတ်မည်၏၊ လဟုကအာပတ်ငါးမျိုးသည် ဒေသေတဗ္ဗ အာပတ်မည်၏ဟု အသီးအသီးခွဲခြမ်းစိတ်ဖြာလျက် ဘွင့်ဆိုတော်မူကြပေသည်။

ဤသို့လာသောပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုထောက်ထား၍ ပဋိဒေသေမိကြိယာဖြင့် ဂရုကအာပတ်ကို မကြားအပ်ဟုမှတ်ယူအပ်၏၊ဤပါဠိ, အဋ္ဌကထာတို့၏သမာပတ္တိအားဖြင့်ငင်း, လဟုကအာပတ်ဒေသနာကြားမှုပြဆိုရာ မဟာဝါဠပေါသထက္ခန္ဓက,စူဠဝါသမထက္ခန္ဓက, ပရိဝါအဓိကရဏာသမထတို့၌ "ပဋိဒေသေမိကြိယာဖြင့်သာ မိန့်ဟောဘွင့်လှစ်ကြသောကြောင့်ငင်း လဟုကအာပတ်ကို "အာရောစေမိ အာဝီကရောမိ" ကြိယာတို့ဖြင့်ကြားသော်လည်း မထမြောက်ဟု ဆရာအစဉ်အဆက်တို့ဆုံးဖြတ်ခဲ့ဘူးပေ၏၊ ထို့ကြောင့် "သဗ္ဗာအာပတ္တိယောအာရောစေမိ"ဟူသောမူလဝါကျဖြင့်ဂရုကအာပတ်ကို တားမြစ်မှု, လဟုကအာပတ်ကိုဖုံးလွှမ်းခြင်းအပြစ်မှ လွတ်ကင်းမှုများသာပြီးစီး၏၊ လဟုကအာပတ်တို့မှ မထမြောက်သေး။

"အဟံဘန္တေသမ္ဗဟုလာ။ ပ။ပဋိဒေသေမိ"ဟူသော ဒုတိယဝါကျဖြင့် ဝတ္ထုသဘာဂအာပတ်ကို ပြောကြားမှုကြောင့်သင့်သော အာပတ်မှတပါးသော လဟုကအာပတ်တို့မှ ထမြောက်ကျွတ်လွတ်ပေ၏၊ ဝတ္ထုသဘာဂအာပတ်ကို ကြားမှုကြောင့် သင့်သောအာပတ်ကို နောက်ထပ်တဘန် "အဟံဘန္တေသမ္ဗဟုလာ။ ပ။ ပဋိဒေသေမိ" ဝါကျဖြင့်ထမြောက်လွတ်ကင်း၏၊ ငင်းဝတ္ထုသဘာဂအာပတ်ကို ကြားမှုကြောင့် သင့်သောအာပတ်မရှိခဲ့လျှင် နောက်ထပ်ကြားဘွယ်မရှိပြီ။

အကြီးပုဂ္ဂိုလ်၏မူလ "သဗ္ဗာအာပတ္တိယော အာရောစေမိ" ဝါကျဖြင့် ဂရုကအာပတ်ကို တားမြစ်မှု,လဟုကအာပတ်ကို ဖုံးလွှမ်းခြင်းအပြစ်မှလွတ်ကင်းမှုများပြီးစီး၏၊ လဟုကအာပတ်တို့မှ မထမြောက်သေး၊ "အဟံ အာဝုသောသမ္ဗဟုလာ။ ပ။ ပဋိဒေသေမိ" ဝါကျဖြင့် ဝတ္ထုသဘာဂအာပတ်ကိုခံခြင်းကြောင့် သင့်သောအာပတ်နှင့်တကွ ကြွင်းသောလဟုက အာပတ်တို့မှထမြောက်ကျွတ်လွတ်ပေ၏၊ အငယ်ပုဂ္ဂိုလ်အားဝတ္ထုသဘာဂအာပတ်မရှိတော့ပြီဖြစ်၍ ဝတ္ထုသဘာဂအာပတ်ကိုကြားမှုကြောင့် မငယ်ရကြီးအား အာပတ်သင့်ဘွယ်မရှိ၊ ဤတွင်လည်း ဝတ္ထု

သဘာဂအာပတ်ကိုကြားမှုကြောင့် အာပတ်သင့်ပြန်သောကြောင့် မဧထေရ်ကြီးလည်း တဘန်ကြားဦးမှ ထမြောက်သည်ဟု အချို့ယူကြ၏၊ မသင့်။

အဘယ်ကြောင့်နည်းဟူမူကား—ပါဠိတော်၌"ဝတ္ထုသဘာဂ အာပတ်သို့သင့်ရောက်သဖြင့် စင်ကြယ်သောပုဂ္ဂိုလ်တပါးထံမှာ ကြားပြီးလျှင်ဝတ္ထုသဘာဂအာပတ်သင့်ဘက်ပုဂ္ဂိုလ်များနှင့်ကြားအပ်၏"ဟု ပညတ်ရာတွင် အခြားသောတိုက်တာ, အခြားသောပုဂ္ဂိုလ်တို့ထံကြားပြီး၍ စင်ကြယ်သောရဟန်းနှင့် ဝတ္ထုသဘာဂအာပတ်သင့်ဘက်ပုဂ္ဂိုလ်ထံ အာပတ်သင့်ခံ၍ကြားပြီးဖြစ်သော ရဟန်းနှင့်အလားတူပင်ဖြစ်သောကြောင့်တည်း။

[ဤကား—သဗ္ဗာအာပတ္တိယော-ပုဒ်၌ ဂရုက,လဟုက သိမ်းရုံးရခြင်း၏ အကျိုးနှင့်တကွ ထုတ်ပြရှင်းလင်းချက်ပေတည်း။]

အချို့ကား— "အာရောစေမိ" ဟူသောမူလဝါကျတွင် ကင်္ခါအဋ္ဌကထာ,ဋီကာယခင်ပြဆိုပြီးသော ကြိယာအသီးအသီးနှင့် ဘွင့်ပြသော အဋ္ဌကထာ,ဋီကာနှင့်အညီ ဂရုကအာပတ်သက်သက်ကိုသာ ကြားမှုကိစ္စပြီးစီး၏ဟုဆိုကြ၏၊ သဗ္ဗာအာပတ္တိယော-ဟုဆိုရခြင်း၏ အကျိုးထင်ရှားသောယခင်အဆုံးအဖြတ်ကိုသာမှတ်ယူ ယုံကြည်ထိုက်ပေသည်။

ဒေသနာကြားအဆုံးအဖြတ်ပြီး၏။

---

## ဒွိသန္တကအဆုံးအဖြတ်

၂။ ဒွိသန္တကပြုသောအရာနှင့်စပ်လျဥ်း၍ မေးလျှောက်ချက် အဖြေကား—

ဇာနံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမိ၊ ဇာတ္တန္တာမယဿဒေမိ။ ပ။ နိဿဇ္ဇာမိတိသမ္မုခါဝါ ပရမ္မုခါဝါ ဝုတ္တေ ဒိန္နံယေဝ ဟောတီတိ ဒါနလက္ခဏဿ စ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာတီတိ ဂဏှာတိ၊ သုဂဟိတန္တိ ဂဟဏ လက္ခဏဿစ ဝုတ္တတ္တာ မမသန္တကံ တဝစ မမစ ဟောတူတိ ဝေမာဒိ ဝစနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတီတိ အာစရိယာ ဝဒိန္တိ။

[ဝဇိရဗုဒ္ဓိဋီကာ–စီဝရခန္ဓက အဘွင့်။]

ဤဋီကာပါဌ်ဖြင့် ပိုင်ရှင်ရဟန်းသည် "မမသန္တကံ တဝစ မမစ ဟောတု"ဟု နှုတ်မြွက်၍ပေးခဲ့လျှင် သမာနပရိက္ခာရ ဒွိသန္တကမြောက်ကြောင်းကိုပြဆို၏၊ ပစ္စည်းသရုပ်ကို ဖေါ်ထုတ်၍ ခွဲခြားချက် ပြခဲ့လျှင် အထူးပင်ထင်ရှားပေရာ၏။

ဤဋီကာပါဠိ၌ "ဟောတု"ဟု ပဋ္ဌမိဝိဘတ်နှင့် ဆိုအပ်သောကြောင့် စီဝရပေသနဝတ္ထုနှင့် ဆန့်ကျင်၏ဟု လျှောက်လှာတွင်ပါရှိ၏၊ မဆန့်ကျင်ပေ၊ အဘယ့်ကြောင့်နည်းဟူမူကား "တဝစ မမစ"ဟူသော သမ္ပဒါန်ပုဒ်တို့နှင့်ဆိုအပ်သောကြောင့်တည်း၊ မှန်၏၊ပေးခြင်း,ယူခြင်းမမြောက်ဟု အဋ္ဌကထာပယ်အပ်သောဝါကျ၌ "တဝသန္တကံ ကရောဟိ၊တဝသန္တကံ ဟောတု"ဟု သမ္ပဒါန်ပုဒ်တို့ဖြင့်ပြဆို၏၊ သမ္ပဒါန်ပုဒ်ဖြင့်သာ ပေးပါမူကား "ဟောတု" ဟူ၍ပင်ဆိုငြားသော်လည်း သုဒ္ဓိန္နမြောက်သည်သာ ဖြစ်၏၊ မြောက်နိုင်ကြောင်းကို—

"ဥပနိက္ခိတ္တံဝါ သာဒိယေယျာတိ ဣဒံ အယျဿ ဟောတူတိ ဧဝံသမ္မုခါဝါ အသုကသ္မိံ နာမဌာနေ မမ ဟိရညသုဝဏ္ဏံ အတ္ထိ၊ တံ တုယှံ ဟောတူတိ ပရမ္မုခါဌိတံဝါ ကေဝလံ ဝါစာယဝါ ဟတ္ထမုဒ္ဒါယဝါ တုယှန္တိ ဝတွာ ပရိစ္စတ္တံ၊ ယောကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေယျ၊ အယံ သာဒိယေယျာတိ ဝုစ္စတိ"—ဟူသော ပါရာဇိကဏ်အဋ္ဌကထာဖြင့်၎င်း၊

"ဣဒံ အယျဿဟောတူတိ ဧဝံ သမ္မုခါဝါ အသုကသ္မိံနာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ အတ္ထိ၊ တံ တုယှံ ဟောတူတိ ဧဝံပရမ္မုခါဌိတံဝါ ကေဝလံ ဝါစာယဝါ ဟတ္ထမုဒ္ဒါယဝါ တုယှန္တိ ဝတွာ ပရိစ္စတ္တဿ ကာယဝါစာယ အပဋိက္ခိပိတွာ စိတ္တေနသာဒိယနံ ဥပနိက္ခိတ္တသာဒိယနံ နာမ"—ဟူသော တေရသကဏ်ဋီကာဖြင့်၎င်း။

ယုံကြည်အပ်၏၊ ဤအဋ္ဌကထာ ဋီကာတို့၌ "အယျဿ"ဟူသော သမ္ပဒါန်ပုဒ်နှင့်တကွ ဆိုသောကြောင့် "ဟောတု"ဟု ပဋ္ဌမိဝိဘတ်နှင့် ဆိုငြားသော်လည်း အပေးအယူမြောက်ကြောင်းကို တိုက်ရိုက်တညီတည်း ဆိုအပ်သောကြောင့် ဝဇီရဗုဒ္ဓိလာ ပဉ္စမအာစရိယဝါဒအရ ဒွိသန္တက ပြုပုံအဆုံးအဖြတ်ကို ယုံမှတ်ထိုက်ပေ၏၊ ဤကား ပဉ္စမအာစရိယဝါဒ၌ စိစစ်ချက်ပေတည်း။

"အနုဂဏ္ဌိပဒေ ပန အဟံပပဉ္စကတွာ ပုန ဣဒ မေတ္တ အာစရိယာနံ သန္နိဋ္ဌာနံ၊ သစေ သမ္ပဟုလာ ဧတ္ထဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ၊ ဟေသံ သမ္ပေသံ အတ္တနော သန္တကံ ဝတ္ထုမာနံ ဥပ္ပိဇ္ဇနကေန သဒ္ဒိံ ပေသပေသဿ ဧကေဿ ပရိစ္စဇန္တိ၊ သော ပုန တေသမေဝ ပရိစ္စဇတိ၊ ဧတ္တာဝတာ လေ သမာနပရိက္ခာရိကာ ဟောန္တိ၊ ဣဒံ သမာန ပရိက္ခာရမှယက္ခဏံ ပါဠိဒ္ဓအာဒိသု ဂုဏ္ဌလက္ခဏောယေဝ ပဟာနတော

အစလပတ္တံ ဟောတိ၊ တထာပိ ပေါရာဏာဝိဓိံ အနွောတ္ထရိတွာ ပဝတ္တနတော ပဋိသေဓေတဗ္ဗော၊ အာစရိယာနံ မတာနုသာရေန ကာတဗ္ဗံ ကာတုကာမေနာတိ အပရေဟိ ဝုတ္တံ''။

[ဝှင်းဝဇီရဗုဒ္ဓိဋီကာ။]

ဤအပရေဝါဒ၌ ဒွိသန္တကပြုလိုရင်းပုဂ္ဂိုလ်မှတပါး တဦးဦးသော ရဟန်းအား ''မမ သန္တကံ ဝတ္ထမာနံ ဥပ္ပဇ္ဇနကဥ္စ တုယှံ ဒမ္မိ''စသော သုဒိန္နဖြစ်မြောက်နိုင်လောက်သော ဝစီဘေဒဖြင့် အာလယပြတ်ပေးလှူ၍ ယူသူပုဂ္ဂိုလ်ကလည်း ''မယှံဂဏှာမိ အဟံဂဏှာမိ''ဟု သုဂဟိတဖြစ်နိုင်လောက်သော ဝစီဘေဒဖြင့်ယူပြီးမှတဘန် ဒွိသန္တကပြုလိုသူရဟန်းနှစ်ပါးတို့အား တုံ့ပြန်ပေးလှူခဲ့လျှင် ဒွိသန္တကသမာနပရိက္ခာရဖြစ်၏ဟု ပြဆိုပေ၏။

ဖြစ်ဆဲ,ဖြစ်လတ္တံ့ပစ္စည်းအရပ်ရပ်ကိုသတ်မှတ်ချက်နှင့်တကွ ဆိုသောကြောင့် ဝေဘန်ချက် အထူးထင်ရှားပေ၏၊ ဤအပရေဝါဒ၌လည်း ပရိယာယ်မျှ တာဝကာလိကအနေအားဖြင့်ပေးခြင်းကိုမယူသင့်၊ ပိုင်ရှင်အစစ်ဖြစ်ပါစေ-ဟူသော မနောပဏိဓိဖြင့် နိရာလယကိုသာ နိဿံသယ မှတ်ယူအပ်၏။

ဒွိသန္တကအဆုံးအဖြတ်ပြီး၏။

---

## ပုဂ္ဂလိကကျောင်းအဆုံးအဖြတ်

၃။ စူဠဝါပါဠိတော်, အဋ္ဌကထာတို့၌ ဒါယကာ ဆောက်လုပ်သော ကျောင်းမှန်က ပုဂ္ဂလိကခံနည်းဟူ၍ပင် အလျှင်းမပါမရှိသော ကြောင့် ဒါယကာတို့ဆောက်လုပ်သောကျောင်းများကို ပုဂ္ဂလိက ခံကောင်း,မခံကောင်းဟူသောလျှောက်ချက်၌ အဖြေကား—

စူဠဝါပါဠိတော်,အဋ္ဌကထာတို့၌ ပုဂ္ဂလိကခံနည်းဟူ၍ တိုက်ရိုက်မပါ မရှိသည်ကားမှန်ပေ၏၊သို့ရာတွင်ပုဂ္ဂလိကခံယူခြင်းကိုလည်း ခွင့်ပြုတော်မူလိုရိပ်ထင်ပါ၏၊ ထင်ပုံကား-မဟာဝါပါဠိတော်ဝဿူပနာယိကခန္ဓက၌-

ဣဓ ပန ဘိက္ခဝေ ဥပါသကေန သင်္ဃံ ဥဒ္ဒိဿ။ ဥဒ္ဒိဿ။

ပ။ ကေဲ ဘိက္ခုံ ဥဒ္ဒိဿ၊ ဝိဟာရော ကာရာပိတော ဟောတိ''

စသည်ဖြင့် လာရှိ၏၊ ဘိက္ခုပါစိတ်—နိက္ကမ္မနသိက္ခာပုဒ် ပါဠိတော်၌-

> "ပုဂ္ဂလိကေ သံဃိကသညီ အာပတ္တိဒုက္ကဋဿ၊ ပုဂ္ဂလိကေ ဝေမတိကော အာပတ္တိ ဒုက္ကဋဿ၊ ပုဂ္ဂလိကေ ပုဂ္ဂလိကသညီ အညဿ ပုဂ္ဂလိကေ အာပတ္တိ ဒုက္ကဋဿ၊ အတ္တနော ပုဂ္ဂလိကေ အနာပတ္တိ"

ဟု-မိန့်အပ်၏။

ဤပါဠိတော်နှစ်ရပ်တွင် ရှေ့ပါဠိတော်ဖြင့် ဒါယကာများ ပုဂ္ဂလိကကျောင်းဆောက်လုပ်မှုအရေးဖြင့် ဝါပန်၍သွားရန်ခွင့်ပေးတော်မူချက် အရ ပုဂ္ဂလိကကျောင်းခံယူမှုကိုလည်းခွင့်ပြုရိပ်ထင်ပေ၏၊ ပါစိတ်ပါဠိတော်၌မူကား ပုဂ္ဂလိကကျောင်း သာမန်ကိုပင်ပြဆိုချက်ထင်ပေ၏။

ဤပါဠိတော်တို့၏ အရိပ်အမြွက်ကို ထောက်ခံချက်ပြုလုပ်၍ ဝိနယာလင်္ကာရဋီကာ၌—

> "ပေါရာဏကဝိဟာရပိ မူလေ ပုဂ္ဂလိကဝသေန ဒိန္နာ သင်္ဃိကဝိဟာရိကာဒီနံ ပုဂ္ဂလိကဝသေနေဝ ဒိယျမာနာပိ တသ္မိံ ဇီဝန္တေယေဝ ဝိဿာသဝသေန ဂယှမာနာပိ ပုဂ္ဂလိကာ ဟောန္တိယေဝ၊ တသ္မာသဗ္ဗသော ပုဂ္ဂလိကဝိဟာရဿ အဘာဝေါ ဝေါဒေါ ဝိစာရေတဗ္ဗော"ဟူ၍၎င်း၊

> "ကဿ ဒါတဗ္ဗောတိ သံဃဿဝါ ဂဏဿဝါ ပုဂ္ဂလဿဝါ ဒါတဗ္ဗော။ ကထံ ဒါတဗ္ဗောတိ ယဒိသံဃဿ ဒေတိ ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မိတိ၊ ယဒိ ဂဏဿ ဣမံ ဝိဟာရံ အာယသ္မန္တာနံ ဒမ္မိတိ၊ ယဒိ ပုဂ္ဂလဿ ဣမံ ဝိဟာရံ အာယသ္မတော ဒမ္မိတိ ဒါတဗ္ဗော" ဟူ၍၎င်း။

မိန့်အပ်၏။

ဤဋီကာပါဌ်ဖြင့် ဒါယကာတို့ ပူဒါန်းအပ်သော ပုဂ္ဂလိကကျောင်းကို ခံကောင်း၏ဟူသော အချက်ထင်ရှား၏၊ အဝိဿဇ္ဇိယ, အဝေဘင်္ဂိယ,ထာဝရဂရုဘဏ်ဟူသောအမည်ထူးတို့သည် စူဠဝါအဋ္ဌကထာ,ဋီကာ, ကင်္ခါအဋ္ဌကထာ,ဋီကာတို့၌ "သံဃဿဒိန္နကာလတောပဋ္ဌာယ" ဟူ၍၎င်း၊ "သံဃဿဒိန္နော"ဟူ၍၎င်း ဝိသေသပုဒ်တို့နှင့် လာရှိပေရကား သံဃာအားလှူသဖြင့် သံဃိကအဖြစ်သို့ရောက်မှ ပေါ်ပေါက်ရရှိသော အမည်ထူးတို့သာဖြစ်၏၊ ထို့ကြောင့် သံဃိကမဟုတ်သော ထာဝရဘဏ္ဍာမျိုးကို ဂရုဘဏ်ဟူ၍ မဆိုသာပေ။

“သေနာသနတ္ထာယ နိယျာတိတကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ” ဟူသော ပါရာဇိကကဏ်အဋ္ဌကထာ၌လည်း ယခင်အဋ္ဌကထာ,ဋီကာတို့ ပြအပ်သော ဝိသေသနပုဒ်တို့နှင့်မဆန့်ကျင်အောင် သံဃိကကျောင်း, သံဃိကအိပ်ရာနေရာတို့ကိုသာယူလေ။

ပုဂ္ဂလိအနေအားဖြင့် ကျောင်းကိုခံယူခြင်း၄ါ အပ်ခဲ့ပါလျှင် ၎င်းပုဂ္ဂလိကကျောင်း၌ သေနာသနဝတ်များကိုမပြုအံ့၊ အာပတ်သင့်ခြင်းမှလွတ်ကင်းပါမည်လောဟူသော လျှောက်ချက်၌—

“ဋ္ဌဒမ္ဘိ သံဃိကဝိဟာရေ ကေဒေသေ နိဗဒ္ဓဂမနတ္ထာယ ကတံ ဌာနံ ဟောတိ၊ ပုဂ္ဂလိကဋ္ဌာနံ ဝါ။”

ဟူသော စူဠဝါအဋ္ဌကထာကို ထောက်၍၎င်း၊

အဓေါတေနစ ပါဒေန၊ နက္ကမေ သယနာသနံ။
အလ္လပါဒေန ဝါ ဘိက္ခု၊ တထေဝ သဥပါဟနော၊
ဘူမိယာ နိဋ္ဌုဟန္တဿ၊ ပရိကမ္မကတာယ ဝါ။
ပရိကမ္မကတံ ဘိတ္တိံ၊ အပဿေန္တဿ ဒုက္ကဋံ။
ပရိကမ္မကတံ ဘူမိံ၊ သံဃိကံမဉ္စပီဌကံ။
အတ္တနော သန္တကေနဝ၊ ပတ္ထရိတွာန ကေနစိ။
နိပဇ္ဇိတဗ္ဗံ သဟသာ၊ တဿ နိဒ္ဒါယတော ယဒိ။
သရီရာဝယဝေါ ကောစိ၊ မဉ္စ ဖုသတိ ဒုက္ကဋံ။
လောမေသု ပန လောမာနံ၊ ဂဏနာယေဝ ဒုက္ကဋံ။
တလေန ဟတ္ထပါဒါနံ၊ ဝဋ္ဋတျက္ကမိတုံ ပန။

ဟူသော ဝိနယဝိနိစ္ဆယအဋ္ဌကထာပါဠိ၌ “အတ္တနော သန္တကေနေဝ ကေနစိ ပတ္ထရိတွာန နိပဇ္ဇိတဗ္ဗံ”ဟူသောအာပတ်ကင်းလွတ်ချက်ကို ထောက်သဖြင့်၎င်း၊

“ယော ပန ဘိက္ခု သံဃိကံ မဉ္စံ ဝါ ပီဌံ ဝါ အဇ္ဈောကာသေ သန္ထရိတွာ ဝါ။ပ။ပါစိတ္တိယံ”ဟူသောသိက္ခာပုဒ်၏ အနာပတ္တိဝါရတွင်—

“ပုဂ္ဂလိကေ ပုဂ္ဂလိကဿညီ အညဿ ပုဂ္ဂလိကေ အာပတ္တိ ဒုက္ကဋဿ၊ အတ္တနော ပုဂ္ဂလိကေ အနာပတ္တိ”။

ဟုလာသော ကင်းလွတ်ချက်ပါဠိတော်များကို ထောက်သဖြင့်၎င်း ဒုပ္ပရိဘောဂဖြစ်မှုကြောင့် သင့်သောအာပတ်တို့မှ လွတ်ကင်းကြောင်း ထင်ရှားပေ၏။

သေနာသနဝတ်တွင် အကျုံးဝင်သော တံမြက်လှည်းခြင်းအစရှိသော ကျင့်ဝတ်များကိုမူကား—

"သမာစာရံ ပုဗ္ဗိသဿ ဝတ္တော ဝတ္တကုန္နကေ ကောဒုက္ကဋ္ဌာပတ္တိ ယေဝ၊ သာ သဗ္ဗဝတ္တေသု အနာဒရိယေန ဟောတိ"။

ဟူသောပရိဝါအဋ္ဌကထာ၌"သဗ္ဗဝတ္တေသု"ဟု သာမညဆိုသည်ကို အလေးဂရုပြုသဖြင့် သံဃိက, ဂဏိက, ပုဂ္ဂလိက ကျောင်းအားလုံးတို့၌ သော်လည်း မှုပြစ်မှလွတ်ကင်း ရိပ်မထင်ပေ၊ ဖြည့်ကျင့်အားထုတ်မှသာ ကင်းလွတ်ရာဖြစ်လိမ့်မည်ဟု ယုံကြည်သဖြင့် ဖြည့်ကျင့်အပ်ကြောင်းကို ကောင်းကောင်းကြီး ပြောဆိုပေသည်၊ ထို့ကြောင့်—

ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ နဝိန္ဒတိ။ ။

ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သဒ္ဓမ္မံ န စ ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။ ။

တသ္မာဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာန မေဟိတိ။ ။

ဟူသော ဝိနယဝိနိစ္ဆယကျမ်းလာအတိုင်း သံဃိက,ဂဏိက,ပုဂ္ဂလိက ကျောင်းတို့၌ အဘိသမာစာရိက ကျင့်ဝတ်တို့ကို မချွတ်ယွင်းအောင် ဖြည့်တင်းသင့်လှပါပေသည်။

ပုဂ္ဂလိကကျောင်း အဆုံးအဖြတ် ပြီး၏။

---

## ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်

၄။ ယခုကာလကျောင်းစသော ဂရုဘဏ်များကို ဝိဿာသဂ္ဂါဟယူကြပါသည်၊ ပါဠိတော်ရင်း၌ ရောဇမည်သောမလ္လာမင်းနှင့် ညီတော်အာနန္ဒာကို့ဝတ္ထုတွင် လဟုဘဏ်သာ လာရှိသည်တကြောင်း၊ သက်နိုင်းအဓိဋ္ဌာန် ကျ,မကျကိုပြဆိုရာ၌ လဟုဘဏ်သက်နိုင်းသာ လာရှိသည်တကြောင်း၊ ၎င်းအကြောင်းများကြောင့် ကျောင်းစသော ဂရုဘဏ်ပစ္စည်းများကို ဝိဿာသဂ္ဂါဟယူ၍ ရ,မရကို သိလိုပါသည်ဟူသော လျှောက်ချက်၌ အဖြေကား—

ဘဏ္ဍာခွဲခြမ်းချက်မပြုဘဲ သာမညအားဖြင့် ဝိဿာသဂ္ဂါဟအင်္ဂါငါးပါးကိုကို ဟောတော်မူရာ ပါဠိတော်တွင် ဖြစ်လာသောအကြောင်းရင်းမှာ

လဟုဘက်မျိုးနှင့်သာ ဖြစ်လာသောကြောင့် လဟုဘက်မှာသာ ဤအင်္ဂါ ရွေးချယ်ထိုက်သည်၊ ကျောင်းစသော ထာဝရ ဘဏ္ဍာတို့၌ ဤအင်္ဂါမထိုက်သည်ဟု မဆိုသာပေ။

စီဝရက္ခန္ဓက အဋ္ဌကထာ၌လည်း–

"သစေ ပန သော စီဝမာနော ယေဝ သမ္ပိ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ"။

ဟု ပရိက္ခာရသဒ္ဒါနှင့် သာမညပင်ဘွင့်ဆိုပေသည်၊ ၎င်းအဋ္ဌကထာလာ ပရိက္ခရာ၏ အနက်သရုပ်တွင် လဟုဘက်ကိုသာ ယူသင့်သည်ဟူက ၎င်းပါဠိတော်လာ အင်္ဂါအချုပ်ကွင် ပစ္စည်းဝတ္ထုသရုပ်မပါသဖြင့် မပယ်သာအောင်ရှိပေဘည်။

ထို့ကြောင့်မဟုတ်လော၊ ဝိနယာလင်္ကာရဋီကာ၌–

"ပုဂ္ဂလိကဝိဟာရေ ပန သောဝိဟာရသာမိကော အတ္တနော စီဝမာနကာလေယေဝ သံဃဿဝါ ဂဏဿဝါ ပုဂ္ဂလဿဝါ ဒေတိ၊ တေ ဧဿရာ ဟောန္တိ၊ ယော ဝါ ပန တဿ စီဝမာနဿေဝ ဝိဿာသဂ္ဂါဟဝသေန ဂဏှာတိ၊ သောဝ ဧဿရော ဟောတီတိ ဒဋ္ဌဗ္ဗော။

ကထံ ဝိညာယတီတိ စေ၊ သံဃိကေ ဂရုဘဏ္ဍတ္တာ အဝိဿဇ္ဇိယ-အဝေဘင်္ဂိယံ ဟောတိ။ န ကဿစိ ဒါတဗ္ဗံ။ ဂဏသန္တကပုဂ္ဂလိကေ-သု ပန တေသံ သာမိကတ္တာ ဒါနဝိဿာသဂ္ဂါဟာ ရုဟန္တိ၊ တသ္မာ သော စီဝမာနောယေဝ သမ္ပိ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ ဒဒတိ၊ ကောစိဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတီတိ စ၊ ဒိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသွိ ကာလကတေ ဧတရော သာမိ၊ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယောတိ စ အဋ္ဌကထာယံ ဝုတ္တတ္တာ ဝိညာယတိ"။

ဟု ဖွင့်ဆိုအပ်ပြီ။

ဤဋီကာပါဌ်ဖြင့် "အတ္တနော ပရိက္ခာရံ"ဟူသော အဋ္ဌကထာလာ ပရိက္ခရာ-ဟူသည် ဂရုဘဏ်, လဟုဘဏ် အားလုံးပင် သက်ဝင်၏၊ ဂရုဘဏ်ကိုလည်း မိမိပိုင်ပုဂ္ဂလိကဖြစ်ပါမူ ပေးပိုင်၏၊ ယူပိုင်၏-ဟူသော အာဘောဂဖြင့် ဘွင့်ပြချက်ပင်တည်း။

ထို့ကြောင့် ဂရုဘက်ပစ္စည်းများကို ဝိဿာသဂ္ဂါဟဖြင့် ယူခဲ့သော် ပါဠိတော်အလာ အင်္ဂါနှင့်စစ်ဆေး၍ အင်္ဂါညီညွတ်ချက် ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ ပြည့်စုံပေမူကား ဝိဿာသဂ္ဂါဟ မြောက်၏-ဟု ရှုမှတ်ယူထိုက်ပေသည်။


ဝိဿာသဂ္ဂါဟ အင်္ဂါငါးပါးတွင် ဂဟိတေအတ္တမန အင်္ဂါမြောက်သည်, မမြောက်သည်ကို သေခါနီးအခါ စကားပြန်မရ အခက်အခဲကျပ်တည်းသောအခါကြီးသို့ ရောက်နေသဖြင့် အတ္တမန ဖြစ်လေသလော, မဖြစ်လေသလောဟု တွေးတောယုံမှားဘွယ်ရာကြီး ဖြစ်ရကား ဝိနယဂရုကပုဂ္ဂိုလ်တို့ အလွန်သတိထားသင့်သော အရေးကြီးပေတည်း။

ဝိဿာသဂ္ဂါဟ အဆုံးအဖြတ် ပြီး၏။

ရှင်အာသဘ ဒုတိယပုစ္ဆာ ၄-ချက် အဖြေ ပြီး၏။

နိဋ္ဌိတံ အနာယာသေန၊ ဆေကကာမေန ကဝိနာ။
ပေကျွန္တု စ ပဂုဏန္တု၊ ပုနပ္ပုနံ ယထာစိတ္တံ။

**လယ်တီဝိနိစ္ဆယသူစိကျမ်း ပထမတွဲ ဤတွင် ပြီး၏။**



နောက်ဆက်တွဲ

# မဟော် ကျေးစေခဏ်း ရတုကဗျာ

**ပဏ္ဍာမန္တင့် ပဋိညာဉ်**

ကဗျာတိ ကဗျသုဗျတ္တံ၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။
သုဝါဏ္ဏာပကဟေတုံ တံ၊ ကဗျံ ဗန္ဓာမိ သာရကံ။ ။

အဟံ၊ငါသည်။ ကဗျာတိ ကဗျသုဗျတ္တံ၊ ကဗျာဗန္ဓအရာ၌ တေဒဂ်တင်အရှင်ဝင်္ဂီသ စသော မထေရ်တို့ထက် လွန်ကဲသော။ ဝါ၊ကဗျာဗန္ဓအရာ၌ အထူးသဖြင့်လိမ်မာတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သာဒရံ၊ ရှိသေစွာ။ ဝါ၊သာဒရံ-သာဒရေန၊ရှိသေခြင်းနှင့်တကွ။ ဝန္ဒာမိ၊ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သုဝါဏ္ဏာပကဟေတုံ၊ ကျေးသားစေခြင်းကို ဆိုရာဆိုခြင်း၏အကြောင်းဖြစ်သော။ တံကဗျံ၊ ထိုကျေးစေခဏ်းရတုကဗျာကို။ သာရကံ၊ ကာရကကြိယာ စပ်ရာဆိုက်ရေး မထွေးမယှက် မပျက်ကာရန်ဝေဘန်စိတ်ဖြာ ကောင်းစွာပြေပြစ်သည်ကို ပြု၍။ ဗန္ဓာမိ၊ ဘွဲ့ဆိုသီကုံးပေအံ့သတည်း။

---

## ပဉ္စာလရာဇ်မင်း၏ အကြံအစည်ကို သိလို၍ ကျေးသားကို တမန်စေလွှတ်ရန် ခေါ်ယူပြောဆိုခဏ်း

**၁။ ဇဝနတိက္ခ၊** ဂမ္ဘီရသည်၊ ဟာသ,တုမပြော်။ ။ပညာဝက်မ်း၊ကြီးတိုင်းပြီးသည်၊ ပွင့်နီးလောင်းမဟော်ဟု။ ။ကျွန်းအမော်ဂယ်၊ ကွန်းပေါ်ဂုဏ်သတင်း။ ။စက်သူရကန်၊ မျက်မှုဘန်သည်၊ ရောင်ဂျုံ,ယိန်ထိန်လင်းသို့။ ။သက်ကုန်နှင်းသည်၊ ဖြောင့်စင်း, နှံမေတ္တာ။ ။ပြိုင်ဆွယ်မနိုင်း၊ ကြေး့ကသိဏ်းသည်၊ ဖေါ့ပိုင်းယဉ်မှုရာနှင့်။ ။မည်သညာသည်၊ သာယာခေါ်မငြိုး။ ။အမရာတွဲ၊ သူဇာနွဲ့သည်၊ တကွဲဆွေဇနီးနှင့်။ ။ပျော်စံမိုးသည်၊ ရိပ်ကြီး, ဆောင်ရဝေ။ ။ဥပရာနှုန်း၊ တေဇာဘုန်းကြောင့်၊ ရန်လုံးရို့ကာပြေမှ။ ။ကြိပုံပွေသည်၊ တပြေပဉ္စာမင်း။ ။ထံတော်မပြတ်၊ မြဲညွှတ်သည်၊ ကေဝဋ္ဋသဟာရင်းတို့။ ။ဖြောင့်မစင်းသည်၊ နှောင့်နှင်းမိစ္ဆာညဏ်။ ။အကြံမလှ၊ ဝက်န္တကို၊ ခဏ,သိသင့်ကန်ဟု။ ။တူမောင်နှံသည်၊ အကြံလှုမသိ။ ။နှစ်ကိုယ်တော်ကြား၊ ချီ

စကားကို၊ နှစ်ပါးတိုင်ပင်ညှိရွှေ။ ။မြရောင်အိသည်၊ မဏိခြယ်စီမံ။ ။ ရွှေမကန်းကွက်၊ ဝသန်းယှက်သည်၊ ပန်းခက်မိုးပြတာန်နှင့်။ ။ဘိုးမင်းသည်၊ ရိုးတံစိန်စီတွဲ၊ ရောင်လျှံဝေအိုင့်၊ ဖွေ့ဖိုင့်ဖိုင့်သည်၊ ရွှေချိုင့်စံအိမ်ထဲဝယ်။ ။ပျော်စံနွဲ့သည်၊ ရွှေခဲမြီးတံသွယ်။ ။အမရာမယ်ထွေး၊ ငယ်ကမွေးသည်၊ ရွှေကျေး,စေတိုင်းလွယ်ကို။ ။နှုတ်သံကြွယ်သည်၊ ရှုဘွယ်, သူ့ဟန်ပန်။ ။ရေးရာကိစ္စ၊ စေတိုင်းရသည်၊ သူဝကိုယ်တမန်ဟု။ ။ တိုင်ပင်ရန်သည်၊ သက်နှံ့,မောင့်ကိုနော်။ ။ရွှေချိုင့်ကဆင်း၊ ထံတော်ရင်းသို့၊ ချက်ခြင်းရောက်စေခေါ်သည်။ ။စေတော်မူလိုရေးနှင့်ဗလေ။ ။ စိန်ချိုင့်စံပျော်၊ ကျေးရွှေလှော်ငဲ့၊ **လာတော်မူသင့်သေး၏လေး။**

၂။ **သီလာမေရ**၊ မြေပံ့ယုသည်၊ တန္တာနှိုင်းမမြင်။ ။သကာချိုး၊ ကိုယ်တိုင်ပေးသည်၊ ချစ်ကြွေးမောင့်ကိုကြင်၏။ ။ကျေးဖူးရင်သည်၊ သခင်ဆွေနှစ်ပါး။ ။ရွှေခဲသူဝ၊ ချစ်မောင်လှသည်၊ ဓဏာလာစေသားဟု။ ။ မိန့်စကားကို၊ ရွှေနားတင်ရလျှင်။ ။ရွှေချိုင့်က,ဆင်း၊ ထံတော်ရင်းမှာ၊ ဝပ်စင်းရှိဦးတင်ရွှေ။ ။ဘက်မမြင်သည်၊ သခင်ဘုန်းနှစ်ဆူ။ ။အကျိုးအကြောင်း၊ အိုးအကောင်းကို၊ နွဲ့နောင်းမိန့်တော်မူပ။ ။တောင်ဇမ္ဗူတွင်၊ တမူကျွန်တော်ရင်း၊ ကောင်းကင်အလွတ်၊ ကြယ်ကိုဆွတ်သည်၊ မလွတ်ယူဆောင်ကြဦးအံ့။ ။လိုတော်ရင်းကို၊သနင်းမိန့်တော်မူ။ ။အဗ္ဗန္တရ၊ သီးချိုမြကို၊ ခဏသွားရှဲယူအံ့။ ။လိုတော်မူလျှင်၊ ဝေပူကောင်သာဝှမ်း။ ။ မနောမျက်မြတ်၊ ဇောတရယ်ကို၊ ထက်ချပ်ယူနိုင်စွမ်းငဲ့။ ။ညှိုးခွေနွမ်းသည်၊ မလန်းမွှေမျက်နှာ။ ။လိုကော်မပြေ့၊ ရှိသရွေ့ကို၊ စေ့စေ့သိချင်ပါဟု။ ။ နှုတ်သံဝါသည်၊ မျက်နှာရွှင်ပြုံးပြုံး။ ။အကျိုးကော်လို၊ ကျေးမြညှိသည်၊ သိချိနာဘွယ်ရုံးရွှေ။ ။သခင်ဘုန်းကို၊ စုရုံးကုန်မကျန်။ ။ရဲမာန်ဘင်းတင်း၊ ရေးကုန်နှင်း၍၊ ဝပ်စင်းအာမခံသည်။ ။တမန်ကျေး ရွှေခဲတည့်လေ။ ။ တောင်ပန်စိမ်းလွင်၊ စေတိုင်းတွင်သည်၊ **ရွှေစင်ကျေးသူရဲတည့်လေး။** ။

၃။ **ပြသက်တင်သွေး**၊ နုနုရေးသည်၊ ညွတ်ကွေး သူ့အတောင်။ ။ သန္တာနှုတ်သီး၊ ရှုမငြီးသည်၊ ပျေးကြီးသားချစ် မောင်ငဲ့။ ။ကြီတိုင်းအောင်သည်၊ ရွှေတောင်မြ ဂမုန်း။ ။မြမြီမဆုတ်၊ ရဲမာန်ထုတ်သည်၊ မယုတ်စွမ်းအင်ရှုန်းရွှေ။ ။ဒါလီကုံးသည်၊ ကျော့ဆုံး ကျေးရွှေစင်။ ။ အပြုံတွေးခက်၊ အရေးနက်ကို၊ စိန်ခက်, ရွှေနားတင်ပ။ ။စိမ်းညှိလွင်

သည်၊ ရေယဉ်ပတ်ကာဝိုင်း။ ။ဝေးယူဇနာ၊ ခရိုးလွှာသည်၊ ပဉ္စာလတမြေ တိုင်းဝယ်။ ။အာကာလျှံင်းသည်၊ ဖြတ်ပိုင်းဘုန်းတေဇာ။ ။မင်းဖြူဟံ့ဒတ်၊ ဆရာမှတ်သည်၊ ခေကဝင့်ယူမိတ္တာတို့။ ။ကြိုယုတ်မာသည်၊ မေတ္တာအယွန် ကင်း။ ။ယီးဖြူအုပ်ဆောင်း၊ မင်းအပေါင်းကို၊ ထောင်းထောင်းသုတ်သင် ရှင်းရွှေ။ ။ဇမ္ဗူတွင်းဝယ်၊ နှစ်မင်း,မဆက်ဆံ။ ။ခွန်ယူသိမ်းကျုံး၊ ကျွန်း အားလုံးဝယ်၊ မင်းဆုံးမြောက်စိမ့်ညာဏ်နှုံး။ ။ဘုန်းစက်ယျှံသည်၊ ဘက် ရန် မပေါ်ရှင်း။ ။ငါတို့ထိပ်ထား၊ မင်းမြတ်ဖျားကို၊ စကား အပယ်သွင်း ရွှေ့။ ။သမီးရင်းသည်၊ ကြွေ့ရှင်းမာယာပင်။ ။စန္ဒီနုယွှား၊ ရွှေနန်းဘွား နှင့်၊ စုလျားထပ်လိုချင်ဟု။ ။ထဲကျွမ်းဝင်သည်၊ တိုင်ပင်အဘော်ရင်း။ ။ ဆရာကေဝင့်၊ တမန်ညွှတ်၍၊ စေသွတ်ရောက်လာခင်းကို။ ။မဖြောင့်စင်း သည်၊ ခဲယဉ်းသူ့အကြံ။ ။အလွန်လျှို့ဖှက်၊ အတွေးခက်သည်၊ ဆက်ဆက် မှုမမှန်ခဲ့။ ။လိုမင်းထံဝယ်၊ နိယံသူပျော်ညောင်း။ ။စကားလိမ်မာ၊ သာ လိကာလျှင်၊ သေချာသိသင့်ကောင်းငဲ့။ ။သည်အကြောင်းကို၊ ဆိုးကောင်း သိအောင်နော်။ ။ရပ်ဝေးဌာန၊ ပဉ္စာလသို့၊ ခဏသွားမှတော်လိမ့်။ ။ စိန်ချိုင့်ပျော်သည်၊ ဟိုက်ကျော်မြရည်သွေး။ ။မယ်သာလိကာ၊ ဆက်ရက် ပြာကို၊ မေတ္တာချစ်ရည်ကျွေးရွှေ့။ ။ကြံပုံရေးကို၊ မေးတဲ့ချေကွဲနော်။ ။ အကြံ ခက်တောင်း၊ သည်အကြောင်းကြောင့်၊ နွဲနောင်း မောင့်ကိုခေါ် သည်။ ။ကျေးကျော်ဒါလီ ကုံးငဲ့လေ။ ။ရပ်ပေးမြေတာ၊ မြူပဉ္စာသို့၊ **ကျေးဝါ ပျံပါအုံးကွဲ့လေး။**

---

## ပဉ္စာလရာဇ်ပြည်သို့ ကျေးသားပျံသွားခဏ်း

**၄။ နူတ်သံချိုမွှေး၊** ထိုအရေးကို၊ ဧးဧး မိန့်သောခါ။ ။ဟောင်ပံ တွဲ့တွဲ့၊ မြီးတံနွဲ့သည်၊ တကွဲရဲသံပါနှင့်။ ။လောင်းပွင့်လျှာငဲ့၊ စိတ်သာချ လို့- စံပနော်။ ။မကြံရင်ပ၊ ကြံလျှင်လှနေကျ၊ သူဝတမန်ကျော်တဲ့။ ။မြတ် ဘုန်းမော်ငယ်၊ စိုးတော်မူပါလင့်။ ။စံသိဂီလှော်၊ မြရောင်လျှပ်တဲ့၊ ပြာ သာဒ် ပေါ်မှာ၊ ပျော်ပျော်စံပါသင့်ငဲ့။ ။ကြံတိုင်းသင့်သည်၊ သင့်ငယ် ကျွန်ပင်။ ။ရဲမာန်ထုတ်ကြဲ၊ တကြိမ်နွဲ့လျှင်၊ ဆယ်ပွဲအောင်သည်၊ ကျေး မောင် စေတိုင်းတွင်ဟု။ ။နောင့်ထိပ်တင်သည်၊ ဗုဒ္ဓင်မြတ်ဆုဦး။ ။ တဘုန်းဆွေနောင်၊ စေတိုင်းအောင်နေကျ၊ ရဲပေါင်ကြူးဟု။ ။မြပ်ခေျးဖူး

ကို၊ မေ့ဘူးခါတဘန်။ ။မြိမြိတင်းတင်း၊ ရဲမာန်သွင်း၍၊ ဝပ်စင်း အာမခံသည်။ ။စံတော်မူပါရစ်တော့လေ။ ။တပါးကျွန်ယုံ၊ အရေးကုန်သည်၊ ကြံပုံတခါသစ်ပေါ့လေး။

၅။ ဇမ္ဗူမြေဆုံး၊ တပြည်လုံးမှာ၊ ရွှေဘုန်းနေတဆူ။ ။ရွှေသမ္ဘာတင့်၊ ဇေယျာမြင့်မှာ၊ အောင်ပွင့်ပန်မည့်သူကို။ ။နတ်မဂ္ဂူသည်၊ ကြည်ဖြူလွန်မြတ်နိုး။ ။စံရွှေနော်သား၊ ခြေတော်ဖျားကို၊ ညွတ်တွားဦးနှိမ်မိုး၍။ ။လွန်မြတ်နိုးသည်၊ ရှိခိုးသုံးကြိမ်သာ။ ။သဥ္စာညောင်နန်း၊ ဆောင်ကြွင်နန်းက၊ အောင်ပန်း ဆင်ရစ်ပါတော့။ ။မင်္ဂလာသည်၊ အပါရှောင်သင့်ပြား။ ။ရက်ကြမ်းရက်ပုတ်၊ ကိန္နယုတ်သည်၊ ရက်ယုတ်ပြဿဒါးနှင့်။ ။လွန်ဆိုးဝါးသည်၊ ကျိုးအားသူမထင်။ ။ဝါရမိတ္တု၊ ပြာပုံစုကို၊ လွတ်မှုဝေးစွာကြဉ်မှ။ ။ရှောင်စေချင်သည်၊ လူတွင်မှတ်ခေါ်ရင်း၊ ရက်လောင်ရက်ကန်း၊ ကြက်ခြေသန်းနှင့်၊ ခေါ်မှန်းရက်တသင်းကို။ ။ပြစ်မကင်းသည့်၊ နပင်းရက်ဘီလာ။ ။အကျိုးမပွား၊ ထိုရက်များကို၊ ရှောင်ရှားလွတ်အောင်ခွါရွှေ။ ။မင်္ဂလာသည်၊ အခါတော်လှသေး။ ။ပုဏ္ဏားခေါ်ညီ၊ ရက်တိထိနှင့်၊ လေးလီစက်ကိုရွေး၍။ ။ရန်ကွာဝေးသည်၊ ဘေးမျိုးအောင်စေရာ။ ။အမြိတ္တခေါ်၊ သိဒ္ဓိကျော်သည်၊ ခါတော်ရက်ရာဇာဝယ်။ ။ရှောင်အပ်စွာသည်၊ ဒိသာရပ်တပါး။ ။ဂြိုဟ်အိပ်စန်းကျ၊ ပါပသက်သုဉ်း ခရီးသုဉ်းကို၊ လုံးလုံးလွတ်အောင်ရှားရွှေ။ ။မခတော်ပြားသည်၊ ဘေးများတွေ့တတ်စွာ။ ။သမဖြူကိန်း၊ ရန်မငြိမ်းသည်၊ ဟောကိန်းနမန္တာနှင့်။ ။မကောင်းရာကို၊ ရှောင်ခွါလွတ်အောင်ကွင်း။ ။စန်းလက်တူညီ၊ ပထနီနှင့်၊ ရာသီလာဘ၊ ကြောင်းစသည်၊ သောမဂြိုဟ်ခပင်းနှင့်။ ။ရန်မျိုးကင်းသည်၊ နဝင်းဓာတ်တူစွာ။ ။မြိတ္တာလာဘသိဒ္ဓိစသည်၊ ဝရစုက်ကိုရှာရွှေ။ ။အဖြာဖြာကို၊ သေချာစိစစ်ရှောင်း၊ သိဒ္ဓိဇေယျာ၊မင်္ဂလာသည်၊အခါယခုကောင်းပေါ့။ ။ညောင်ရေလောင်း၍၊ ဆုတောင်းရစ်တော့နော်။ ။နေညိုကနေး၊ လေချွေသွေး၍၊ ရွှေကျေးပျံချိန်တော်သည်။ ။ဘုန်းမော်သမ္ဘာရင့်ငဲ့လေ။ ။ရပ်ဝေး မြေတာ၊ မြို့ပဋ္ဌာသို့၊ အခါပျံချိန်သင့်ပေါ့လေး။

၆။ ပညာစက်မိုး၊ ဘဝဂ်ဖြိုးသည်၊ သတိုးလောင်းပွင့်လျှာ။ ။တဖုံကျွန်ရဲ၊ ကျေးရွှေခဲသည်၊ ပျံဝဲထွက်လေရှာသော်။ ။မေဃဝါသည်၊ ဝေဟာတပြင်လုံး။ ။ပြိုတော့မယောင်၊ ညို၍မှောင်သည်၊ လျှပ်ရောင်ဖြန့်

ကာဖုံးရွှေ။ ။ပိုက်ခါချုန်းသည်၊ မိုယ်းလုံးချိမ့်ချိမ့်ညံ။ ။တိမ်ပြာသာဒ်ဝန်း၊ ထပ်တစ္စန်းမှာ၊ တကျွန်းသူရကန်သို့။ ။စက်မိုးလျှံသည်၊ ဟီးသံတသဲသဲ။ ။လေသင်ဒိုင်းသွေ့၊ တိမ်လှိုင်းဖွေ့သည်၊ မြွေခမြွေကြွေလုဆဲနှင့်။ ။မိလ္လာကြဲသည်၊ တိမ်မဲခဲအဆိုင်ဆိုင်။ ။အညွန့်အညွန့်၊ တိမ်အငွန့်မှာ၊ စိန်ညွန့်မလ္လာခိုင်သို့။ ။မိုယ်းလုံးယိုင်သည်၊ ရွှေဆိုင်တောင်အလား။ ။အစုအစု၊ တိမ်အထုသည်၊ ယခုကြွေယောင်သွားနှင့်။ ။တိမ်ညွန့်ကြားမှာ၊ ကျေးသားဘော်မပါ။ ။တောင်ပံခတ်ပဲ၊ တိမ်ကိုခွဲသည်၊ ရွှေခဲမာတရာလျှင်။ ။ခရီးကွာသည်၊ ပဉ္စာတပြည်နန်း။ ။ယူဇနာပြန့်၊ တရာနှံ့ကို၊ မြော်ဆန့်ရော်ကာရမ်းရွှေ။ ။လေချိုဖျန်းသည်၊ မဂ္ဂန်းသူ့ကိုယ်မှာ။ ။သူရကန်မိတ်၊ ဖလ်တံဆိပ်သည်၊ လျှံထိပ်ရောင်ရွှေဝါနှင့်။ ။တောင်လက်ျာသည်၊ စကြာရောင်မညီး။ ။ရပိသောဘာ၊ နေကောဇာလျှင်၊ ရောဂါဒိုလှူနီးဝယ်။ ။လေဟုန်စီး၍၊ ခရီးဝေဟာသံ။ ။တမာကြက်တော၊ ရွှေဥဩတို၊ သောသောမြိုင်လုံးညံခဲ့။ ။စုံခမောင်နှံသည်၊ တောင်ပံတဝဲဝဲ၊ အိပ်တန်းတက်မှီ၊ နေရီရီမှာ၊ တူညီသံစုံနွဲ့ရွှေ။ ။ငှက်တို့ပွဲသည်၊ သဲသဲချိမ့်ချိမ့်ဆော်။ ။လေချိုလည်းခါ၊ အချိန်လှကို၊ သူဝဘာမန်ကျော်လျှင်။ ။ငွေမောင်းဆော်သည်၊ စည်တော်တဟီးဟီး။ ။နေရောင်မသန်း၊ လရောင်ဖျန်းသည်၊ ညချမ်းလေးချက်တီးဝယ်။ ။ပျော်မငြီးသည်၊ မြို့ကြီးပဉ္စာခွင်။ ။ကျော်ခါပျံပဲ၊ ရွှေနန်းထဲသို့၊ ရဲရဲအတင်းဝင်သည်။ ။စွမ်းအင်မာန်မလျှော့တည့်လေ။ ။မလွဲမရှောင်၊ တွေ့တိုင်အောင်သည်၊ ဂဲခေါင်ကျေးညိုကြော့တည့်လေး။

---

## ကျေးသားနှင့်သာလိကာမတို့ချစ်ရေးဆိုခဏ်း

၇။ **သပြေပတ်ကုံး**၊ သောင်းရပ်လုံးဝယ်၊ ရွှေဘုန်းသမ္ဘာရောင်။ ။ပညာလက်ရုံး၊ ဘက်မနှုန်းသည်၊ ကျွန်းလုံးရွှေတန်ဆောင်ဟု။ ။ကြိုတိုင်းအောင်သည်၊ ရွှေညောင်စိုးမည့်ဘုန်း။ ။တပါးကျွန်ရင်း၊ ရဲမာန်တင်းသည်၊ ကျေးမင်းငါ့လက်ရုံးလျှင်။ ။တနန်းလုံးသည်၊ ကုန်းအုန်းဂျိမ့်လို့ညံ။ ။မင်းစုံမတ်ပေါင်း၊ ညီလာညောင်း၍၊ သောင်းသောင်းဝန်းပတ်ရံခဲ့။ ။သီဟာပျံဝယ်၊ ရွှေလျှံထိန်ထိန်ဝင်း။ ။ကိုးနဝရတ်၊ ဘိုးအမြတ်သည်၊ ဖြိုးလျှပ်ရောင်စုံလင်းခဲ့။ ။ဟိုဆောင်တွင်းက၊ ဒုံမင်းခရာသံ။ ။ရွှေစောင်းငြိမ့်ငြိမ့်၊ နန်းလုံးဖိမ့်မျှ၊ သိမ့်သိမ့်သဘင်ခံ၍။ ။ဟိုဆောင်ပျံမှာ၊

တဘန်ပျော်ပုံခင်း။ ။ဖေါ့မဟေသီ၊ ကြော့ဒေဝီတို့၊ ရွှေညီဗလာကျင်း ၍။ ။ပြာလဲ့ဝင်းသည်၊ ယဉ်မင်းရုပ်ကဲ့နှယ်။ ။တဆောင်**ကူးသန်း၊** ပျော်ပုံဆန်းသည်၊ ရွှေဖြန်းဒေဝီမယ်တို့။ ။အသွယ်သွယ်သည်၊ ရှုဘွယ် ကုန်မဆုံး။ ။အခရေးတော်လှိုင်၊ အပြီးတိုင်အောင်၊ ပိုင်ပိုင်ကြံလေအုံးမှ။ ။ သခင့်ဘုန်းနှင့်၊ လက်ရုံးချီတဲ့မောင်။ ။ပိယံသိဒ္ဓိ၊ ဥုံဇာတ္တိ၊ ဧဟိမမဩောင် ဟု။ ။သွေမရှောင်သည်၊ အောင်နေကျ၊ သူ့ချသတိ၊ နတ်ဒေဝီလျှင်၊ ကူညီလာစေရ၏။ ။နှုတ်သံမြနှင့်၊ ရွရွဆိုပြီးခါ။ ။သာလိကာလှ၊ ဆရေက် မသည်၊ ကြွကြွတုန်စေရာဟု။ ။စက်အာဏာသည်၊ ဂါထာသိဒ္ဓိပေါင်း။ ။ ဘေးရန်ကာမှု၊ အောင်ခဇတုဖြင့်၊ အောင်ဆုသူပန်တောင်းရွှေ့။ ။ပိယ ကောင်းသည့်၊ နွဲ့နောင်းရဲတမန်။ ။သာလိကာညှိစိမ့်၊ ကိုယ်လုံးဖိမ့်မျှ၊ သိမ့်သိမ့်တုန်စေကြံရွေ့။ ။နန်းဝေယန်ဝယ်၊ တမန်ကျေးရွှေသွယ်။ ။ သာလိကာနား၊ အမြန်ကြားအောင်၊ စိတ်ထားသူကြံရွယ်သည်။ ။ ယှူမယ်လွှတ်ရဘူးပလေ။ ။ချီးသောယာ၊ နှုတ်သန္တာနှင့်၊ **ခါခါသံစုံ ကျူး၏လေး။**

* တွေ့မရှောင်-အောင်ခနေကျပ၊ သူ့ဝတဲ့တမန်တော်။ ။ဧဟိပိယံနှင့်၊ သိဒ္ဓိခံ-နှုတ်သံကြွေ့၊ ပွဲတွေ့အကျော်။ ။ကြံရင်ပြီးနေကျ၊ ဘုန်းကြီးတဲ့ ကျွန်ပနော်၊ တိုင်းကျော်တဲ့ရွှေကျေး။ ။ပဉ္စာသူ၊ သာလိဖြူ-တုန်လို့ နိုက်ထဲ့အောင်၊ မာယာသံမြူသွယ်ပိုက်လို့၊ ကျူးလိုက်မယ်လေး။

ဂ။ **သိတာမြစ်ကြီး၊** ရစ်ကာစီးသည်၊ တိုင်းကြီးမြို့ပဉ္စာ။ ။စည်ပင် ရွှင်လန်း၊ သာငြိမ်းချမ်းသည်၊ နဘ်နန်းဝတိန်သာသို့။ ။ထိီးတရာသည်၊ ပဏ္ဏာခွန်ဆက်သွင်း။ ။တရားဆယ်ထွေ၊ ယွင်းမသွေသည်၊ လူ့ဆွေ ပဉ္စာမင်း၏။ ။ယံကော်ရင်းဝယ်၊ ဝပဲစင်းတူမကွ။ ။ရတနာစီတွဲ၊ ရွှေချိုင့်ထဲဝယ်၊ ပျော်မြဲစံချမ်းသာနှင့်။ ။ရေးအရာဝယ်၊ လိမ္မာခြယ်လှယ် သိ။ ။စက်တော်စောင့်ထား၊ သူပျော်ပါးသည်၊ ပျိုထွားမယ်သာလိဟု။ ။ ရိပ်ခြေသိသည်၊ သာလိဆရက်ညှို။ ။တမန်ကျေးသား၊ သံကိုကြားလျှင်၊ နွဲ့ပါးလိုက်လို့ဖိုခဲ့။ ။နှုတ်သံချိုကို၊ မယ်ပျိုကြားခဲ့လျှင်။ ။ကိုယ်လုံး ဆွေ့ဆွေ့၊ တမေ့မေ့လျှင်၊ စွေ့စွေ့နားမှာဆင်ရွှေ့။ ။ချိုသံလွှင်ကို၊ ဘယ်တွင်မကြံဘူး၊ သာလိပြာဖြူ၊ ကံဟောင်းကူ၍၊ ကြင်သူဖူးစာဦးထင့်။ ။ လွှတ်ရဘူးပ၊ ကြင်ဦးသည်သက်နှံ့။ ။မုတ်ဆိတ်ပျားစွဲ၊ အသာခဲမည်ဟု၊ ဝမ်းထဲချိုင့်အောင်ကြံရွှေ့။ ။ကံဟောင်းဘန်သည်၊ သက်နှံ့ဖူးစာရင်း။ ။

နတ်ဘန်လို့တွေ့၊ သည်ယနေ့မှာ၊ မွှေမွှေပိုင်စေလျှင်းအံ့။ ။စိတ်မုန်သွင်း၍၊
ဝမ်းတွင်းအပြည့်ကြံ။ ။ကာမဂုဏ်မီး၊ လောင်ရှိန်ကြီး၍၊ ကြက်သီး
ကိုယ်လုံးထန်သည်။ ။နှုတ်သံချိချိုးနေ့နှင့်လေ။ ။ကြွခဲ့ပျိုထံ၊ ဆိုလေ
ဟန်နှင့်၊ **ဘန်ဘန်သံတုံ့ပေး၏လေး။**

**၉။ ကေသရာနှုန်း၊** တေဇာဘုန်းကြောင့်၊ ကျွန်းလုံးဖိန့်ဖိန့်တုန်။ ။
ပညာစက်ဝင်း၊ ဘဝဂ်လင်းသည်၊ လောင်းမင်းကျွန်တော်ယုံလျှင်။ ။
ပြာသာဒ်ဘုံဝယ်၊ သံစုံချိုးဧး။ ။သာလိပြာညက်၊ မယ်ဆရက်က
နှုတ်ဆက်သံတုံ့ပေးသော်။ ။ရဲမာန်သွေး၍၊ ရွှေကျေးမြန်မကြာ။ ။
သာလိစံမြ၊ ရွှေချိုင့်ထဲသို့၊ ရဲရဲဝင်ပြီးခါမှ။ ။လဲ့ပြာပြာသည်၊ ပျိုဝါ
မယ်သာလိ။ ။ပျော်စံရှင်လန်း၊ မပင်ပန်းသည်။ မာကျန်းကိုယ်မှာရှိစ။ ။
ပြာပြာအိသည်၊ သာလိဖေါ့ရုပ်လွှာ။ ။မာမာကျန်းကျန်း၊ မညှိုး မ်းသည်။
ငြိမ်းချမ်းပျော်နိုင်ပါစ။ ။နရိန္ဒာသည်၊ ရာဇာမင်းကမူ။ ။ညိဇာချိုမြ၊
သစ်သီးစသည်၊ ဝဝကျွေးတော်မူစ။ ။ရွှရွှအူသည်၊ ပျိုဖြူလှရုပ်သွေး။ ။
အကြောင်းစေ့စုံ၊ ငွေဖေါ့ရုံကို၊ အကုန်မောင်ကမေးငဲ့။ ။နှုတ်သံသေးနှင့်၊
မယ်ထွေးဆိုတော်မူ။ ။သိလိုချင်အား၊ ကျေးညိုထွားက၊ စကားရအောင်
မြှုသည်။ ။ချုမယ်ယုမယ်သားနှင့်လေ။ ။သူဝရဲခေါင်၊ မာယာဆောင်၍၊
**ယုံအောင်သူ့ကိုမျှား၏လေး။**

* သတင်းတော်ပျံ့မွှေးလို့၊ ရပ်ဝေးတဲ့မြေတာ၊ ကိုယ်ရေးမို့မောင်လာ၊
နှုတ်သံသာချိုပြီး။ ။မယ်သာလိ ပဉ္စာသူငယ်၊ သင်းကြုကြုခွန်းဆက်
ပါအုံး။ ။နွဲ့မူရာကြေ့ဆုံး၊ ဖေါ့ဂမုန်းပန်းလွှာ၊ တော်သုံးတဲ့
နန်းညာငယ်၊ ကျန်းမာတော်မူစ။ ။မယ်သာလိပြာဖြူ၊ ပဉ္စာသူမင်း
မိန့်ပါမှ။

**၁၀။ သပြေပင်ညို့၊** ရေယဉ်ဆို့သည်၊ ရွှေမြို့တိုင်းပဉ္စာ။ ။ထီးဖြူ
ချုပ်မိုး၊ ပိုင်အုပ်စိုးသည်၊ သတိုး နရိန္ဒာ၏။ ။ပလ္လင်သာသည်၊ သီဟာ
ဘွေကနက်။ ။သဉ္ဇာတော်ပါး၊ သူစံစားသည်၊ ပျိုထွားမယ်ဆရက်ကို။ ။
ကျေးရွှေခက်က၊ ခွန်းဆက်မေးသောခါ။ ။တောင်ပံမြသွေး၊ နှုတ်သံသေး
သည်၊ ရွှေကျေးမာတရာငဲ့။ ။ရပ်ဝေးကွာသည်၊ မေတ္တာခမောင်ကနှင်း။ ။
ကိုးဆဲ့ခြောက်ဖြာ၊ ဝေဒနာလည်း၊မယ့်မှာစင်လွတ်ကင်းငဲ့။ ။ရာဇ္ဇာတမင်းကို၊
ပိုင်နင်းစိုးအုပ်ဖြာ။ ။သခင်မင်းဖျား၊ ပေးသနားသည်၊ ချိုပျားနတ်
ညိဇာသို့။ ။မာလကာသည်၊ညိဇာချိုငှက်ပျော။ ။အမြတ်တနိုး၊သစ်သီး

မျိုးလည်း၊ ဖြိုးဖြိုးမဲ့မှာပေါ်ငဲ့။ ။မြရောင်နှောသည်၊ ရဲစောရွှေဇမ္ဗူ။ ။ သစ်သီးချိုမွေး၊ ရေချိုအေးကို၊ ရွှေကျေးသုံးတော်မူပ။ ။သဘောဖြူသည်၊ ကိုင်ယူပေးပြီးခါ။ ။ဘယ်တိုင်းဌာန၊ ဘယ်ပြည်ကဟု၊ ဒေသမိန့်စမ်းပါရှင့်။ ။ဘယ်မြင်းရာသည်၊ ရေးရာဘယ်ကိစ္စ။ ။အဘယ်အကြောင်း၊ ရှိတုံရှောင်း၍၊ ဤနေ ငင်းသည်ဌာနသို့။ ။ပျံလာကြွသည်၊ ကိစ္စကုန်အစင်။ ။သ ာလိမယ်ထွေး၊ မောင့်အရေးကို၊ ဆွေးနွေးသိပါချင်သည်။ ။ ရွှေစင်မြရည်,ဆန်းငဲ့လေ။ ။အရေးအရာ၊ ရှိသည်တာကို၊ ကျေးဝါမိန့်တဲ့စမ်းပါလေး။

* နှုတ်သန္တာချိုမြနှင့်၊ ကိုသုဝကျေးညို၊ ခွဲနွှေးတဲ့သီးချိုကို၊ ယူစေလိုကုန်နှင်း။ ။ဧးမြတဲ့ရေပြာကို၊ တပြေလာသုံးပကြေ့ရှင်း။ ။ခွန်းသံတော်, ျူသင်းနှင့်၊ ဆိုခြင်းကသာယာ၊ ညိုလဲ့ဝင်းရွှေလွှာငယ်၊ မောင်စံရာဒေသ။ ။တိုင်းဇာတိရပ်မြေကို၊ ဘုန်းသက်ဝေ, ညွှန်းတဲ့ပါမှ။

**၁၁။ သမ္ဘာရင့်ညောင်း၊** ပွင့်ဆုတောင်းသည်၊ အလောင်းဗုဒ္ဓကျွန်။ ။ ပညာလက်ရုံး၊ ဘဝင်ချုန်းသည်၊ စက်ဘုန်းနေတာဟူလျှင်။ ။စေတော်မူသည်၊ လွှယ်ကူသည့်အရေး။ ။အငြိ ကိုင်လစ်၊ ကြံပုံသစ်သည်၊ မြန့်စ်တမန်ကျေးလျှင်။ ။သာလိမေးသည်၊ ရပ်ဝေးတိုင်းဌာနေ။ ။မိမိလာဟု၊ အော င်ချာဝမ္ပိုင်း၊ နေရပ်ပိုင်းကို၊ ဟုတ်တိုင်းပြောပြန်ချေမူ။ ။ မျက်မခြေသည်၊ ဝေရီရန်ဘက်ချင်း။ ။မိတ်ဘက်မတန်၊ မဆက်ဆံသည်၊ ရန်သူတပြေမင်းဟု။ ။ပြိုးမာန်သွင်း၍၊ မနှင်းချေဘူးနော်။ ။ အောင်ချာပုရ၊ အရိန္ဒက၊ သူဝတမန်တော်ဟု။ ။ပြောရသော်၊ တော်တန်သည်အမှု။ ။ကိစ္စပြီးကုန်၊ ပျေးဝတ်မုံမှာ၊ ကြံပုံတထွေပြု၍။ ။ပြာပြာနုသည်၊ ငွေဥပုံအသွင်။ ။ရွှေမင်ပုံသား၊ ညွှန့်ညွှန့်ထွားသည်၊ မယ်ဘွားအိမ်ကြီးရှင်ငဲ့။ ။လွှန်စည်ပင်သည်၊ ရေယဉ်တွေတွေစီး။ ။ဝတိန်မှန်းလောက်၊ ရန်မျိုးပျောက်သည်၊ ဖြိုးမောက်စာရေမှီးရွှေ။ ။ပျော်မငြိးသည်၊ ခေါ်မှဲးလွှန်သာယာ။ ။တိုင်းကြီးအရိန္ဒ၊ အမည်ရသည်၊ ဌာန, မောင့်ပျော်ရာတဲ့။ ။ကြောင်းခြင်းရာမှာ၊ သက်လျှာ တင်ရွှေနား။ ။ ထိုပြည်ပုရ၊ အရိန္ဒဝယ်၊ ဓမ္မကျင့်ဆယ်ပါးနှင့်။ ။လူအများကို၊ လေးပါးသင်္ဂဟာ။ ။ချီးမြှင့်မြှောက်စား၊ ထိုမင်းဖျားဇ၏၊ ထံပါးစက်မွေ့ရာဝယ်။ ။ မြဲမကွာသည်၊ မေတ္တာအလွှန်ပွား။ ။ရွှေချိုင့်ရတနာ၊ တင့်တယ်စွာဝယ်၊ သြဇာကြီးချိပျားနှင့်။ ။ဟူစံစား၍၊ နှစ်ပါးပျော်စဉ်ခါ။ ။ကံကြမ္မာယွင်း၊

မောင့်သက်နှင်းကို၊ သေမင်းယူဆောင်ရှာခဲ့။ ။ညှိုးဖျာပါသည်၊ မောင့်မှာဖြေမဇေး။ ။ကြင်ဘော်ပြာအိ၊ မယ်သာလိကြောင့်၊ နှမ်းချိမောင့်မှာ ဆွေး‌ရွှေ့။ ။တရေးရေးနှင့်၊ ကြိတွေးပိုသောခါ။ ။သခင်မင်းဖျား၊ လွန်သနား၍၊ အပါးခေါ်ပြီးခါလျှင်။ ။ကျေးလိမ္မာငယ်၊ ဖျာပါစိုးနှင့်နော်။ ။မိတ်ဆွေတော်ရင်း၊ ပဋ္ဌာမင်း၏၊ ထံရင်းရွှေချိုင့်ပျော်တဲ့။ ။သတင်းကျော်သည်၊ ကြင်ဘော်မောင့်ဘို့ရာ။ ။လိမ္မာရေးသိ။ မယ်သာလိကို၊ ကျွမ်းသိဘွဲ့ချေပါဟု။ ။နှုတ်သံသာသည်၊ မင်းလျှာခစေတော်ရေး။ ။သည်အကြောင်းသာ၊ မောင်ကြီးလာသည်၊ လဲ့ပြာငွေဖေါ့သွေးပဲ့။ ။မြင့်ကြာဝေးသည်၊ ဟိုရှေးကမ္ဘာဘာ။ ။ချရေစက်လောင်း၊ ဖူးစာဟောင်းဖြင့်၊ နွဲ့နောင်းမောင်နှင့်ပါသည်။ ။သက်ရာကြင်မဆိုးငဲ့လေ။ ။သည်တသက်ပန်၊ မေတ္တာဆံ၍ **မောင်နှံ့ပျော်ကြအုံးစို လေး။**

* လဲ့သူဇာပျော်မြိန်း၊ ဘော်နန်းကြော့စက်ရာ၊ ဟော်သန်းဖေါ့လက်ယာကို၊ဆက်ပဏ္ဏာကိုင်။ ။စံရွှေချိုင့်ရံရဝေမှာ၊တကိုယ်ရေထွန်းတဲ့ရွှေသ။ ။ဘိုးပြည်တန်စိန်မြနှင့်၊ ရွှေသိင်္ဂဝင်းဝေ။ ဇမ္ဗူမွှဲစံရွှေမှာ၊ ရံမဟေရှယ်ကိုး။ ။နှစ်ကိုယ်တွေ့ညောင်ယံမှာ၊ တသက်ပန်နှင်းမယ်လို့ကြိုး။

**၁၂။ တိုင်းပြည်ဌာန**၊ကြောင်းကိစ္စကို။သူဝပြောတုံပြန်။ ။သာလိတင့်ရဲ၊ မာယာခဲလျှင်၊ဝမ်းထဲပလီဉာဏ်နှင့်။ ။ကိုတမန်သည်၊ မြီးတံသွယ်နွဲ့ပါး။ ။**အ**ကြောင်းစွေ့စုံ၊မောင်လာပုံကို၊အကုန်သည်မပယ်ကြားမပေါ့။ ။တပြည်သားကို၊ ပျိုအားနာငဲ့နော်။ ။မောင့်မှာ ကျေးသား၊ မယ်ဘွား ဆရက်၊မျိုးမယှက်သည်၊ **အဘက်**မသင့်လျော်ဘူး။ ။အမကြောင်းမြော်၍ စေတော်မူသည့်ရေး။ ။အမျိုးမတူ ပေါင်းဘော်ဟူသည်၊ လူ၌မဘွယ်သေးခဲ့။ ။သည်အရေးကို၊ရွှေကျေးမြော်ပရှင်။ ။သက်နှံ့တူမျှ၊မတော်လှလို့၊ပျိုကရွှေနှာ:တင်သည်။ ။ရွှေစင်ကြော့ကြော့ဆိုးငဲ့လေ။ ။ရွှေပြည်ဌာနေ၊မောင့်ရပ်မြေသို့၊**သက်ဝေပြန်ရှာအုံးတော့လေး။**

* မြလက်တင်လျှပ်သွေး၊ နတ်ဆေးစုမိလ္လာ၊ထပ်ရေးနှ တိပ်လှာလို၊ ယိန်ရောင်ဝါမြူကင်း။ ။မင်သ-တဲ့တောင်ပံမှာ၊ခါနိုယ်,မြရောင်ပလာင်း။ ။ကိုတမန်လဲ့ဝင်းနှင့်၊နွယ်ကင်းလို့မျိုးကွာ။ သည်အဖြစ်တသန္တာန်မှာ၊ ဖူးစာကံသွေလွဲ။ ။တိုဘဝသံသာ၊တသက်လျာကြိုးစို့ရွှေခဲ။

**၁၃။ ရွှေပလ္လင့်တင့်၊ဇေယျာမြင့်ဝယ်၊ အောင်ပွင့်ပန်မည့်သူ။** ။တဘုန်းကျွန်ကောင်း၊ကျေးနွဲ့နောင်းလျှင်၊ထပ်လောင်းကြိုပုံယူရွှေ့။ ။ပဋ္ဌာ

သူ့သည်၊ပြာဖြူမယ်ဆရက်။ ။ထိုးပုံသက်သေ၊မောင်ကြီးဖွေအံ့၊သက်ဝေရွှေနားရွက်ပ။ ။အောင်မြေချက်သည်၊ကနက်ထီးစိုက်ရာ။ ။ဒွါရဝတီ၊ပြည်ဌာနီဝယ်၊စုံစီဘုန်းပညာနှင့်။ ။မည်သညာသည်။သာယာကျော် သတင်း။ ။ဝါသုဒေဝ၊အမည်ရသည်၊ နရထွတ်မှန်ကင်းလျှင်။ ။သရေကင်းသည်၊သတင်းလွှန်ယုတ်မာ။ ။ဒွန်းစဏ္ဍားမ၊ မျိုးဟီနကို၊ခဏယူဆောင်ကာလျှင်။ ။စံဟောင်ညာသည်၊ မေတ္တာအလွန်ထူး။ ။အမျိုးယုတ်ငြား၊ ဒွန်းစဏ္ဍားနှင့်၊ ချစ်အားတူကြဘူး၏။ ။ပုံတထူးကို၊ ဆိုဦးမယ်ကွဲ့နော်။ ။ရသေ့တပါး၊မြို့ငတောဖျားဝယ်၊တရားကျင့်သုံးပျော်ခဲ့။ ။တရံသော်လျှင်၊ယွင်းချော်အကျင့်မှား။ ။ရဋ္ဌဝတီ၊ကိန္နရီနှင့်၊ စုံညီသူပျော်ပါး၏။ ။အမျိုးခြားသည်၊ ဇာတ်အားမတူရှာ။ ။လူမျိုး မြတ်မှန်၊ တိရစ္ဆာန်နှင့်၊ သက်ပန်ကြင်ဘူးပါ၏။ ။ထိုးနည်းနာကို၊ ဖွေရှာမောင်ကပေး။ ။အမျိုးအနွယ်၊မတူတယ်လို့၊ သက်လှယ်စိတ်မလေးနှင့်။ ။လှရုပ်ဖွေငဲ့၊ မယ်ထွေးတို့လိုကြံ။ ။ငွေဇဝါရေး သပြာသွေးငဲ့၊ နှောင့်နှေးမသွေလှန်နှင့်။ ။တသက်ပန်သည်၊ကြင်ရန်မယ်တပါး။ ။ပဋ္ဌာသူဘုန်း၊သဇင်ကုံးကို၊ လုံးလုံးမောင်ထင်စားရွှေ။ ။ပျော်စံစားသည်၊ ရုပ်ခြားတပြေသာ။ ။မယ်သာလိအား၊မောင့်ကိုးစား၍၊မနားပျံခဲ့လာသည်။ ။လဲ့ပြာ-ပင်ဂမုန်းငဲ့လေ။ ။ရုပ်ဝေးမြေတာ၊တပြေလာကို၊**အားနာတော်မူကြအုံးကွဲ့လေး။**

* ငွေဇဝါမင်သွဲ၊ ပင်စပယ့်မွေးထုံ၊ ယဉ်နွဲ့နွဲ့ကြေးမုံကို၊ အရေးကုန်ရွှယ်တုန်း။ ။မယ်သာလိပဋ္ဌာပျော်ငယ်၊စုံနှစ်ဖေါ်နှင်းစို့သက်ဆုံး။ ။ပဋ္ဌာနယ်ပေါ်လုံးမှာ၊ကျော်ချူးတဲ့မှန်းသူ။ တော်သုံးတဲ့နန်းသူငယ်၊ ဆန်းမူတော်ပိုနှင့်။ ။ချိုမယ်နှင့်ခါးမယ်ကို၊မထားကွယ်မင်းဆိုတန်သင့်။

**၁၄။ ထုံးနည်းပုံပြ၊** ရှေးကြောင်းစကို၊ သူဝဆိုသောခါ။ ။မာယာဆန်းချည့်၊ ကမ်း**မရှိ**သည်၊ သာလိ ဆရက် ပြာလျှင်။ ။လွှန်ကြင်နာသည့်၊ မေတ္တာ အကုန်ပွား။ ။မြင်ကတဲက၊ ကျေးသူဝကို၊ လှလှ ကြင်မယ်သားနှင့်။ ။စိတ်မှာထားသည်၊ နှုတ်ဖျားသူတဘန်။ ။မာယာကပေါ၊ ပြောင်ချောချော သည်၊ သဘော မမျှဟန်နှင့်။ ။ကိုတမန်သည်၊ သက်နှံ့တပြည်သား။ ။မောင် အာဂန္တု၊ စိမ်း နုနု ကို၊ ရွှေဥမယ်သနားငဲ့။ ။သို့သော်ငြားမူ၊ နောင်အားမြော်ရပြန်။ ။မဲ့ပြင်တပါး၊ မောင်ကျေးသားမှာ၊ ရည်းစားမှိုခဲ့ပြန်သော်။ ။မျိုးမှန်

သည်၊ ရုပ်ဟန်မတူဘဲ။ ။အသွင်ပြာညို၊ အဆင်ဆိုးသည်၊ အမျိုးဆာ ရက်မွဲဟု။ ။သွေ့ရှောင်လွှဲ၍၊ ရွှေခဲပစ်လိမ့်မယ်။ ။ဟိုခနောင်ကိုနှုး၊ မြော်ကာတွေး၍၊ ပျိုလေးမောင့်ကိုဖယ်သည်။ ။မြီးသွယ်တောင်ပံကြော့ ငဲ့လေ။ ။ရုပ်ဝေးဌာနေ၊ မောင်တိုင်းပြေသို့၊ **သက်ဝေပြန်ရှာ တော့ကဲ့လေး။**

* သူ့ဟန်ပန်ပျိုထွားနှင့်၊ချိစကားပျူငှါ၊ကိုသူဝမာတရာငယ်၊ကြိုရာ လေခက်တောင်း။ ဟိုနောင်ဘိုကျင်ရာမှာ၊ပူဗျာပါသွေးမွဲအကြောင်း။ ။ မြတောင်ပံပြော့ပျောင်းနှင့်၊ ဖေါ့ဖယောင်းရုပ်ဟန်၊ ရင်နှံ့နောင်းမြ သန္တာန်ငယ်၊ပြန်တော်လေမူအုန်း။ ၊ထင်စားလို့မောင်လာ၊ မြော်မြော် ကာအားနာငဲ့ဘုန်း။

၁၅။ **မြေပထဗျာ၊** ဗွေအာကာနှင့်၊ **အဏ္ဍဝါ**ဆိုး၊ ဉာဏ်ဝါချုန်း သည်၊ စက်ဘုန်းတောက်လို့လျှံ။ လောင်းမြတ်ကျွန်ရင်း၊ ရဲမာန် တင်းသည်၊ ကျေးမင်းငါတမန်လျှင်။ ။လိမ္မာဉာဏ်သည်၊ ဂိုလျှံတုမ မျှ။ ။မာယာသိန်းသန်း၊ပွေလီဆန်းသည်၊ပျိုဖျန်းဆရက်မလျှင်။ ။ငါသူ ဝကို၊လှလှကြင်ပေါ့နော်။ ။မကြင်လို့မူ၊ဟန်သာပြုသည်၊ ယခုစမ်းလျှင် တော်လိမ့်။ ၊စိန်ချိုင့်ပျော်သည်၊ ရွှေလှော်မယ်ဆရက်။ ။ဝေးရပ် မြေတာ၊ မောင့်ကိုသာမူ၊မေတ္တာမပ်မသက်လျှင်။ ။ပြည်ကတွက်သည်၊ နေ့ရက်ကြာပေါ့ကွယ်။ ။ရွှေပြည်ပုရ၊ စံဌာနသို့၊ မောင်လှပြန်တော့ မယ်ဟု။ ။သတင်းကြွယ်သည်၊ ရွှေသွယ်ယဉ်စာသုံး။ ။စိန်ချိုင့်ပျော်ပါး၊ တကိုယ်အားလျှင်၊မယ်ဘွားစံရစ်အုန်းတော့။ ။ဇမ္ဗူလုံးဝယ်၊ ပတ်ကုံးပြီ တကား။ ။ရာထောင်သိန်းသောင်း၊ ရွှေချိုင့်အောင်းသည်၊နှံ့နောင်းဆ ရက်ပြာတို့။ ။သည်မောင့်မှာလျှင်၊ကြင်ရာဘယ်မရှား။ ။သာလိဖြူပြာ၊ မယ်လိုဟာကို၊ ဘွေ့ရှာဆောင်ယူသွားအံ့။ ။ပြာပြာတွားငဲ့၊ ပျော်ပါး ရစ်တော့နော်။ ။မိကိုထင်စား၊ လာမိမှားဟု၊ စကားရအောင်ခေါ် သည်။ ။တိုက်ကျော်တဉာဏ်ဆန်းလို့လေ။ ။သာလိပ်ပြာဖြူ၊ ပဌာသူ ကို၊ **အမူသိအောင်စမ်း၏လေး။**

*မေတ္တာတော်မယ်မမျှ၊အောင်ဌာနတိုင်းမြေ၊စံဘုံကြော့ပြေကို၊ ပြန်မယ်လေခုဘဲ။ ။ထင်စားလို့မောင်လာ၊ သာလိပြာ—မင်းဂုဏ်က ကဲ။ ။ပလီဉာဏ်မာယာခဲနှင့်၊ တင့်ရဲက—သူပို။ ဆရက်ပွဲမတ်လိုကို၊ သည်ကိုယ်မှာမရှား။ ။သောင်းရပ်မြေ့ ဇမ္ဗူနယ်မှာ၊ ရှာရင်ဘုံ့ကျက် သိန်းနန္တများ။

၁၆။ **ကျေးညိုလဲ့ဝင်း၊** နှုတ်သံညှင်းနှင့်၊ **အတင်းဆိုသောခါ။** ။ သာလိနှဲ့နှောင်း၊ ညိုးခွေပျောင်းသည်၊ ဖယောင်းနေထိရှာသို့၊ ။သက်မသာသည်၊ ရင်မှာပွင့်ကမန်း။ ။ဇော်ခွေးယိုအိ၊ ကိုယ်လုံးချည့်သည်၊ မီးထိရွှေကြာနွမ်းသို့။ ။ရှိက်ကာပန်းသည်၊ ညိုးသန်းသေလုယောင်။ ။ ပြန်လိုစကား၊ သံကိုကြား၍ပူအားမီးသို့လောင်ခဲ့။ ။ကျေးမြရောင်သည်၊ ရွှေတောင်တပြည်ဘုန်း။ ။မကြီးကြင်ဘော်၊ လှသော်မော်ငဲ့၊ ပျော်ပျော်စံပါအုန်းတော့။ ။ပျိုသက်လုံးသည်၊ ရွှေကုံးပုလဲညှာ။ ။သြဇာပိန္နဲ၊ သီးချိုရွဲကို၊ ရွှေခဲသုံးတဲ့ပါရှင့်။ ။ပူရေးရာကို၊ မြန်စွာမပြုကောင်း။ ။ ဖြေးဖြေးသက်သာ၊ ပြုမှသာလျှင်၊ လိုရာပြီးလွယ်ကြောင်းတဲ့။ ။နွဲ့နွဲ့နှောင်းငဲ့၊ အကြောင်းသိလိမ့်ရှင်။ ။မောင်ပြင်တပါး၊ သည်မယ်ဘွားမှာ၊ အားကိုးဘော်မမြင်ဘူး။ ။ပျိုသခင်သည်၊ ရွှေစင်မယ့်လည်ဆွဲ။ ။ သည်တသက်ပန်၊ မသွေလှန်သည်၊ သက်နှံ့မယ်နှင့်ခဲမို့။ ။စိန်ချိုင့်ထဲမှာ၊ ရွှေခဲမောင်နှင့်မယ်၊ ။သစ္စာသုံသင်း၊ ကိုယ်လုံးနှင်း၍၊ ချစ်တင်းပျော်စိုက်လွယ်ဟု။ ။နှုတ်သံနွယ်နှင့်၊ သွယ်သွယ်မိန့်ပြီးခါ။ ။ ကျေးညိုရွှေခက်၊ မယ်ဆနှက်တို့၊ နှစ်သက်ပျော်ကြရှာသည်။ ။မေတ္တာအလွန်ပွား၏လေ။ ။ချစ်ကြိုးမြဲမြံ၊ သက်ဆုံးပန်၍၊ **မောင်နှံ့တူပျော်ပါး၏လေး။**

---

**ပဥ္စာလရာဇ်မင်း၏အကြံအစည်ကိုသိရန်ကျေးသားနှင့်**
**သာလိကာမတို့ဆွေးနွေးခဏ်း**

**၁၇။ ဝသုန္ဒြာ၊** မြေပမာသို့၊ ပညာညောင်းရှင့်၊ ဂုဏ်ပေါင်းတင့်သည်၊ လောင်းပွင့်ဗောဓိနွယ်။ ။မဟော်ဘုန်းရှိ၊ ရဲဘော်ညှိသည်၊ ကပိကျေးညာဏ်ကြွယ်လျှင်။ ။ပျော်စံပယ်သည်၊ မောင်မယ်ရွှေချိုင့်တွင်း။ ။ သာလိကြေးမုံ၊ အနေ့းကုန်လျှင်၊ လုံးစုံမောင့်ကိုနှင်းပေ၏။ ။ကျော်သတင်းနှင့်၊ ကျေးမင်းငါတမန်။ ။လာသည့်အရေးပြီးတဲ့သေးအောင်၊ မေးချိန်အခါတန်ပေ၏။ ။တသက်ပန်သည်၊ ဧကန်ကြိုးမဲ့သူ။ ။သိလိုချင်ရေး၊ မောင်ကမေးရင်၊ မယ်ထွေးပြောတော်မူဟု။ ။သတင်းကြူသည်၊ ဇမ္ဗူကျွန်းအခမ်း။ ။ပဥ္စာတိုင်းကြီး၊ စိုးစံမှီးသည်၊ စောထီးမင်းမြတ်ကျော်၏။ ။ပင်တိုင်ပျော်သည်၊ ရွှေလျှော်ချစ်သမီး။ ။ငွေပုဏ္ဏမာ၊ ယုန်စန္ဒြာသို့၊ မူရာရှုမငြီးကို။ ။လွန်ကျော်ချီးသည်၊ တိုင်းကြီး

မိမိလာ။ ။ထိုးဖြူအုပ်စိုး၊ဘုန်းရောင်ဖြိုးသည်၊ သတိုးထွတ်ရာဇာလျှင်။ ။ မိတ်ကလျာသည်၊မေတ္တာဆက်ဆံပေါင်း။ ။မယ်စန္ဒီ နတ်၊သမီးမြတ်နှင့်၊ လက်ထပ်နှင်းလိုကြောင်းကို။ ။ပျော်စံ ညောင်းသည်၊ တိုင်းပေါင်း ပြည်တကာ။ ။ဇမ္ဗူသောင်းတွင်း၊ရပ်ခပင်းဝယ်၊ သတင်းလွှန် ကြေညာ' ၏။ ။မောင့်သက် လျှာငယ်၊ ပျိုဝါမကျန်ကြွင်း။ ။မယ်သာလိကာ၊ ဆရက်ပြာငွဲ၊ သေချာမောင့်ကိုလင်းဟု။ ။နှုတ်သံညှင်းနှင့်၊ လဲ့ဝင်း ကျေးရွှေလှော်။ ။ချော့ပေါ့ချီး၊ သိလိုရေးနှင့်၊ ဆွေးနွေးစကားခေါ် သည်။ ။ဘုန်းမော်တမန်ရဲမို့လေ။ ။ကြံပရိယာယ်၊ ပြိုင်မဆွယ်သည်၊ ဉာဏ်ကြွယ်ကျေးရွှေခဲ့တဲ့လေး။

**၁၈။ မာယာတောင်**ရှိ၊ လိမ္မာသိသည်၊ သာလိရွှေချိုင့်ပျော်။ ။ တမန်ကျေးသား၊ မေးစကားကို၊ တောင်နားထင်မိသော်လျှင်။ ။လှသော် မော်သည်၊ ရွှေလှော်မယ့်ချစ်ကြွေး။ ။နိမိတ်ဆိုးဝါး၊ သည်စကားကို၊ သက်ထားမောင်မမေးနှင့်။ ။မြရောင် ပြေးသည်၊ ရွှေကျေးပျို့ကြင် ဘော်။ ။မင်္ဂလာတွေ့၊ သည်ယနေ့မှာ၊ ပြောရွှေ့မသင့်လျော်ဘူး။ ။ စိန်ချိုင့်ပေါ်မှာ၊ ပျော်ပျော်မောင်စံစား။ ။ထွေထွေရာရာ၊ ခက်ခဲစွာကို၊ ကျေးဝါမကြီးအားနှင့်။ ။မယ့်စကားကို၊ရွှေနားတင်ပနော်။ ။အာလွှန် ခဲလှ၊ သည်ကိစ္စကို၊ မယ်လျှပြောမတော်သည်။ ။ကြင်ဘော်ကြေးညို မြင့်လေ။ ။နိမိတ်နမာ၊ မကောင်းစွာကို၊**သက်လျှာသိလို့နှင့် ကွဲ့လေး။**

**၁၉။ အောင်မြေမဏ္ဍိုင်**၊ ဗောဓိမြိုင်ဝယ်၊ လေးခိုင်ညွန့်လန်း၊ သစ္စာ ပန်းကို၊ ဆွတ်လှမ်းချွေမည့်သူ။ ။လက်ယာဘွေကုံး၊ သပြေလုံးဝယ်၊ ရွှေဘုန်းတလူလူနှင့်။ ။ ဗုဒ္ဓက်ျူသည်၊ နှစ်ဆူပြိုင်မ နှန်း၊ မဟော်လောင်း နတ်၊ အရေးတတ်သည်၊ ကျေးမြတ်ဒါလီကုံးလျှင်။ ။သံချို ပြီးသည်၊ သက်ဆုံးကြင်မဲ့သူ။ ။လဲ့ပြာညိုညက်၊ မယ်ဆရက်ကဲ့၊ဆက်ဆက်ပြော တော်မူမှ။ ။လဲ့ပြာဖြူသည်၊ ကြင်သူလှရုပ်သွေး။ ။နှစ်ကိုယ်ဘော် ကြား၊ သည်စကားကို၊ မယ်ဘွားဆိုသင့်သေးငဲ့။ ။သည်အရေးကို၊ ရွှေ သွေးမဆိုလျှင်။ ။မောင်နှင့်မယ်ထွေး၊ သည်တွင်ဝေးဘို့၊ အရေးကြီး သည်ထင်ခဲ့။ ။ဖေါ့ငွေ့ပင်သည်၊ သဇင်ကြော့ကြော့ဆုံး။ ။အရေး မလို၊ မယ်မဆိုလျှင်၊ နှစ်ကိုယ်သည်တွင်မုန်းပေါ့။ ။လှချီပြီးငွဲ၊ အဆုံး ဆိုစို့ကွယ်။ ။တကယ်ပင်ပ၊ မပြောကြလျှင်၊ မောင်လှ ပြန်တော့မယ်

ဟု။ ။မာယာကြွယ်သည်၊ ရွှေသွယ်တမန်မှူး။ ။စကားလိမ္မာ နှုတ်သံသာနှင့်၊ ကျေးဝါရဲခေါင်ကြူးလျှင်။ ။ဉာဏ်စိတ်ကူးသည်၊ အထူးသူ့ထက်ပို။ ။သာလိပြာမွဲ၊ မသွေလွဲအောင်၊ ရဲရဲအတင်းဆိုသည်။ ။ကျေးညိုတမန်မှူးတဲ့လေး။ ။အရေးအရာ၊ လွှန်လိမ္မာသည်၊ **ပညာသူ့ထက်ထူး၏လေး။**

၂၀။ **ကျေးညိုမြသား**၊ ထိုစကားကို၊ ကြားမိလေတဲ့လျှင်။ ။သာလိပြာရှုံ၊ သူ့ရင်ဝမှာ၊ မီးစတင်သည့်သွင်သို့။ ။လွှန်ပူပင်သည်၊ မရွှင်စိတ်မှာဆွေး။ ။သူဝလိမ္မာ၊ သူ့သက်လျာနှင့်၊ ကင်းကွာလွှတ်မဲ့ရေးကြောင့်။ ။နှုတ်သံသေးနှင့်၊ ဧးဧးဆိုပြန်ရှာ။ ။သည်မယ့်ဆင်ပန်း၊ ယဉ်မခန်းသည်၊ ငယ်မှန်းဘုန်းသက်လျာငဲ့။ ။ကြောင်းအရာကို၊ ပျိုဝါပြောမယ်ရှင်။ ။သဇင်ဖေါ့ရိုး၊ ဆင်မညိုးကို၊ တိုးဘိုးရွှေနား ဆင်အံ့။ ။မယ့်သခင်ငယ်၊ ရွှေစင်နားတော်သွင်း။ ။သခင်ဗြဟ္မဒတ်၊ ဆရာမှတ်သည်၊ ကေဝဋ္ဋနှစ်ဘော်မင်းတို့။ ။ကြံပုံရင်းကို၊ သက်နှင်း ရွှေနားပန်။ ။ပဥ္စာလစန္ဒီ၊ ဒေဝီလှနတ်၊ သမီးမြတ်နှင့်၊ လက်ထပ်လိုသည့်ဟန်နှင့်။ ။မဆက်ဆံသည်၊ ရန်သူတပြည်မင်း။ ။ဝိဒေဟရာဇာ၊ နှုရိန္ဒြာကို၊ ဖြာဖြာအယုံသွင်းရွှေ့။ ။ထိုသည့်မင်းကို၊ လက်တွင်း ရောက်အောင်မြှူ။ ။မာယာလှည့်ပတ်၊ ဦးခေါင်းဖြတ်ကို၊ လတ်လတ်ချွေကာယူရွှေ့။ ။ကျွန်းဇမ္ဗူတွင်၊ နှစ်ဆူပြိုင်မတု။ ။သောင်းနယ်ပတ်ကုံး၊ သပြေလုံးကို၊ မင်းဆုံး မြောက်အောင်ပြုလိမ့်။ ။သည်အမှုကို၊ ရွှေဥမယ့်သက်ဝေ။ ။မောင့်ပြင် တပါး၊ သည်စကားကို၊ မကြားသိပါစေနှင့်။ ။ကြောင်းစေ့ရေသည်၊ ထွေထွေမကျန်ကြွင်း။ ။သခင်နှစ်ပါး၊ ကြံပုံအားကို၊ ခြားနား သိအောင်လင်းရွှေ့။ ။ရွှေချိုင့်တွင်းမှာ၊ လည်ချင်းယှဉ်မှီကာ။ ။မေတ္တာလွှန်ကဲ၊ ယုယနွဲ့၍ ယှဉ်တွဲပျော်ကြရှာသည်။ ။ကြင်နာစုံဖက်ဦးမို့လေ။ ။ပဟိုညွှန့်ယံ၊ သန်းခေါင်မှန်သည်၊ **လေပြန်သုတ်ကာဖြူး၏လေး။**

---

## ပဥ္စာလရာဇ်မင်း၏အကြံအစည်ကိုသိလျှင်
## ကျေးသားပြန်ရန် ခွင့်တောင်းခဏ်း

၂၁။ **ဉာဏ်ဝက်န္တ**၊ ကြံသမျှကို၊ တဝ ကုန်မကျန်။ ။သာလိ ပြာနှ၊ ကျေးရွှေဥကို၊ သိမှုအကုန် ပြန်သော်။ ။ကျွတ်ဆု ပန်သည်၊ ဘုန်းလျှံကျွန်တော်ကြီး။ ။တမန်ရဲဘော်၊ ငါကျေးကျော်မှာ၊ ရေးတော်အကုန်ပြီး

ပေါ့။ ။ပျော်မငြီးသည့်၊ တိုင်းကြီးမိမိလာ။ ။သခင်ဘုန်းမြင့်၊ မြော်ချိန်သင့်သည်၊ ပြန်ခွင့်ယခုသာခဲ့။ ။သာလိကာသည်၊ လဲ့ပြာမယ်ဆရက်။ ။မောင်ကြီးစကား၊ ကြံချိုပျားကို၊ ရွှေနားမယ်တင်ရှက်ပ။ ။ပြည်ကထွက်သည်၊ နေ့ရက် ကြာပေါ့နော်။ ။သခင် ထိပ်ထား၊ မင်းမြတ်ဖျားတို့၊ မောင့်အားကြိမ်ကြိမ်မြော်လိမ့်။ ။လှသော်မော်သည်၊ ကြင်ဘော်ပြာနွဲ့နောင်း။ ။မယ်သာလိကာ၊ ဆရက်ပြာနှင့်၊ မေတ္တာနှံမိကြောင်းကို။ ။ရိုညွတ်ပျောင်း၍၊ ထပ်လောင်းတင်ပြီးခါ။ ။လက်ဆောင်ထွေပြား၊ အပါးပါးကို၊ များများယူဆောင်ပါရွှေ့။ ။ဘုန်းအာဏာသည်၊ တေဇာလွှန်ထန်ပြင်း။ ။သာလိကျေးမြင်၊ ငွေဖေါ့ပင်၏၊ သခင်ပဋ္ဌာမင်းကို။ ။ဆက်သနှင်း၍၊ ဝပ်စင်းရိုသေစွာ။ ။သာလိမယ်ဘွား၊ လှပြာထွားကို၊ မောင့်အားယူဆောင်ပါအံ့။ ။ထိုအခါလျှင်၊ သက်လျာတို့နှစ်ပါး။ ။နေနှင့်ငွေလ၊ ရွှေနှင့်မြသို့၊ သက်မျှပျော်စံစားစို့။ ။မောင့်စကားကို၊ ထောင်နားတင်ပကွယ်။ ။အောင်မြေပုရ၊ မောင့်ဌာနသို့၊ ခဏပြန်အံ့မယ်ဟု။ ။ပရိယာယ်သည်၊ ဥပါယ်ထွေထွေများ။ ။သာလိပြာဖြူ၊ ပဋ္ဌာသူကို၊ ချော့မြူယုံအောင်များရွှေ့။ ။ကျေးညိုထွားသည်၊ စကားနှုတ်သံနွယ်။ ။အရေးကုန်လှ၊ ပြန်ချိန်ကျလို့၊ သူဝစကားသွယ်သည်။ ။ဉာဏ်ကျယ် တမန်မှူးတဲ့လေ။ ။အရေးခဲအင်၊ စေတိုင်းတွင်သည်၊ **ရွှေစင်ရဲခေါင် ကြူးမို့လေး။**

၂၂။ **တဘုန်းကျွန်ကောင်း၊** ကျေးနွဲ့နောင်းသည်၊ ချိုပျောင်း နှုတ်သံသာ။ ။မွေ့ပြည်ရပ်ဟောင်း၊ ပြန်လိုကြောင်းကို၊ ခွင့်တောင်းပန်သောခါလျှင်။ ။နွဲ့မူရာသည်၊ သက်လျာမြည်သြွေး။ ။နှစ်ကိုယ်,မောင်မယ်၊ ချစ်ကြီးသွယ်သည်၊ ရက်လယ်မကြာသေးရှင့်။ ။ပြန်တော်ရေးကို၊ ရွှေကျေးမဆိုတန်။ ။ချစ်စ,ကြင်စ၊ ခင်မင်စကို၊ ကွဲရမတော်တန်ခဲ့။ ။မောင့်အကြံကို၊ ပျိုပြန်မကြားချင်။ ။တလကောင်းတန်၊ နှစ်လတန်မှ၊ သက်နှံကြွပါရှင်ဟု။ ။ချိုသံလွှင်သည်၊ မယ်ရှင်ခွင့်တောင်းရှာ။ ။ကျေးညိုရပ်ဝေး၊ ပြန်မဲ့ရေးကြောင့်၊ ပူဆွေးသက်မသာသည်။ ။ရွှေကြာနေရှိန် ထိသို့လေ။ ။သာလိမာယာ၊ ဆရက်ပြာမှာ၊ **ခွေကာမှိုင်လို့ ချည့်ပေါ့လေး။**

၂၃။ **မောင်ကြီးအသက်၊** စိန်ရွှေခက်သည်၊ ဆရက်မယ်လိမ္မာ။ ။ရာသက်လုံးစွဲ၊ ကြင် မရဲသည်၊ မြဲခဲနု ပြာပြာငဲ့။ ။ပုလဲ ညှာသည်၊ သိင်္ဂါဒါလီကုံး။ ။ခုနစ်ရက်တာ၊ များ မကြာသည်၊ သက်လျာ

မြှော်နှင့် အိုးတော့။ ။သဇင် ကိုးသည်၊ သက်လုံးနှံ့ မေတ္တာ။ ။ သစ္စာချိန်းချက်၊ ဆိုသည့်ရက်ကို၊ ဆက်ဆက်ရောက်အောင်လာအံ့။ ။ ရွှေချိုင့်သာမှာ၊ ပျိုဝါမယ်ယဉ်ဆိုး။ ။ခုနစ်ရက်သာ၊ မျှားမကြာလျှင်၊ ပျိုဝါမြှော်ရစ်အိုးတော့။ ။ရက်မဆိုးခင်၊ မောင်ဘုန်းပြန်မယ်နော်။ ။ ဝဥ္စာဘွေနန်း၊ ပြန်မဲ့လမ်းကို၊ ရော်ရမ်းမယ်ကမြှော်ရွှေ။ ။ရွှေချိုင့်ပေါ် ဝယ်၊ ပျော်ပျော်စံသင့်သေး။ ။သာလိရွှေလှော်၊ မောင့်ပြောဘော်ငဲ့၊ စိတ်တော်မယ်မဆွေးနှင့်။ ။သံချိုးသည့်၊ ဖေါ့သွေးရွှေသဇင်။ ။ သာကြည်ရှင်လန်း၊ ဆင်မခန်းငဲ့၊ ခွင့်လမ်းသာခစချင်သည်။ ။ရွှေစင် မောင့်ချစ်ဦးငဲ့လေ။ ။စံမြန်းအောင်မြေ၊ မောင့်တိုင်းပြေမှာ၊ တာ့ရှေ ကြာရဘူးကွဲ့လေး။

၂၄။ **သည်မဲ့သက်လုံး၊** ကြင်မဆုံးသည်၊ ရွှေကိုးပုလဲမျှင်၊ ကြိမ် ကြိမ်ဘန်ဘန်၊ မယ်တောင်းပန်သည်၊ သက်နှံ့နားမဝင်ခဲ့။ ။ပျိုသခင် သည်၊ထိပ်တင်စံပယ်ကိုး။ ။မယ်တားမနိုင်၊ သက်လုံးပိုင်ငဲ့၊ ဘုန်းခိုင် ကြွရှာအိုးတော့။ ။ချစ်မဆိုးသည့်၊ ဂမုန်းမယ့်သက်ဝေ။ ။ခုနစ်ရက် အား၊ သစ္စာထားသည်၊ စကားမှန်ပါစေရှင့်။ ။သဇင်ခွေသည်၊ ပင်ရွှေ ဒါလီကိုး။ ။ခုနစ်ရက်တာ၊ အခွင့်သာသည်၊ သက်လျာ ကြွရှာအိုး တော့။ ။ရက်လည်ဆိုးရွှေ၊မြကိုးမလာလျှင်။ ။လွမ်းအင်ဆွေးလျက်၊ မယ်ဆရက်မှာ၊ ဆက်ဆက် သေလိမ့်ထင်ခဲ့။ ။ကြော့ကေရှင်သည်၊ သခင်ပျိုချစ်ဆိုး။ ။စံတိုင်းဌာနေ၊ မောင့်ရပ်မြေသို့၊ သက်ဝေကြွရှာ အိုးတော့။ ။မျက်ခြေဆုံးအောင်၊ ရွှေကိုးမြှော်လိုက်မယ်။ ။မျက် ရည်ယိုစီး၊သေလုနီးအောင်၊ပူမီးမယ့်မှာကြွယ်သည်။ ။ရွှေသွယ်တပြည် သားမို့လေ။ ။မယ်ကပိုင်ပိုင်၊တားမနိုင်သည်၊ ပူလှိုင်မယ့်မှာပွါးငဲ့လေး။

---

## ကျေးသားမိဗိလာပြည်သို့ ပြန်ရောက်၍မဟောသဓာအား နားတော်သွင်းခဏ်း

၂၅။ **သောင်းလောကဓာတ်၊** သပြေရပ်ဝယ်၊ နေနတ်ဥဏ္ဏာဂူ။ ။ သမ္ဘာရောင်ရင့်၊ ရန်မှောင်လွင့်သည်၊ နောင်ပွင့်ပေမဲ့သူဟု၊ ကျော်လိုက် ဆုသည်၊ ဇမ္ဗူနယ်အတွင်း။ ။သိကြားဘန်တော့၊ ကြိုမလျော့သည်၊ မဟော့ကျွန်တော်ရင်းတဲ့။ ။ရဲမာန်တင်းသည်၊ ကျေးမင်းငါ့တမန်။ ။ ပဥ္စာမင်း၏၊ ကောဝင့်မွဲဟို့၊ ခက်ခဲအကောက်ဥာဏ်ကို။ ။ကြွင်းမကျန်သည်၊

ကေန်သိပေါ့လေ။ ။သခင်သက်နှင်း၊ ထံတော်ရင်းသို့၊ ချက်ခြင်းပြန် တော့ပေအံ့။ ။ကြင်ဘော်ဆွေသည်၊ သက်ဝေမိသာလိ။ ၊သေလို သေပင်၊ ရှင်လိုရှင်ဟု၊ စိတ်တွင်အကြံရှိရွေ့။ ။မှန်းမသိသည်၊ သာလိ ဆရက်ပြာ။ ။ငါတမန်ကျေး၊ လာသည်ရေးကို၊ ကြံတွေးမသိရှာခဲ့။ ။ သည်တခါမှာ၊ လိုရာကိစ္စပြီး။ ။လေပြေလွှင့်တင်၊ မြူမင်းလွင်သည်၊ ကောင်းကင်ဘွေခရီးဖြင့်။ ။စံပျော်မှီးသည်၊ တိုင်းကြီးမိမိလာ။ ။ ရှုကာမြော်မှန်း၊ ရော်ကာရမ်း၍၊နေစ်သန်းပျံလေရှာသော်။ ။ဘွေဝလာ သည်၊စွေရွာကြီးလုအောင်။ ။တိမ်ပြမာန်တွဲ့၊ လေပြန်သွဲ့သည်၊ နွဲ့နွဲ့ ကြွေမယောင်နှင့်။ ။မြူခိုးမှောင်သည်၊ လျှပ်ရောင်တပြင်ကြဲ။ ။ တောင်ပံမြသွေး၊ ဖြန့်ကာမှေးသည်၊ ဒရွေကျေးတိမ်ကိုခွဲရွေ့။ ။ ကောင်းကင်ထဲမှာ၊ ရွှေခဲကျေးလိမ္မာ။ ။အဘော်မနီး၊ လေဟုန်စီး၍၊ ကိုယ်ထီးပြန်ခဲ့လာသော်။ ။မိမိလာသည်၊ အောင်ချာသူပျော်မြေ၊ သံသာ ကျူးကျော်၊ မြို့ကြီးပေါ်မှာ၊ ကျော်ကာကျော်ကာဝဲရွေ့။ ။စံအိမ်တဲသို့၊ ရွှေခဲဝင်ပြီးခါ။ ။သခင်ထိပ်မိုး၊ ဗောမိမျိုးကို၊ တိုးတိုးတင်လေရှာ သည်။ ။ရေးရာမကျန်ကြွင်းပလေ။ ။ကြံပုံစည်ပုံ၊ အလုံးစုံကို၊အကုန် နားတော်သွင်း၏လေး။

## မဟော်ကျေးစေခဏ်းရတုကဗျာ ဤတွင်ပြီး၏။

